ဆရာတော်အသျှင်ဥက္ကဋ္ဌ

စီရင်ရေးသားသော

# ကျ ကထိန်

COPYRIGHT ALL RIGHTS RESERVED
BY
THE AUTHOR OF THE THIRTY EIGHT BLESSINGS
FOR WORLD PEACE

၂၁.၇.၈၁
၃၃၇၇



ဆရာတော် အသျှင် ဉာဏာဒိစ္စ

Y-1]

၁၀၀၂၅

လောကုတ်, လောကီ၊ အလီလီ,ဖြည့်စုံ
ကုသိုလ်, တတ်မြောက်၊ မှန်သောက် မာတင်

# ဆရာတော် အသျှင် ဥာဏာဒိစ္စ
# မဟာ ထေရ်

ရေးသား စီရင်သော

အိပ်သွန် ဖါမြောက်၊ ကောက်သင်းကောက် မကျန်
ဆရာစားလည်း မချန်၊ ဂန္ထဝင်မြောက်၊
ပါမောက် ဉာဏ်ရှိ၊ ကဝိ လက်သုံး၊ အထူးဆုံး
အစုံလင်ဆုံး

# ကဗျာ ကထိန်ကျမ်း

Copyright all Rights Reserved
BY
The Aufhor of The Thirty Eight Blessings
FOR WORLD PEACE.

ပဌမအကြိမ် အဘိုး ၄- ကျပ်။

ထုတ်ဝေသူ

ဆရာတော် အသျှင်ဥာဏာဒိစ္စ
ကင်းလွတ်ခွင့်အမှတ် ( ၀၅၇၆ )
သိပ္ပမဥ္ဇူပါဠိတက္ကသိုလ်- ကျောင်းတိုက်
( ၃ ) လမ်း၊ မင်းမနိုင်ကွက်သစ်
ရန်ကုန်မြို့

....ထ....

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၂၃၄၉)
....ထ....

ပုံနှိပ်သူ

ဦးတင် မှတ်ပုံတင်အမှတ်( ၀၀၃၇ ) ယောဂီပုံနှိပ်တိုက်
အမှတ် ၂၄၅- လှော်ဝလမ်း၊ ရန်ကုန်မြို့။

ပဌမ အကြိမ်ရိုက်၊ အုပ်ရေ ( ၂၀၀၀ )
အတိုး ၄-ကျပ်၊ ၁၉၆၈- ဩဂုတ်လ။

# မာတိကာ


| | |
|---|---|
| ဆုပန်းထွာ | ၁၇ |
| ကျေးဇူး ဂုဏ်ဆိုင် မကုန်နိုင် (၈၀)ပေါ် တေးထပ် | ၁၉ |
| တောင့်တချက်-, အမြင်မှန် ရဘို့ စီရင် (တေးထပ်) | ၂၁ |
| ရှေးဦး ရည်ညွှန်းချက်- ခက်ခဲ နက်ဝှမ်း ချီးမွမ်းရ- အလှူ | ၂၃ |
| သိမှတ်စရာ ဝေဝေဆာ | ၂၄ |
| ဂန္ထဝင် ပြောင်မြောက်သည့် စာပေသစ် | ၂၅ |
| မိတ်ဆက် နိဒါန်း-,မိုးလ အဆုံး တန်ဆောင်မုန်း | ၂၆ |
| တော်ဝင် ပွဲတော် | ၂၆ |
| လက်ဝဲ သုန္ဒရ၏ လ-စဉ် (၁၂)ပွဲ လင်္ကာ | ၂၇ |
| အများနှင့် ဆက်စပ်သော ပွဲတော်ကြီး | ၂၇ |
| ပိုးသာကုန် မောင်ပုံ စောင်းမတတ် | ၂၈ |
| ကထိန် သင်္ကန်း အတွက် မေးခွန်းများ | ၂၉ |
| အထူးဆုံးကျမ်း-, ဆရာစား မချန် | ၃၀ |
| ကျမ်းပြု ဆရာ၏ အရည် အချင်း အရိပ် အမြွက် | ၃၁ |
| သိဥာဏ် ဝေသည်-, မိတ်ဆက် စကားချီး | ၃၂-၃၃ |
| (၁၂)လ-နှင့် လ-စဉ် (၁၂)ပွဲ | ၃၄ |
| ကထိန် ခင်းနိုင်သည့်ရက် (၂၉)ရက်သာ | ၃၅ |
| ကုန်းဘောင် ရာဇဝင်တွင် ကထိန်ပွဲ ကျင်းပပုံ | ၃၅ |
| ကဗျာ ဥယျာဉ်မှူးတို့ ကြည်နူးစရာ | ၃၇ |
| ကထိန် အရာ သိမှတ်စရာ-, ကထိန်၏ အဓိပ္ပါယ် | ၃၈-၃၉ |
| ကထိန် ခွင့်ပြုရာ အရပ်-, အစဆုံး ခွင့်ပြု ခံရသူများ | ၄၀ |
| ကထိန်ခင်းရန် ခွင့်ပြုခြင်း၏ အကြောင်း ဝတ္ထု | ၄၁ |
| ကထိန် ခင်းရန် အချိန်-, အင်္ဂါ ရှစ်ပါး | ၄၂- ၁၄၆ |

ကထိန် မခင်းမီ ပြုဘွယ် ခုနှစ်မျိုး ၄၃
သင်္ကန်း ဖြတ်,ချုပ်ခြင်း ထူးခြားပုံ ၄၄
သင်္ကန်းကို ဖြတ်တောက်, ချုပ်,စပ်ပုံ ၄၅
ကထိန် ခင်းထိုက်သော သင်္ကန်း၊ သင်္ကန်းချုပ်ပုံ ဥပမာ ၄၆-၄၈
သင်္ကန်း၏ အပိုင်း အလွှာများ၊ အခေါ်များ ၅၀-၅၂
မြတ်စွာဘုရား ဟောပြချက်-, ပကတိ သင်္ကန်း ချုပ်ပုံ ၅၄
သင်္ကန်း အရာ ကျွမ်းကျင်မှု နည်းပေါ်း ၅၅
သင်္ကန်း ပုံများအတွက် ရှင်းလင်းချက်, မဂဓ, လယ်ပုံ ၅၆
သင်္ကန်း ကိုးထည်၊ သင်္ကန်းကြီးနှင့် ကော်သီ ပုံ ၅၇- ၅၈-၁၁၆
နှစ်ထပ် သင်္ကန်းကြီး၊ ဘုရား၏ သင်္ကန်း ပမာဏ ၅၉-၆၀
ကော်သီ သင်္ကန်း၊ အခေါ်များ ဖွဲ့ပုံ ၆၁-၆၂
သင်္ကန်း၏ အခေါ်များ ၆၇
သင်းပိုင်, သင်းပိုင်ပုံ ၇၁-၇၂
မူလ သင်္ကန်း ခြောက်ထည် ၇၃
အနုလောမ သင်္ကန်း ခြောက်ထည်၊ လျှော် လျှောက်ပတ်ပုံ ၇၄
နိသီဒိုင်ပုံ၊ နေကထိုင်နှင့် အံသကိုဋ်ပုံ ၇၅-၇၆
မန္ဒ အတွက် အံသကိုဋ် သုံးဆောင်ခွင့် ၇၇
ညဥ့်ဆောင်း နေခွင့်-, အဓိဋ္ဌာန် ကင်းပုံ ၇၇
မအပ်သော သင်္ကန်းများ ၇၈
ဝတ်ရုံသင့်သည့် အချိန်-, ပစ္စုဒ္ဓိုရ်ပြုပုံ ၇၉
အဓိဋ္ဌာန် တင်ပုံ သုံးမျိုး၊ ကထိန် ခင်းရန် အစီ အစဉ် ၈၀-၈၁
ကထိန် ဥတ္တိ ကမ္မဝါစာ ပါဠိ, အနက် ၈၂
ကထိန် ခင်းပုံ၊ အနုမောဒနာ ပြုရန် တိုက်တွန်း ၈၅-၈၇
အနုမောဒနာ ပြုပုံ ၈၈

အာနိသင် မခံစားထိုက်သူ-, မခင်းထိုက်သောကျောင်း ၈၉
ကျောင်း ပြင်ပ၌ ကပ်လှူပုံ-, ခွဲခြမ်း ဝေဘနိပုံ ၉၀
သာမဏေအားလည်း အတူ ပေးရပုံ ၉၂
ကာလ, အကာလ သင်္ကန်း ၉၃-၉၄
မာတိကာ (၈)ပါး-, ပက္ကမနန္တိက နှုတ်ခြင်း ၉၅
နိဋ္ဌာနန္တိက, သံနိဋ္ဌာနန္တိက နှုတ်ခြင်း ၉၆
နာသနန္တိက,- သဝနန္တိက နှုတ်ခြင်း ၉၇
အာသာဝစ္ဆေဒိက နှုတ်ခြင်း ၉၈
သီမာတိက္ကန္တိက,- သဟုဗ္ဘာရ နှုတ်ခြင်း ၉၉
ကြောင့်ကြမှု နှစ်မျိုး ၁၀၀
ကထိန်နှုတ်ပုံ-,ဓမ္မဝါစာ ပါဠိ, အနက် ၁၀၁-၁၀၂
ကထိန် နှုတ်သင့်, မနှုတ်သင့် ၁၀၃
ကထိန် နှုတ်ခြင်း သရုပ်များ ၁၀၄
သန္နိဋ္ဌာနန္တိက နှုတ်ခြင်း(၂)မျိုး ၁၀၅
အန္တရုဗ္ဘာရ, သဟုဗ္ဘာရ ထူးခြားပုံ ၁၀၇
ကထိန် အကျိုး ငါးပါး ၁၀၈
ကထိန်၏ မူလ၊ ဝတ္ထု-, ဘူမိ၊ စ,လယ်,ဆုံး ၁၁၀-၁၁၁-
အာနိသင်(၅)ပါး ခံစားထိုက်သူ,- ကထိန် ခံထိုက်သူ ၁၁၂
ကထိန် လှူဒါန်းသူ,- လှူပုံ၊ ခင်းထိုက်သော ရဟန်း ၁၁၃
သံဃာပေးအပ်သော ရဟန်း-, မတော်ရ်ကြီးကို မတားရ ၁၁၄
ကထိန် ခင်းထိုက်သော သင်္ကန်း ၁၁၅
တိစီဝရိက်ဖြင့်သာ ကထိန် ခင်းရပုံ ၁၁၆
သန္နိဓိ သင်္ကန်း,- အသိုး (၂)မျိုး ၁၁၇
ပျက်စီးခြင်း (၃)မျိုး,- မွားလျှင်ပြင် (ဓောပိုဒ် ရတု) ၁၁၈

ကထိန် တရား၊ သနား ကြင်နာပုံ ၁၁၉-၁၂၀
သုမေဓာ ရသေ့ ဖြစ်စဉ်၊ ပါရမီ ဆယ်ပါး ၁၂၁-၁၂၃
သာသနာ ပြုပုံ၊ ပဥ္စဝဂ္ဂီတို့အား တရားဦးဟော ၁၂၄-၁၂၅
နယ်လှည့် တရားဟောခိုင်းပုံ၊ ဘဒ္ဒဝဂ္ဂီမင်းသားများ ၁၂၆
မိမိကိုယ်ကို ရှာဖွေက မြတ် ၁၂၇
ဝက်မင်း ဝတ္ထု၊ သေသောက်ကျူးများ ၃၂၈-၁၂၉
ညီငယ် ကြောက်ရွံ့ခြင်း ၁၃၀
ညီငယ်တာ ပြန်ပြောသော ဂါထာ ၁၃၁
ညီငယ်ကို တရားပြ့သေမင်း၏ လက်မှ မလွတ်နိုင်ပုံ ၁၃၂-၁၃၃
နတ်ရွာလမ်းကို ပြခြင်း-ဘေးကင်းသည့် ရေအိုင် ၁၃၄-၁၃၅
မရှင်းလင်းတာကို မေးခြင်း-မေးသမျှကို ဖြေပြ ၁၃၆-၁၃၇
သံဝေဂ ရေအိုင်-သီလ နံ့လာပျောင်း ၁၃၈-၁၃၉
တရားနာ လာကြခြင်း- ဘဒ္ဒဝဂ္ဂီများ ဘုရားဖူးလာ ၁၄၀-၁၄၁
ရဟန္တာ ဖြစ်ကြခြင်း၊ သံသရာ အစ, အစွန်း မရှိ ၁၄၃-၁၄၄
ကထိန် ခင်းရန် ခွင့်ပြု ၁၄၅
ကထိန်ခင်း မြောက်ရန် (၁၇)မျိုး ၁၄၉
အာနိသံ (၅)ပါးနှင့် သိက္ခာပုဒ်များ ၁၅၆
ကထိန်လှူသူ အတွက် အကျိုး ၁၆၀
လောကီ စည်းစိမ် ခံစားချင်သူ ငြီးငွေ့သူ ၁၆၀-၁၆၁
ကထိန် အလှူ ခံယူ၊အကျိုးအာနိသင်ယှဉ်တွဲပြခြင်း ၁၆၃-၁၆၅
(၁)နံပါတ် အကျိုး၊ (၂)နံပါတ် အကျိုး ၁၆၆-၁၆၈
(၃)နံပါတ် အကျိုး၊ (၄)နံပါတ် အကျိုး ၁၆၉-၁၇၁
(၅)နံပါတ် အကျိုး ၁၇၃
ကထိန် လှူရခြင်း အကျိုး ၁၇၄

ကထိန်အလှူတော သာလွန် ၁၇၉

အာပတ် အညစ် အကြေး လျော်ဆေးသော ဒါန ၁၈၁

အာဘိဓမ္မာ တရား ၁၈၃

နိဗ္ဗာန်၊ ရေစက်ချ ၁၈၇-၁၈၈

ချစ်ခင် ကြင်နာသူနှင့် မကွဲမကွာရလို ၁၉၅

ကထိန်ကဗျာ သေတ္တာ,- နတ်များကိုဖိတ် ၂၀၂

ပဏာမ,- တကာတာ လျှောက်(ရှစ်လုံးဘွဲ့) ၂၀၅

အမေး, အဖြေ (ရှစ်လုံးဘွဲ့ ကဗျာ) ၂၀၈

သင်္ကန်း လှူရန် လျှောက်(ရှစ်လုံးဘွဲ့ ကဗျာ) ၂၂၂

သြဘာစာ ပလ္လင်(ရှစ်လုံးဘွဲ့-, ဧကပိုဒ် ရတု) ၂၂၂-၂၂၃

သြဘာစာ (ကဗျာ နဘော)နရဇ°ဝဇာတ် ၂၂၄

လူ့ဘဝ-စကြာ၊ နတ်ဘဝ- သက္ကာ၊ ဒါနမှာ- ကထိနာ ၂၁၄

ရတု ပိုဒ်စုံများ-, စကြာရန်အောင် ၂၃၇

ကမ္မည်းခြံကုန်းကျောင်း ပိုဒ်စုံ ၂၄၂

သိပ္ပမဋ္ဌူ ဘုံကထိန် ပိုဒ်စုံ ၂၄၅-၂၄၇

မဟာဉာဏဒိဋ္ဌကထိန်ပိုဒ်စုံ၊ ဂဠုန်ကျောင်းကထိန်ပိုဒ်စုံ ၂၅၀-၂၅၂

မယ်ဘွဲ့ ရတု ပိုဒ်စုံ၊ မောင်ဘွဲ့ ရတု ပိုဒ်စုံ ၂၅၅-၂၅၈

တေးထပ်များ-, ရွှေဂဠုန် (တေးထပ်) ၂၆၃

ဘူမိ နက်သန် လွန် မွန်ကန် (တေးထပ်) ၂၆၄

ကဝိမျှား တောရွာ (၈၀ ပေါ် တေးထပ်) ၂၆၄

ကာမဂုဏ် တံခါးပိတ်၊ မိုဃ်းကျူ ဒါန (တေးထပ်) ၂၆၅-၂၆၆

ဝဋ်ခင်း တကျော (၇၀ ပေါ် တေးထပ်) ၂၆၇

ဝဋ်ဘောင် လွတ်အောင် (၈၀ ပေါ် ထပ်တွန့် တေးထပ်) ၂၆၈

တာသိရ်ကဲ ကထိန်ပွဲ (၈၀ ပေါ် ထပ်တွန့် တေးထပ်ဆန်း) ၂၆၉

ကထိန်စာထောင့် ကဗျာ လေးချိုး ၂၇၂
ယိမ်းသီချင်း၊ ကျောင်းသား, ကျောင်းသူ သီချင်း ၂၇၅-၂၇၆
ပညာ သင်ရန် စိန့်မှု သီချင်း ၂၇၇
ဆုပန်ဆို၊ (တေးထပ်) ပြင်ဆင်ချက် ၂၇၈-၂၇၉

# အက္ခရာစဉ် မာတိကာ.

အမြင်မှန် ရဘို့ စီရင်(တေးထပ်) ၂၁
အများနှင့် ဆက်စပ်သော ပွဲတော်ကြီး ၂၇
အထူးဆုံး အပြည့်စုံဆုံးကျမ်း ၃၀
အစဆုံး ကထိန် ခံရသူများ ၄၀
အင်္ဂါ ရှစ်ပါး ၁၄၆
အနုလောမ သင်္ကန်း ၇၄
အဓိဋ္ဌာန် ကင်းပုံ၊ အဓိဋ္ဌာန်တင်ပုံ ၇၇-၈၀
အနုမောဒနာ ပြုရန် တိုက်တွန်း၊ အနုမောဒနာ ပြု ၈၇-၈၈
အကာလ သင်္ကန်း ၉၄
အချို့က စည်းစိမ် ငြီးငွေ့ ၁၆၁
အခြား ဒါန များထက် ကထိန်က သာလွန် ၁၇၅
အဘိဓမ္မာ တရား ၁၃၈
အန္တရုဗ္ဘာရ, သဟုဗ္ဘာရ အထူး ၁၀၇
အရဟံ၏ ဂုဏ်တော် ဝစနတ္ထ ၂၂၅
အာဏာဖိလွှမ်း အညွှန်းပန်း မခံရလို ၂၄၁
အာနိသင် မခံစားထိုက်သူ-, ခံစားထိုက်သူ ၈၉-၁၁၂
အာပတ် အညစ် အကျေး လျော်ဆေး ၁၈၁

**အာသာ ဝစ္ဆေဒိက ကထိန်နှုတ်** ၉၇
**ကော်သိ- သင်္ကန်း- ပုံ** ၅၇
ဩဘာစာ ပလ္လင်ခံ (ရှစ်လုံးဘွဲ့နှင့် စာပိုဒ်) ၂၂၂-၂၂၃
ဩဘာစာ (နဘော ကဗျာ) ၂၂၄
ကထိန် ခင်းနိုင်သည့်ရက် (၂၉)ရက်သာ ၃၅
ကထိန် အလှူ သိမှတ်စရာ ၃၇
ကထိန် အဓိပ္ပါယ် အကျယ် ၃၉
ကထိန် ခင်းရန် ခွင့်ပြုရာ အရပ် ၄၀
ကထိန် ခွင့်ပြုခြင်း၏ အကြောင်း ဝတ္ထု ၄၁
ကထိန်ခင်း အချိန်- ခင်းသူ၏ အင်္ဂါ ၄၂
ကထိန် မခင်းမီ ကိစ္စ (၇)မျိုး ၄၃
ကထိန် ခင်းထိုက်သော သင်္ကန်း ၄၆
ကထိန် ခင်းရန် အစီ အစဉ် ၇၁
ကထိန် ကမ္မဝါစာ ပါဠိ, အနက်၊ ကထိန် ခင်းပုံ ၇၂-၇၅
ကဗျာ ဥယျာဉ်မှူး ကြည်နူး စရာ ၃၆
ကထိန် ကဗျာ သေတ္တာ ၂၀၂
ကထိန် မခင်းထိုက်သော ကျောင်း ၇၉
ကထိန်နှုတ် ကမ္မဝါစာ ပါဠိ, အနက် ၁၀၁
ကထိန် နှုတ်သင့်, မနှုတ်သင့်၊ ကထိန်နှုတ် သရုပ်များ ၁၀၃-၁၀၄
ကထိန် ပဏာမ (ရှစ်လုံးဘွဲ့ ကဗျာ) ၂၀၅
ကထိန် အကျိုး ငါးပါး၊ ကထိန် လှူရခြင်း အကျိုး ၁၆၄
ကထိန် အမေး, အဖြေ(ရှစ်လုံးဘွဲ့ ကဗျာ) ၂၀၇
ကထိန်၏ မူလ, ဝတ္ထု, ဘူမိ၊ စ,လယ်, ဆုံး ၁၁၀-၁၁၁-
ကထိန် ခံထိုက်သူ၊ ကထိန် လှူသူ-, လှူပုံ ၁၁၂-၁၁၃

ကထိန် ခင်းထိုက်သော သူ-, အထည်-, သင်္ကန်း ၁၁၃-၁၁၅
ကထိန် ပျက်စီးခြင်း၊ ကထိန် တရား ၁၁၈-၁၁၉
ကထိန်ခင်း ခွင့်ပြု၊ကထိန်ခင်း မြောက်ရန်(၁၇)မျိုး ၁၄၅-၁၄၉
ကထိန် အာနိသံနှင့် သိက္ခာပုဒ်များ ၁၅၆
ကထိန် အလှူ ခဲယဉ်း ၁၆၃
ကထိန် အကျိုး ယှဉ်တွဲပြ ၁၆၆
ကထိန် အလှူက သာသလွန်ခြင်း ၁၇၉
ကဝိမျှား တောရွာ (ဂဝ ပေါ် ဘေးထပ်) ၂၆၄
ကာမဂုဏ် တံခါးပိတ် (တေးထပ်) ၂၆၅
ကာလ သင်္ကန်း ၉၃
ကောသလမင်း မဂ်,ဖိုလ်, ကွင်း ၂၂၆
ကုန်းဘောင် ရာဇဝင် အရ ကထိန် လှူပုံ ၃၅
ကျေးဇူး ဂုဏ်ဆိုင် မကုန်နိုင် (ဂဝ ပေါ် တေးထပ်) ၁၉
ကျောင်း ပြင်ပ၌ ကထိန် သင်္ကန်း လှူ ၉၀
ကျောင်းအတွက် ကြောင့်ကြ- ကြောင့်ကြမှု(၂)မျိုး ၁၀၀
ကျောင်းသား, ကျောင်းသူဟောင်း သီချင်း ၂၇၆
ကွမ်းခြံကုန်း ရတု ပိုဒ်စုံ ၂၄၂
ခက်ခဲ နက်နဲ ချီးမွမ်းထိုက်သော အလှူ ၂၃
ခွဲခြမ်း ဝေဘန်ပုံ ၉၀
ဂန္ထဝင် စာပေသစ် ၂၅
ဂဠုန်ကျောင်း ရတု ပိုဒ်စုံ ၂၅၂
ငါးနံပါတ် အကျိုး ၁၇၃
ငှက်မုဆိုး ၂၂၈
စကြာ ရန်အောင် ရတု ပိုဒ်စုံ ၂၃၇

စာထောင့် ကဗျာ လေးချိုးကြီး ၂၇၂
ဆုပန် ထွာ, ဆုမန်ဆို(တေးထပ်) ၁၇-၂၇၈
ဆတ္တာသည် ၂၂၈
ဇာတ်ပေါင်း ကထိန် အကျိုး ဂါထာ ၂၃၃
ညီယယ် ကြောက်ရွံ့ ၁၃၀
ညီယယ်က ပြန်ပြော ၁၃၁
ညီယယ်ကို တရားပြ ၁၃၂
ညီယယ်က မရှင်းတာကို မေး ၁၃၆
တတာက လျှောက်ထား(ရှစ်လုံးဘွဲ့) ၂၀၅
တသိရိကဲ ကထိန်ပွဲ (တေးထပ်ဆန်းကြီး) ၂၆၉
တရားနာ လာကြခြင်း ၁၄၀
တဆဲ့ ခြောက်ပုံ-ပုံ၊ တပုံကိုပင် မမှီ ၁၇၆
တိစီဝရိက်ဖြင့် ခင်းရပုံ ၁၁၆
တေးထပ်များ ၂၆၃
တော်ဝင် ပွဲတော် ၂၆
တဆဲ့နှစ်လနှင့် လ,စဉ် ပွဲ ၃၄
တစ်နံပါတ် အကျိုး ၁၆၆
တောင့်တချက်(တေးထပ်) ၂၁
ဒါယကာတာ လျှောက်ထား ၂၂၂
နရဇေဝဇာတ် ၂၂၆
နာသနုတ္တိက ကထိန်နှုတ် ၉၇
နိသီဒိုင်(နေကာထိုင်)ပုံ၊ အံသကိုဋ်ပုံ ၇၄-၇၆
နိဋ္ဌာနုတ္တိက ကထိန်နှုတ် ၉၆
နတ်များကို ဖိတ်ကြား ၂၀၂

နတ်ရွာ လမ်းကို ထွင်ပြ ၁၃၆
နိဗ္ဗာန် ၂၀၂
နှစ်ထပ် သင်္ကန်းကြီး ၅၆
နှစ်နံပါတ် အကျိုး ၁၆၈
ပကတိ သင်္ကန်း ချုပ်ပုံ ၅၄
ပဒုမုတ္တရ ဘုရားဟော ကထိန်အကျိုးဂါထာ ၂၂၉
ပက္ကမနန္တိကာ ကထိန်နုတ် ၉၅
ပါရမီ ဆယ်ပါး ၁၂၃
ပဉ္စဝဂ္ဂီတို့အား တရားဦး ဟော ၁၂၅
ပစ္စုဒ္ဒါရ ပြုခြင်း ၇၉
ပညာ မျိုးစုံ ကုလုံစွာ တတ်သိလို ၁၉၇
ပညာသင်ရန် သီချင်း ၂၇၇
ပိုးသာကုန် မောင်ပုံ စောင်းမတတ် ၂၈
ဘူမိ နက်သန် လွန် မှန်ဓာန်(တေးထပ်) ၂၆၄
ဘဒ္ဒဝဂ္ဂီများ မိန်းမရှာခြင်း ၁၂၆
ဘဒ္ဒဝဂ္ဂီများ ဘုရားဖူးလှာ ၁၄၁
ဘဒ္ဒဝဂ္ဂီများ ရဟန္တာဖြစ် ၁၄၃
မအပ်သော သင်္ကန်း ၇၈
မထေရ်ကြီးအား မတားမြစ်ရ ၁၁၄
မဟာဥာဏာဒိစ္စ ကထိန် ရတု ပိုဒ်စုံ ၂၅၀
မာထိကာ ရှစ်ပါး ၉၅
မိမိ ကိုယ်ကို ရှာဖွေလျှင် မှန်မြတ် ၁၂၇
မူလ သင်္ကန်း ၇၃
မယ်ဘွဲ့ ရတု ပိုဒ်စုံ၊ မောင်ဘွဲ့ ရတု ပိုဒ်စုံ ၂၅၅-၂၅၈

မိုးကျ ဒါန(တေးထပ်) ၂၆၆
မိုးလ ကု ဆုံး တန်ဆောင်မုန်း ၂၆
မှားလျှင် ပြင်ဆင် ကေပိုဒ် ရတု ၁၁၈
မြတ်စွာဘုရား ဟောပြချက် ၅၄
မြတ်စွာဘုရား သင်္ကန်း ပမာဏ ၆၀
မိတ်ဆက် စကားချီး နိဒါန်း ၂၆. ၃၃
ယိမ်းသီချင်း ၂၇၅
ရတု ပိုဒ်စုံများ ၂၃၇
ရေစက်ချ ၁၈၈
ရှေးဦး ရည်ညွှန်းချက် ၂၃
ရွှေဂဠုန် (တေးထပ်) ၂၆၃
လူယုတ်များကို လားလားမှ မတွေ့ရလို ၁၉၈
လေးနံပါတ် အကျိုး ၁၇၁
လောကဓမ်ကြုံ မဖြုန်ရလို ၁၉၉
လက်ဝဲ သုန္ဒရ၏ လ·စဉ် ပွဲလင်္ကာ ၂၇
ဝဋ်ခင်း တကျော(ဂဝ-ပေါ် တေးထပ်) ၂၆၇
ဝဋ်ဘောင် လွတ်အောင်(ဂဝ·ပေါ် တေးထပ်) ၂၆၈
သနား ကြင်နာပုံ ၁၂၀
သဝန္တိကာ ကထိန် နှုတ် ၉၇
သဟဿာရ ကထိန်နှုတ် ၉၉
သာသနာ ပြုပုံ ၁၂၄
သိဥာဏ် ဝေသည် ၃၂
သိမှတ် စရာ ဝေဝေဆာ ၂၄
သီမာတိက္ကန္တိက ကထိန်နှုတ် ၉၉

| | |
|---|---|
| သီလ နံ့ သာပျောင်း | ၁၃၉ |
| သုမေဓာ ဖြစ်စဉ် | ၁၂၁ |
| သူတော်ကောင်း ပညာရှိနှင့်သာ မတွေ့လို | ၁၉၈ |
| သေမင်း လက်မှ မလွတ်ကင်းနိုင် | ၁၃၃ |
| သေသောက်ကျူးများ | ၁၂၉ |
| သံဃာ ပေးအပ်သော ပုဂ္ဂိုလ် | ၁၁၄ |
| သံဝေဂ ရေအိုင် | ၁၃၈ |
| သံသရာ အစ, အဆုံး မရှိ | ၁၄၄ |
| သံနိဋ္ဌာနန္တိက ကထိန်နှုတ်၊ သံနိဋ္ဌာနန္တိက (၂)မျိုး | ၉၆-၁၀၅ |
| သန္ဓိ သက်န်း, အသိုး နှစ်မျိုး | ၁၁၇ |
| သားမုဆိုး, သားရေနယ်သမား | ၂၂၈ |
| သင်္ကန်း ဖြတ်, ချုပ် ထူးခြား | ၄၄ |
| သင်္ကန်း ဖြတ်တောက်, ချုပ်စပ် | ၄၅ |
| သင်္ကန်း ချုပ်ပုံ ဥပမာ | ၄၈ |
| သင်္ကန်း အပိုင်း အလွှာ | ၅၀ |
| သင်္ကန်း အခဏ်းများ | ၅၂- ၆၇ |
| သင်္ကန်း အရာ ကျွမ်းကျင်မှု နည်းပါး | ၅၅ |
| သင်္ကန်းပုံ ရှင်းလင်းချက် | ၅၆ |
| သင်္ကန်း ကိုးထည် | ၁၁၆ |
| သင်္ကန်း ကြောင့်ကြမှု | ၁၀၀ |
| သင်းပိုင်,-သင်းပိုင် ပုံ | ၇၁- ၇၂ |
| သင်္ခါရဥ် ငြိးငွေ့သင့်၊ သစ္စာ ဖွဲ့ပုံ | ၁၄၅-၁၈၄ |
| သတ္တဝါများ စည်းစိမ် ခံစားချင်ပုံ | ၁၆၀ |
| သိပ္ပမဥ္ဇူ ရတု ပိုဒ်စုံ | ၂၄၅-၂၄၇ |

# ဆုပန်တွာ

....၀....

မြင့်မိုရ် တောင်ဦး မကြွေးသည့် ကျေးဇူးဂုဏ်ဆိုင် မကုန်နိုင်သော....

(၁) ခမည်းတော် ဦးပေါဦး။
(၂) မယ်တော် ဒေါ်မေ။
(၃) သမုတိဂိုဏ်းအုပ် ဆရာတော်သခင် အရှင်အရိယ ကျေးဇူးရှင်ကြီးတို့နှင့်တကွ....
(၄) ရဟန်းအမကြီး ဒေါ်သက်လှိုင်။
(၅) ကျောင်းအမကြီး ဒေါ်စောရှင်တို့ကို ရည်စူး တမ်းတလျက် မှန်းဆ မြော်မြင်ကာ ကျေးဇူး ဆပ်လို ကုသိုလ် မော်ကွန်းတင် အစဉ် ထာဝရ အထိမ်းအမှတ် မပြတ် မလတ် ဖြစ်စေရန်...

( ၁ ) မိတ္ထီလာမြို့, ဝဋ္ဋုန်ရွာကျောင်း၌ ပိဋကတ်တိုက် ဆောက်လုပ်လှူဒါန်းခြင်း။

Y -2

( ၂ ) ထိုပိဋကတ်တိုက် ရေစက်ချ ကထိန် ပွဲသဘင် ဆင်ယင် ကျင်းပရာတွင် ပင့်ဖိတ်ထားသော သံဃာတော် အရှင်မြတ်များနှင့်တကွ လာလာသမျှ လူပရိသတ်တို့အား ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ် ချိုချဉ် ရသာ အဖြာဖြာတို့ဖြင့် ကျွေးမွေးသမှု ပြုစုကာ ဝေဝေဆာဆာ ပဒေသာပင်တို့ကို လှူဒါန်းခြင်း။

( ၃ ) ဂန္ထဝင်မြောက် အမှန်တရား ထွန်းကားတောက်ပစေရန်- ရည်သန်တောင့်တကာ- ဤကျမ်းစာကို- စီရင်ရေးသား၍ လျက် စိတ်အားထက်သန်လှစွာ ပညာပါရမီ ကောင်းမှု ကုသိုလ်အလီလီတို့ကို စိတ်ကြည်လင် ရွှင်ပျ ဖြည့်ဆည်းပူးရခြင်းတည်း ဟူသော...

ကုသိုလ်ပေါင်းစု ကောင်းမှု အထွေထွေတို့ကို စိတ်စေတနာ သဒ္ဓါ ထက်သန် ရွှင်ပျ ပြုစင် သန့်ရှင်းလှစွာဖြင့် လှူဒါန်း ပြုစုပါ၏။

ဤကဲ့သို့ ပြုစု လှူဒါန်းသမျှ ကောင်းမှု ကုသိုလ် အဝဝတို့၏ အဘိုဘာဂတို့ကို မိဘ နှစ်ဖြာ ဆရာသခင် ကျေးဇူးရှင်ကြီးတို့နှင့်တကွ ရဟန်းအမကြီး၊ ကျောင်းအမကြီးတို့အား ရငြား ပါစေ အမျှ....အမျှ....အမျှ ပေးဝေပါ၏။

ဘ၊ မိ နှစ်ဖြာ ဆရာသခင် ကျေးဇူးရှင်ကြီးတို့နှင့်တကွ ရဟန်းအမကြီး၊ ကျောင်းအမကြီးတို့သည် သာဓု အနုမောဒနာ ဝမ်းမြောက် ဝမ်းသာစွာ ခေါ်ဆိုနိုင်ကြ၍ ဤကုသိုလ်တို့၏ အဘိုဘာဂတို့ကို ရရှိကြပြီးလျှင် ရောက်လေရာရာ ဘဝများစွာတို့၌ စည်းစိမ် ချမ်းသာ ကြီးမားလှစွာ ခံစား စံစားနိုင်ကြလျက် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ အမှန် ပြည်နိဗ္ဗာန်သို့ ဧကန်မြန် ထုတ်ချောက် ဝင်ရောက်နိုင်ကြပါစေကုန်သတည်း။

# ကျေးဇူးဂုဏ်ဆိုင် မကုန်နိုင်

## (ဂဝ) ပေါ် ဘေးထပ်

မိဘ့ဆရာ- အထွေထွေ-ဂုဏ်၊
မေ- မေရှ မကာ- ကြီးကျယ်ပေ။
မြေ- မြေထု ဇာဆ- တနည်း သွယ်ဖွေလျှင်၊
အပြီး ပြယ်-မပြေ- ဂုဏ်တွေပေါ်။ ။
ကျေးဇူးဆပ်လို့ မကုန်-မကုန်နိုင်တယ်၊
တဖုံ တဖုံ့-မြိုင်မြိုင်-အဆုံးမြင်ဘို့လျော။ ။
ရမ်းဆ- လွမ်းရ- မှန်းကြွယာဝယ်၊
တမ်းတ ခါခါ- စိတ်မှာ စော။
ကျွမ်းခ- ဗျာပါ- လိပ်ပြာ- နှောလို့၊
ထိပ်မှာ သာကော- ဒလဟော ဝင်။ ။
ကျေးဇူး ဂုဏ်ဆိုင်- အတိ ပဝ၊
သတိ-ရရ-ဆပ်ဘို့- စိတ်စော ကြကာ မြင်။
အထိကရ ကမ္ဘာ့-ကမ္ဘာ- တွဲအောင်၊
သဒ္ဒါ-သဒ္ဒါ အစဉ် စိုက်ကြောင်း-ပေါက်သမို့။
တိုက်ကျောင်းဆောက်လို့-လှူသည့်- ကုသိုလ်-
အဘိုဘာဂတွေ၊
ယူဘိ- ဆုဆို- အမျှဝေ၊ ။
(တနည်း)သဒ္ဒါ-သဒ္ဒါ အစဉ် အရှိန်လင်းသမို၊
ကထိန်ခင်းလို့ လှူသည့်- ကုသိုလ်- အဘိုဘာဂတွေ၊
ယူဘိ-ဆုဆို-အမျှဝေ။ ။

( တနည်း.... ) သဒ္ဓါ-သဒ္ဓါ- အစဉ် လျှမ်းလျှမ်း
ဖွေးသမို့။
ဆွမ်းပန်း ကျွေးလို့- လှူသည့်-
ကုသိုလ်- အဘိုဘာဂတွေ၊
ယူဘိ-ဆုဆို-အမျှဝေ။ ။
(တနည်း....) သဒ္ဓါ-သဒ္ဓါ- အစဉ်-ဝေဖြာ စီးသမို့၊
ပဒေသာ သီးလို့- လှူသည့်-
ကုသိုလ်-အဘို ဘာဂတွေ၊
ယူဘိ-ဆုဆို-အမျှဝေ။ ။

( တနည်း.... ) သဒ္ဓါ- သဒ္ဓါ- အစဉ်-
အမွှန်ပင်-မမွေး-ပွါးသမို့၊
ဂန္ဓဝင် ရေးသားလို့- လှူသည့်-
ကုသိုလ်-အဘိုဘာဂတွေ၊
ယူဘိ-ဆုဆို-အမျှဝေ။ ။

ရောက်လေ ရာရာ- ဌာနေ-နေမှာ၊
ချမ်းသာ ထွေထွေ- ခံစားနိုင်စေ့လေး။
(အော်....) လူ့နတ်-စည်းစိမ်-မြောက်မြား
အတန်တန်တွေကို၊
မဖေါက် မမှား- အဖန်ဖန်လေ-
ရစမ်း ပါစေ့လေး။ ။
(အို....) အဆုံးစွန်ဘဝ (မိဘ့ဆရာအတွက်
မပျက်မကွက်)အမွေခံပေမည်၊
နိဗ္ဗာန်- ရွှေပြည်- အမြန်- ရောက်ပါစေ့လေး။ ။

## တောင့်တချက် (အာသိသ)

### အမြင်မှန်·ရဘိုစီရင် ( တေးထပ် )

မြတ်ဥာဏ်ရှင်· နူတ်တော်မြွက်၊
ထုတ်ဖေါ်ချက်· ကျွမ်းစွာ။

သုတ်ဓမ္မာစက် ငြိမ်းအလာ၊
ဆန်းတဖြာ တီထွင့်။ ။

ကထိန အစဉ်ကာ၊
အမြင်မှန် ရဘို စီရင့်။ ။

ထောင်နေ့လ ဆောင်တောက် ဖြာသလို၊
ပြောင်မြောက်စွာ ကျယ်တင့်။
မှောင်ခပျောက်ခါ ထယ်မြင့်လို့၊
သွယ်သွယ်ပွင့် သာသာနေ။ ။

အများယူ ယုတ်ဝါဒ၊
ပြုတ်ခါပ ကင်းပျောက် ပါစေ။ ။
သစ္စာထား ပန်ဆုချွေသည်၊
မှန်မူလေ ဓိဋ္ဌာန်ဆောက်ပါလို့။

နိဗ္ဗာန်ပေါက်· သွားဘိုစိမ်၊
ပွားလို့ ရည်သန်။ ။

များအချို့· မြင်ပြန်လျှင်၊
မြှင်ဆင်ရန် တောင်းပန်၏ လေး....။ ။

## ဆရာတော် အသျှင်ဉာဏာဒိစ္စ

Author of The Thirty Eight Blessings for World Peace.

သကျသီဟ ဓမ္မာစရိယ

ဘာသန္တရဆေက, ပိဋကတ္တယ ကောဝိဒ, နိကာယပါရဂူ
မြို့နယ်နှင့် ခုံဝိနည်းဓိုရ် ဆရာတော်
ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့နာယက
သိပ္ပမဥ္ဇူ ပါဠိတက္ကသိုလ် ကျောင်းအုပ်
မင်းမနိုင်ကွက်သစ်၊ ရန်ကုန်မြို့။

# ရှေးဦး–ရည်ညွှန်းချက်

## ခက်ခဲ နက်ဝှမ်း ချီးမွမ်းထိုက်သော အလှူ

ကထိန် ဟူသည် လှူချင်တိုင်း မဖြစ်၊ ခေတ်ကာလ အပိုင်းနှင့် ပညတ်တော်မူတိုင်းသာ လှူဒါန်းရသော ဒါနမျိုး ဖြစ်၍ နက်ရှိုင်း လေးနက် ခဲခက်သော အနက်သဘော ရှိသည့်အပြင် ကောင်းကင်မှ ကျလာသော အသွင် ဖြူစင်သော သဒ္ဓါတရားနှင့် သံဃာအားသာ အစစ်အမှန် ရည်ညွှန်းလျက် လှူဒါန်းရသော ဒါနမျိုး ဖြစ်သဖြင့် ဘုရား စသော အရိယာ အရှင်မြတ်တို့ ချီးမွမ်းအပ်သော အနက်သဘော ရှိသောကြောင့် ခက်ခဲ နက်ဝှမ်း ချီးမွမ်းထိုက်သော အလှူမျိုးဖြစ်လေသည်။

ထို့ကြောင့်ပင်လျှင် မြတ်စွာဘုရားသည် ဝိနည်း ပိဋကတ် မဟာဝါခန္ဓက၌ ကဏ္ဍတရပ်ပိုင်းခြား၍ ကထိန ခန္ဓကဟု အသီးအခြား ဟောကြားတော်မူသည့် အတိုင်း ခေတ်ပိုင်းအား လျော်စွာ စေတနာစစ်၊ သဒ္ဓါစစ် ဖြစ်ရန် အတန်တန်သော ပညတ်တိ သိက္ခာပုဒ်များ ကားတော်မူခဲ့သဖြင့် ရင်းပညတ် ခွင့်ပြုတော်မူချက် အရသာ လှူဒါန်းရသောကြောင့်လည်း သာလွန် ချီးကျူးအပ် ကောင်းမြတ်သော ဒါနမျိုးဖြစ်လေသည်။

သို့ရာတွင် ဤသို့ မြတ်စွာဘုရား ခန္ဓက တခု ပိုင်းခြား၍ ဟောကြား ပညတ်တော်မူအပ်သော ကထိနဒါန ကထိနကံ၏ အကြောင်းအရာ အတိအကျ ဖွေရှာ ရေးသားသော ဝိနိစ္ဆယ

အာနိသံသ ဓမ္မဒေသနာ ဂန္ထဝင် စာပေ စာတမ်းများ ယခု အထိ မရှိသေးတဲ့ ချီးဝှဲ့ထောမနာ အနုမောဒနာ ဒေသနာ မျှသော်ငြား၊ ကထိနဒါန စီစစ် ရေးသားသော ဝိနိစ္ဆယများ သော်ငြား၊ အကြောင်းအား လျော်စွာ ရေးသားသော စာပေ များသာ ရှိခဲ့လေသည်။

## သိမှတ်စရာ ဝေဝေဆာ

ဤကဗျာကထိန်ကျမ်း၌ ရေးသားခြင်းသည်ကား မြတ်စွာ ဘုရား တကာ့ကျူထား၍ ဟောကြားတော်မူသော ကထိန ခန္ဓက တခုလုံး အပြင် သက်နှိုး အစီအရင်နှင့် စပ်လျဉ်း၍ သက်နှိုးမျိုး ၉-ထည်တို့၏ ချုပ်လုပ်ပုံ - ပုံစံများနှင့်တကွ စီဝရက္ခန္ဓက စသော အခြား ခန္ဓကများ၌ မှတ်ကပ် မှတ်ထိုက်သော အကြောင်းအရာ များကို အတိအကျ ဖွေရှာ၍ အသေ-အချာရေးသား ထားသည် သာမက ထိုကထိန်အာနိသံသ ကထိန်၏ အကျိုး အာနိသင်များ ကိုလည်း ကျမ်းဂန် လာတိုင်း အသေအချာ ညှိနိုင်းဖွေရှာ ဖေါ် ထုတ်ရေးသားကာ ထိုကထိန အရာဝယ် သိမှတ်စရာ-အထူးထူး နှင့် ကြည်နူးအောင် ချီးကျူး ရေးသားထားသည့် ထင်ရှား ပေါ်လွင် နားဝင် ချိုဘွယ် သိမြင်လွယ်ရန် ခေတ်ဆန်ဆန် ဖန်တီး တည်ထွင်ထားသော ရှစ်လုံးဘွဲ့ ကထိန် အမေး အဖြေ ဆရာစလေလို ကဗျာနဲ့ဘော အသုံးအနှုန်းဖြင့် စီကုံး ရေးသား ထားသော ခန့်ငြား ထယ်ဝါလှသည့် သြဘာစာ- ခေတ်အခါ အလိုက် နှစ်ချိုက်စရာ ကောပိဒ် ရတု, ပိုဒ်စုံ ရတု- အမျိုးမျိုး အပြင် နှယဉ်သစ်ဆန်းလှသော တေးထပ်ရိုး, (၇၀)ပေါ် တေး

ထပ်, (၇၀)ပေါ် ထပ်တွန့်တေးထပ်, ( ၇၀ ) ပေါ် ထပ်တွန့်တေးထပ်ဆန်းကြီး၊ စာထောင့် ကဗျာလေးချိုး၊ ကာလပေါ်ယိမ်းသီချင်းစသော ရသဂုဏ် ပြောင်မြောက်လှသော မြန်မာ့အနုပညာ စာပေကဗျာ အညွှန့်အဖူးများဖြင့်လည်း ဝေဆာ၍ အထူး လေ့လာအပ်သော ကျမ်းတစောင်ဖြစ်လေသည်။

ဂန္ထဝင် ပြောင်မြောက်သည့် စာပေသစ်

ဤသို့ ကဏ်ဍ အရာဝယ် ပြည့်စွက်စရာ မရှိသာအောင် အတိအကျ အသေအချာ ဖွေရှာ စိစစ် ရေးသား ထားသော စာတစောင် ဖြစ်၍ ဂန္ထဝင် စာပေများတွင် ခေတ် အလျောက် ပြောင်မြောက်သည့် စာပေ တခုအဖြစ် အသစ် ဖြည့်စွက် တိုးတက်လာသော ကျမ်းဂန် တစောင် ဖြစ်သည်အား လျော်စွာ စာပေ၏ အရသာနှင့် ပညာဗဟုသုတ လိုက်စားကြသော သူတို့ အမှန် ကြည့်ရှုထိုက်သော ကျမ်းတစောင် ဖြစ်ကြောင်း အသေအချာ ဖွေရှာ စိစစ် ကြည့်ရှုကာ အသိဉာဏ် ထင်မြင်သမျှ ဝေဘန် ရေးသားရပါကြောင်း။

ဆရာတော် အသျှင်သံဝရာဘိဝံသ
ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ
ဘာသန္တရ ဆေက, ပိဋကတ္တယ ကောဝိဒ,နိကာယပါရဂူ
ဗုဒ္ဓနိုင်ငံတော် ဂန္ထကာရက
ဖျာပုံမြို့နယ်၊ ရွှေကျောင်ဂိုဏ်း မဟာနာယက
စကြာရန်အောင် ရွှေကျောင်တိုက်၊ ဖျာပုံမြို့။
နေ့စွဲ.... ၁၀ - ၁၀ - ၆၃

# မိတ်ဆက်နိဒါန်း

နမော... ဗုဒ္ဓါယ....သိဒ္ဓံ....

သီတင်းကျွတ်သည်နှင့် တပြိုင်နက် အထက်, အောက်-ဗမာပြည် အနှံ့အပြား ကထိန်ပွဲများကို စည်ကားစွာ ကျင်းပပြုလုပ်ကြမြဲ ဖြစ်ပေသည်။ "မိုးလ အဆုံး, တန်ဆောင်မုန်း" ဟူသည့် အတိုင်း မိုးများလည်း စဲသွားပြီဖြစ်သဖြင့် တိမ်စင်သောကောင်းကင်အလယ်၌ ကြယ်ကလေးများ ဝင့်ကြွားတောက်ပနိုင်ခြင်းနှင့် အတူ လူသားတို့သည်လည်း ခြေတို-အနေကျုံ့ခဲ့ရသောမိုးရာသီမှ လွတ်သည်နှင့်တပြိုင်နက် အသက်ဝင် လှုပ်ရှားကာ မိမိတို့ စိတ်ဝင်စားရာ ဘာသာရေး စသော ပွဲတော်များကို တခမ်းတနားဆင်နွဲကျင်းပနိုင်ခြင်းလည်း ဖြစ်ပေသည်။

## တော်ဝင် ပွဲတော်

သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင် တလ,တိတိသာ ကျင်းပခွင့်ရသော ထိုကထိန်ပွဲကား ရှေးဘုရင် ကောရာဇ် အဆက်ဆက် လက်ထက်တော်အသိုးသိး အတီးကာလ ရှေးမဆွကပင် နန်းယင်ပြင်မှစ၍ ဗမာ

တပြည်လုံး အုံးအုံးညံစေအောင် ကျင်းပကာ ၁၂ လ ရာသီဝင် ပွဲတော် ( တော်ဝင်ပွဲတော် ) အဖြစ် သတ်မှတ်ခဲ့ကြလေသည်။ ထို့ကြောင့် လက်ဝဲသုန္ဒရ အမတ်ကြီး၏ သာမိနပျို့၌....

"သင်္ကြန်ဘာကူး၊ နှစ်ဦးညောင်ရေ၊ စာပေလွှေခင်း၊ ပဉ္စင်းမိတော်ခံ စာရေးတံနှင့်၊ မြစ်ယံပွဲကြီး၊ ဆီမီး ထွန်းချိန်၊ ကထိန်နုတ်ကျင်း၊ မြင်းခင်းယှက်ဝင်၊ သဘင်မီးပုံး၊ ဂူလုံးသဲပုံ စေ့စုံစီလျှဉ် ဤသို့ယှဉ်သား၊ လစဉ် စံမြဲ ၁၂ ပွဲကို" ဟု စပ်ဆို မှတ်တမ်းတင်ခဲ့ လေသည်။

## အများနှင့် ဆက်စပ်သော ပွဲတော်ကြီး

ယင်းသို့လျှင် ဗမာပြည်၌ ဗုဒ္ဓဘာသာ သာသနာ ရောက်ရှိသည့် အချိန်မှစ၍ ယနေ့တိုင်အောင် ကျင်းပခဲ့၊ ကျင်းပဆဲ၊ နောင်လည်း ကျင်းပလတ္တံ့ ဖြစ်သော ဤကထိန်နှင့် ပတ်သက်၍ကား ရှင်ရှင် လူလူ မည်သူမဆို ကိုယ်တိုင်ကိုယ်ကျ ယေဘုယျအားဖြင့် ပါဝင် ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်လတ္တံ့ သူချည့်သာ ဖြစ်လေသည်။

ဤသို့ဆိုလျှင် ထိုကထိန်ပွဲတော်သည် ရှင်တိုင်း လူတိုင်းနှင့် ဆက်စပ်လျက်ရှိခဲ့ရာ ထိုပွဲတော်၏ အစဉ်အလာ အခြေအမြစ်နှင့် အနှစ်သာရကို ထိုသည့် ရှင်တိုင်း မမှဂန်ကူကျ နားလည်ပြီး ချည်း ဖြစ်ကြပါ၏လော။

ထိုသည့် လူတိုင်း သဘောပေါက်ပြီး ဖြစ်ကြပါ၏လော?။ မလွယ်ကူချေ။ ကထိန်ပွဲသည် မည်မျှပင် ကြီးကျယ်ခမ်းနား၍ တန်ဘိုးမည်မျှပင် များပြားစေကာမူ ကထိန်နှင့်စပ်သော တရားဓမ္မကို နာယူခွင့်ရသည့် အချိန်မှာ တဖြည်းဖြည်း နည်းပါးလာခဲ့သည်နှင့်အမျှ ဟောပြနိုင်စွမ်းသည့် ပုဂ္ဂိုလ်ကိုလည်း နေရာဌာနတိုင်းတွင် ရရှိနိုင်ကြသည် မဟုတ်ပေ။

## ပိုးသာကုန် မောင်ပုံ စောင်းမတတ်

သို့သော်-မည်သို့ပင်ဖြစ်စေ မိမိလုပ်သော ကိစ္စရပ်-ဘုအတွက် ကြောင်း,ကျိုး ခြေမြစ် အနှစ်သာရကိုကား နားမလည်၍ မဖြစ် ငွေအား,လူအား စိုက်ထုတ်-လုပ်ရသည် ဖြစ်သဖြင့်လည်း ပို၍ နားလည်ထားထိုက်ပေသည်။ ယင်းသို့ တနှစ်ပတ်လုံး-ကြိုးစားရှာဖွေ စုဆောင်းကာ ငွေအား,လူအားဖြင့်အပန်းတကြီး အားထုတ်ကြသော ဒကာ,ဒကာမတို့အတွက် အဖက်ဖက်မှ-အကျိုးရှိစေရန် ဝိနည်း-မှန်ကန်ကျကျ-ကထိနကံ-မြောက်အောင်ဆောင်ရွက်နိုင်ရေးမှာ နားအလည်ထိုက်ဆုံး,အရေးအကြီးဆုံး-ဖြစ်လေသည်။ ထို အရေးအကြီးဆုံး-တာဝန်ကား-ဆရာဘုန်းတော်ကြီးတိုင်း၏- တာဝန်သာဖြစ်လေသည်။ ယင်းသို့ ကထိန် အရေးကြီးသည်ကို ဝိနည်း မကျွမ်းသော ရဟန်းအချို့ကြောင့် ဒကာ ဒကာမတို့မှာ အကျိုး မနပ် "ပိုးသာကုန်၍ မောင်ပုံ စောင်းမတတ်"ဖြစ်နေကြရသည်ကို နှစ်စဉ်လိုပင် ကြားသိ တွေ့မြင်နေရပေသည်။

"ကထိန်သင်္ကန်းကို- အာကာသဌ၊ ကောင်းစင်ပမ္မ၊ လျှောကျသည့်နှယ်၊ စင်ကြယ်သော သင်္ကန်း ဖြစ်ရမည်ဆိုသည်မှာ မျက်မြင်အားဖြင့် သေသေသပ်သပ်၊ ကောင်းကောင်း မွန်မွန်၊ အသား ချောညက် သန့်ရှင်းသည်ကို စင်ကြယ်သော သင်္ကန်းဟု ဆိုလိုသလော...?"

"မိမိကျောင်း၌ ကထိန် ဖြစ်ပေါ်စေရန် ဘုန်းကြီးကိုယ်တိုင် နိုးဆော်ခြင်းကြောင့် ဖြစ်ပေါ်လာသော၊ သို့မဟုတ် ဒကာကလည်း မိမိကြည်ညိုသူ တပါးပါးကို ရည်မှန်း၍ ပူလုပ်သော ကထိန်ခေါ်သော သင်္ကန်းသည် ဆရာ့ ဒကာ နှစ်ဦးလုံး အတွက် ကထိန်က ပေးသော အကျိုးများကို ရစေနိုင်မည်လော...?"

" ကထိနကံကို မည်သို့ ဆောင်ရွက်မှ အောင်မြင်သနည်း....?"

" ထို ကထိန်သင်္ကန်း အတွက် ဆရာနှင့် ဒကာတို့ မည်သို့ အကျိုး ကျေးဇူး ရှိကြသနည်း....?"

" ကျမ်းဂန် သက်သေ စာပေ အထောက်အထား မည်သို့ရှိသနည်း....?"

ယင်းသို့ စသည်ဖြင့် ဆရာ့ဒကာ (အထူးသဖြင့် ဆရာ)တို့ သိအပ်၊ သိသင့်၊ သိထိုက်၊ သိရမည့် (မသိလျှင် ဖြစ်ကို မဖြစ်သည့်) ကထိန်နှင့် ပတ်သက်သော သိကောင်းဖွယ်ရာတို့သည်ကား များ ပြားလှပေသည်။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့လည်း ကျယ်ဝန်း လှဘိ၏။ တခဏခြင်း အလွယ်တကူ စုယူ ညှိနှိုင်းရန် သာမန် အချိန်မျှဖြင့်ရနိုင်စကောင်းသည်လည်းမဟုတ်၊ ရသည်တိုင်အောင် ပိုင်ပိုင်နိုင်နိုင် ကိုယ်တိုင်ကိုယ်ကျ ကြည့်ရှုနိုင်သော အရည် အချင်း မှာလည်း ကထိန်ခံသူ ဘုန်းတော်ကြီးတိုင်း၌ တည်ရှိ နိုင်သည် မဟုတ်ချေ။

" အထူးဆုံးကျမ်း "

ထို့ကြောင့် အကျဉ်းချုပ် ပြောကြားရပါလျှင် အသျှင် ဥာဏာဒိစ္စဆရာတော်၏ ဤ "ကဗျာကထိန်ကျမ်းသည် ကထိန်နှင့် စပ်သမျှ ရဟန်း၊ ရှင်၊ လူ မည်သူ့အားမဆို၊ အချိန်ကိုဘို လိုရင်း ရောက်အောင် သဘော ပေါက်စေနိုင်သော (၁) "အိုတ်သွန် ဖါမှောက်၊ ကောက်သင်းကောက် မကျန်၊ ဆန်စေးလည်း မချန် သော ကျမ်းကောင်း တခုဖြစ်ကြောင်း" ညွှန်ကြားလိုပါသည်။ ထွက်ပေါ်ခဲ့သမျှသော ကထိန်နှင့် စပ်သမျှ စာစုတွင် ဤကျမ်း စာသည် အပြည့်စုံဆုံး၊ အစုံလင်ဆုံး၊ အထူဆုံး၊ အထူးဆုံး ဖြစ် မည်ကို စာအုပ်ကပင်-သက်သေထူပါလိမ့်မည်။ ဤကား ကထိန်၏ အခြင်းအရာနှင့် ကျမ်းစာ၏ အသားအလာ-အမြွက်တည်း။

ဤကျမ်း ပြုစုသူ အသျှင်ဥာဏာဒိစ္စ ဆရာတော်၏ ပညာရေး

သာသနာရေး ဆောင်ရွက်မှု အရည်အချင်းနှင့် ဂုဏ်သတင်း ကိုကား အထူး ဖေါ်ပြ မိတ်ဆက်နေရန်ပင် လိုမည် မထင်ပါ။

အဘယ့်ကြောင့် ဆိုသော် "သကျသီဟာဓမ္မာစရိယ" ဟူသော ဝိသေသန ဂုဏ်ပုဒ်သည်၎င်း၊ အစိုးရ ပါဠိဘာက္ကသိုလ် ဗဟိုအဖွဲ့ နာယက" ဟူသော ဝိသေသန ဂုဏ်ပုဒ်သည်၎င်း၊ မြို့နယ်နှင့် ခုံဝိနည်းဓိုရ်ဆရာတော်ဟူသော ဝိသေသနဂုဏ်ပုဒ်သည်၎င်း၊ သိပ္ပမ္ဘူကျောင်း မဟာဥာဏာဒိစ္စတိုက် ပါဠိတက္ကသိုလ်ကျောင်းအုပ် ဟူသော ဝိသေသန ဂုဏ်ပုဒ်သည်၎င်း၊ အိန္ဒိယကောလိပ်များ၌ နှစ်ရှည်လများ သီတင်းသုံး၍ ဟိန္ဒီ, ဘင်္ဂါလီ, သံသကရိုတ်, အင်္ဂလိပ် စသော ဘာသန္တရများကို ကျွမ်းကျွမ်း ကျင်ကျင် သင်ယူခဲ့သည့် ဆရာတော်ဟူသော ဂုဏ်သတင်းသည်၎င်း၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသား ထားသော (The Thirty Eight Blessings of World Peace.)ခေါ် "သုံးဆယ့်ရှစ်ဖြာ- ကမ္ဘာ့ငြိမ်းချမ်းရေး·မင်္ဂလာ" စာအုပ်သည်၎င်း၊ ဆရာတော်ကိုယ်တိုင် စုဆောင်းရိုက်နှိပ်ထုတ်ဝေလိုက်သော စာမျက်နှာ ငါးရာကျော်ရှိ "အဘိုးတန် မန်လည်ကဗျာများ" စာအုပ်နှင့် ဤကျမ်းစာစသော စာအုပ် စာတမ်းများသည်၎င်း၊ ကျမ်းပြု ဆရာတော်သည် မည်သို့ ပညာရေး, သာသနာရေးများ၌ ပါဝင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပါဠိ, ဟိန္ဒီ, ဘင်္ဂါလီ, သံသကရိုတ်, အင်္ဂလိပ်, မြန်မာ ကဗျာမှုတို့၌ မည်မျှ အဝါးဝစွာ လိမ်မာ တတ်ကျွမ်းကြောင်း ကောင်းစွာ သက်သေတည်လျက် ရှိကြသဖြင့် အထူး ဖေါ်ပြ မိတ်ဆက်ပေးရန် လိုမည် မဟုတ်ကြောင်းကို ရေးသားလိုက်ပါသည်။

## "သိဥာဏ်ဝေသည်"

ငါတို့မြန်မာ၊ စဉ်အလာဖြင့်၊ ညာကြေအောက်ထက်၊
တခဲနက်မျှ၊ သကျမာရဘင်၊ စောနတ်ရှင်၏၊
သုံးအင်သာသနာ၊ စည်စိမ့်ငှါလျှင်၊ အခါအလိုက်၊
ရှာစရိုက်ဖြင့်၊ အားတိုက် အင်ကုန်၊ ဘဝဂ် ဇုန်အောင်၊
ပုညကုသိုလ်၊ မျှားလူဗိုလ်တို့၊ ကိုယ်တိုင်အားခဲ၊
မရှောင့်ရဲတည့်၊ အပွဲပွဲတွင်၊ ကထိန်တွင်သော၊
တော်ဝင်ဒါန၊ ကြောင်းခြင်းတကို၊ အစအဆုံး၊
အကျဉ်းရုံး၍၊ ထုံးစံသက်သေ၊ သုံးပုံမွေ့လျက်၊
စာပေထောက်ထား၊ ရေးညွှန်ကြားခဲ့၊ ဘုရားသာသနာ၊
ချီးမြှောက်ရာတွင်၊ နည်းနာကျကျ၊ ကုန်ကျိုးရ၍၊
ပန်းရကျိုးနပ်၊ သတိချပ်ဘို့၊ သိအပ်ဖွယ်ရာ၊
ဤကျမ်းစာဖြင့်၊ မဟာဥာဏ၊ အာဒိစ္စ,ဟု၊
သိပ္ပမဥ္ဇူ၊ ထေရ်ဝိဒူက၊ ရှင်,လူ,ရဟန်း၊
နိရော်နန်းသို့၊ ဖြောင့်တန်းပဝေ၊ သိဥာဏ်ဝေသည်၊
စာပေ လာတိုင်း ကျင့်စေသော်....။

မောင်းထောင်-အရှင်ကောလိနိယ

ကမ္ဘာအေး- ရန်ကုန်မြို့။

၃ - ၇ - ၂၅ ( ၂၀ - ၉ - ၆၃ )

# မိတ်ဆက် စကားချီး

အသျှင်ဥာဏဒိစ္စ ဆရာတော်သည် ဤသည့် ကဗျာဂဏ္ဍထိန် မည်သော ကျမ်းကို စီရင် ရေးသားလေသည်။ ထိုဆရာတော် သည် The Thirty - eight Blessings for World Peace မည်သော အင်္ဂလိပ်ဘာသာ ကျမ်းစာအုပ်နှင့် အဘိုး တန် မန်လည်ကဗျာများ ကျမ်း စသော ဂန္တဝင် စာပေများကို ရေးသားသော ဆရာတော်ပင် ဖြစ်သည်။ ဆရာတော်သည် သာသနာ ရေးရာတွင် အရေးကြီးသော ကထိန်အကြောင်းကို ကဗျာကထိန် စာအုပ်တွင် မြန်မာဘာသာဖြင့် ဖွင့်ဆိုရေးထား ပေသည်။

ဗုဒ္ဓဘာသာဝင် မြန်မာတိုင်း သိတင်းကျွတ်သော် ကထိန်ခင်း ရကောင်းမှန်းကို သိကြပေသည်။ သို့သော်.... ကထိန်ခင်းသော ကာလ, ကထိန်ခင်းခြင်း၏ ရည်ရွယ်ချက်, ကထိန်ခင်းခြင်း၏ အကျိုးတို့ကိုကား တိကျသေချာစွာ သိစွမ်းနိုင်သူကား အလွန် ပင် ပါးရှားလှပေသည်။

ကျွန်ုပ်တို့မြန်မာ့မှာ ၁၂-လတွင် လ,တိုင်း ပွဲသဘင် ရှိခဲ့ပေသည်။

(၁) တန်ခူးလ .... အတာသင်္ကြန်ပွဲ၊
(၂) ကဆုန်လ ... ညောင်ရေသွန်းပွဲ၊
(၃) နယုန်လ .... စာမေးသဘင်ပွဲ၊
(၄) ဝါဆိုလ .... ပဉ္စင်းခံပွဲ၊
(၅) ဝါခေါင်လ .... စာရေးတံပွဲ၊
(၆) တော်သလင်းလ .... သစ်ဆင်းပွဲ၊ လှေပြိုင်ပွဲ၊
(၇) သီတင်းကျွတ်လ .... မြင့်မိုရ်ပွဲခေါ် မီးထွန်းပွဲ၊ ပဝါရဏာပွဲ၊
(၈) တန်ဆောင်မုန်းလ .... ကထိန်ပွဲ၊ တန်ဆောင်တိုင်ပွဲနှင့် အလွန် ရှေးကျသော ခေတ်၌ ကြတ္တိကာနက္ခတ်ပွဲ ( တောင် ထိပ် ပွဲ လည်း ခေါ်၏။ )
(၉) နတ်တော်လ .... နတ်ကန္တားပွဲ၊
(၁၀) ပြာသိုလ .... မြင်းခင်းပွဲ၊
(၁၁) တပို့တွဲလ .... ယာဂုပွဲ၊
(၁၂) တပေါင်းလ .... သဲပုံ စေတီ ဘုရားပွဲ ဟူ၍ ၁၂-လဘွင် ၁၂-ပွဲရှိခဲ့ပေရာ

ဤကထိန်ပွဲကို တန်ဆောင်မုန်းလဘွင် ရှေးအခါက ကျင်းပခဲ့ကြပေသည်။

ဤ၌ ကထိန်ပွဲကို တန်ဆောင်မုန်းလ, ဟူ၍သာ လနှင့် ပွဲသဘင် ဆိုင်ရာတွင် သတ်မှတ် ထားသော်လည်း အမှန်ကား ကထိန်ပွဲ သဘင်ကို သီတင်းကျွတ် လပြည့်ကျော် ၁-ရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်တိုင် ရက် (၃၀) အတွင်းမှာ ကထိန် ခင်းနိုင်ပေသည်၊ ကထိန်ခင်းနိုင်သော ရက်မှာ ရက် (၃၀) မျှ ရှိသည်ဟု ဆိုလိုပေသည်။ သို့ရာတွင် အမှန်စင်စစ် တိတိကျကျ ရေတွက်သော် ရက်အားဖြင့် (၂၉)ရက်သာ ရှိလေသည်၊

တန်ဆောင်မုန်း လပြည့်နေ့သည် ကထိန်ရက်၏ အဆုံးစွန် သော ရက်မျှဖြစ်ပေသည်။ သို့သော်....ရှေးအခါက ဤကထိန် ပွဲသဘင်ကို ဤတန်ဆောင်မုန်း လပြည့်နေ့တွင် အကြီးအကျယ် လှူဒါန်းသမှု ပြုခဲ့သောကြောင့်လည်း တန်ဆောင်မုန်းလကို ကထိန်ပွဲသဘင် ကျင်းပသော လ ဟူ၍ သတ်မှတ်ထားကြောင်း ထင်မှတ်ဘွယ် ရှိပေသည်။

မှန်၏........ကုန်းဘောင်ဆက် ရာဇဝင် (၅၆၀)တွင်....

၁၂၄၇-ခု၊ တန်ဆောင်မုန်း လဆန်း ၁၅-ရက်နေ့ မဟာ အောင်ဘုရား၊ အုံးအင်းဘုရား၊ ချမ်းသာကြီးဘုရား၊ မဟာ လောကမာရဇိန်ဘုရား၊ ဆုတောင်းပြည့်ဘုရား၊ မဟာလောက ရံသီဘုရား၊ ဘုရားရှင် ခုနစ်ဆူအား လှူဒါန်းတော်မူရန် ကထိန် ရွှေသက်န်းကြီး ခုနစ်နှင့်တကွ ရွှေပန်းခိုင်, ငွေပန်းခိုင်, ရွှေဘန် ဆောင်, ငွေတန်ဆောင် စသော အလှူတော် အဘွယ်အဆာများ

နှင့် ရွှေမြို့တော် လေးမျက်နှာရှိ ကျောင်းတိုက်ခရ တရာ့ငါးဆယ့် လေးကျောင်း၊ ဦးရေ (၁၂၅၇)တို့အား လှူဒါန်းရန် ဆိုးလုပ်ပြီး ကထိန်သင်္ကန်း (၂၀၉)၊ အာနိသင် ပိတ်သင်္ကန်းလျှာ စုံရေ (၂၅၇၇)၊ ချုပ်ဆိုးရန် အပ်ထုပ်,ချည်လုံး, ပိန္နဲ,ချဉ်မှုန့်,စဉ့်အိုး, ကျိုအိုး, ခပ်အိုး, ရေမှုတ်, ဖွပ်ပျဉ်, ကြိမ်ခွေ, ထင်း ကိရိယာစုံ (၂၅၇၇)စီမျှအနက် သင်္ကန်းလျှာများနှင့် ထင်းမှာ' လှည်းနှင့် တင်ဆောင်၍ အစီအစဉ် အခမ်းအနား ခင်းကျင်းမြဲ အတိုင်း ခင်းကျင်း မြေစေတ်သွန်းချ တော်မူပြီးလျှင် ကျောင်းတိုက်စေ့ အရာရှိတို့ ကြီးကြပ် သွားရောက်၍ ကထိန်မြောက်အောင် ဆောင်းပွန်တွာ ခင်းကျင်း လှူဒါန်းသည်ဟု အဆိုရှိပေသည်။

ဤသို့ တန်ဆောင်မုန်းလတွင် ကထိန်ပွဲသဘင် အကြီးအကျယ် ဆင်ယင်ခဲ့သောကြောင့်သာ တန်ဆောင်မုန်းလကို ကထိန်ပွဲသဘင်လဟူ၍ သတ်မှတ်ထားပုံရပေသည်။ သို့သော်... ကထိန်မှာ သည် သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှ စခဲ့ပေမှ တန်ဆောင်မုန်း လပြည့်နေ့အထိ ရက် (၃၀)မျှ ရှိကြောင်း အထက်တွင် ဆိုခဲ့ပေပြီ။

ယို ကထိန် လ,ရက်၊ ကထိန်ခင်းပုံ၊ ကထိန်ခင်းခြင်း အတွက် ရဟန်းတော်များ အသို့ ရရှိအပ်သော အကျိုးတရား၊ အလှူရှင် ဒါယကာ,ဒါယိကာမတို့အတွက် ရရှိအပ်သော အကျိုးတရား စသည်တို့ကို ဗုဒ္ဓဘာသာဝင်တိုင်း သိထင့် သိလိုက်လှပေသည်။ ဤ အကြောင်းအရာတို့ကို ပါဠိတော် အဋ္ဌကထာ ဋီကာတို့မှ

ထုတ်နုတ်လျက် ဆရာတော် အသျှင်ဥာဏာဒိစ္စထေရ်က မြန်မာဘာသာ သက်သက်ဖြင့် ရေးထားတော်မူသည့်အပြင်၊ ပညာရှင် ကဝေဆရာ ကဗျာ ဥယျာဉ်မှူးတို့ အထူး ကြည်နူးဘွယ်ရာ ရှစ်လုံးဘွဲ့, တေးထပ်, လေးချိုး, ဩဘာစာ, ရတုပိုဒ်စုံ စသော ကဗျာလင်္ကာ အဖုံဖုံတို့ဖြင့်လည်း စုံလင်လှစွာ ရေးသား စီရင်ထားတော်မူသည်မှာ ကထိန်နှင့် ပတ်သက်၍ မှတ်သားဘွယ်ရာချည်း ဖြစ်ပေရာ, ဗုဒ္ဓဘာသာဝင်တိုင်းနှင့် စာပေလိုက်စားသူတိုင်း လေ့လာ ဘတ်ရှုသင့်သည် ထင်ပါကြောင်း။ ။

ဦးအုန်းရွှေ

မြန်မာ ဝေါဟာရ သတ်ပုံကျမ်းပြု

အိမ်အမှတ် (၆၆) မြောင်းကြီးလမ်း၊ ရေကျော်ရပ်၊

ရန်ကုန်မြို့။

( ၁ - ၇ - ၆၇ )

# ကထိန်အရာ သိမှတ်စရာ

နမော

တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## ကထိန်

အထူး ကြီးမား မြင့်မြတ်သော သနား ငဲ့ညှာတော်မူကြသည့် မဟာ ကရုဏာ ရှိတော်မူကြသော သဗ္ဗညုတ ဉာဏ်တော်အရှင် ဘုရားသခင် တို့ သည် ရဟန်း သံ ဃာ တို့ အား သိက္ခာပုဒ် ပညတ်တော်မူကာ ခွင့်ပြု ချီးမြှင့်တော်မူအပ်သော **ကထိန်** ဟူသည်....

မလှုပ် မယိုင် ခိုင်မြဲ တည်တန့်ခြင်း အနက် အဓိပ္ပါယ်ရှိ၏။ ကျောင်း တိုက်တာ အရာမ် အတွင်း၌ ကထိန်ခင်းမှု မည်သည်

ထိုကျောင်း တိုက်တာ အရာမ်နှင့် စပ်ယှဉ်၍ အလှန် ခိုင်မြဲသော သက်နီး ကြောင့်ကြမှု (စီဝရ ပလိဗောဓ)ကို ပြုခြင်းပင်တည်း။ တပေါင်း လပြည့်တိုင်အောင် သင်္ကန်း အချိန် အခါ ကာလကို ခိုင်ခန့် မြဲမြံစေနိုင်သော ဒဠှိကမ္မ မှုကြီးကို ဆိုလိုသည်။

ထင်ရှားစေဦးအံ့... မြေဆီ မြေသြဇာ လွန်စွာ ကောင်းမွန်လှသော မြေမျက်နှာပြင် အရပ်တွင် လူသူ လေးပါးတို့ မစိုက် မပျိုးရပဲ မြဲမြံ စည်ကား မားမား မို့မို့ အလို့ အလျောက် ပေါက်ရောက် ကြီးပွားနေသော သစ်ပင်ကြီးနှင့် အလားတူစွာ ကထိန် အာနိသင်ကို ရသော ရဟန်း သံဃာများ ရရှိ ခံစား ထိုက်သည့် ကထိန် အကျိုး အာနိသင် ငါးပါးတို့ဖြင့် စည်ပင် တည်တန့် ခိုင်ခန့် မြဲမြံစေသော အနက် သဘောကြောင့် ကထိန်မည်၏။

တနည်း....ငါးပါးသော အကျိုး အာနိသင်တို့ကို တပေါင်း လပြည့်တိုင်အောင် ကထိန် မခင်းသော အခြား တပါး သံဃာ များသို့ မရောက်စေမူ၍ ကထိန်ခင်းသော ကျောင်းတိုက်ဘွင်းရှိ ကထိန်ခင်းသော သံဃာအားသာလျှင် ချီးမြှင့် ထောက်ပံ့ တတ်သောကြောင့် မယိမ်း မယိုင် ကျောက်စာ တိုင်ကြီးသဘွယ် တင့်တယ် ခိုင်ခံ့ တည်တန့် မြဲမြံသော သဘောရှိ၍ သီတင်း ကျွတ် လပြည့်ကျော် အထွက် တရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်နေ့တိုင်အောင် တရက်ရက် ကထိန်ခေတ် အတွင်း၌ ကထိန်ခင်းရန် သံဃာကိုရည်စူး၍ ကြည်နူးစွာ ပေးလှူအပ် သော သင်္ကန်းသည် ကထိန် မည်၏။

တနည်း.... သံဃာကို ရည်မှန်းလျက် လှူဒါန်းအပ်သော ကထိန်လျာ သင်္ကန်းနှင့် ကထိန်ခင်းခြင်းကို ဘုရား အစရှိသော ပညာရှိ အရိယာ သူတော်ကောင်း ပုဂ္ဂိုလ်မွန်,ပုဂ္ဂိုလ်မြတ်တို့သည် ကောင်း၏· ကောင်း၏ဟူ၍ ချီးမွမ်းအပ်သောကြောင့် ကထိန် မည်၏။

## ကထိန်ခင်းရန် ခွင့်ပြုရာ အရပ်

မဇ္ဈိမတိုက် အပါအဝင် (၁) ဝေသာလီ။ (၂) အာဠဝီ။ (၃) ကောသမ္ဗီ။ (၄) သာဝတ္ထိ။ (၅) ရာဇဂြိုဟ်။ (၆) သက္ကတိုင်း။ (၇) ဘဂ္ဂတိုင်းဟု ဆိုအပ်သော သိက္ခာပုဒ် ပညတ်ရာ အရပ်ဌာန ခုနှစ် ခုတို့တွင် မဇ္ဈိမတိုက် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူစဉ် ကထိန်ခင်းရန် သိက္ခာပုဒ် ပညတ်ကာ ခွင့်ပြုတော်မူသည်။

## အစဆုံး ခွင့်ပြု ခံရသူများ

သာဝတ္ထိပြည် ပသေနဒီ ကောသလမင်းနှင့် တဘ သားချင်း ဆွေရင်း မျိုးဆက်(အဘတူ, အမိပြား ဘဒ္ဒဝဂ္ဂီမင်းသားများ အဖြစ်မှ ရဟန်းဖြစ်လာကြသော မထေရ်များ) ဖြစ်ကြသော မူတင် တဆယ့်သုံးပါးတို့ကို ကျင့်ဆောင်ကြသော ပုထုဇဉ် မနေ့သော သောတာပန်, သကဒါဂါမ်, အနာဂါမ်ချည်း ဖြစ်ကြ သည့် ပါဝေယျက တိုင်းသား သုံးကျိပ်ကုန်သော ဘဒ္ဒဝဂ္ဂီ

အရိယာ အရှင်မြတ်များကို အကြောင်းပြု၍ ကထိန်ခင်းရန် ပဌမ အစဆုံး ခွင့်ပြုတော်မူသည်။

## ကထိန်ခင်းရန် ခွင့်ပြုခြင်း၏ အကြောင်းဝတ္ထု

ထိုသုံးကျိပ်ကိုန်သော ဘဒ္ဒဝဂ္ဂီ အရှင်မြတ်တို့သည် မြတ်စွာဘုရားကို ဖူးမြင်အံ့ဟု စိတ်ဇော ထက်သန်လှစွာနှင့် ပါဝါမြို့မှ သာဝတ္ထိပြည်သို့ လာကြကုန်၏။ ထိုကဲ့သို့ လာနေကြစဉ် ဝါဆိုရန် အချိန် အခါ နေ့ရက် နီးကပ်နေသောကြောင့် သာဝတ္ထိပြည်သို့ ရောက်အောင် မလာနိုင်ကြတော့ပေ၊ သာဝတ္ထိပြည်မှ ခြောက်ယူဇနာ ခုနစ်ယူဇနာဝေးကွာလှသော သာကေတ မြို့၌ပင် ပုရိမ ဝါဆိုနေကြရ၏။ ဝါကျွတ်၍ သာဝတ္ထိပြည်သို့ လာကြသောအခါ မိုးသည်းတွင်း အချိန်ကာလ ဖြစ်သဖြင့် ရွှံ့ညွန် အလွန် ထူပြောသော လမ်းခရီးမှ လာကြရသောကြောင့် သင်္ကန်းများ စိုစွတ်ကြကာ ရွှံ့ညွန်တို့ဖြင့် ပေကျံနေကြသော တိစီဝရိက် သင်္ကန်းများဖြင့် ပင်ပန်း နွမ်းရိ ဆင်းရဲလှစွာ လာကြရကြောင်းများကို မြတ်စွာဘုရားအား လျှောက်ထားကြလေသည်။

ထိုအခါ မဟာ ကရုဏာတော်အရှင် မြတ်စွာဘုရားသခင်သည် ရှေးယခင် ဘုရားမြတ်စွာတို့ စဉ်လာ ထုံးတမ်းအရ ကထိန်ခင်းရန် ခွင့်ပြုတော်မူရသည်။

## ကထိန်ခင်းရန် အချိန်

သီတင်းကျွတ် လပြည့်ကျော် တရက် နေ့မှစ၍ တန်းဆောင်မုန်း လပြည့်နေ့ အထိ တလအတွင်း ကထိန်ခေတ် ဖြစ်၍ ၎င်းတလအတွင်း တရက်ရက်တွင် ကထိန်ခင်းနိုင်၏။

## ကထိန်ခင်းသော ပုဂ္ဂိုလ်၏ အင်္ဂါ။

ကထိန်ခင်းသော ပုဂ္ဂိုလ် ရဟန်းသည် အောက်ပါ အင်္ဂါ ရှစ်ပါးတို့နှင့် ပြည့်စုံမှ ကထိန် ခင်းရ၏။

## အင်္ဂါရှစ်ပါး။

(၁) ကထိန် မခင်းမီ ရှေးဦးစွာ ပြုဘွယ်ကိစ္စ (ပုဗ္ဗကိစ္စ= ပုဗ္ဗကရဏ)ခုနစ်မျိုးတို့ကို သိထားရခြင်း။
(၂) သင်္ကန်းကို စွန့်ခြင်း ( ပစ္စုဒ္ဓါရ်ရဲ ပြုပုံ ) သုံးမျိုးတို့ကို သိထားရခြင်း။
(၃) သင်္ကန်းကို အဓိဋ္ဌာန် တင်ပုံ သုံးမျိုးတို့ကို သိထားရခြင်း။
(၄) ကထိန် ခင်းပုံ ခင်းနည်းကို သိထားရခြင်း။
(၅) မာတိကာ ရှစ်မျိုးတို့ကို သိထားရခြင်း။
(၆) ကြောင့်ကြမှု နှစ်မျိုးတို့ကို သိထားရခြင်း။
(၇) ကထိန် နုတ်ခြင်း သုံးမျိုးတို့ကို သိထားရခြင်း။
(၈) ကထိန် အာနိသင် ငါးပါးတို့ကို သိထားရခြင်း။

## (၁) ကထိန် မခင်းမီ ပြုဘွယ်ကိစ္စ ခုနစ်မျိုး

ကထိန် ခင်းမည့် ပုဂ္ဂိုလ်သည် ကထိန် မခင်းခင် ရှေးအဘို့က သိမြင် ထားရမည့် ပြုဘွယ် ကိစ္စ (ပုဗ္ဗကရဏ=ပုဗ္ဗကိစ္စ) ခုနစ်ပါးဟူသည်ကား........

(၁) ကထိန်လျှာအဖြစ် ရည်မှန်း ထားသည့် အဝတ် အထည် ပုဆိုးကြမ်းကို ဖွတ်လျှော်ခြင်း (ဓောဝန)။

(၂) ဖွတ်လျှော်ပြီးသည့် အဝတ် အထည် ပုဆိုးကြမ်းကို ကွဲအိမ် တရုပ် စသည်တို့နှင့်တကွ ငါးခဏ်း၊ ခုနစ်ခဏ်း စသည် သင်္ကန်း ချုပ်ရန် စီစစ် ဆင်ခြင် တိုင်းထွာ စီရင်ခြင်း (ဝိစာရဏ)။

(၃) သုံးသပ် ဆင်ခြင် စီစစ် တိုင်းထွာပြီးသည့် အဝတ် အထည် ပုဆိုးကြမ်းကို ဓါးငယ်၊ ကတ်ကျေး စသည်ဖြင့်၊ ၎င်းစီရင် တိုင်းထွာ ထားသည့်အတိုင်း ဖြတ်တောက်ခြင်း (ဆေဒန)။

(၄) ၎င်း ဖြတ်တောက်ပြီးသော အပိုင်း အပိုင်းတို့ကို တွဲယှဉ် ဖွဲ့စပ် ထားရခြင်း (ဗန္ဓန)။

(၅) ၎င်း တွဲယှဉ် ဖွဲ့စပ်ပြီးသည့် အဝတ် အထည် ပုဆိုး အပိုင်းတို့ကို ချုပ်စပ်ခြင်း (သိဗ္ဗန)။

(၆) ၎င်း ချုပ်စပ် ပြီးသည့် ကထိန်လျာ သင်္ကန်းကို အထပ်ထပ် ဝိနည်းနှင့် အပ်စပ် လျော်ညီအောင် ဆိုးခြင်း (ရဇန)။

(၇) ၎င်းဆိုးပြီးသည့် ကထိန်လျာ သင်္ကန်းကို သုံးဆောင် အပ်အောင် ပကတိ အရောင်အဆင်း ဖျက်သော အမှတ်သင်္ကေတ အစက် အပြောက် ( ကပ္ပဗိန္ဒု ) ထိုးခြင်း ဟူ၍ ကထိန် မခင်းမီ ရှေးအဘို့က ပြုလုပ် ထားရန် အမှု ကိစ္စ ခုနစ်မျိုးတို့ကို ပြုလုပ်ခြင်းသည် ပုဗ္ဗကိစ္စ=ပုဗ္ဗကရဏ မည်၏။

## " ဖြတ်ခြင်း, ချုပ်ခြင်း, ထူးခြားပုံ "

ထိုခုနစ်မျိုးတို့တွင် နံပါတ် (၃) အရ ဖြတ်တောက်ခြင်း (ဆေဒန ) အမှု ကိစ္စကို ပြုလုပ်ရသည့် အမှုကိစ္စ သဘောက တခြား၊ နံပါတ် (၅)အရ အပ်ဖြင့် ချုပ်စပ်ရခြင်း ( သိဗ္ဗန ) အမှု ကိစ္စကို ပြုလုပ်ရသည့် အမှု ကိစ္စ သဘောက တခြား၊ ဤ ကဲ့သို့ ကွဲပြား ခြားနား နေသည့် အလုပ် ကိစ္စ နှစ်မျိုးတို့၏ ကွဲပြား ခြားနား နေပုံ သဘောမှာ အချင်းချင်း မရော မယှက် ပေ၊ သီးသန့် ဖြစ်နေပေ၏။ ဤအလုပ် ကိစ္စ နှစ်မျိုး အသီး အခြား ကွဲပြား ခြားနား နေသည်ကို ဆင်ခြင် သိမြင် ထောက် ထား၍ အပ်ဖြင့် ချုပ်သည်ကိုဘဲ အဖြတ် အတောက် (ဆေဒန) ဟူ၍ မမှတ်ယူအပ်ပေ၊ မှတ်ယူမထားသင့်၊ အပ်ဖြင့် ချုပ်ခြင်း

(သိဗ္ဗန) အမှုကိစ္စသည် ဖြတ်ခြင်း (ဆေဒန), တည်းစပ် ဖွဲ့ခြင်း (ဗန္ဓန), အလုပ် ကိစ္စလျှင် ရှေ့သွား အကြောင်းရင်း (နိဒါန), အမှု ကိစ္စ ရှိသည် ဖြစ်၍ စင်စစ် မြောင်း တရပ် ချုပ်ချုပ် အပ်သမျှ အရာများကို ခါးငယ်,ကတ်ကျေး စသည်ဖြင့် အပိုင်း အပိုင်း ဖြတ်တောက်၍ ချုပ်အပ်သည်၊ ချုပ်သင့်သည်ဟု မှတ်ယူ ထားအပ်၏။

## ဖြတ်တောက် ချုပ်စပ်ပုံ

ဒါယကာတို့ ဘာသာ ထင်သလို ချုပ်လုပ်၍ လာသော အချို့ ကထိန်လျာ သင်္ကန်းမှာ မြောင်းသော, တရပ်သောဟူ၍ အထူး သီးခြား မဆို( မရှိလေခဲ့ )၊သို့သော် ယခုခေတ် အရ အကယ်၍ ဖြတ်တောက်ပြီးလျှင် ဘုရားဟော ဝိနည်းကံ အတိုင်း ချုပ်လုပ်အပ်ပြီးသော သင်္ကန်းသာ ဖြစ်လာခဲ့မူ ကောင်းမွန်လှ ပေ၏။ သို့ပင် ကောင်းလှသော်လဲ ဘုရားဟော ဝိနည်းကံ အရ မဖြတ်တောက်မူ၍ ချုပ်လုပ်ခဲ့သော သင်္ကန်းဖြင့် ကထိန်ခင်းရန် မအပ်ပေ။

ကြီးမား ထင်ရှားသော မြောင်းစပ်ကို ဖြတ်တောက်အပ် သည်၏ အဖြစ်ကို ဆိုသဖြင့် ထိုအစပ် အလွှာဘွင် အကြုံးဝင် သော ကွဲအိမ် တရပ်များကိုလည်း ဖြတ်တောက်အပ်သည်၏ အဖြစ်ကို သိမြင်သင့်၏။ ထို့ကြောင့် (၁) မြောင်းလွှာ(ကုသိ)၊

(၂) တရုပ်လွှာ(အစုကုသိ)၊ (၃) အိမ်ဝန်းကြီးလွှာ (မဟာမဏ္ဍလ)၊ (၄) ကွဲအိမ်ဝက်လွှာ (အစုမဏ္ဍလ)၊ (၅) အလျားအနားပတ်လွှာ(အနုဝါတ)၊ (၆) အနံ အနားပတ်လွှာ (ပရိဘဏ္ဍ)၊ခေါင်စပ်လည်စီးတင်(ဩဝိဝဋ္ဋိယ)တရုပ်အုပ်(ကဏ္ဍုသ) ခေါင်နှင့် ပထမ စသည်ကိုစပ်ခြင်း ( ဒဠှိကမ္မ )၊ သလင်းထောင် ( ဩဝဋ္ဋေယျ )၊မှစ၍ ငါးခဏ်း ခုနစ်ခဏ်း စသည်ဖြစ်လာအောင် ဖြတ်တောက် ချုပ်စပ်အပ်၏။

## ကထိန်ခင်းထိုက်သော သင်္ကန်း

ကထိန်လျှာ အဝတ် အထည် ပုဆိုးကို ရသော နေ့၌သာလျှင် ကောင်းစွာ ဖြတ်တောက်၍ အိမ်ဝန်းကြီးလွှာ(မဟာမဏ္ဍလ)၊ ကွဲအိမ်ဝက်လွှာ ( အစုမဏ္ဍလ )တို့နှင့် တကွ ငါးစပ် ငါးဖြတ်သို့မဟုတ် ထို့ထက် အစပ် အဖြတ်တို့ကို မဖြတ်တောက်မူ၍ ချုပ်လုပ် ထားသော သင်္ကန်းနှင့် ကထိန်ခင်းရန် မသင့်၊ ခင်းသော်လည်း အထ မမြောက်ပေ။

ငါးစပ် ငါးပိုင်း, ငါးစပ် ငါးပိုင်းထက် အလွန် ခုနစ်,ကိုး, ဆဲ့တစ်, အပိုင်းအစပ်တို့ကို ဖြတ်တောက်၍ အိမ်ကွဲဆိုသည့် အိမ်ဝန်းကြီးလွှာ(မဟာမဏ္ဍလ), ကွဲအိမ်ဝက်လွှာ (အစုမဏ္ဍလ) တို့ကို ဖြတ်တောက်လျက် ထင်ရှားစေပြီးလျှင် ချုပ်လုပ်သော သင်္ကန်းဖြင့်သာ ကထိန်ခင်းထိုက်၏။

ဤကဲ့သို့ အိမ်ဝန်းကြီးလွှာ(မဟာမဏ္ဍလ), ကွဲအိမ်ဝက်လွှာ ( အစုမဏ္ဍလ )တို့ကို ဖြတ်ဘောက်လျက် ထင်ရှားစေ၍ ချုပ်လုပ်မှသာလျှင် အိမ်ဝန်းကြီးလွှာ(မဟာမဏ္ဍလ), ကွဲအိမ်ဝက်လွှာ (အစုမဏ္ဍလ)တို့နှင့်တကွ ချုပ်လုပ်သော ငါးခဏ်း, ခုနစ်ခဏ်း စသော သင်္ကန်းဖြင့် ကထိန်ခင်းမှသာ ကထိန်ဖြစ်၏။ ကထိန်ခင်းမြောက်၏။

ထိုကဲ့သို့ အိမ်ဝန်းကြီးလွှာ (မဟာမဏ္ဍလ), ကွဲအိမ်ဝက်လွှာ (အစုမဏ္ဍလ)တို့နှင့်တကွ ချုပ်လုပ်သော ငါးခဏ်း, ခုနစ်ခဏ်း စသော သင်္ကန်းကို ဖယ်ထား၍ အခြား တပါးသော အလျှင်း မဖြတ်တောက်သော သင်္ကန်းဖြင့်ရင်း၊ နှစ် ပိုင်း, သုံး ပိုင်း, လေးပိုင်းသာ အခဏ်း အစပ် ဖြတ်တောက်သော သင်္ကန်းဖြင့်ရင်း ကထိန်ခင်းခြင်းငှာ မအပ်, ကထိန်ခင်း မမြောက်ပေ။ ကွဲအိမ်, တရပ် မြောင်း အစပ်တို့တွင် ချုပ်ချုပ်သမျှ ဆုတ်ဖြတ်၍ ချုပ်စပ်ခြင်း မရှိလျှင်လည်း ကထိန် မမြောက်။ အနားပတ် ယောင်သာ ချုပ်ရိုးဖြင့်, ပြသီကာ ချုပ်လျက် အနားပတ် အစစ် အမှန် ထပ်၍ မတင် မချုပ်သော သင်္ကန်းဖြင့်လည်း ကထိန် မခင်းထိုက်ပေ။

ထို့ကြောင့် ထိုကထိန်လျာ အဝတ် အထည် အလိပ်ကို ရသည့် နေ့မှာ ကောင်းစွာဖြတ်၍ အိမ်ဝန်းကြီးလွှာ (မဟာမဏ္ဍလ),အိမ်ကွဲဝက်လွှာ (အစုမဏ္ဍလ) တို့နှင့်တကွ ချုပ်လုပ်အပ်သော ငါးခဏ်း, ခုနစ်ခဏ်း စသော သင်္ကန်း မဟုတ်ခဲ့လျှင် ကထိန် အခင်း အသ မမြောက်ဟု မှတ်ယူအပ်သည် ဖြစ်၍

လည်း ချုပ်လုပ်အပ်သော မြောင်း, တရပ် ဟူသမျှကို အပိုင်း အပိုင်း ဓါးငယ်,ကတ်ကျေးစသည်ဖြင့် ဖြတ်၍ ချုပ်အပ်သည် ဟု မြဲမြဲ မှတ်သား ထားပါလေ။

ဤ၌ ငါးခဏ်း စသည် ဖြစ်ခြင်း၏ အကြောင်းဖြစ်သော မြောင်းကိုသာ ဖြတ်၍ ချုပ်အပ်သည် မဟုတ်၊ ကွဲအိမ် ဖြစ်ခြင်း၏ အကြောင်း ဟုတ်သော တရပ်ကိုလည်း ဖြတ်၍ ချုပ်ရသည်ဟု မှတ်သင့်သည်။ ကထိန်ခင်း ချို့တဲ့ ပျက်စီးခြင်း၏ အကြောင်း သုံးပါးတို့တွင် ကထိန်လျာ အပတ် အထည်ကို ရသော နေ့၌ သာလျှင် ဓါးငယ် စသည်ဖြင့် အပိုင်း ပိုင်း ဖြတ်၍ ချုပ်လုပ် ခြင်းကို မပြုအပ်သော သင်္ကန်းသည် အချုပ် အလုပ် ချို့တဲ့ ချွတ်ယွင်းသည်မည်၏။

ဤကဲ့သို့ သာမည ချုပ်ချုပ်သမျှ အရာကို ပြ့န့်စေ၍ မိန့် ဆိုအပ်သည်ကို ထောက်ထား၍ငင်း, ချုပ်သော အရာချည်း ဖြစ်လျက် တလုံးစား, တကွက်ကျန် မြောင်း အစပ်ကိုသာ ဖြတ်၍ ကွဲအိမ် တရပ်ကို မဖြတ်ဘဲ နေအပ်သော ယုတ္တိ သဘော မရှိကောင်းရာသည်ကို ဆင်ခြင်၍ငင်း မြောင်းသော, တရပ် သောဟု စိတ်နှလုံးတွင် အစဉ် သွင်းယူ သဘောထားကာ မမှတ်သင့်ပေ၊ ချုပ်ချုပ်သမျှ အရပ်ကို ဖြတ်၍သာ ချုပ်စပ် အပ်လေသည်ဟုသာ မှတ်ယူ နှလုံးသွင်းရာသည်။

## သင်္ကန်းချုပ်ပုံ ဥပမာ

မြောင်း တရပ် ချုပ်ချုပ်သမျှ အရပ်ကို အပိုင်းအပိုင်း ဖြတ်လျှင် ငါးခဏ်း သင်္ကန်း၌ပင် ငါးစပ် ငါးလွှာ မက အစပ်

အလှူတော် များခဲ့သော်လည်း အသင့် သဘော ယုတ္တိ ရှိနိုင်သည်ကို မြတ်စွာဘုရားက ဟောကြားတော်မူပုံမှာ —

တနေ့သော အခါ အရှင်အာနန္ဒာနှင့်တကွ သဗ္ဗညုဘုရားသခင်သည် ရာဇဂြိုဟ်ပြည်မှ ဒက္ခိဏာပထသို့ ဒေသစာရီ ကြွချီတော်မူရာတွင် မဂဓဆော် တိုင်းသားတို့၏ လယ်ခင်း လယ်တာ လယ်ယာ မြေများ၌ ထွန်ယက်ထားပုံ, ရေသွင်းမြောင်း သွယ်ထားပုံတို့ကို နည်းပြု၍ သင်္ကန်း ချုပ်လုပ် စီရင်စေလိုကြောင်းနှင့် အရှင်အာနန္ဒာအား အမိန့်တော်မြတ် ရှိလေသည်။ ထိုအခါ အရှင် အာနန္ဒာသည် လယ်ယာ ထွန်ယက် ထားပုံ, ရေသွင်းမြောင်း သွယ်ထားပုံများ အတိုင်း သင်္ကန်းကို ကောင်းစွာ ချုပ်လုပ် စီရင်၍ မြတ်စွာဘုရားအား ပြလေသည်။

ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့ အာနန္ဒာသည် အကျိုးအကြောင်း ဆင်ခြင် တိုင်းထွာ ထိုးထွင်း၍ သိတတ်သော အသိဉာဏ်ရှိ၏၊ ကြီးကျယ်သော ပညာရှိ၏၊ ငါဘုရားသည် အကျဉ်းချုပ် အမြွက်မျှ ပြောဟော ပြလိုက်သော စကား၏ အနက် အဓိပ္ပါယ်ကို အကျယ်အားဖြင့် သိရှိနိုင်ဘိ၏၊ သင်္ကန်း၏ အလျားအနားပတ်လွှာ (အနုဝါတ), အနံ အနားပတ်လွှာ (ပရိဘဏ္ဍ), မြောင်းရှည်လွှာ (ကုသိ), မည်သည်တို့ကိုလည်း ဖြတ်တောက် ဖေါ်ထုတ်ကာ ချုပ်လုပ် ထားဘိ၏၊ တရစ် မြောင်းတိုလွှာ ( အဍ္ဍကုသိ ) မည်သည်ကိုလည်း ဖြတ်တောက် ဖေါ်ပြကာ ချုပ်လုပ် ထားဘိ၏၊ အိမ်ဝန်းကြီးလွှာ (မဟာမဏ္ဍလ၊ မည်သည်ကိုလည်း ဖြတ်စပ် ဖေါ်ထုတ်ကာ ချုပ်လုပ် ထားဘိ၏၊ အိမ်ဝန်းငယ်လွှာ(အဍ္ဍမဏ္ဍလ)ကိုလည်း ပြုလုပ် ချုပ်စပ် ထားဘိ၏၊ ကွဲအိမ် နှစ်ခုကို တပေါင်းတည်း ပြု၍ ချုပ်အပ်သော

ခေါင်စပ် (ဝိဝဋ္ဋ) မည်သည်ကိုလည်း ဖြတ်တောက် ဖေါ်ထုတ်ကာ ချုပ်လုပ် ထားဘိ၏၊ ခေါင်ရံစပ် (အနုဝိဝဋ္ဋ) မည်သည်ကိုလည်း ဖြတ်တောက် ဖေါ်ထုတ်ကာ ချုပ်လုပ် ထားဘိ၏၊ လည်ထိရာ အရပ်၌ ထပ်၍ ချုပ်အပ်သော အာဂန္တုကလ္ဗာ (ဂီဝေယျက) မည်သည်ကိုလည်း ဖေါ်ထုတ်ကာ ချုပ်လုပ် ထားဘိ၏၊ သားလုံး မြင်းခေါင်း တည်ရာ အရပ်၌ ထပ်၍ ချုပ်အပ်သော အာဂန္တုကလ္ဗာ(ဇင်္ဃေယျက) မည်သည်ကိုလည်း ဖေါ်ထုတ်ကာ ချုပ်လုပ် ထားဘိ၏၊ လက်လိပ်စပ်လ္ဗာ (ဗာဟန္တ) မည်သည်ကိုလည်း ဖေါ်ထုတ်ကာ ချုပ်လုပ်ထားဘိ၏၊ ဓါးဖြင့် လှီး၍ ဖြတ်အပ် ဖြတ်သင့်သမျှကိုလည်း အပိုင်းပိုင်း ဖြတ်တောက် ထားဘိ၏။

ရဟန်းအား ဝတ်ရုံရန် သင့်တော်လျောက်ပတ်ပေစွ။ ခိုးသူစသော ရန်သူတို့လည်း ဤကဲ့သို့ အပိုင်းပိုင်း ဖြတ်ကာ အစပ်အလ္ဗာများဖြင့် ချုပ်လုပ် ထားသောကြောင့် နှစ်သက် တွယ်တာ လိုချင် မက်မောဘွယ်ရာ မရှိ ဖြစ်ပေစွ။ ရဟန်းတို့ အပိုင်းအပိုင်း အလ္ဗာလ္ဗာ ဖြတ်တောက်လျက် စပ်ဟပ် ချုပ်လုပ် ထားသော နှစ်ထပ် ဒုကုဋ် သင်္ကန်းကြီး, အပေါ်ရုံ ကိုယ်ဝတ် ကော်သီ သင်္ကန်း,အတွင်း ခါးအရပ်၌ ဝတ်အပ်သော သင်းပိုင် သင်္ကန်းများကို ရဟန်းများ ဝတ်ရုံဘို့ရန် ငါဘုရား ခွင့်ပြုတော်မူ၏ဟု သင်္ကန်းချုပ်ပုံကို ဟောပြတော်မူ၏။

## " သင်္ကန်း၏ အပိုင်း အလ္ဗာများ "

အနားပတ်လ္ဗာ, မြောင်းရှည်လ္ဗာ (ကုသိ)ဟူသည် အလျားအားဖြင့်ရင်း၊ အနံအားဖြင့်ရင်း, အနားပတ် ( အနုဝါတ )

မြောင်းရှည်(ကုသိ) အစရှိကုန်သော ရှည်သော အနားပတ်ပိုင်းလွှာ, မြောင်းရှည်လွှာ ပင်တည်း....။ တိုသော တရပ်ပိုင်းလွှာ (အဍ္ဎကုသိ) ဟူသည် ကွဲအိမ်တို့၏ အကြား အကြား၌ တိုသော တရပ်ပိုင်းလွှာပင်တည်း။ အိမ်ဝန်းကြီး, အိမ်ကွဲဟူသည် ငါးစပ် ငါးပိုင်း ငါးခဏ်း ရှိသော သင်္ကန်း၏ တခု တခုသော အစပ်အပိုင်း ဒါခဏ်း၌ ကြီးသော (မဟာမဏ္ဍလ) အိမ်ဝန်းကြီးပင်တည်း။ကွဲအိမ်ဝက်လွှာ(အဍ္ဎမဏ္ဍလ)ဟူသည်ငယ်သော အိမ်ဝန်းငယ်ပင်တည်း။ ကွဲအိမ်နှစ်ခုတို့ကို တပေါင်းတည်း ပြုလုပ် ချုပ်စပ် ထားသော ခေါင်စပ်(ဝိဝဋ္ဋ)မည်သည် အိမ်ဝန်းကြီးလွှာကိုရင်း၊ အိမ်ဝန်းငယ်လွှာကိုရင်း, တပေါင်းတည်း ပြုလုပ်၍ ချုပ်ထားသော အလယ် ဗဟို ခေါင်းစပ်ပိုင်းလွှာပင်တည်း။ ခေါင်ရံစပ် (အနုဝိဝဋ္ဋ) ဟူသည် လက်ဝဲ,လက်ျာ ( ဘယ်ဘက်, ညာဘက်) နံပါး နှစ်ဘက်တို့၌ နှစ်ခုကုန်သော အစပ် အပိုင်း အလွှာတို့ပင်တည်း။ လည်ထိရာ အရပ်၌ ထပ်၍ ချုပ်စပ် ထားသော အာဂန္တုက အလွှာ(ဂီဝေယျက) ဟူသည် လည်ကို ရစ်ပတ်ရာ အရပ်၌ မြဲမြံစွာ ပြုခြင်းငှါ အခြား တပါးသော ချည်ဖြင့် ချုပ်လုပ်ထားသော, ပြင်ထပ်ပေးသော အာဂန္တုကအလွှာပင်တည်း။ သားလုံး မြင်းခေါင်း တည်ရာ အရပ်၌ ထပ်၍ ချုပ်လုပ် ထားသော(ဇင်္ဃေယျက)အာဂန္တုက အလွှာဟူသည် သားလုံး မြင်းခေါင်းသို့ ရောက်ရာ အရပ်၌, ထိုလည်ထိရာ အရပ်၌ ထပ်၍ ချုပ်လုပ် ထားသော အာဂန္တုက အလွှာ (ဂီဝေယျက) အတူသာလျှင် ကောင်းစွာ ချုပ်လုပ် ထားသော, အလွှာပင်တည်း။ လည်ထိပါးရာ အရပ်၌ ချုပ်လုပ် ထားသော ပကတိ အလွှာသည် ( ဂီဝေယျက ),သားလုံး မြင်းခေါင်း ထိပါးရာ

အရပ်၌ ချုပ်လုပ် ထားသော ပကတိ အလှသည်(ဇသော်ယျက) မည်၏ဟူ၍လည်း ပြောဆိုကြ၏၊ လက်လိပ်စပ်အလှ (ဗာဟန္တ) ဟူသည်ခေါင်ရံစပ် (အနုဝိဝဋ္ဋ) တို့၏ အပြင် ဘက် ဘေးအပ၌ တဘက် တခု တခုစီ စပ်ထားသော အစပ်အပိုင်းအလှပင်တည်း။ ဤကဲ့သို့ ငါးစပ် ငါးပိုင်း ငါးခဏ်း ရှိသော သင်္ကန်းဖြင့် အနားပတ်လှ၊ မြောင်းရှည်လှ အစရှိသော အလုံးစုံကို ချုပ်လုပ်စီရင်အပ်၏။အခဏ်း အလှ နှစ်ခုတို့၏ အလှကြား၌ မြောင်း၏ အခြင်းအရာဖြင့် ထားအပ်သော မြောင်းလှသည် အရှည်မြောင်းလှ (ဒီဃပဋ္ဋ)မည်၏။

## " သင်္ကန်း၏ အခဏ်းများ "

သင်္ကန်း ချုပ်လုပ် စီရင်ပုံနှင့် လျော်ညီစွာ တရပ်လှကို အပိုင်းအခြား (မရိယာဒ) ထား၍ အိမ်ဝန်းကြီး (မဟာမဏ္ဍလ) အလှ၊ အိမ်ဝန်းငယ်(အဍ္ဍမဏ္ဍလ)အလှတို့ကို တပေါင်းတည်း ပြုလုပ်၍ ချုပ်ထားခဲ့သော တခဏ်း (တခဏ္ဍ)ဖြစ်၏။ မြောင်းရှည်လှကို အပိုင်းအခြား ( မရိယာဒ ) ထား၍ ၎င်းအခဏ်း (ခဏ္ဍက) ငါးခုတို့ကို တပေါင်းတည်း ပြုလုပ်၍ ချုပ်စပ်ပြီးလျှင် အနားပတ် တဲင်ခြင်း၊ ကမ္ဗတ်သီးအိမ်ကို အနားပတ်စွန်း၌ တပ်ခြင်း၊ ကမ္ဗတ်ကွင်းအိမ်ကို လက် ခုနစ်သစ် ၊ရှစ်သစ် အနားပတ်တွင်းသို့ ဆုတ်ခွါ၍ တပ်ခြင်း အမှုတို့ကို ပြုလုပ် ပြီးသည့် အခါကာလ ငါးခဏ်းရှိသော သင်္ကန်း၏ ချုပ်လုပ်ရခြင်း ကိစ္စသည် ပြီးဆုံးပေ၏။ ခုနစ်ခဏ်း၊ ကိုးခဏ်း၊ ဆဲတစ်ခဏ်း ရှိသော သင်္ကန်းများကိုလည်း ထိုနည်းကို မှီ၍ ချုပ်လုပ်ပုံကို သိရာ၏။

ဆဲ့တစ်ခဏ်းထက် ပိုလွန်သော အခဏ်းရှိသော သင်္ကန်းဟူ၍

ကျမ်းဂန်တွင် မလာ၊ သင်္ကန်းလျာ အဝတ် အထည် အလိပ်များကို အနံ လက်လေးသစ်အောက် ဆုတ်ဖြတ်၍ ဝေခြမ်းလျှင် အနားပတ်လှာ၊ မြောင်း၊တရပ်လှာမျှ မရသောကြောင့် သုံးဆောင်၍၊သုံးစွဲ၍ မရ၊ ဖြစ်လေရာ၏။အနံ လက်လေးသစ်အောက် မြောင်း၊တရပ်များကိုလည်း သေးငယ်စေလွန်းသဖြင့် မသင့်ရာဖြစ်၍ ဆဲ့တစ်ခဏ်းထက် လွန်လျှင် အခဏ်း အစပ်မှန်း၊မြောင်း၊ တရပ်မှန်း မသိရှိအောင် ဖြစ်လေရာ၏၊ ထို့ကြောင့် ကျမ်းဂန်လာသမျှ ဆဲ့တစ်ခဏ်းထက် လွန်၍ သင့်အံ့ မထင်ဟု ရှေးပညာရှိ ဆရာတော်ကြီးများ မိန့်ဆိုကြ၏။

ဤကဲ့သို့ သင်္ကန်း စီရင်အပ်သော အရာ၌ မြောင်းလှာ၊ တရပ်လှာ၊ အိမ်ဝန်းကြီးလှာ၊ အိမ်ဝန်းငယ်လှာ၊အနားပတ်လှာ၊ ကမ္ဗတ်အိမ်လှာတို့သည် ထင်ရှားစွာ လာသောကြောင့် ငါးစပ်ငါးလှာ မက အစပ် အလှာတွေ များခဲ့ရာသည်ဟု အောက်မေ့ပြီးလျှင် မြောင်း၊တရပ်လှာတို့ကို မဖြတ် မခတောက်ဘဲ မချုပ်မနေရ၊ ဖြတ်တောက်၍ ချုပ်မှသာ သင့်နိုင်ရာသော သဘောယုတ္တိ ရှိချေသည်ဟူ၍ မှတ်ယူ နှလုံးသွင်းထားအပ်၏။

အချို့ မထေရ်မြတ်တို့ကလည်း ကထိန်လျာ သင်္ကန်း၏ ဖြတ်ပုံ၊ချုပ်ပုံ၊အခဏ်း ဖွဲ့ပုံ၊မြောင်း၊တရပ် ထားပုံတို့သည် အခြားသင်္ကန်း၏ ဖြတ်၊ချုပ်၊အခဏ်းဖွဲ့၊မြောင်း၊တရပ် ထားပုံတို့နှင့် အတူပင် ဖြစ်ကုန်၏။ အထူးပြု၍ ကျမ်းဂန်တို့၌ ဆိုပြခြင်း မရှိ၊ ပံ့သကူ သင်္ကန်း၌ လက် လေးသစ်အောက် အဝတ်စပ်လည်း သင်္ကန်း ချုပ်အပ်သည် ဖြစ်၍ ကထိန်ခင်းနိုင်ကြောင်း ထင်ရှား၏၊အခဏ်း တရာ မက များနိုင်သည်ဟု မိန့်ဆိုတော်မူကြကုန်၏။ သို့အတွက် ဖော်ပြခဲ့ပြီးသော မြတ်စွာဘုရားက အရှင်အာနန္ဒာ

အား ဟောပြသော သက်န်းချုပ်ပုံ ပါဠိတော်နှင့် ၎င်း၏ အဖွင့် အဋ္ဌကထာ, ဋီကာတို့နှင့် ညီ,မညီကို သတိပြု ကြည့်ရှု စဉ်းစား နိုင်းချိန်လျက် နှစ်သက်ရာ မှတ်ယူရန်သာ ဖြစ်ပေ၏။

## မြတ်စွာဘုရား၏ ဟောပြချက်။

ရဟန်းတို့.... ကျင့်လိုသော ရဟန်းသည် သိအောင် ပြုလုပ်ရမည်၊ အဘန်တလဲလဲ မေးမြန်းရမည်၊ အပြန်ပြန် အလှန်လှန် အသိဉာဏ်ဖြင့် တိုင်းထွာ ဆင်ခြင် နှိုင်းရှည်ရမည်ဟူ၍ မြတ်စွာဘုရား ဟောကြား မိန့်မှာတော်မူအပ်သည်နှင့် လျော်စွာ ပါဠိ, အဋ္ဌကထာ,ဋီကာ ကျမ်းဂန်တို့ကို ကြည့်ရှု ထောက်ထား,သူ တပါးတို့ကို မေးမြန်း နှီးနှော, သဘော ယုတ္တိ ရှိ,မရှိကို နှိုင်းရှည် ဆင်ခြင်၍သာ ပညတ်တော်မူခဲ့သော သိက္ခာပုဒ်တော်နှင့် မလျော် မလျောက်ပတ်လျှင် ပါတိမောက္ခ သံဝရ သီလကို သုတ်သင် သော ရဟန်းသည် အမှန် စင်စစ် အသက်ကိုပင် စွန့်ပစ်ရာ၏၊ လူသုံးပါး၏ ကိုးကွယ်ရာ မြတ်စွာဘုရားသည် ပညတ် ထားတော် မူအပ်သော ထိမ်းသိမ်း စောင့်ရှောက်အပ် စောင့်ရှောက်ထိုက် စောင့်ရှောက်သင့်သော သိက္ခာသီလကို မဖျက်ဆီးရာ၊ မပျက် စီးစေရ၊ မဖျက်ဆီးသင့်၊ မပျက်စီးစေသင့်ပေ။

## ပကတိ ဝတ်ရုံသည့် သင်္ကန်း ချုပ်ပုံ။

ကထိန်ခင်းမည့် ဥတ်သင်္ကန်းကဲ့သို့ချည်း အခြား ပကတိ ဝတ်ရုံသည့် သင်္ကန်းများကိုလည်း ဤကဲ့သို့ ဖြတ်တောက်မှသာ ဝတ်ရုံအပ်သည်ဟူ၍ မှတ်ယူ မထားသင့်ပေ၊ တိစီဝရိက် သင်္ကန်း သုံးထည်လုံးကို ချုပ်စပ်ရန် ဖြတ်တောက်ခဲ့သော် မလုံ မလောက်

ဖြစ်ခဲ့လျှင် နှစ်ထည်ကို ဖြတ်တောက်၍ တထည်ထည်ကို မဖြတ်တောက်ဘဲ သုံးဆောင်အပ်သည်၊ နှစ်ထည်ကို ဖြတ်တောက်၍ ချုပ်စပ်သောအခါ မလုံမလောက် ဖြစ်ခဲ့ပြန်လျှင် တထည်ကိုသာ ဖြတ်တောက် ချုပ်စပ်၍ နှစ်ထည်ကို မဖြတ်တောက်ဘဲ စတ်ရုံ သုံးဆောင်အပ်သည်၊ တထည်ကိုပင် ဖြတ်တောက် ချုပ်စပ်ရန် မလုံ မလောက် ရှိခဲ့ပြန်လျှင် မြောင်းတရပ်ရာကို ဒုကုဋ္ဌ အခြင်းအရာဖြင့် အာဂန္တုက အလွှာ ပေး၍ သလင်းထောင် သဖြင့် သုံးဆောင်အပ်သည်၊ ဤကဲ့သို့သော အရာ မဟုတ် ဖြစ်လျှင် ဖြတ်တောက် ချုပ်စပ်၍ သုံးဆောင်မှသာ အပ်သည်ဟူ၍ မှတ်ယူ နှလုံးသွင်း ထားသင့်၏။

## သင်္ကန်း အရာတွင် ကျွမ်းကျင်မှု နည်းပါး။

သုံးလူ့ထိပ်တင် မြတ်ရှင်ပင်၏ လက်ထက်တော်မှစ၍ နယ်ချဲ့ ဝိသမ လောဘဇောအိုး လူယုတ်မျိုးတို့ မလွှမ်းမိုး မစိုးမိုးခင် ကမ္ဘာ လောကကြီးတွင် သူတော်စင်တို့ တရား ထွန်းကား ပွင့်လင်းစဉ် ရှေးယခင် ခေတ်အခါ ကာလ အတီး သမယဆီက ရဟန်းတော်များသည် ဝိနည်း သိက္ခာပုဒ်တော်များနှင့် အညီ သင်္ကန်းများကို မိမိတို့ ကိုယ်တိုင် ဆုတ်ဖြတ် ဖွဲ့စပ် ချုပ်လုပ်ကြရ၏၊ သို့အတွက် သင်္ကန်းများကို အခဏ်း ဆုတ်ဖြတ် ဖွဲ့စပ် အပ် ချုပ်ပုံ,ချုပ်နည်း နိသျည်းများကို ဝိနည်း စည်းကမ်း အရ တိတိကျကျ နားလည် ကျွမ်းကျင် တတ်မြောက်အောင် လေ့လာ လိုက်စား သင်ယူ လေ့ကျင့် ထားကြရ၏။

သို့သော် ယခုခေတ် အခါတွင်မူ ဒါယကာ ဒါယိကာမများက ချုပ်လုပ်ပြီး ဖြစ်ကြသော သင်္ကန်းများကိုသာ လှူဒါန်း

နေကြသဖြင့် ဘုရား အလိုတော်ကျ ကျမ်းဂန်များ၌ လာသည့် စည်းကမ်း နည်းလမ်းများ အရနှင့် အညီ သက်နိုးချုပ်နည်း, မချုပ်လုပ်ခင် ဆုတ်ဖြတ်နည်း, တရုပ် မြောင်းများ ဖေါ်ထုတ် ချုပ်လုပ်နည်း စသည်တို့ကို သိရှိ နားလည် ကျွမ်းကျင် တတ်မြောက်ကြသူ ရဟန်းတော်များ အဘော်ပင် နည်းပါး လာကြပေပြီ၊ နည်းပါးဆိုလျှင် သိရှိ နားလည်ကျွမ်းကျင်ကြသူ ရဟန်းတော်များ မရှိသလောက်ပင် ရှားပါး သွားကြလေပြီ။

သို့အတွက် နောင်လာ နောက်သား ရဟန်းတော်များ သည် သင်္ကန်းများ အတွက် ရှင်းရှင်းလင်းလင်း ကွင်းကွင်း ကွက်ကွက် အချက်အလက် တိတိကျကျ သိမြင် နားလည်ကြ ရလေအောင် ကျမ်းဂန် အစောင်စောင်တို့နှင့် အညီ သင်္ကန်း ပုံများနှင့် တလီ,ဖြတ်ဆုတ် ဖွဲ့ကပ် ချုပ်စပ်ပုံများကို အဘည် တကျ ရှင်းလင်းချက်များကို အစုံအလင် ဖေါ်ပြလျက် ရေး သား လိုက်ရပေဦးမည်။

## သင်္ကန်းပုံများ အတွက် ရှင်းလင်းချက်။

မြတ်စွာဘုရားသည် ဤ ဖေါ်ပြပါ ရေး ဆွဲ ထား သော ပုံအတိုင်း မဂဓရာဇ် တိုင်းသားတို့၏ လယ်ကွက် တည်ထားပုံ, လယ်ထွန်ထားပုံ, ရေသွင်းမြောင်းများ, သွယ်ထားပုံ, လယ်ကွက် တွင် အကန့်အကန့်များ ထားပုံတို့ကို အရှင်အနန္ဒာအား နည်း လမ်း အကျဉ်း အရိပ်အမြွက်မျှ ညွှန်ကြား ဟောပြတော်မူပြီး၍ ရဟန်းများ ဝတ်ရုံကြသည့် သင်္ကန်းများကိုလည်း ဤကဲ့သို့ပင် ဖြတ်ဆုတ် ချုပ်လုပ် စီရင်ကာ ဝတ်ရုံ သုံးဆောင်စေလိုကြောင်း ကို မိန့်မြွက် ပြောဆိုတော်မူသောအခါ အရှင်အာနန္ဒာသည်

# ၅၈၆ လယ်ကွက်




၅၈၆ · လယ်ကွက်ကား · ရေသွန်မြောင်းနှင့်အကန့်များသာ

ပေါ်ပြူပါ ပုံများအတိုင်း ကောင်းစွာ အခဏ်းများကို ပိုင်းခြား ထား ဖြတ်ဆုတ် ချုပ်လုပ် စီရင်၍ သက်န်းများကို မြတ်စွာ ဘုရားအား ပြသလေသည်။

တိစိဝရိက်၊ နိ့မာ့အိပ်။

မျက့် ပရိက်မို့ သက်န်း ကိုး။

ဟူသော လေးချိုးလင်္ကာ ကဗျာ ဆောင်ပုဒ်ကလေး အရ(၁) နှစ်ထပ်(ဒုကုဋ္ဌ)သင်္ကန်းကြီး၊(၂)ကေံသိ၊ကိုယ်ရုံ သင်္ကန်း၊(ကေ+ အံသိ=ကေ=၁၊အံသိ=ပခုံး၊ ကေံသိ=လက်ဝဲ တဖက် ပခုံးထက်၌ စမွယ်တင်လွှမ်း ဆင်မြန်း ဝတ်ရုံရသော သင်္ကန်း)၊(၃) သင်းပိုင် အတွင်းဝတ်သင်္ကန်း(အန္တရဝါသက=အန္တရ=အတွင်း၊ဝါသက= ဝတ်ဆင်သော အဝတ် ပုဆိုး သင်္ကန်း၊ အန္တရဝါသက=အတွင်း သတ်မှတ် ခါးအရပ်၌ စီးပတ် ဝတ်ဆင်ရသော ခါးဝတ် သင်္ကန်း) ရှင်းသင်္ကန်း သုံးထည်တို့ကို တိစီဝရိက်ဟု ခေါ်ဆိုကြသည်။ (တိ=၃၊ စီဝရိက်=သင်္ကန်းများ၊ တိစီဝရိက်= သုံးထည်သော သင်္ကန်းများ၊သင်္ကန်း သုံးထည်၊(၄)နိသီဒိုင်=နေကထိုင်၊ထိုင်စရာ အခင်း(၅)အမာလွှမ်းသင်္ကန်း၊(၆)အိပ်ယာခင်း=အခင်းနှီး(၇) မျက်နှာသုတ်ပုဝါ(၈)ပရိက္ခာရစောဠ=အခြံအရံ အဝတ့်အထည် ငယ်၊ တိုလီမိုစ အငယ်စား၊အဝတ် အထည်များ၊လက်သုတ်ပုဝါ၊ သပိတ်အိတ် စသော တိုလီမိုလီ အတိုအထွာ ဖြစ်ကြသော အဝတ် အထည်ငယ်များ၊ (၉)မိုးရေခံ သင်္ကန်း = ရေသနုပ်ဟူသော ကိုးထည်သော သင်္ကန်းတို့တွင် တိစီဝရိက် သင်္ကန်းသုံးထည်တို့နှင့် နိသီဒိုင်တို့မှာ အခဏ်း အဖွဲ့ အကန့်အသတ် အတိုင်းအထွာ

ပမာဏ ပိုင်းခြား သတ်မှတ်ချက်များ အထူး သီးခြား အသီးသီး ရှိကြလျက် ..။

အမာလှမ်း သက်န်း(မြတ်စွာဘုရား အထွာအားဖြင့် အလျား လေးတောင့်ထွာ၊ အနံ နှစ်တောင့်ထွာ၊ မဇ္ဈိမတိုင်း သား ယောကျ်ား( မဇ္ဈိမ ပုရိသ ) လက်သမား အတောင်အားဖြင့် အလျား ခြောက်တောင်၊ အနံ သုံးတောင်၊ ပကတိ လူတို့၏ အတောင်အားဖြင့် အလျားကိုးတောင်၊ အနံ လေးတောင့်ထွာ)။

မိုးသီးရေခံသက်န်း (မြတ်စွာဘုရား၏ အထွာအားဖြင့် အလျား ခြောက်တောင်ထွာ၊ အနံ နှစ်တောင့်ထွာခွဲ၊ မဇ္ဈိမ တိုင်းသား ယောကျ်ား( မဇ္ဈိမပုရိသ ) လက်သမား အတောင်အားဖြင့် အလျား ကိုးတောင်၊ အနံ နှစ်တောင့်ထွာ၊ ပကတိ လူတို့၏ အတောင်အားဖြင့် အလျား တဆဲ့သုံးတောင်ထွာ၊ အနံ လေးတောင့်ထွာ လက်သုံးသစ်) တို့မှာ အခဏ်း အဖွဲ့ သီးခြား ပိုင်းခြား သတ်မှတ်ထားချက် မရှိ၊ အတိုင်း အထွာ ပမာဏ များလောက်သာ ရှိကြပြီးလျှင်....

ခင်းနှီး(အိပ်ယာခင်း), မျက်နှာသုတ်ပုဝါ, ပရိက္ခာရစောဠ, အဝတ်အထည်တို့မှာကား အခဏ်း အဖွဲ့ အတိုင်းအထွာ ပမာဏ များ မည်၍ မည်မျှ ရှိကြသည်ဟု တထစ်ချ ပုံသေကားကျ တိတိ ကျကျ မှတ်သားထားရန် မရှိကြပေ။

အိပ်ရာခင်းနှင့် မျက်နှာသုတ် ပုဝါတို့မှာ အတိုင်း အထွာ ပမာဏများ မရှိကြသဖြင့် အလိုရှိတိုင်း ပြုလုပ်ရ၏။ ပရိက္ခာရ စောဠမှာ အလျား တတောင်၊ အနံ တထွာရှိလျှင် ဝိကပ္ပနာ ပြုထိုက်၏။ မျက်နှာသုတ်ပုဝါမှာ နှစ်ထည်သာ အပ်၏၊ ခင်းနှီး, အိပ်ရာခင်းနှင့် ပရိက္ခာရ စောဠတို့မှာ အများပင် အပ်သည်။

# ကောသိ

## အလျား ၅၆·၃ါ = ငါးထောင်တွာ

## အနံ ၄၅ ၃ါ·လေးထောင်တွာ



# ကိုးခဏ်း နှစ်ထပ် ဒုကုဋ်·သင်္ကန်းကြီး

အလျား ၅·ဝါ = ငါးထောင်ထွာ







ဘေးစပ်များ·ဆုတ်·ထက် ဝက်စီ စပ်ရသည်

ကြွင်းခြောက်ထည်တို့မှာ အများ မအပ်၊ တထည်စီသာ အပ်၏။

( **မှတ်ချက်** ) မြတ်စွာဘုရား အထွာသည် မဇ္ဈိမတိုင်းသား ယောကျ်ား(မဇ္ဈိမပုရိသ) လက်သမား အတောင်အားဖြင့် တတောင့်ထွာရှိ၏၊ ၎င်းမဇ္ဈိမ တိုင်းသား ယောကျ်ား လက်သမား တတောင်သည် ပကတိ ယောကျ်ား အတောင်အားဖြင့် တတောင့်ထွာ ရှိ၏။

## နှစ်ထပ် သင်္ကန်းကြီး

ဤနှစ်ထပ် သင်္ကန်းကြီးကို ကျမ်းဂန်အရ ငါးခဏ်း, ခုနစ်ခဏ်း,ကိုးခဏ်း, ဆယ့်တစ်ခဏ်း အထိသာ ရှေးက ဆရာတော်ကြီးများ အခဏ်းဖွဲ့ ဖြတ်ဆုတ် ချုပ်လုပ် သုံးဆောင်ကြ၏။သို့သော် ယခုခေတ်တွင် ထို့ထက် အလွန် ၁၅ ခဏ်း,၁၇-ခဏ်း, ၁၉-ခဏ်း, ၂၁-ခဏ်းမှစ၍ ၁၅၅- ခဏ်း အထိ ချုပ်လုပ် သုံးဆောင်ကြသေး၏။တိစီဝရိက် သင်္ကန်းများကို အခဏ်းများ ဖွဲ့လျှင် မ,ခဏ်းသာ ဖွဲ့ရ၏။ စုံခဏ်းများ မဖွဲ့ မချုပ်ရ၊ ဤဒုကုဋ်သင်္ကန်းကြီး၏ အတို,အရှည် အတိုင်းအထွာ ပမာဏကား ယုတ်စွအဆုံး အလျား လေးတောင်နှင့် တောင်ဆုပ်၊ အနံ နှစ်တောင်နှင့် တောင်ဆုပ်မှစ၍ ဘုရားရှင်၏ သင်္ကန်းတော်အောက် အနည်းငယ် လျော့ထားလျက် အငယ်,အကြီး လိုသလောက် ချုပ်လုပ် သုံးဆောင်ဝတ်ရုံနိုင်၏။ ၎င်းအလျား, အနံ အတိုင်းအရှည် ပမာဏများအောက် ယုတ်လျော့နေသော်၎င်း၊ ဘုရားရှင်၏ သင်္ကန်းတော်နှင့် တူညီစွာ ချုပ်လုပ်သော်၎င်း၊ ဘုရားရှင်၏ သင်္ကန်းတော်ထက် ကြီးလျက် ပိုလွန်၍ ချုပ် လုပ် သော် ၎င်း၊ တိစီဝရိက် အဓိဋ္ဌာန် မတင်ရတော့ပေ။

## မြတ်စွာဘုရား သင်္ကန်းတော် ပမာဏ

မြတ်စွာဘုရား၏ လက်သန်း အထွာတော်အားဖြင့် အလျား ကိုးထွာ၊ အနံ ခြောက်ထွာ၊ မဇ္ဈိမတိုင်းသား ယောကျ်ား(မဇ္ဈိမ ပုရိသ) လက်သမား အတောင်အားဖြင့် အလျား တဆဲ့သုံး တောင့်ထွာ၊ အနံ ကိုးတောင်၊ ပကတိ လူတို့၏ အတောင် အားဖြင့် အလျား အတောင် နှစ်ဆယ် လက်ခြောက်သစ်၊ အနံ တဆယ့် သုံးတောင့်ထွာရှိ သင်္ကန်းများနှင့် ထိုအတိုင်းအရှည် ထက် ပိုလွန်သော အတိုင်းအရှည်ရှိသော သင်္ကန်းများကို ရဟန်းတော်များမှာ ဝတ်ရုံ သုံးစွဲရန် မအပ်စပ်ပေ၊ ဆေဒနိက (ဖြတ်ခြင်းရှိသော) ပါစိတ် အာပတ်သင့်၏။

ဒုကုဋ္ဌမှာ ဗဟိုခေါင်စပ်မှ ဘေးစပ်များကို တဖက်စီ ဆုတ်, တက်, မြောင်းစပ် ချုပ်ရသည်။ (မှတ်ချက်) မြား= အခဏ်း= အပိုင်း=အဖြတ်အပိုင်း=ကဏ္ဍ)။ အနားပတ်လွှာ အနံ ရှစ်လက်မ ထားလျက် ချုပ်ကြ၏။ အနားပတ်အိမ်များကို သုံးလက်မခွဲ ပတ်လည် လေးထောင့် ချုပ်စပ်ကြ၍ အနားပတ်ကွင်းအိမ်နှင့် အနားပတ်သီးအိမ်များကို ဝဲ,ယာ(ဘယ်,ညာ) အတွင်း,အပြင် ထား၍ တပ်ရသည်။ ၎င်းအနားပတ်ကွင်းအိမ်နှင့် အနားပတ် သီးအိမ်များမှာ တပ်သော ကြိုးများကို အနားပတ်အိမ်၏ အပြင်ဘက် နှစ်လက်မတိတိ ရှည်ထွက်နေအောင် ထုတ်၍၊ရှေးက သင်္ကန်းချုပ်ကြသော လူကြီးများက တပ်ထားကြသည်။ ၎င်း ကမ္ဗတ်သီးအိမ်ကို အနားပတ်စွန်းမှာ တပ်၍ ကမ္ဗတ်ကွင်း အိမ်ကို လက် ခုနစ်သစ်- သို့မဟုတ် လက် ရှစ်သစ် အနားပတ် အတွင်းသို့ ဆုတ်၍ တပ်ရသည်။ ဆိုလိုရင်းမှာ အနားပတ်၏

အပြင်ဘက် အစွန်းမှာ အနားပတ်သီးအိမ်ကို တပ်၍၊ အနား ပတ်၏ အတွင်းဘက် အစွန်းမှာ အနားပတ်ကွင်းအိမ်ကို တပ် ရသည်။

## ကော်သီ ( ကိုယ်ရုံ )

ကော်သီ(ကိုယ်ရုံ) သင်္ကန်းကို ကျမ်းဂန်အရ ငါးခဏ်း, ကိုး ခဏ်း, ဆဲ့တစ်ခဏ်း အထိ အခဏ်း ဖွဲ့ ဖြတ်ဆုပ် ချုပ်လုပ် သုံးဆောင် ဝတ်ရုံနိုင်၏။ ယခုခေတ်တွင် ငါးခဏ်း အချုပ်များ ကြ၏။ ဒုကုဋ်နှင့် ကော်သီတို့မှာ နှစ်ထပ်နှင့် တထပ်သာ ထူးကြ ၏။ အခဏ်းဖွဲ့ပုံ အလျား, အနံ အတို့အရှည် အတိုင်းအထွာ ပမာဏ စသည်တို့မှာ အတူတူပင် ဖြစ်ကြ၏။

ရှေးက သင်္ကန်းများကို ချုပ်ကြသော လူကြီးများသည် တိုင်းတာသည့် အခါ ရှေးက ကြေးနီ ပိုက်ဆံ တပြားလျှင် တလက်မ ထား၍ အလျား,အနံ-ဝဲ,ယာ အထက်,အောက် ဘေး ဘက်ရှိ အနားပတ်လွှာများကို အနံ-ရှစ်လက်မ၊ တရုပ်မြောင်း များကို အနံ-သုံးလက်မ,ဖြတ်ဆုပ် ချုပ်လုပ်ကြသည်။ အနား ပတ်အိမ်များကို ဝဲ,ယာ(ဘယ်,ညာ) အတွင်း, အပြင် ထား၍ တပ်ရသည့် အပြင် သုံးလက်မခွဲ ပတ်လည် တိတိ လေးထောင့် ဖြတ်ဆုပ် ချုပ်လုပ် ထားကြသည်။ ၎င်း အနားပတ်အိမ်များတွင် တပ်ရသော အနားပတ်ကြိုးများကိုလည်း အနားပတ်အိမ်၏ အပြင်ဘက်သို့ နှစ်လက်မ တိတိ အရှည်ထွက်အောင် ထုပ်၍ ရှေးက တပ်ကြသည်။

သို့ရာတွင် တရုပ်မြောင်း အနံမှာ သင်္ကန်းတွင် အခဏ်း များသလောက် အခဏ်း စံနှုန်းအရ သေးငယ် သွားပေလိမ့်

မည်။ သို့သော် ကျမ်းဂန်အရ ဆိုလျှင် အနံ·လက်သေးသစ် အောက် ယုတ်လျော့၍ မြောင်း တရုပ်များကို ဖြတ်ဆုပ် ချုပ်လုပ်ပါလျှင် သေးငယ် ကျဉ်းမြောင်းလွန်းသဖြင့် မသင့်ဟု ပြဆို၏။ ဆဲ့တခဏ်းထက် ပိုလွန်လျှင် အခဏ်းစစ်မှန်း၊ မြောင်း တရုပ်မှန်း မသိရှိနိုင်ခဲ့လေရာဟု ရှေးက ဆရာတော်ကြီးများ ပြောဆို မှာထားခဲ့ကြသေး၏။

မှတ်ချက်။ ။တလုတ်+မြောင်း= တလုဃ=တလုတ်=သေး ငယ်သော=ကျဉ်းမြောင်း၊သော၊
တလုတ်+မြောင်း=သေးသောမြောင်း=ကျဉ်း သောမြောင်း။
တရုပ်+ မြောင်း= တရုဏ=တရုပ်=သေးငယ် သော=ကျဉ်းမြောင်းသော၊ တရုပ်+မြောင်း= သေးငယ်သော မြောင်း =ကျဉ်းမြောင်းသော မြောင်း။

### အခဏ်းများ ဖွဲ့ပုံ။

ဝိနည်းနှင့် သင့်လျော် အပ်စပ်သော သင်္ကန်းများအတွက် ရရှိ သော ချည်,ပိတ်,ပိုး,ဖဲ,ကတ္တီပါ, သက္ကလပ်,စသော အဝတ် အထည် အလိပ်ကို မိမိတို့ လိုသလောက် အလျား,အနံ, အတို, အရှည် ပမာဏကို တိုင်းထွာလျက် ငါးပိုင်း ငါးလွှာ ဆုတ်ဖြတ် ပိုင်းထားရ၏။

၎င်းငါးလွှာ ငါးပိုင်းတို့တွင် အလည် ဗဟို တည့်တည့်က ထားရမည့် အပိုင်း အလွှာကို သုံးချိုး ချိုးလျက် နှစ်ချိုးကို အရှည်(အကြီး)ပိုင်း တပိုင်း၊ ကြွင်းကျန်သော တချိုးကို အတို

(အငယ်)ပိုင်း တပိုင်း ပိုင်းဖြတ်လျက် ထားခဲ့သော် အရှည်ပိုင်း, အတိုပိုင်းဟူ၍ နှစ်ပိုင်း နှစ်စ ဖြစ်လာ၏။

ငင်းအရှည်, အတို နှစ်ပိုင်းတို့ကို ပေါင်းစပ် ပူးတွဲရန် ရေမြောင်း၏ ကမ်းပါး နှစ်ဘက်နှင့်တူသော ချုပ်ရိုးကြောင်းတို နှစ်ခုတို့ဖြင့် ရေမြောင်းငယ်သဘွယ် တရုပ်မြောင်းတိုငယ်ကို ဖေါ်ထုတ် ဖြတ်ဆုတ် ဖွဲ့စပ် ချုပ်လုပ်ရ၏။ဤကဲ့သို့ ဖေါ်ထုတ် ဖြတ်ဆုတ် ဖွဲ့စပ်ခဲ့သော် အခင်း တခင်းတွင် ကွဲအိမ် အရှည်, အတို၊အကြီး, အငယ် နှစ်ပိုင်းတို့ ဖြစ်ပေါ်လာကြ၏။

ငင်းကွဲအိမ် နှစ်ခုတို့ကို ပေါင်းစပ် ချုပ်လုပ်ထားသော အခင်းကြီး တခုလုံးကို အလည် ဗဟို ခေါင်စပ်ပိုင်း၊ ပါဠိလို ဝိဝဋ္ဋဟူ၍ ခေါ်ဆိုသည်။

ငင်းကွဲအိမ် နှစ်ခုတို့တွင် နှစ်ချိုး ယူထားသော အရှည် (အကြီး)ဘက်ပိုင်း ရှိသော အပိုင်းရှည်(ကြီး)ကို အိမ်ကွဲလွှာ, သို့မဟုတ် အိမ်ငန်းကြီးလွှာ, သို့မဟုတ် ကွန်ကြီးလွှာ ပါဠိလို မဟာမဏ္ဍလ ဟူ၍ ခေါ်ဆိုရ၏။

ကြွင်းကျန်သော အတို(အငယ်)ပိုင်းဘက်တွင် ရှိသော အတို (အငယ်) အချိုး တပိုင်းကို ကွဲအိမ်ဝက်လွှာ သို့မဟုတ် အိမ်ဝန်းငယ်လွှာ, သို့မဟုတ် ကွန်ငယ်လွှာ၊ ပါဠိလို, အဍ္ဎမဏ္ဍလဟူ၍ ခေါ်ဆိုရ၏။

ငင်းအိမ်ဝန်းကြီးလွှာ,အိမ်ဝန်းငယ်လွှာဟုဆိုအပ်သော ကွဲအိမ် နှစ်ခုတို့၏ အကြားတွင် ခြားထားရာ ဖြစ်သော ရေမြောင်းငယ် တခု၏ ကမ်းပါး နှစ်သွယ် အလား ချုပ်ရိုးတို နှစ်ကြောင်းများ ဖြင့် ပိုင်းခြား ထားသော ရေမြောင်းတိုသဖွယ် ဖြစ်သော မြောင်းတို(ငယ်)ကလေးကို တရုပ်မြောင်းတို၊ ပါဠိလို အဍ္ဎ

ကုသိ ဟူ၍ ခေါ်ဆိုရ၏။ ၎င်းတရပ် မြောင်းတို့များကို ဇလုပ် ဟူ၍လည်း ခေါ်ဆိုကြသေး၏၊

အထက်က ပဋ္ဌမဆုံး ပိုင်းဖြတ်ထားခဲ့သော အပိုင်းကြီး ငါးပိုင်း ငါးလွှာတို့တွင် ကွဲအိမ် စသည်တို့ဖြင့် အစုံအလင် ဖော်ပြခဲ့ပြီးသော အလည် ဗဟို ခေါင်စပ် အပိုင်း အလွှာ၏ လကျ်ာ (ညာ)ဘက်တွင် ပူးတွဲဖွဲ့ကပ် ချုပ်စပ်ရန် ဖြစ်သော လကျ်ာ (ညာ)ဘက်ပိုင်းရှိ အပိုင်း အလွှာနှင့် အလည် ဗဟို ခေါင်စပ် အပိုင်းလွှာ၏ လက်ဝဲ(ဘယ်)ဘက်တွင် ပူးတွဲ ဖွဲ့ကပ် ချုပ်စပ်ရန် ဖြစ်သော လက်ဝဲ (ဘယ်) ဘက်ပိုင်း အပိုင်း အလွှာတို့ကို လကျ်ာ(ညာ) ခေါင်ရံစပ်၊ လက်ဝဲ (ဘယ်)ခေါင်ရံစပ်၊ ပါဠိလို အနုဝိဝဋ္ဋ ဟူ၍ ခေါ်ဆိုရ၏။

၎င်းလကျ်ာ(ညာ) ခေါင်ရံစပ် အပိုင်း အလွှာနှင့် လက်ဝဲ (ဘယ်)ခေါင်ရံစပ် နှစ်ပိုင်း နှစ်လွှာတို့ကို ကွဲအိမ်များ အသီးအသီး ပြုလုပ် ဖြတ်ဆုတ် ချုပ်စပ်ရန် သုံးချိုးစီ ချိုးလျက် အရှည်(အကြီး)အချိုး နှစ်ချိုးလျှင် တပိုင်းစီ၊ အတို(အငယ်) အချိုး တချိုးလျှင် တပိုင်းစီ ဖြတ်ဆုတ် ပိုင်းထားလျက် အထက်ပါ အလည် ဗဟို ခေါင်စပ် အပိုင်း အလွှာ အတိုင်း တရပ် မြောင်းတို တို့ကို ဖော်ထုတ် ဖြတ်ဆုတ် ဖွဲ့စပ် ချုပ်လုပ်ရ၏။

လကျ်ာ(ညာ)ဘက်ပိုင်းလွှာ၌ ရှိသော ခေါင်ရံစပ်လွှာတွင် အရှည်(အကြီး)ပိုင်းလွှာကို လကျ်ာ (ညာ) အိမ်ဝန်းကြီးလွှာ၊ လကျ်ာ(ညာ)အိမ်ကွဲကြီးလွှာ၊ လကျ်ာ( ညာ ) ကွန်ကြီးလွှာ၊ ပါဠိလို မဟာမဏ္ဍလ ဟူ၍ခေါ်ဆိုရ၏။

၎င်းလကျ်ာ( ညာ ) ခေါင်ရံစပ် အပိုင်း အလွှာ၏ အတို (အငယ်) တချိုး ဖြစ်သော အတို( အငယ် )ပိုင်း အလွှာကို

လက်ျာ(ညာ)အိမ်ဝန်းငယ်လွှာ၊ လက်ျာ(ညာ)ကွဲအိမ်ဝက်လွှာ၊ လက်ျာ(ညာ)ကွန်ငယ်လွှာ၊ ပါဠိလို အစုမဏ္ဍလဟူ၍ ခေါ်ဆိုရ၏။

၎င်း လက်ျာ(ညာ)အိမ်ဝန်းကြီး,အိမ်ဝန်းငယ်ဆိုသည့်ကွဲအိမ်နှစ်ပိုင်းတို့၏ အကြားတွင် ရှိသော ရေမြောင်းငယ် သဘွယ်ကမ်းပါး •နှစ်သွယ်ကျုံ့နှင့်တူစွာ ပိုင်းခြားကာ ထားသော ချုပ်ရိုးတို နှစ်ကြောင်းတို့ဖြင့် ဖြတ်ဆုတ် စပ်ဟပ် ဖွဲ့ချုပ်ထားသော မြောင်းတိုတို့ကို •တရုပ်မြောင်းတို၊ ပါဠိလို အစုကုသိ ဟူ၍ ခေါ်ဆိုရ၏။

အလယ် ဗဟို ခေါင်စပ်လွှာ၏ လက်ဝဲ(ဘယ်) ဘက်တွင် ရှိသော အလွှာကိုလည်း ၎င်းလက်ျာ( ညာ )ခေါင်ရံစပ်လွှာ အတူပင် တရုပ်မြောင်းတိုတို့ကို ဖော်ထုတ်ရန် ဖြတ်ဆုတ် ဖွဲ့စပ်ချုပ်လုပ်ခဲ့သည်ရှိသော် လက်ဝဲ ( ဘယ် )ခေါင်ရံစပ် အရှည်(အကြီး)ပိုင်း အလွှာကို လက်ဝဲ( ဘယ် ) အိမ်ဝန်းကြီးလွှာ၊ လက်ဝဲ(ဘယ်)အိမ်ကွဲလွှာ၊ လက်ဝဲ(ဘယ်)ကွန်ကြီးလွှာ၊ ပါဠိလို မဟာ မဏ္ဍလ ဟူ၍ ခေါ်ဆိုရ၏။

လက်ဝဲ (ဘယ်) ခေါင်ရံစပ်လွှာ၏ အတို (အငယ်) ပိုင်း အလွှာကို လက်ဝဲ(ဘယ်) အိမ်ဝန်းငယ်လွှာ၊ လက်ဝဲ (ဘယ်) ကွဲအိမ်ဝက်လွှာ၊ လက်ဝဲ (ဘယ်) ကွန်ငယ်လွှာ၊ ပါဠိလို အစုမဏ္ဍလ ဟူ၍ ခေါ်ဆိုရ၏။

၎င်းတို့၏ ရေမြောင်းတိုသဘွယ် မြောင်းတို နှစ်သွယ်တို့ကို တလုတ်မြောင်းတိုများ၊ ပါဠိလို အစုကုသိ ဟူ၍ ခေါ်ဆိုရ၏။

၎င်းလက်ျာ(ညာ) ခေါင်ရံစပ် အလွှာ, လက်ဝဲ( ဘယ် ) ခေါင်ရံစပ် အလွှာ နှစ်လွှာတို့၏ ဘေး တဘက် တချက်စီတွင်

ရှိကြသော လကျ်ာဘက်ရှိ အပိုင်း အလှာနှင့် လက်ဝဲဘက်ရှိ အပိုင်း အလှာတို့တွင် လကျ်ာဘက်တွင် ရှိသော အလှာကို လကျ်ာ(ညာ)ဘေးစပ်လှာ၊ သို့မဟုတ် လကျ်ာ(ညာ)လက်လိပ်စပ်လှာ၊ လက်ဝဲ(ဘယ်)ဘက်တွင် ရှိသော အလှာကို လက်ဝဲ(ဘယ်)ဘေးစပ်လှာ၊ သို့မဟုတ် လက်ဝဲ (ဘယ်) လက်လိပ်စပ်လှာ, ပါဋ္ဌိလို ဗာဟန္တဟူ၍ ခေါ်ဆိုရ၏။ ၎င်းလကျ်ာ, လက်ဝဲ (ညာ)(ဘယ်) ဘေးစပ်လှာများကို လကျ်ာ (ညာ) လက်နား, လက်ဝဲ(ဘယ်)လက်နား ဟူ၍လည်း ခေါ်ဆိုကြသေး၏။

အိမ်ဝန်းကြီးလှာ, အိမ်ဝန်းငယ်လှာ, အိမ်ကွဲလှာ, ကွဲအိမ်ငက်လှာ, ကွန်ကြီးလှာ, ကွန်ငယ်လှာ, တရုပ်မြောင်းတိုတို့မှာလည်း အထက်က ဖော်ပြခဲ့သည့် အတိုင်း အတူတူပင် ဖြစ်ကြ၏။

ဤကဲ့သို့ တရုပ်မြောင်းတိုများ ပိုင်းခြား သတ်မှတ် ဖြတ်ဆုတ် ဖေါ်ထုတ်၍ အိမ်ဝန်းကြီး, အိမ်ဝန်းငယ် ကွဲအိမ် နှစ်ခုတို့ကို ပူးတွဲ စပ်ဖွဲ့ ချုပ်လုပ်ပြီးသောအခါ အပိုင်း အလှာကြီး ငါးခု ငါးပိုင်း ငါးလှာ ငါးခဏ်းတို့ကို ရရှိ ဖြစ်ပေါ်လာ၏။

၎င်းငါးပိုင်း ငါးလှာ ငါးခဏ်းတို့ကို ပေါင်းစပ် ပူးတွဲဖွဲ့စပ် ချုပ်လုပ်သောအခါ တပိုင်း တခဏ်း တလှာနှင့် အခြားတပိုင်း တခဏ်း တလှာတို့၏ အကြား, အကြားတို့တွင် ပူးတွဲဖွဲ့စပ်ရန် အစပ် လေးခုရှိရာ အတွဲ အစပ် တခု, တခုတွင် ချုပ်ရိုးကြောင်း နှစ်ကြောင်း, နှစ်ကြောင်းစီ ဖြစ်လာအောင် တရုပ်မြောင်းရှည် တခု, တခုစီ ဖေါ်ထုတ် ဖြတ်ဆုတ်လျက် ဖွဲ့စပ်ပူးတွဲကာ ချုပ်လုပ်ရ၏။

ဤကဲ့သို့ အခဏ်းကြီး ငါးခဏ်းတို့၏ အကြား, အကြားနှင့်

ဖေါ်ထုတ်ကာ ဖြတ်ဆုတ် ဖွဲ့စပ် ချုပ်လုပ်ထားသော အထက်၊ အောက် ရေမြောင်းရှည်များ သဘွယ် ဖြစ်ကြသော မြောင်းရှည်များကို တရုပ်မြောင်းရှည်၊ ပါဠိလို ကုသိ ဟူ၍ရင်း၊ ဒီဃပဋ္ဋ ဟူ၍ရင်း ခေါ်ဆိုရ၏။

ဤကဲ့သို့ တရုပ်မြောင်းရှည် လေးခုတို့ကို ဖေါ်ထုတ်၍ ပူးတွဲ ဖွဲ့စပ် ချုပ်လုပ်လိုက်သောအခါ အခဏ်း ငါးခဏ်းတို့တွင် ရှိကြသော ကန့်လန့်ဖြတ် တရုပ်မြောင်းတိုများကို တခုနှင့် တခု ထိပ်ချင်းတိုက် ဖြစ်အောင် မဖွဲ့စပ် မချုပ်လုပ်ရ၊ ကွဲလွဲသွားအောင်၊ ထိပ်ချင်းတိုက် လွဲသွားအောင် အထက်မှ တရုပ်မြောင်းတို တခုထား၊ အောက်မှ တရုပ်မြောင်းတို တခုထား၊ ဤကဲ့သို့ အထက်တခု၊ အောက် တခုထားကာ ကွဲလွဲသွားအောင် အခဏ်း ငါးခဏ်းတို့ကို ပေါင်းစပ် ပူးတွဲ ချုပ်လုပ်ရ၏။

ဆိုလိုရင်းမှာ ... ဗဟို ခေါင်စပ်လွှာတွင် ရှိသော တရုပ်မြောင်းတိုကို အထက်ပိုင်းက ထားလျှင်၊ လကျာ၊ လက်ဝဲဘက်များတွင် ရှိကြသော ခေါင်ရံစပ်လွှာ နှစ်ခုတို့၏ တရုပ်မြောင်းတိုများကို အောက်ပိုင်းမှ ထား၊ လကျာ၊ လက်ဝဲ ဘေးစပ်၊ လက်လိပ်စပ်လွှာ နှစ်ခုတို့၏ တရုပ်မြောင်းတိုများကို အထက်ပိုင်းက ထား၍ ဖွဲ့စပ် ချုပ်လုပ်ရ၏။

ဤကဲ့သို့ အခဏ်းကြီး ငါးခဏ်းတို့တွင် တခဏ်း၊ တခဏ်းစီ၌ အိမ်ဝန်းကြီး၊ အိမ်ဝန်းငယ် ကွဲအိမ် နှစ်ခု ဖြစ်ပေါ်လာစေရန် ကန့်လန့်ဖြတ် တရုပ်မြောင်းတိုများကို ဖေါ်ထုတ် ဖွဲ့စပ် ချုပ်လုပ်ခဲ့သည်ရှိသော်....

(၁) ဗဟို ခေါင်စပ်ခဏ်း၊

(၂) လကျာ(ညာ) ခေါင်ရံစပ်ခဏ်း၊

(၃) လက်ဝဲ(ဘယ်) ခေါင်ရုံစပ်ခဏ်း,
(၄) လကျာ(ညာ)ဘေးစပ်ခဏ်း, သို့မဟုတ် လကျာ လက်လိပ်စပ်ခဏ်း, သို့မဟုတ် ညာ လက်နား၊
(၅) လက်ဝဲ ( ဘယ် ) ဘေးစပ်ခဏ်း, သို့မဟုတ် ဘယ်လက်လိပ်စပ်ခဏ်း, သို့မဟုတ် ဘယ် လက်ဟူ၍ အခဏ်းကြီးငါးခဏ်း ဖြစ်ပေါ်လာပြီးသောအခါ....

၎င်းအခဏ်းကြီးငါးခဏ်းတို့ကို အစပ်လေးခုတို့တွင် အထက်အောက် တချပ် မြောင်းရှည် လေးခုတို့ဖြင့် ပိုင်းခြား ထားကာ ဖေါ်ထုတ် ပူးတွဲ ဖွဲ့စည်းလျက် တပေါင်းတည်း ပေါင်းစပ် ချုပ်လုပ်လိုက်သည်ရှိသော် အခဏ်းကြီး ငါးခဏ်းရှိ သင်္ကန်း ပုံပန်း သဏ္ဍာန်သည် ထင်ထင် ရှားရှားကြီး ဖြစ်ပေါ်လာပေတော့၏။

ဤကဲ့သို့ သင်္ကန်း ပုံပန်း သဏ္ဍာန် ဖြစ်ပေါ်လာသောအခါ အထက်, အောက် အလျားအနားပတ်လွှာ နှစ်ခုတို့နှင့် လကျာ, လက်ဝဲ (ညာ-ဘယ်) အနံ အနားပတ်လွှာများကို တင်ကာ ဖွဲ့စပ် ချုပ်လုပ်ရ၏။

၎င်း အလျား, အနံ အနားပတ်လွှာ လေးခုတို့တွင် အထက်ပိုင်း လည်ထိရာ အရပ်တွင် တလွှာ အပိုဘင် အလျားအနားပတ်ပိုင်း အလွှာကို အထက် အလျား အနားပတ်ပိုင်းလွှာ၊ ပါဠိသို အနုဝါတ၊ သို့မဟုတ် လည်ထိရာ အပိုတင် အာဂန္တုက အနားပတ်ပိုင်းလွှာ၊ ပါဠိလို ဂီဝေယျက၊ သို့မဟုတ် ခေါင်စပ်လည်စီးတင် အနားပတ်ပိုင်းလွှာ၊ ပါဠိလို ဩဝဋ္ဋိယ ဟူ၍ ခေါ်ဆိုရ၏။

အောက်ဘက် ခြေသလုံး မြင်းခေါင်း တည်ရာ ဘရပ်ဘွင် တင်ထားသော အလျား အနားပတ်ပိုင်းလွှာကို အောက် အလျား အနားပတ်ပိုင်းလွှာ၊ ပါဠိလို အနုဝါတ, သို့မဟုတ် သလုံး မြင်းခေါင်း တည်ရာ အရပ်တွင် ကလွှာ အပိုတင် အာဂန္တုက အနားပတ်ပိုင်းလွှာ၊ ပါဠိလို ဇင်္ဃေယျက ဟူ၍ ခေါ်ဆိုရ၏။

လက်ျာ(ညာ) ဘက်တွင် တင်ထားသော အနံ အနားပတ် ပိုင်းလွှာကို လက်ျာ(ညာ) အနံ အနားပတ်ပိုင်းလွှာ၊ လက်ဝဲ (ဘယ်) ဘက်တွင် တင်ထားသော အနံ အနားပတ်ပိုင်းလွှာကို လက်ဝဲ(ဘယ်) အနံ အနားပတ်ပိုင်းလွှာ ဟူ၍ ခေါ်ဆိုရ၏။ ၎င်းလက်ျာ, လက်ဝဲ (ညာ-ဘယ်) အနံ အနားပတ်လွှာ နှစ်ခု တို့ကို ပါဠိလို ပရိဘဏ္ဍ ဟူ၍ ခေါ်ဆိုရ၏။

၎င်းအထက်, အောက် လက်ျာ, လက်ဝဲ ( ညာ-ဘယ် ) လေးဘက်တို့တွင် ဘက်စပ် ချုပ်လုပ် ထားသော အထက်, အောက် ဘေးဘက်များတွင် ရှိကြသော အလျား, အနံ အနား ပတ်ပိုင်းလွှာ လေးခုတို့ကို အနားပတ်ပိုင်း အရှည်လွှာ၊ ပါဠိလို ဒီဃပဋ္ဋ ဟူ၍လည်း ခေါ်ဆိုရသေး၏။

၎င်း အနားပတ် လေးလွှာတို့၏ အဖျား အစွန်း ထိပ်ချင်း တိုက် တွေ့ဆုံရာ ဒေါင့် လေးဒေါင့်တို့မှာ အစွန်း အဖျား ထိပ်ချင်းတိုက် ပူးတွဲ ဖွဲ့စပ် ချုပ်လုပ်သော အခါ ဖြောင့်ဖြောင့် တန်းတန်း မဖွဲ့ မစပ် မချုပ်လုပ်ရဘဲ ဒေါင့်များဘက်သို့ ထောင်တက်လျက် အဖျား အနား အစွန်း နှစ်ခု အသီးသီး တို့ကို ပူးတွဲဖွဲ့စပ် ချုပ်လုပ် ထားသည်ကို သသင်းထောင်၊ ပါဠိလို ဩဒဝေယျ ဟူ၍ ခေါ်ဆိုရ၏။

အနားပတ်စွန်း နှစ်ဘက်တို့၌ ချုပ်စပ် တပ်ထားသော သုံးလက်မခွဲ ပတ်လည်ရှိ လေးထောင့်ကွက် အိမ်ငယ်ကလေးကို ကမ္ဗတ်သီးအိမ်၊ပါဠိလို ဂဏ္ဌိက ဖလက၊ လက် ခုနှစ်သစ်, လက် ရှစ်သစ်လောက် အနားပတ်လွှာ အတွင်းဘက်သို့ ဆုတ်ခွါ လျက် ချုပ်စပ် တပ်ထားသော သုံးလက်မခွဲ ပတ်လည်ရှိ လေး ထောင့်ကွက် အိမ်ကလေးကို ကမ္ဗတ်ကွင်းအိမ်၊ ပါဠိလို ပါသက ဖလက ဟူ၍ ခေါ်ဆိုရ၏။

၎င်း ကမ္ဗတ်သီးအိမ်တွင် တပ်ထားသော ကြိုးတိုကလေးကို ကမ္ဗတ်သီးအိမ်ကြိုး၊ ကမ္ဗတ်ကွင်းအိမ်တွင် တပ်ထားသော ကြိုး တိုကလေးကို ကမ္ဗတ်ကွင်း အိမ်ကြိုး ဟူ၍ ခေါ်ဆိုရ၏။

ကမ္ဗတ်သီးအိမ်ရှိ ကြိုးတိုကလေးတွင် တပ်ဆင်ထားသော အသီးငယ်ကလေးကို ကမ္ဗတ်သီး၊ ပါဠိလို ဂဏ္ဌိကာ ဟူ၍ ခေါ်ဆိုရ၏။

အထက်ပါ ပြဆို ထားခဲ့သည့်အတိုင်း အလုံးစုံ ဖြတ်ဆုတ် ဖွဲ့စပ် ချုပ်လုပ်ပြီးသော အဝတ် အထည်ကို အပ်စပ်သော ဆိုးရေ ဖြင့် အပ်စပ်အောင် အသပ်ထပ် အကြိမ်ကြိမ် ဆိုးပြီးသောအခါ

ခြောက်ထွေဘုန်းရောင် ထိန်ထိန်ပြောင်သည့် အခေါင်ထွဋ်ထား ရှင်တော်မြတ်ဘုရား၏ သုံးပါး သိက္ခာ သာသနာတော် မြတ်ကြီးကို အသက်တမျှ ချစ်ခင်မြတ်နိုးကာ ဝိနည်း သိက္ခာ ပုဒ်တော်များနှင့် အညီ ကျင့်ကြံ အားထုတ် နေထိုင်ကြသော ရဟန်းကောင်း ရဟန်းမြတ်တို့သာ ဝတ်ရုံ သုံးဆောင်ခြင်းငှါ ထိုက်တန် လျောက်ပတ် မွန်မြတ်လှသော....

ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ အရိယာ အရှင်မြတ်ကြီး

များ၏ တံခွန် သဘင် အလှန် တင့်တယ် ကောင်းမြတ်လှသော....

သုံးလောက ထိပ်တင် ဘုရားရှင်၏ အသိုတော်အတိုင်း ဓါးငယ်, ကတ်ကြေးတို့ဖြင့် အပိုင်းပိုင်း ဖြတ်တောက် ဆုတ်ဖြဲကာ ချုပ်ရိုးတွေ ဗလဘွာ မြောက်များစွာတို့ ဖြစ်ပေါ်လာအောင် ဖွဲ့စပ် ချုပ်လုပ်ထားသောကြောင့် လောကီလူသားရန်သူ သူခိုး, ဓားပြ, သူပုန်များ လိုချင် မက်မော သဘောနှစ်ခြိုက်ဘွယ်ရာ မရှိသော....

သစ္စာ လေးရပ် တရားမြတ်ကို ဆတ်ဆတ် သိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ထိန်ညီး ဝါဝင်း ရွှေအဆင်းရောင် ထွန်းလင်းတောက်ပြောင်လှပေ အရေတော် သဘွယ်ဖြစ်သော....

ဝင်းဝါ ထိန်လျှမ်း မြဘ်သင်္ကန်း အစစ် ဖြစ်မြောက်လာရပေတော့သတည်း။

## သင်းပိုင်။

သင်းပိုင် သင်္ကန်း၏ အခင်္ကားများ ဖွဲ့ပုံမှာ ဇကာသီနှင့် အတူတူပင် ဖြစ်၏။ အလျား,အနံ အတိုင်းအတွာ ပမာဏများနှင့် ကမ္ဗတ်သီးအိမ်, ကမ္ဗတ်ကွင်းအိမ်များ မတပ်ဆင်ရခြင်းသည်သာ ထူးခြား၏။ ၎င်းပြင် ၎င်းသင်းပိုင်၏ လကျ်ာ ဘေးစပ်လွှာ၊ သို့မဟုတ် လကျ်ာ လက်လိပ်စပ်လွှာကို ညာ(လကျ်ာ)ဖုံးလွှာ၊လက်ဝဲဘယ်ဘေးစပ်လွှာ, သို့မဟုတ် ဘယ် လက်လိပ်စပ်လွှာကို ဘယ်(လက်ဝဲ) ဖုံးလွှာဟူ၍လည်း ခေါ်ဆိုကြ၏။ သင်းပိုင် သင်္ကန်း၏ အတိုင်း အရှည်ပမာဏကား ယုတ်စွအဆုံးအလျားလေးတောင်နှင့် တောင်ဆုပ်၊ အနံ- နှစ်တောင့်ထွာ၊ သို့မဟုတ် နှစ်တောင်မှ စ၍



သင်းပိုင

ဘုရားရှင်၏ သင်းပိုင် သင်္ကန်းတော်အောက် ယုတ်လျော့လျက် အကြီး၊အငယ် အရှယ် အစားစား လိုသလို ဖြတ်ဆုတ် ချုပ်လုပ်နိုင်၏။ ၎င်း အတိုင်းအထွာ ပမာဏအောက် ယုတ်လျော့သော် ၎င်း၊ ဘုရားရှင်၏ သင်းပိုင် သင်္ကန်းတော်နှင့် ညီမျှစွာ ချုပ်လုပ်သော်၎င်း၊ ဘုရားရှင်၏ သင်းပိုင် သင်္ကန်းတော်ထက် ပိုလွန်ပြီး ချုပ်လုပ်သော်၎င်း တိစီဝရိက် အဓိဋ္ဌာန် မတင်ရတော့ပေ။

ဤ ပြဆိုပြီးခဲ့သော တိစီဝရိက် သင်္ကန်း သုံးထည်တို့မှာ ခိုင်ခန့် သစ်လွင်သော အဝတ်အထည် ပုဆိုးများ ဖြစ်ခဲ့ပါလျှင် ဒုကုဋ်ကို နှစ်ထပ်၊ ကိုယ်ရုံ ကော်သီနှင့် ခါးဝတ် သင်းပိုင်တို့ကို တထပ်စီသာ ချုပ်လုပ် သုံးဆောင် ဝတ်ရုံရ၏။ သို့သော် အဝတ်အထည် ပုဆိုးတို့က ဟောင်းမြင်းလျက် ဆွေးမြေ့ကာ မခိုင်ခန့်ပါလျှင် ဒုကုဋ်ကို လေးထပ်၊ ကိုယ်ရုံ ကော်သီနှင့် ခါးဝတ် သင်းပိုင်တို့ကို နှစ်ထပ်စီ ချုပ်လုပ် သုံးဆောင်နိုင်၏။

ပံ့သုကူ သင်္ကန်းများမှာ ရ,ရသမျှ အဟောင်း အနွမ်း အဆွေး အမြေ့ အရိ အရွားများ,အရှည်,အတို အစုတ်အပဲ့များကို ရှာဖွေ ကောက်ယူကာ ချုပ်လုပ်ရသောကြောင့် အထပ်တွေ နည်းများ မဆို, အလိုရှိတိုင်းပင် ချုပ်လုပ်နိုင်၏။ သို့ရာတွင် ယခုခေတ်,အခါ စေတနာ သဒ္ဓါတရားရှင် လူ,ရှင်,ရဟန်းတဦးဦးက ပံ့သုကူ အထူး ပဲ့ထားသော ခိုင်ခန့် သစ်လွင်သည့် အဝတ် အထည် ပုဆိုး သင်္ကန်းမျိုးတို့ကို မဆိုလိုပေ။

## မူလ သင်္ကန်း ခြောက်ထည်

(၁) ခေါမမည်သော ဂုမ်လျော်ချည်သင်္ကန်း၊ (၂) ပိုးချည်သင်္ကန်း၊ (၃) ဝါချည် ပိတ်ချည် သင်္ကန်း၊ (၄) သာဏ

မည်သော ပိုက်ဆံ လျှော်ချည် သင်္ကန်း၊ (၅)လူမွေး, သားရဲမွေး တို့မှ တပါး, သားမွေးဖြင့် ရက်သော ကမ္ဗလာ (သကလပ်) သင်္ကန်း၊(၆) ယခင် ချည်ငါးမျိုးစုံတို့ကို ရောနှော ပေါင်းစပ်၍ ရက်သော ဘင်္ဂ သင်္ကန်း၊ ဤသင်္ကန်း ခြောက်ထည်တို့သည် မူလ သင်္ကန်းများ မည်ကြ၏။

## အနုလောမ သင်္ကန်း ခြောက်ထည်။

(၁) ဘွဲ့ဖြူ (ဒုကူလ)သင်္ကန်း၊ (၂) ပဋ္ဋုန္န အရပ်၌ ဖြစ်သော သင်္ကန်း၊ (၃) သောမာရ အရပ်၌ ဖြစ်သော သင်္ကန်း၊ (၄) စိန့်တိုင်း(တရုပ်)ပြည်၌ ဖြစ်သော သင်္ကန်း၊ (၅) တန်ခိုး ကြောင့် ဖြစ်ပေါ်လာရသော သင်္ကန်း၊ (၆) နတ်တို့ ပေးလှူ သော သင်္ကန်း, ဤ သင်္ကန်း ခြောက်ထည်တို့သည် အနုလောမ (ဝတ်ရုံဘို့ရန် လျော်လျောက်ပတ် အပ်စပ်သော) သင်္ကန်းများ မည်ကြ၏။

## လျော် လျောက်ပတ်ပုံ။

ဤ ခြောက်ထည်ကုန်သော အနုလောမ သင်္ကန်းတို့တွင် ဘွဲ့ဖြူ သင်္ကန်းသည် လျော်ဖြင့် ရက်ရသော သာဏ လျော်ချည် သင်္ကန်းနှင့် တူ၏။ ပဋ္ဋုန္န သင်္ကန်း, သောမာရ သင်္ကန်း, စိန့် တိုင်း (တရုပ်) ပြည်၌ ဖြစ်သော သင်္ကန်းတို့သည် ပိုးချည်ဖြင့် ရက်လုပ် ထားကြသော ပိုး (ကောသေယျ) သင်္ကန်းနှင့် တူ ကြ၏။ တန်ခိုးကြောင့် ဖြစ်သော (ဣဒ္ဓိ) သင်္ကန်း, နတ်တို့ ပေးလှူသော ( ဒေဝဒိန္န ) သင်္ကန်းတို့သည် ခေါမ သင်္ကန်း စသော မူလ သင်္ကန်း ခြောက်ထည်တို့နှင့် တူညီလျော်၏။




နိသိဒိုင်-အခင်းကား-အချို့အမြိ ၃ ဘက်အတိ အပြွတ်ယူကြသည်။




အချို့ကား၊ ပုံအတိုင်း ဘောအဖုံးအချန်ယူကြသည်။




အံသကုဋ္ဌ - အံသကိုဋ္ဌ - ကား ပခုံးမှရစ်ပတ်၍ နံဘေးမှာ - မျစ်ပတ်ကြိုးချည်ရပါသည်။

သင်္ကန်း ကိုးထည်တို့ကို အဓိဋ္ဌာန် တင်ခဲ့သော် " ဣမံ သင်္ဃာဋိံ အဓိဋ္ဌာမိ" စသည်ဖြင့် အမည်ကို ယူ၍ အဓိဋ္ဌာန် တင်ရမည်။ ဝိကပ္ပနာ ပြုသော်ကား အမည်ကို ယူ၍ ဝိကပ္ပနာ မပြုအပ်ပေ၊ " ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ " ဟု အမည်ထူးကို မယူဘဲ သာမညဝိကပ္ပနာပြုခဲ့သော် ပြုအပ်၏။

## ညဉ့်ကင်း နေခွင့်။

သမ္မုတိ မရ, ကထိန် မခင်းဘဲ အဝိပ္ပဝါသ သိမ် မရှိရာ အရပ်၌ တိစီဝရိတ် သင်္ကန်း သုံးထည်တို့နှင့် ဘနေ့ တရက်မျှ နှစ်တောင့်ထွာ ဟတ္ထပါသ် ကင်း၍ မနေအပ်၊ သမ္မုတိရမှု ကင်း၍ နေရ၏။ မိမိ ဝါဆိုသော ကျောင်းတွင် ကထိန်ခင်း၍ ကထိန် အာနိသင် ရခဲ့သော် သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှ စ၍ တပေါင်း လပြည့်နေ့ တိုင်အောင် ငါးလ ပတ်လုံး ကင်း၍ နေနိုင်၏။ သမ္မုတိ မရ, ကထိန် မခင်းရသော်လည်း အဝိပ္ပဝါသသိမ် အတွင်းမှာ ဖြစ်ခဲ့ပါလျှင် ကင်း၍ နေရ၏။ နိသိဒ်င် ဆောင်သော ရဟန်းများမှာကား မိုးလေးလ နိသီဒိုင် နှင့် ကင်း၍ မနေရ။ တိစီဝရိတ်ကို ဆောင်သော မန္ဒ ပုဂ္ဂိုလ်များ အတွက် အံသကိုဋ္ဌ်ကို သုံးဆောင်နိုင်၏။ ( ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)။

## အဓိဋ္ဌာန် ကင်းပုံ

အဓိဋ္ဌာန် တင်ရာသည်ကား အမာလွှမ်း သင်္ကန်းမှာ အနာ ငြိမ်းပျောက် ကင်းစင်ခဲ့သော် အဓိဋ္ဌာန် ကင်း၏။ မိုးရေခံ သင်္ကန်းမှာ မိုး လေးလ လွန်ခဲ့ပါလျှင် အဓိဋ္ဌာန် ကင်းသည်။

ရင်းတို့ကို ပစ္စုဒ္ဒိုရ်ပြု(စွန့်)၍ ဝိကပ္ပနာ ပြုထားရမည်၊ ကြွင်းသည့် သင်္ကန်းများမှာ အဓိဋ္ဌာန် ကာလ အပိုင်းအခြား မရှိပေ၊ ခိုးသူ လုယူခံရခြင်း, ခင်မင် တွယ်တာ ငဲ့ကွက်ခြင်း မရှိ၍ စွန့်ပစ်ခြင်း, သို့မဟုတ် စွန့်ကြဲခြင်း, လှူဒါန်းခြင်း, အကျွမ်းဝင်သဖြင့် သူတပါးက ယူသွားခြင်း, လူထွက်ခြင်း, ပစ္စုဒ္ဒိုရ်ပြုခြင်း, သေခြင်း, လိင်ပြန်ခြင်း, သိက္ခာ စွန့်ချခြင်း ဟူသော အကြောင်းရှစ်ပါးတို့တွင် တကြောင်းကြောင်းကြောင့် သင်္ကန်းတိုင်းပင် အဓိဋ္ဌာန် ကင်းသည်၊ တိစီဝရိက်မှာ လက်သည်း ပမာဏ ထုတ်ချင်း လျှိုပေါက် ပေါက်ခဲ့ပါလျှင် အဓိဋ္ဌာန် ကင်း၏။

## မအပ်သော သင်္ကန်းများ။

သမန်းမြက် သင်္ကန်း, လျှော်တေ သင်္ကန်း, ပျဉ်ချပ် သင်္ကန်း, လူ့ဆံပင်, သားရဲမွေးဖြင့် ရက်သော ကမ္ဗလာ သင်္ကန်း, ခင်ပုတ်တောင် သင်္ကန်း, သစ်နက်ရေ သင်္ကန်းတို့ကား မဝတ်ရုံ မသုံးဆောင်အပ်သော သင်္ကန်းများပင်တည်း၊ ၎င်း သင်္ကန်းတို့ကို ဝတ်ရုံ သုံးဆောင်ခဲ့သော် ထုလ္လစ္စဉ်း အာပတ်သင့်၏။

ငှက်ပျောလျှော် သင်္ကန်း, ပိန်းလျှော် သင်္ကန်း, မရိုးလျှော် သင်္ကန်း, သင်ပန်းလျှော် သင်္ကန်း, အလုံးစုံ ညိုသော, မောင်းသော, ရွှေသော, မည်းနက်သော သင်္ကန်း, အလုံးစုံ ဆူးပန်း ဆူးရည် (မဟာရင်္ဂရတ္တ)တို့ဖြင့် ဆိုးသော သင်္ကန်း, အလုံးစုံ ရွားစောင်းကြီး ဆိုးရည် (မဟာနာမရတ္တ)တို့ဖြင့် ဆိုးသော သင်္ကန်း, ဒေါက်ရပ် သစ်ခေါက် ( တိ စိ ဋ္ဌ က ) သစ်ခွံဖြင့် ပြီးသော လျှော်တေခေါ် သစ်ခေါက် သစ်ခွံ သင်္ကန်း, အမြိတ် အဆာ

ရှိသော သင်္ကန်း ၊ သင်ပိုင်း ဦးစွန်း အရစ်တို့ကို ဝတ်ရုံ သုံးဆောင်လျှင် ဒုက္ကဋ် အာပတ်သင့်၏။

## ဝတ်ရုံသင့်သည့် အချိန်ကာလ။

သင်္ကန်းကို ခိုးသွား ပါးပြ စသည်များ လုယူ ခံရသည် ရှိသော် မဝတ်ရုံ မသုံးဆောင်အပ်သော ပုဆိုး အဝတ် ဒသည် မည်သည် မရှိဘဲရှိပြီ၊ အားလုံး တွေ့တွေ့သမျှ ရသည့် အရာ ကိုပင် ဝတ်ဆင် ဖုံးလွှမ်း ထားရလေတော့သည်။ ဝတ်ရုံစရာ မရှိလျှင် သစ်ခက်ကိုပင် ဝတ်ဆင် ဖုံးလွှမ်း ထားရမည်၊ အဝတ်မစီး အချည်းအနှီး ကိုယ်ထည်း ပလာကျင်းကာ အလျင်း မငတ် မရှိဘဲ မနေအပ်ပေ။

## ( ၂ ) ပစ္စုဒ္ဓါရ ပြုပုံ သုံးမျိုး

ရှေးက ရှိဟောင်းဖြစ်သော နှစ်ထပ် ဒုကုဋ် သင်္ကန်းကြီး၊ ကိုယ်ရုံ၊ ကော်သီ၊ ခါးဝတ် သင်းပိုင်တို့ကို အောက်ပါ အတိုင်း ဆိုလျက် အဓိဋ္ဌာန် ချ၍ စွန့်ရ၏။

( ၁ ) ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ၊ (နှစ်ထပ် ဒုကုဋ် သင်္ကန်းကြီး)၊ ဤ နှစ်ထပ် သင်္ကန်းကြီးကို ငါ့ဥစ္စာ ဟု အမှတ် မထား စွန့်လွှတ်၊ အဓိဋ္ဌာန်ချ၊ ပစ္စုဒ္ဓါရ ပြုပါ၏။

( ၂ ) ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ၊ (ကိုယ်ရုံ ကော်သီ)၊ ဤကိုယ်ရုံ ကော်သီကို ငါ့ဥစ္စာ ဟု အမှတ် မထား စွန့်လွှတ်၊ အဓိဋ္ဌာန်ချ၊ ပစ္စုဒ္ဓါရ ပြုပါ၏။

( ၃ ) ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ။ ( ခါးဝတ်

သင်းပိုင်) ဤခါးဝတ် သင်းပိုင်ကို ငါ့ဥစ္စာဟု အမှတ်မထား စွန့်လွှတ်၊ အဓိဋ္ဌာန်ချ၊ ပစ္စုဒ္ဓရိုဏ် ပြုပါ၏။

( မှတ်ချက် ) အဝေးမှာ ရှိသော သင်္ကန်းကို ပစ္စုဒ္ဓရိုဏ် ပြုလိုလျှင် ဣမံ အစား၊ ဧတံကို ပြောင်းလဲ၍ ဆိုရ၏။

## ( ၃ ) အဓိဋ္ဌာန် တင်ပုံ သုံးမျိုး။

အသစ် ဖြစ်သော ကထိန် ခင်းမည့် နှစ်ထပ် ဒုကုဋ် သင်္ကန်းကြီး, ကိုယ်ရုံ ကေသိ, ခါးဝတ်သင်းပိုင်တို့တွင် ခင်းလိုသည့် သင်္ကန်း တထည်ကို အောက်ပါ အတိုင်း ဆို၍ အဓိဋ္ဌာန် တင်ရ၏။

(၁) ဣမံ သံဃာဋိံ အဓိဋ္ဌာမိ၊ ( နှစ်ထပ် ဒုကုဋ် သင်္ကန်းကြီး )။
ဤ ၂-ထပ် သင်္ကန်းကြီးကို ငါ့ဥစ္စာဟု နှလုံးသွင်း ဆောက်တည် အဓိဋ္ဌာန် ပြုပါ၏။

(၂) ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ၊ (ကိုယ်ရုံ ကေသိ)။
ဤ ကိုယ်ရုံ ကေသိကို ငါ့ဥစ္စာဟု နှလုံးသွင်း ဆောက်တည် အဓိဋ္ဌာန် ပြုပါ၏။

(၃) ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ (ခါးဝတ် သင်းပိုင်)။
ဤ ခါးဝတ် သင်းပိုင်ကို ငါ့ဥစ္စာဟု နှလုံးသွင်း ဆောက်တည် အဓိဋ္ဌာန် ပြုပါ၏။

## (၄) ကထိန် ခင်းပုံ (အတ္ထာရ)။

(၁) နှစ်ထပ် ဒုကုဋ် သင်္ကန်းကြီးဖြင့် ကထိန် ခင်းလျှင်

"ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"။
ဤ နှစ်ထပ် သင်္ကန်းကြီးဖြင့် ကထိန်ခင်းပါ၏။
(၂) ကိုယ်ရုံ ဧကသီဖြင့် ကထိန်ခင်းလျှင်"ဣမိနာ ဥတ္တရာ သင်္ဂေန ကထိနံ အတ္ထရာမိ"။
ဤကိုယ်ရုံ ဧကသီဖြင့် ကထိန်ခင်းပါ၏။
(၃) ခါးဝတ် သင်းပိုင်ဖြင့် ကထိန်ခင်းလျှင်၊
"ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ"။ ဤခါးဝတ် သင်းပိုင်ဖြင့် ကထိန်ခင်းပါ၏ ဟုဆို၍ ကထိန်ခင်းခြင်းကို အလျှင် ကြိုတင်၍ သိထားရ၏။ ၎င်းပြင် ဤကဲ့သို့ ကထိန်ခင်းပြီးလျှင် နောက်၌ ပေါ်ပြလတ္တံ့သော ဝမ်းမြောက် ဝမ်းသာ အနုမောဒနာ ပြုရန် တိုက်တွန်းပုံ၊ အနုမောဒနာ ပြုပုံတို့ကို သိအောင် လေ့လာ ထားရမည်။

## ကထိန် ခင်းရန် အစီအစဉ်။

မိုးပေါ်ကျ အလား ကထိန် သင်္ကန်း ဖြစ်ပေါ်လာသည့်အခါ ရှေးဦးစွာ ကထိန်ခင်းမည့် ပုဂ္ဂိုလ်ကို သံဃာက ရွေးချယ် ထားရာ၏။ ထို့နောက် ကထိန် အမေး အဖြေ ပြုလုပ်ပြီးလျှင် ကထိန် ခင်းရာ အရာမ် ကျောင်းတိုက်သည် ဗဒ္ဓသိမ် မဟုတ်၊ ဂါမသိမ် ဖြစ်ခဲ့၍ သံဃာကို အကုန်ပေါင်း ရုံး သိမ်းဆည်းလျက် တပေါင်းတည်း မစုစီး မစည်းဝေးနိုင်လျှင် သိမ်ထည်း၌ စုစီး ပေါင်းရုံးနိုင်ရာ သိမ်တခုသို့ သွား၍ ကထိန် ခင်းမည့် ပုဂ္ဂိုလ်မှ တပါး အနည်းဆုံးအားဖြင့် ၄ ပါး အစရှိသော စတုဝဂ္ဂ သံဃာသည် ကထိန်ခင်းမည့် ပုဂ္ဂိုလ်၏ ရှိရင်းစွဲ ဘွဲ့ အမည်ဖြင့်သော်၎င်း၊ "ဥတ်ကမ္မဝါစာ ဘတ်ရွတ် လွှဲကူ

စိမ့်သော်၄င်း ထိုပုဂ္ဂိုလ်၏ အမည်ဟောင်းကို ဖျောက်၍ တိဿ ဟု အမည် မှည့်ပါ၏။ ကထိန်ခင်းမည့် ပုဂ္ဂိုလ်နှင့် ကမ္မဝါစာ ဘတ်ရွတ်ကြသော ရဟန်းများ, ကာရက သံဃာများက တိဿ ဟူ၍ မှတ်ဇတ်မူကြပါ"ဟု ကထိန်ခင်းမည့် ပုဂ္ဂိုလ်၏ အမည် ကို တိဿဟူ၍ အမည် ပြောင်းလဲပြီး၍ရင်း, အောက်ပါ ဉတ် ကမ္မဝါစာကို ဘတ်ရွတ်ပြီးလျှင် ထိုပုဂ္ဂိုလ်အား ကထိန် သင်္ကန်းကို ပေးရာ၏။

## ကထိန ဒါန ဉတ္တိ ကမ္မဝါစာ။

"သုဏာတု မေ ဘန္တေ သံဃော၊ ဣဒံ သံဃဿ ကထိန စီဝရံ ဥပ္ပန္နံ၊ ယဒိ သံဃဿ ပတ္တကလ္လံ သံဃော ဣမံ ကထိန စီဝရံ(တိဿဿ) ဘိက္ခုနော ဒဒေယျ ကထိနံ အတ္ထရိတုံ၊ ဧသာ ဉတ္တိ"။

"သုဏာတု မေ ဘန္တေ သံဃော၊ ဣဒံ သံဃဿ ကထိန စီဝရံ ဥပ္ပန္နံ၊ သံဃော ဣမံ ကထိန စီဝရံ ( တိဿဿ ) ဘိက္ခုနော ဒေတိ ကထိနံ အတ္ထရိတုံ၊ ယဿာ ယသ္မတော ခမတိ ဣမဿ ကထိန စီဝရဿ(တိဿဿ) ဘိက္ခုနော ဒါနံ ကထိနံ အတ္ထရိတုံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ"။

ဒိန္နံ ဣဒံ သံဃေန ကထိန စီဝရံ(တိဿဿ)ဘိက္ခုနော ကထိနံ အတ္ထရိတုံ၊ ခမတိ သံဃဿ တသ္မာ တုဏှီ ဧဝမေတံ ဓာရယာမိ။

( အနက် ) ဘန္တေ=အရှင်ဘုရားတို့၊ သံဃော=သံဃာ တော်သည်၊ မေ=မမ= အကျွန်ုပ်၏၊ ဝစနံ=စကားကို၊ သုဏာ

တု=နာသော့၊ သံဃဿ=သံဃာအား၊ ဣဒံ ကထိန စီဝရံ= ဤ ကထိန်လျှာ ရည်မှန်း မြတ်သင်္ကန်းသည်၊ဥပ္ပန္နံ=ဖြစ်ပေါ် လာ၏၊ သံဃဿ=သံဃာအား၊ ပတ္တကလ္လံ=လျှောက်ပတ်သော အခါရှိသော ကံသည်၊ ယဒိ သိယာ=အကယ်၍ ဖြစ်အံ့၊ ဧဝံ= ဤသို့ လျှောက်ပတ်သော အခါရှိသော ကံ ဖြစ်သည်၊ သတိ= ရှိသော်၊ သံဃော=သံဃာသည်၊ ဣမံ ကထိန စီဝရံ = ဤ ကထိန်လျှာ ရည်မှန်း မြတ်သင်္ကန်းကို၊ (တိဿဿ=တိဿအမည် ရှိသော)၊ဘိက္ခုနော=ရဟန်းအား၊ ကထိနံ=ကထိန်ကို၊အတ္ထရိတုံ၊ ခင်းခြင်းငှာ၊ ဝါ=ခင်းဘို့ရန်၊ ဒဒေယျ = ပေးရာ၏၊ ဧသာ= ဤသည်ကား၊ ဉတ္တိ=သံဃာကို သိစေခြင်းတည်း။

ဘန္တေ=အရှင်ဘုရားတို့၊ သံဃော=သံဃာတော်သည်၊ မေ= မမ=အကျွန်ုပ်၏၊ ဝစနံ = စကားကို၊ သုဏာတု = နာသော့၊ သံဃဿ=သံဃာတော်အား၊ ဣဒံ ကထိန စီဝရံ = ဤကထိန် လျှာ ရည်မှန်း မြတ်သင်္ကန်းသည်၊ ဥပ္ပန္နံ = ဖြစ်ပေါ်လာ၏၊ သံဃော=သံဃာတော်သည်၊ ဣမံ ကထိန စီဝရံ = ဤကထိန် လျှာ ရည်မှန်း မြတ်သင်္ကန်းကို၊ (တိဿဿ = တိဿ အမည် ရှိသော)၊ဘိက္ခုနော=ရဟန်းအား၊ ကထိနံ=ကထိန်ကို၊အတ္ထရိတုံ ခင်းခြင်းငှာ၊ ဝါ=ခင်းဘို့ရန်၊ ဒေတိ=ပေး၏၊ အာယသ္မတော= ရှည်သော အသက်ရှိသော၊ယဿ=အကြင် ရဟန်းသည်၊ ဣမဿ ကထိန စီဝရဿ = ဤကထိန်လျှာ ရည်မှန်း မြတ်သင်္ကန်းကို၊ (တိဿဿ=တိဿ အမည်ရှိသော)၊ ဘိက္ခုနော = ရဟန်းအား၊ ကထိနံ=ကထိန်ကို၊ အတ္ထရိတုံ=ခင်းခြင်းငှာ၊ ဝါ=ခင်းဘို့ရန်၊ ဒါနံ=ပေးခြင်းကို၊ ခမတိ=နှစ်သက်အပ်၏၊ သော=ထိုနှစ်သက် သော ရဟန်းသည်၊ တုဏှီ=ဆိတ်ဆိတ်နေသည်၊ အဿ=ဖြစ်

ရာ၏၊ ယဿ= အကြင် ရဟန်းသည်၊ နက္ခမတိ= မနှစ်သက်၊ သော=ထို မနှစ်သက်သောရဟန်းသည်၊ ဘာဒေသယျ= ပေးရန် မနှစ်သက်ပါ့,သဘော မတူပါဟု ပြောဆိုရာ၏။

သံဃေန= သံဃာသည်၊ ဣဒံ ကထိန စီဝရံ= ဤကထိန် လျာ ရည်မှန်း မြတ်သင်္ကန်းကို၊ ( တိဿဿ=တိဿ အမည်ရှိ သော)၊ ဘိက္ခုနော= ရဟန်းအား၊ ကထိနံ=ကထိန်ကို။ အတ္ထ ရိတုံ=ခင်းခြင်းငှါ။ ဝါ=ခင်းဘို့ရန်။ ဒိန္နံ=ပေးအပ်၏။ ဝါ= ပေးပြီ။ သံဃဿ= သံဃာသည်။ ယသ္မာ = အကြင်ကြောင့်၊ ခမတိ=နှစ်သက်အပ်၏။ တသ္မာ = ထိုသို့ ပေးရန် နှစ်သက် သဘော တူသောကြောင့်။ တုဏှီ=ဆိတ်ဆိတ် ညိမ်ညိမ် နေ သည် ဖြစ်ရာ၏။ ဧဝံ ဣမိနာ တုဏှီဘာဝေန = ဤသို့ ဘာမျှ မပြော မဆို ဆိတ်ဆိတ် ညိမ်ညိမ် နေသဖြင့်။ ဧတံ= ထိုနှစ်သက် သဘောတူသော အဖြစ်ကို။ ဓာရယာမိ = သိရာ မှတ်ရာ၏။

ဤသို့ ဟောတော်မူအပ်သော ဉတ္တိ ဒုတိယ ကမ္မဝါစာကို မှန်ကန် ပီသ သေချာစွာ ဘာ်ကြား၍ ကထိန်ခင်းမည့် ပုဂ္ဂိုလ် အား ကထိန်လျာ သင်္ကန်းကို သံဃာသည် အညီ အညွှတ် ပေး အပ်၏။ သင်္ကန်း ချုပ်ပြီး မဘုတ်လျှင် ကထိန ဒုဿံ (ကထိန် လျာ အဝတ်ပုဆိုးကို)၊ ကထိန ဒုဿ ဟု ကမ္မဝါစာ၌ ကထိန စီဝရံ၊ ကထိန စီဝရဿ အစား ပြောင်းလဲ ထည့်စွက်ကာ ဘတ် ရွတ်၍ ပေးလေ။ အကယ်၍ ကထိန်ခင်းရာ ကျောင်း၌ ဂိုဏ်းပြည့် လောက်အောင် ပုရိမ ဝါသား ရဟန်း ငါးပါး မရှိခဲ့သော် ထိုကျောင်း၌ ပစ္ဆိမ ဝါသား ရဟန်းများကို ဖြစ်စေ၊ အခြား ကျောင်းက, ဝါမှ ထကုန်သော ရဟန်းများကိုပင် ဖြစ်စေ ပင့်

ခေါ်၍ ဂိုဏ်းပြည့်အောင် ပြုလုပ်ပြီးလျှင် ကမ္မဝါစာ ဘတ်ရွတ်ခါ ထိုပုဂ္ဂိုလ်အား ကထိန် သင်္ကန်းကို ပေးအပ်၏။

ဤကဲ့သို့ ကမ္မဝါစာ ဘတ်ရွတ်၍ ကထိန်လျှာ သင်္ကန်းကို ပေးပြီးသည့် နောက်ကာလ ထိုကထိန် ခင်းသော ပုဂ္ဂိုလ်သည် မိမိ ခင်းလိုရာ အရပ်သို့ ထိုဥတ်သင်္ကန်းကို ယူခဲ့ပြီးလျှင် ထိုနေရာ၌ ဆောင့်ကြောင့် ထိုင်နေ၍ ကထိန် ခင်းရန် ဥတ်သင်္ကန်းသည် နှစ်ထပ် ဒုကုဋ် သင်္ကန်းကြီး ဖြစ်ခဲ့သော် ရှေးက မိမိထံမှာ ရှိဟောင်း နှစ်ထပ် သင်္ကန်းကြီးကို မိမိ အနီးမှာ ရှိလျှင် "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ" ၊ကိုယ်ရုံ ကော်သီ ဖြစ်ခဲ့သော် "ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ"၊ ခါးဝတ် သင်းပိုင် ဖြစ်ခဲ့သော် "ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ"၊ ( ဤနှစ်ထပ် ဒုကုဋ် သင်္ကန်းကြီးကို၊ ဤကိုယ်ရုံ ကော်သီ သင်္ကန်းကို၊ ဤအတွင်း ခါးဝတ် သင်းပိုင်ကို ပစ္စုဒ္ဓိုရ်ပြုပါ၏၊ စွန့်ပါ၏၊ အဓိဋ္ဌာန် ချပါ၏၊)ဟု ဆို၍ စွန့်ရာ၏။(အဝေးမှာ သင်္ကန်းများ ရှိလျှင် ဣမံ အစား ဧတံဟု ပြောင်း၍ ဆိုသေ)၊ သံဃာဋိ အမည်ဖြင့် အဓိဋ္ဌာန် တင်ထားသော ရှေးယခင်က ဒုကုဋ် (နှစ်ထပ်) သင်္ကန်းကြီး မရှိလျှင် ပရိက္ခာရ စောဠ တင်ထားခဲ့သော်လည်း ပစ္စုဒ္ဓိုရ် ပြုဘွယ်, (စွန့်ဘွယ်, အဓိဋ္ဌာန်ချဘွယ်) မရှိပြီ။

ဤကဲ့သို့ အဓိဋ္ဌာန် စွန့်ပြီးသော် ကထိန် ခင်းရမည့် သင်္ကန်းကို ဥဒေါင်း မျက်လုံး ပမာဏ, သို့မဟုတ် ကြမ်းပိုး ကျောက်ကုန်း ပမာဏ အလယ်၌ ပကတိ သင်္ကန်း၏ အဆင်း အဒရောင် မသင်စေဘဲ တခဲနက် အဆင်း အရောင်ကို ပျက်စေ၍ "ကပ္ပဗိန္ဒုံ ကရောမိ" (အပ်အောင် အစက် အပြောက် ပြုလုပ်ပါ၏) ဟုဆို၍ ကပ္ပဗိန္ဒု ထိုးရာ၏။ ဤကပ္ပဗိန္ဒု ထိုးရာ၌ ဥဒေါင်း မျက်

လုံး, ကြွမ်းပိုး ကျောက်ကုန်း ပမာဏ အရပ်ကို တခဲနက် အဆင်း အရောင် မပျက်စေမူ၍ နန်းတွင်းသူ မောင်းမတို့၏ မျက်ရေး ကွက်သကဲ့သို့ ဗိန္ဒုလက္ခဏာ (အစက် အပြောက် အမှတ် အသား) မရောက် ပြုလုပ်ခါ သာမည စတိ ကလေး သာ ဖြစ်အောင် မသိုးရ၊ သိသာ ထင်ရှား ပကတိ သင်္ကန်း၏ အရောင် အဆင်းများ ဖျက်ခါ တခဲနက် အဆင်းအရောင် ပျက် ပြယ် သွားအောင် ကပ္ပဗိန္ဒု ထိုးရာ၏။

ဤကဲ့သို့ အဓိဋ္ဌာန် စွန့်ပြီး, ကပ္ပဗိန္ဒု ထိုးပြီးသော် ကထိန် ခင်းမည့် ဥတ်သင်္ကန်းကို ဒုကုဋ္ဌ် နှင်ထပ် သင်္ကန်းကြီး ဖြစ်ခဲ့သော် "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" ၊ကိုယ်ရုံ အပေါ်ဝတ် ကော်သီ ဖြစ် ခဲ့သော် "ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ"၊ အတွင်း ခါးဝတ် သင်းပိုင် ဖြစ်ခဲ့သော် "ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ" (ဤနှစ် ထပ် သင်္ကန်းကြီးကို၊ ဤကိုယ်ရုံ ကော်သီကို၊ ဤခါးဝတ် သင်း ပိုင်ကို၊ ငါ့ဥစ္စာဟု အမှတ်ပြုရန် အဓိဋ္ဌာန်တင်ပါ၏၊)ဟု မြွက် ဆို၍ အဓိဋ္ဌာန် တင်ရာ၏။ (အပေါက် ကြီးငယ်တို့ဖြင့် ဟောင်း ညစ် ဆိုးဝ း သင်္ကန်း ပါးရှား နွမ်းရိသော ရဟန်းအား အဓိ ဋ္ဌာန် တင်ထားသော သင်္ကန်း မရှိခဲ့လျှင် ကထိန်ခင်းမည့် သင်္ကန်းသစ်ကို အဓိဋ္ဌာန် တင်ခြင်းကို ပြုရာ၏။)

ဤကဲ့သို့ ပုဗ္ဗကိစ္စ ဟူသမျှကို ပြုလုပ်ပြီး၍ ကထိန် သင်္ကန်း ကို အဓိဋ္ဌာန် တင်ပြီးလျှင် ကထိန်ဥတ် သင်္ကန်းသည် ဒုကုဋ္ဌ် ဖြစ် လျှင် "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"၊ကော်သီ ဖြစ် ခဲ့လျှင် ဣမိနာ ဥတ္တာရာ သင်္ဂေန ကထိနံ အတ္ထရာမိ၊ သင်းပိုင် ဖြစ်ခဲ့လျှင် "ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ"၊ (ဤနှစ်ထပ် ဒုကုဋ္ဌ် သင်္ကန်းကြီးဖြင့် ကထိန်ခင်းပါ၏၊ ဤကိုယ်ရုံ

ကော်သီဖြင့် ကထိန်ခင်းပါ၏။ ဤခါးဝတ် သင်္ကန်းဖြင့် ကထိန်ခင်းပါ၏။)ဟု သုံးကြိမ်တိုင် နှုတ်က မြွက်ဆို၍ ခင်းရာ၏။(သိမ်အပြင်မှာလည်း ခင်းရ၏၊ ဝါဆိုခေတ်အတွင်း ဝါအိုတူရာ ကျောင်းတိုက်, ကျောင်းဥပစာ အတွင်းရှိ တန်ဆောင်း မဏ္ဍပ ပရိသတ် အလယ်မှာလည်း ခင်းနိုင်၏။)နှုတ်က မမြွက်ဆို မပြောကြားဘဲ ကိုယ်အမူအရာ သက်သက်မျှ ပြုခြင်းဖြင့် ကထိန်ခင်းခြင်းသည် ကထိန်ခင်းရာ မရောက်၊ကထိန်ခင်း အထ မမြောက်ပေ။ ထိုသို့ မြွက်ဆို၍ ကထိန် ခင်းပြီးသော ပုဂ္ဂိုလ်မှာ ကထိန်ခင်းခြင်း ပြီးမြောက်သွားပေပြီ၊ သို့ရာတွင် ကျောင်းတွင်း,တိုက်တွင်းရှိ ပရိမ ဝါဆို သံဃာများမှာ ကထိန် အခင်း မပြီးမြောက်ကြသေးပေ။

## အနုမောဒနာ ပြုရန် တိုက်တွန်းပုံ။

ဤကဲ့သို့ ကထိန် ခင်းပြီးလျှင် သံဃာသို့ ချဉ်းကပ်၍ မထေရ်ယ်ဖြစ်ခဲ့လျှင် လက်ကန်တော့ စံပယ်တင်သဖြင့် ဆောင့်ကြောင့်ထိုင်လျက် လက်အုပ် ချီပြီးလျှင် "အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ။

(အရှင်ဘုရားတို့ သံဃာသည် ကထိန် ခင်းအပ်ပါပြီ ဘုရား နှင့် ညီလျော်သော ကထိန် ခင်းခြင်းကို အရှင်ဘုရားတို့သည် ဝမ်းမြောက်တော်မူကြပါကုန်လော့၊ အနုမောဒနာ ပြုကြပါကုန်လော့၊)ဟု သုံးခေါက်ဆို၍ သံဃာတို့ကို ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုစေရန် တိုက်တွန်းအပ်၏၊မထေရ်ကြီးဖြစ်လျှင် လက်ကန်တော့ စံပယ်တင်၍ ဆောင့်ကြောင့် ထိုင်လျက် ဘန္တေ အစား, အာဝုသောဟု ပြောင်းလဲ ထည့်၍ သုံး

ကြိမ် ဆိုကာ ဝမ်းမြောက် ဝမ်းသာ အနုမောဒနာ ပြုစေရာ၏။

## အနုမောဒနာ ပြုပုံ။

ကထိန် ခင်းသည့် ကျောင်းတိုက်တွင်းရှိ ပုရိမ် ဝါဆိုကြသော သံဃာတော်တို့က မထေရ်ငယ်များ ဖြစ်လျှင် လက်ကန်တော့ စံပယ်တင်ကာ ဆောင့်ကြောင့်ထိုင် လက်အုပ် ချီကြပြီးလျှင်...

"အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ"။

(အရှင်ဘုရား သံဃာသည် ကထိန် ခင်းအပ်ပါပြီ၊ တရားနှင့် လျော်သော ကထိန် ခင်းခြင်းကို အကျွန်ုပ်တို့ ဝမ်းမြောက် ဝမ်းသာ အနုမောဒနာ ပြုကြပါကုန်၏၊)ဟူ၍ သုံးကြိမ် သုံးခါ ဝမ်းမြောက် ဝမ်းသာ အနုမောဒနာ ပြုကြရာ၏။ မထေရ်ကြီး ဖြစ်လျှင် ဘန္တေ နေရာ၌ အာဝုသော၊ တပါးတည်း ဆိုလျှင် အနုမောဒါမ နေရာ၌ အနုမောဒါမိ ဟူ၍ ပြောင်းလွှဲလျက် ဆိုလေ၊

ဤကဲ့သို့ ဝမ်းမြောက် ဝမ်းသာ အနုမောဒနာ ပြုကြပြီးသည့်ကာလ ကထိန်ခင်းသော ပုဂ္ဂိုလ် တပါးတည်းသာ ကထိန်အခင်းအထမြောက် အောင်မြင်သည် မဟုတ်၊ ဝမ်းမြောက် ဝမ်းသာ အနုမောဒနာ ပြုကြသော ဂိုဏ်းသံဃာ အားလုံးတို့မှာလည်း ကထိန်ခင်း အထမြောက် အောင်မြင်၍ အာနိသင် ငါးပါးတို့ကို ခင်းသူနှင့် ညီတူညီမျှ ရရှိ ခံစားကြရကုန်တော့၏။ ထို ကထိန်ခင်းသော ပုဂ္ဂိုလ်နှင့် အနုမောဒနာပြုကြသော ရဟန်းသာမဏေ

အားလုံးတို့သည် သာလျှင် ကထိန်၏ အာနိသင်တို့ကို ရထိုက်, ခံစားထိုက်ကြသည် အားလျော်စွာ သာမဏေမှာ တတ္တစီရပ္ပါဒ တပါး၊ ရဟန်းမှာ အာနိသင် ငါးပါးစုံ အကုန် ခံစားထိုက်, ရထိုက်ကုန်၏။

## • အာနိသင် မခံစားထိုက်သူ။

ဝါဆိုလပြည့်ကျော်(၁)ရက်နေ့၊ ဝါကြီးထပ်သော နှစ်ဖြစ်လျှင် ဒုတိယ ဝါဆိုလပြည့်ကျော် ( ၁ ) ရက်နေ့၌ ပုရိမဝါ မကပ်သော, သို့မဟုတ် ပုရိမဝါ ပြတ်သော ရဟန်း,သာမဏေ၊ ဝါပင် မပြတ်သော်လည်း နှုတ်မြွက်ဆို၍ အနုမောဒနာ အလျှင်း မပြု၊ အနုမောဒနာ ပြုပင် ပြုပါသော်လည်း သူတပါး ကြားသိအောင် မပြုသော ရဟန်း,သာမဏေ၊ ဥပစာရ သိမ်တွင်း၌ မတည်မူ၍ အနုမောဒနာ ပြုသော ရဟန်း,သာမဏေ သိက္ခာ သီလ ပျက်စီး၍ လက်နီးဝတ် အသင်မျှ (လိင်္ဂမတ္တ)သာ ကြွင်းကျန်သော ရဟန်း,သာမဏေ၊ အခြား တပါးသော ကျောင်းတိုက်မှ ပုရိမ်ဝါ ထခဲ့သော ရဟန်း, သာမဏေ၊ ဤသူတို့သည် အာနိသင်တို့ကို မရထိုက်ကုန်။

## ကထိန် မခင်းထိုက်သော ကျောင်း။

ပုရိမ ဝါဆိုသော ကျောင်းမှ အခြား ကျောင်းသို့ သွား၍ ကထိန် မခင်းထိုက်ကုန်၊ ဥပစာရ သိမ် တခုတည်း၌ ဝါဆိုသက်နီး လာဘ်လာဘ တူသော ကျောင်းများစွာ ရှိကုန်ငြားအံ့၊ ထို ရဟန်း အားလုံးတို့ကို စည်းဝေး စေ၍ တခုသော နေရာ၌ ကထိန်ခင်းအပ်၏၊ အသီးသီး ခင်းခြင်းငှါ မအပ်။

## ကျောင်း၏ ပြင်ပ၌ ကထိန်သင်္ကန်း ကပ်ပုံ။

အမှတ်မရှိသော အရပ်တွင်း အရပ် အပ၌ နေ၍ ကျောင်း တကျောင်းကို ရည်စူး သုံးသပ် အမည်တပ်၍ ( ဣမံ ကထိန စီဝရံ အသုကဝိဟာရေ သံဃဿ ဒေမ၊)ဤ"ကထိန်လျာ သင်္ကန်း ကို ဤအမည်ရှိသော ကျောင်းက သံဃာအား လှူဒါန်းပါ၏" ဟု ဆို၍ ကထိန်လှူအံ့၊ ထိုသင်္ကန်းသည် အခြား တပါးသော ကျောင်းသို့ ရောက်သော်လည်း အခြား တပါးသော ကျောင်း၌ သံဃိက မဖြစ်၊ ထိုအမည်တပ် ရည်စူး သုံးသပ်သော ကျောင်း ၌သာ သံဃိက ဖြစ်၍ ကထိန်ခင်းအပ်၏။

ဝိနည်း သံဃိကသည် သုတ္တန် သံဃိကမှ ထူးခြားသော နည်းရှိ၏၊ အရပ် အပ၌ နေ၍ ကျောင်းကို အမည်တပ် မသုံး သပ်ဘဲ ( ဣမံ ကထိနစီဝရံ သံဃဿ ဒေမ၊) "ဤကထိန်လျာ သင်္ကန်းကို သံဃာအား လှူဒါန်းပါ၏"ဟု ဆို၍ လှူဒါန်းငြား အံ့၊ ထိုသင်္ကန်းကား သွင်းယူ သွားရာ ကျောင်း၌ သံဃိက ဖြစ်၏၊ ထိုကျောင်း၌ ထိုသင်္ကန်းဖြင့် ကထိန် ခင်းလိုလျှင် ကထိန်ခင်းအပ်၏၊ ထိုကျောင်း၌ ကထိန်ခင်းခြင်း, ဝေဘန်ခြင်း မပြုမူ၍ အခြား တကျောင်းသို့ ပြောင်းရွှေ့ ယူပြန်အံ့၊ ထို ရောက်ရာ ကျောင်း၌ သံဃိက ဖြစ်၍ ကထိန် ခင်းလိုလျှင် ကထိန် ခင်းအပ်၏၊ ကထိန် မခင်းလျှင် ရောက်ရာ ကျောင်း၌ သံဃိက ဖြစ်၏။

## ခွဲခြမ်း ဝေဘန်ပုံ။

ကထိန်ခင်းသော သင်္ကန်း တထည်သာလျှင် (ကထိနစီဝရ)

ကထိန်သင်္ကန်း မည်၏၊ကြွင်းကျန်သော အဝတ် သင်္ကန်းတို့သည် ကထိန် အာနိသင် အရံ သင်္ကန်းဟု မည်ကုန်၏။ ၎င်းပြင် ကထိန် ခင်းသော နေ့၌ လှူဒါန်းသော သင်္ကန်းမှ စ၍ ကထိန်နှုတ်သည် တိုင်အောင် ဖြစ်သော သံဃိက သင်္ကန်းများလည်း ကထိန် အာနိသင် သင်္ကန်းတို့သာ ဖြစ်ကုန်၏၊ ကထိန်ခင်းပြီးသည်ရှိသော် ကထိန်သင်္ကန်းနှင့်အတူ ဆောင်ယူလာသော ကထိန် အာနိသင် အရံ သင်္ကန်း တို့ကို ကထိန် အလှူရှင်များက ကထိန် ခံသော ရဟန်းအားသာ လှူဒါန်းပါ၏ဟု ဆိုခဲ့သော် ထို ကထိန် အာ နိသင် အရံ သင်္ကန်းတို့ကို သံဃာသည် အစိုးမရ၊ သံဃာ မပိုင် မဆိုင်၊ ဤကဲ့သို့ မနေပြောဆို မစီစဉ်ဘဲ လှူဒါန်း သွားငြားအံ့ သံဃာသည် အစိုးရ၏၊ သံဃာ ပိုင်ဆိုင်၏။

ထို့ကြောင့် အကယ်၍ ကထိန်ခင်းသော (ကထိန်ခံသော) ရဟန်းအား ကထိန်ခင်းသော သင်္ကန်း တထည်မှ တပါး ကြွင်း ကျန်သော သင်္ကန်းများသည်လည်း ကောင်းညစ် နွမ်းရိ ဆိုး ရွားသော (ဒုဗ္ဗလ)သင်္ကန်းများ ဖြစ်နေခဲ့ငြားအံ့၊ သံဃာသည် ပန်ကြား၍ ထိုသင်္ကန်းတို့ အလို့ငှါလည်း အဝတ် သင်္ကန်းတို့ကို ထို ကထိန်ခံသော ရဟန်းအား ပေးအပ်၏၊ ဤကဲ့သို့ ကထိန် သင်္ကန်းမှ ကြွင်းသော သင်္ကန်းတို့ကို ပေးရာ၌ ကထိန်သင်္ကန်းကို ကမ္မဝါစာဖြင့် ဖတ်ရွတ်၍ ပေးသကဲ့သို့ ကမ္မဝါစာဖြင့် ဖတ်ရွတ် ၍ ပေးရန် မလို၊ ပန်ကြား၍သာ ပေးအပ်၏၊

ကထိန်သင်္ကန်း အခြံအရံပြု၍ ဆောင်ယူခဲ့သော ပစ္စည်း တို့ကို ပိုင်းခြား ခွဲခြမ်း စီရင် လှူဒါန်းခြင်းကို မပြုမူ၍ သံဃိက အဖြစ်ဖြင့် သာမည လှူဒါန်းအပ်သော ဂရုဘဏ်, လဟုဘဏ်

ပစ္စည်း အရပ်ရပ်တို့တွင် ဂရုဘဏ် ပစ္စည်း ဖြစ်ခဲ့လျှင် မခဝတန် အပ်၊ ခွဲခြမ်း၍ မယူသင့်။

ကထိန်သင်္ကန်းမှ ကြွင်းကျန်သော အာနိသင် အခြံအရံ သင်္ကန်းများတွင် ကောင်းမွန် ခိုင်ခန့် ချောမွေ့သော ဗလဝဝတ္ထု အဝတ်သင်္ကန်းတို့ကို ဝါဆိုသင်္ကန်း ပေးရန် ရပ်တန့် ထား၍ မရသေးသော အောက်ရဟန်းမှ စလျက် အစဉ်အတိုင်း ခွဲဝေ ပေးအပ်ကုန်၏။ ထိုကဲ့သို့ ဝါဆိုသင်္ကန်းပေးခြင်း ရပ်တန့် ထားမှု အစဉ် မရှိခဲ့လျှင် မထေရ်ကြီး နေရာမှ စ၍ လဟုဘဏ် ပစ္စည်း တို့ကို ဝေတန် ခွဲခြားလျက် ပေးဝေအပ်ကုန်၏၊ ဤ စကားကို ထောက်ထားလျက် အရံ သင်္ကန်းများကို မချ၍ ဝေဘန် ခွဲယူ ခြင်းငှါ မသင့်သကဲ့သို့ ထင်ရှား၏။

သာမဏေတို့အားလည်း ရဟန်းတို့နှင့် အတူ ညီမျှအောင် သမဘာဂ ပြုလုပ်၍ ပေးအပ်၏၊ အကာလ သင်္ကန်းကိုကား သံဃာ၏ ကိစ္စကို မဆောင်ရွက် မပြုလုပ်ဘဲ မိမိ၏ ကိစ္စ, မိမိ ဆရာ၏ ကိစ္စလောက်ကိုသာ ပြုလုပ် ရွက်ဆောင်သော သာမဏေ တို့အားသာ ထက်ဝက် ပေးအပ်၏။

ဝေဘန် ခွဲခြမ်းထိုက်သော လဟုဘဏ် ပစ္စည်းရပ်များကို အာနိသင် မရထိုက်သော သူတို့အား ပေးလို့, ရစေလိုလျှင် အဝတ် သင်္ကန်း ဖြစ်ခဲ့သော် သံဃာကို ပန်ကြား၍ ပေးရာ၏၊ အဝတ် သင်္ကန်းမှ တပါး အခြား လဟုဘဏ် ပစ္စည်းတို့ကိုကား **အာနိသင်** ငါးပါးမှ လွတ်ခဲ့၍ ပန်ကြားဘွယ်မရှိ၊ မျက်မှောက် ရှိသော (သမုခိဘူတ) သံဃာ၏ အဖြစ်ဖြင့် ထိုသူတို့သည်လည်း ရထိုက်ခဲ့ရကား တရားသဖြင့် ခွဲဝေ ပေးရာ၏။

အကြောင်းသော်ကား ယောစတတ္ထစီဝရုပ္ပါဒ, အကျိုးကို

ဟောသောကြောင့် ကထိန်ခင်းသူတို့သည် အဝတ် သင်္ကန်းကို သာ အစိုးရကုန်၏၊ ကြွင်းသော ပစ္စည်း လာဘ်တို့ကိုကား ဥပ စာရ သိမ်တွင်းရှိ သံဃာအားလုံး ဆက်ဆံသောကြောင့် ဖြစ်၏။

ဒါယကာ, ဒါယိကာမတို့က အခြား ကျောင်း,တိုက်တာမှ သူတို့ ကြည်ညိုရာ ပုဂ္ဂိုလ်များကို ပင့်လိုလျှင်လည်း ပင့်စေရ ပါ၏၊ မျက်နှာသုတ်ပုဝါမှ စ၍ အလုံးစုံသော သင်္ကန်း အထည် တို့ကို သံဃိက အနေနှင့်ချည်း လှူကြသော် အနုမောဒနာ ပြုသော ထိုကထိန်ခင်း ကျောင်း, တိုက်တာ သံဃာများသာ ရ၏၊ ဒါယကာတို့က အခြား တိုက်တာမှ ပင့်သံဃာများကို အသီးအခြား ပြု၍ ထားသော သင်္ကန်းများ ဖြစ်ခဲ့လျှင် သူတို့ အလိုရှိရာ လှူရာ၏။

ဤကဲ့သို့ သီးခြားပြု၍ မထားခဲ့သော် အခြားတပါးသော ကျောင်း၌ ဝါကျွတ်သော ရဟန်းသည် တပါးသော ကျောင်း၌ သင်္ကန်း အတို့ ဝေစုကို မသာယာအပ်၊သာယာငြားအံ့ ဒုက္ကဋ်။ ယူပြီးသော သင်္ကန်းတို့ကို ယူရာ ဌာန၌ ပြန်ပေး အပ်ကုန်၏။ ပျောက်ပျက်လျှင် အစား ပေးထိုက်၏၊ပေးပါဟု တောင်းလျက် မပေးဘဲ ဝန်ချလျှင် ဘဏ္ဍာခိုးဖြင့် ဒုက္ကဋ်, ထုလ္လစ္စည်း, ပါရာ ဇိကကို ထိုက်သည်အားလျော်စွာ ဆုံးဖြတ်အပ်၏။

## ကာလ သင်္ကန်း။

ကထိန် မခင်းခဲ့သော် သီတင်းကျွတ် လပြည့်ကျော် (၁) ရက်နေ့မှ စ၍ တန်ဆောင်မုန်း လပြည့်နေ့ အထိ တသကို "သင်္ကန်းကာလ"ဟု ခေါ်ဆိုရ၏၊ ကထိန် ခင်းခဲ့သော် သီတင်း ကျွတ် လပြည့်ကျော်(၁)ရက်နေ့မှ စ၍ တပေါင်း လပြည့်နေ့

အထိ ငါးလကိုလည်း "သင်္ကန်းကာလ" ဟူ၍ပင် ခေါ်ဆိုရ၏။ ထိုသင်္ကန်းကာလ၌ ဖြစ်ပေါ် ရရှိလာသော သင်္ကန်းများကို "ကာလသင်္ကန်းများ"ဟု ခေါ်ဆိုရသည်။

ထို"ကာလသင်္ကန်း"များကို ကထိန် မခင်းခဲ့သော် ပြဆိုခဲ့ပြီးသော တလ အတွင်း"ကထိန် ခင်းခဲ့သော် ပြဆိုခဲ့ပြီးသော ငါးလအတွင်း အဓိဋ္ဌာန် မတင်၊ ဝိကပ္ပနာမပြုဘဲ ထားနိုင်ခွင့်"သုံးဆောင်နိုင်ခွင့် ရှိ၏။ "ဤကာလသင်္ကန်း"ဖြင့် ကထိန်ခင်းထိုက်၊ မခင်းထိုက်ကို စိစစ်ရန် မလို။ "ကာလသင်္ကန်း"များကို ခွဲခြားဝေဘန်သော အခါ "အကာလသင်္ကန်း" များကဲ့သို့ မခွဲခြား မဝေဘန်သင့်သည်ကိုသာ သတိထား မှတ်သားရမည်။

## အကာလ သင်္ကန်း။

ကထိန် မခင်းခဲ့သော် တန်ဆောင်မုန်း လပြည့်ကျော် (၁) ရက်နေ့မှ စ၍ သီတင်းကျွတ် လပြည့်နေ့ အထိ"ပေါင်း တဆယ့်တလ"ကို "အကာလ" ဟု ခေါ်ဆိုရ၏။ ကထိန် ခင်းခဲ့သော် "တပေါင်း လပြည့်ကျော် တရက်နေ့မှစ၍ သီတင်းကျွတ် လပြည့်နေ့ အထိ" ခုနစ်လကိုလည်း "အကာလ"ဟူ၍ပင် ခေါ်ဆိုရ၏။

ဤပြဆိုခဲ့ပြီးသော (၁၁)လ၊ သို့မဟုတ်( ၇ )လ အတွင်း၌ ဖြစ်ပေါ် ရရှိလာသော သင်္ကန်းများကို သင်္ကန်းကာလ မဟုတ်သော အခါ၌ ဖြစ်ပေါ်လာသောကြောင့် "အကာလ သင်္ကန်းအစစ်"ဟု ခေါ်ဆိုရ၏။ ၎င်းပြင် သင်္ကန်းကာလ အတွင်း၌ လှူဒါန်းအပ်သော သင်္ကန်းပင် ဖြစ်သော်လည်း လှူဒါန်းသူက "အကာလ သင်္ကန်း"ပါဟု ရည်မှန်း ပြောဆို၍ သံဃာအား လှူဒါန်းသော သင်္ကန်း ဖြစ်ခဲ့သော်ငြား၊ ပုဂ္ဂိုလ်ကို ရည်မှတ်

ပိုင်းခြား၍ လှူဒါန်းသော သင်္ကန်း ဖြစ်ခဲ့သော်ငြား၊ ဤကဲ့သို့ ရည်မှတ် ပိုင်းခြား၍ လှူဒါန်းသော "အကာလ သင်္ကန်း" ပုဂ္ဂိုလ်ကို ရည်မှတ် ပိုင်းခြား၍ ပုဂ္ဂလိကဝိဇ္ဇာန် ပုဂ္ဂိုလ်စွဲ လှူဒါန်းသော ပုဂ္ဂလိက သင်္ကန်းများသည် "အကာလ သင်္ကန်း အတုများ" ဟု ခေါ်ဆိုရ၏။ ဤအစစ် အတုဖြစ်သော "အကာလ သင်္ကန်း" များကို အာဝိဇ္ဇာန်သော်လည်း တင်ထားရမည်။ သို့မဟုတ် ဝိကပ္ပနာသော်လည်း ပြုထားရမည်။ ၎င်းပြင် ဤ "အကာလ သင်္ကန်း" များကို "ကာလ သင်္ကန်း" များကို ခွဲခြား ဝေဘန် သကဲ့သို့ ခွဲခြား ဝေဘန်ခြင်းကို မပြုလုပ်ရ။

ဤ "ကာလ သင်္ကန်း" "အကာလ သင်္ကန်း" နှစ်မျိုးတို့ကို ခွဲခြား ပြဆိုခြင်းသည် "ဤရဟန်း ပိုင်ဆိုင်ခွင့် ရ-မရ၊ ပိုင်ဆိုင်ခွင့် ရခဲ့သော် ဘယ်နည်း ဘယ်ပုံ ခွဲဝေယူလျှင် သင့်လျော်သည်ကိုသာ" ပြဆိုခြင်း ဖြစ်သည်၊ ဆိုခဲ့ပြီးသော "ကာလ သင်္ကန်း" "အကာလ သင်္ကန်း" တို့ဖြင့် ကထိန် ခင်းသင့်၊ မခင်းသင့်ကို စိစစ် တွေးတော ကြံဆရန် မလိုပေ။

## (၅) မာတိကာ ရှစ်ပါး။

ကထိန် ခင်းသော ပုဂ္ဂိုလ်သည် အောက်ပါ မာတိကာ ရှစ်ပါးတို့ကို သိရှိအောင် ပြုလုပ် သင်ယူ ထားရ၏။

### ပက္ကမနန္တိက ကထိန်နှုတ်ခြင်း။

( ၁ ) ဤပုရိမဝါဆိုရာ ဖြစ်သော ကျောင်းသို့ နောက်ထပ် တဘန်မပြန်လာတော့အံ့ ဟူ၍ စိတ်နှလုံးသွင်းထားခြင်းဖြင့် ချုပ်ပြီး၊ ဆိုးပြီးသော သင်္ကန်းကို ယူ၍ အရပ်တပါးသို့ ဖဲသွားသော ရဟန်းအား ဖြစ်သော ကထိန်နှုတ်ခြင်းသည် ကျောင်းမှ

ထွက်ခွာ ဖဲသွားခြင်းလျှင် အဆုံးရှိသော(ပက္ကမနန္တိက) ကထိန်နှုတ်ခြင်းမည်၏။ ဤထွက်ခွာ ဖဲသွားခြင်း အဆုံးရှိသော(ပက္ကမနန္တိက) ကထိန်နှုတ်ခြင်း၌ သင်္ကန်းအတွက် ငံ့ကွက် တွယ်တာမှု( စီဝရ ပလိဗောဓ ) သည် ရှေးဦးစွာ ပြတ်စဲ၍ နေရာထိုင်ခင်းအတွက် ငံ့ကွက် တွယ်တာ ကြောင့်ကြမှု (အာဝါသ ပလိဗောဓ)သည် နောက်မှ ပြတ်စဲ၏။

နိဋ္ဌာနန္တိက ကထိန်နှုတ်ခြင်း။

( ၂ ) ချုပ်ခြင်း, ဆိုးခြင်း အမှုကို မပြုရသေးသော မိမိ၏ အဘို့ဖြစ်သော အဝတ် အထည် ပုဆိုး သင်္ကန်းကို ယူ၍ ထွက်ခွာ ဖဲသွားပြီးသည့် နောက်, အခြား တပါးသော ကျောင်းသို့ ရောက်မှ ကျောင်း နေရာ ထိုင်ခင်း ချမ်းသာမှု ( အာဝါသ ဖါသုက )၊ အပေါင်း အဖော်နှင့် ပြည့်စုံခြင်း ( သဟာယ သမ္ပတ္တိ ) ကို တွေ့မြင်ရ၍ ဤကျောင်းတွင်ပင် သင်္ကန်း ချုပ်လုပ်တော့မည်၊ နေခဲ့ရင်း ကျောင်းသို့ ပြန်မသွားတော့ပြီ ဟူသော စိတ်နှလုံးထားဖြင့် သင်္ကန်း ချုပ်လုပ် ပြီးစဖြစ်သော ရဟန်းအား ဖြစ်သော ကထိန်နှုတ်ခြင်းသည် သင်္ကန်းပြီးဆုံးခြင်း အဆုံးရှိသော(နိဋ္ဌာနန္တိက)ကထိန်နှုတ်ခြင်းမည်၏။ ဤသင်္ကန်း ပြီးစီးခြင်း အဆုံးရှိသော( နိဋ္ဌာနန္တိက )ကထိန်နှုတ်ခြင်း၌ ကျောင်း နေရာ ထိုင်ခင်း အတွက် ငံ့ကွက် တွယ်တာကြောင့်ကြမှု( အာဝါသ ပလိဗောဓ) သည် ရှေးဦးစွာ ပြတ်စဲ၍ သင်္ကန်းအတွက် ငံ့ကွက် တွယ်တာ ကြောင့်ကြမှု (စီဝရပလိဗောဓ)သည် နောက်မှ ပြတ်စဲ၏။

သံနိဋ္ဌာနန္တိက ကထိန်နှုတ်ခြင်း။

(၃) မချုပ် မလုပ်ရသေးသော သင်္ကန်းကို ယူ၍ ထွက်ခွာ

ဖဲ့သွားပြီးသည့် နောက်, အခြား တပါးသော ကျောင်းသို့ ရောက်မှ"သင်္ကန်းကိုလည်း မချုပ် မလုပ်တော့ပြီ၊ နေခဲ့ရင်း ကျောင်းသို့လည်း မပြန်တော့ပြီ"ဟု အောက်မေ့ ကြံစည်သော ရဟန်းအား ဖြစ်သော ကထိန် နုတ်ခြင်းသည် စိတ်နှလုံး ဒုံးဒုံး ချ, စိတ်ဆုံးဖြတ်ချက် ချခြင်း အဆုံးရှိသော(သံနိဋ္ဌာနန္တိက) ကထိန်နုတ်ခြင်းမည်၏။ ဤကဲ့သို့ နုတ်ခြင်း၌ ကြောင့်ကြမှု (ပလိဗောဓ)နှစ်ပါးစလုံး မရှေးမနှောင်း တပြိုင်နက် ပြတ်စဲ၏၊

နာသနန္တိက ကထိန် နုတ်ခြင်း။

(၄) မချုပ် မလုပ်ရသေးသော သင်္ကန်းကို ယူ၍ နေခဲ့ရင်း ကျောင်းမှ ထွက်ခွါ ဖဲ့သွားပြီးသည့်နောက်,အခြားကျောင်းသို့ ရောက်မှ နေခဲ့ရင်း ကျောင်းသို့ မပြန်တော့ပြီ ဟူသော စိတ်နှလုံး ထားခြင်းဖြင့် သင်္ကန်းကို ချုပ်လုပ် နေစဉ်, သူခိုး၏ ခိုးယူခံရခြင်း စသော အကြောင်း များကြောင့်သော်၎င်း, မီးလောင်ခြင်း စသော အကြောင်းများကြောင့် သော်၎င်း, သင်္ကန်း ပျောက်ဆုံး, ပျက်စီးသွားသော ရဟန်းအား ဖြစ်သော ကထိန် နုတ်ခြင်းသည် သင်္ကန်း ပျောက်ဆုံး, ပျက်စီးခြင်း အဆုံးရှိသော (နာသနန္တိက) ကထိန်နုတ်ခြင်း မည်၏။ ဤကထိန် နုတ်ခြင်း၌ ကျောင်း နေရာ ထိုင်ခင်းအတွက် ငဲ့ကွက် တွယ်တာ ကြောင့်ကြမှု (အာဝါသ ပလိဗောဓ)သည် ရှေးဦးစွာ ပြတ်စဲ၍ သင်္ကန်း အတွက် ငဲ့ကွက် တွယ်တာ ကြောင့်ကြမှု (စီဝရ ပလိဗောဓ) သည် နောက်မှ ပြတ်စဲ၏။

သဝနန္တိကာ ကထိန်နုတ်ခြင်း။

(၅) မချုပ် မလုပ်ရ သေးသော သင်္ကန်းကို ယူ၍ ဤ

ကျောင်းသို့ တဖန် ပြန်လာဦးအံ့ဟု ကြံစည် အောက်မေ့ကာ နေခဲ့ရင်း ကျောင်းမှ ထွက်ခွါ ဖဲသွားလျက် အခြား ကျောင်း၌ သင်္ကန်းကို ချုပ်လုပ်ပြီးမှ ထိုနေခဲ့ရင်း ကျောင်းမှာ"ကထိန် နုတ် အပ်ပြီ"ဟူ၍ ကြားရသော ရဟန်းအား ကြားသည်နှင့် တပြိုင် နက် ဖြစ်သော ကထိန် နုတ်ခြင်းသည် ကြားခြင်း အဆုံး ရှိသော (သဝနန္တိကာ) ကထိန် နုတ်ခြင်း မည်၏။ ဤကထိန် နုတ်ခြင်း ၌ သင်္ကန်း အတွက် ငံ့ကွက် တွယ်တာ ကြောင့်ကြမှု (စီဝရ ပလိဗောဓ) သည် ရှေးဦးစွာ ပြတ်စဲ၍ ကျောင်း နေရာ ထိုင် ခင်း အတွက် ငံ့ကွက် တွယ်တာ ကြောင့်ကြမှု (အာဝါသ ပလိ ဗောဓ) သည် နောက်မှ ပြတ်စဲ၏။

## အာသာဝစ္ဆေဒိက ကထိန်နုတ်ခြင်း။

(၆) အရပ်တပါး၌ သင်္ကန်း ရလိမ့်ဦးမည်ဟု မြော်လင့် ချက် ရှိသဖြင့် နေခဲ့ရင်း ကျောင်းမှ ထွက်ခွါ ဖဲသွားလျက် သင်္ကန်း ရနိုးခြင်း မြော်လင့်ချက် ရှိရာ ကျောင်းမှာပင် ဝါဆို ဝါကပ်တော့မည်၊ နေရင်းကျောင်းသို့ ပြန်၍ မသွားတော့ပြီဟု စိတ်နှလုံး သွင်းထားခြင်းဖြင့် သင်္ကန်း ရနိုးခြင်း မြော်လင့်ချက် ရှိရာသို့ ချဉ်းကပ်သည့်အခါ သင်္ကန်း မရတော့ဘဲ သင်္ကန်း ရနိုးခြင်း မြော်လင့်ချက် အာသာ ပြတ်စဲသော ရဟန်းအား ဖြစ်သော ကထိန် နုတ်ခြင်းသည် သင်္ကန်း ရလိမ့်မည် ဟူသော မြော်လင့်ချက် အာသာ ပြတ်စဲခြင်း ရှိသော (အာသာ ဝစ္ဆေ ဒိကာ) ကထိန် နုတ်ခြင်း မည်၏၊ ဤကထိန် နုတ်ခြင်း၌ ကျောင်း နေရာ ထိုင်ခင်းအတွက် ငံ့ကွက် တွယ်တာ ကြောင့် ကြမှု (အာဝါသ ပလိဗောဓ)သည် ရှေးဦးစွာ ပြတ်စဲ၍ သင်္ကန်း

အတွက် ငဲ့ကွက် တွယ်တာ ကြောင့်ကြမှု (စီဝရ ပလိဗောဓ) သည် နောက်မှ ပြတ်စဲ၏။

## သိမာတိက္ကန္တိက ကထိန်နှုတ်ခြင်း။

(၇) မချုပ် မလုပ်ရသေးသော သင်္ကန်းကို ယူ၍ နေခဲ့ ရင်း ကျောင်းသို့ ပြန်လာဦးမည်ဟု ကြံစည် စိတ်ကူးလျက် ထွက်ခွါ ဖဲသွား၍ အခြားကျောင်းမှာ သင်္ကန်း ချုပ်လုပ်ပြီးလျှင် ပြန်သွားဦးမည် ဟူ၍ ကြံစည် စိတ်ကူးလျက် နေစဉ်ပင်, ကထိန် သင်္ကန်း အခါ ကာလ၏ အဆုံး ဖြစ်သော နေ့ရက် အပိုင်း အခြားကို ကျော်လွန်စေသော ရဟန်းအား ဖြစ်သော ကထိန် နှုတ်ခြင်းသည် နေခဲ့ရင်း ဥပစာရသိမ် ကျောင်းတိုက်တွင်း၏ အပြင်ပ၌ ကထိန် သင်္ကန်း အချိန် အခါ ကာလ၏ နောက်ဆုံး နေ့ အပိုင်းအခြားကို ကျော်လွန်ခြင်း ရှိသော(သိမာတိက္ကန္တိက) ကထိန် နှုတ်ခြင်း မည်၏။ ဤကထိန် နှုတ်ခြင်း၌ သင်္ကန်းအတွက် ငဲ့ကွက် တွယ်တာ ကြောင့်ကြမှု (စီဝရ ပလိဗောဓ)သည် ရှေး ဦးစွာ ပြတ်စဲ၍ ကျောင်း နေရာ ထိုင်ခင်း အတွက် ငဲ့ကွက် တွယ်တာမှု(အာဝါသ ပလိဗောဓ)သည် နောက်မှ ပြတ်စဲ၏။

## သဟဗ္ဘာရ ကထိန်နှုတ်ခြင်း။

(၈) မချုပ် မလုပ်ရ သေးသော သင်္ကန်းကို ယူ၍ နေခဲ့ ရင်း ကျောင်းသို့ ပြန်လာဦးမည်ဟု ငဲ့ကွက် တွယ်တာ ကြံစည် အောက်မေ့ကာ ထွက်ခွါ သွားပြီးလျှင် အခြား ကျောင်းမှာ သင်္ကန်းကို ချုပ်လုပ် ပြီးကာ ပြန်သွားဦးမည်ဟု ကြံစည် စိတ် ကူး မြော်လင့်လျက် ပြန်သွားသော အခါ, နေခဲ့ရင်း ကျောင်း

မှာ ရဟန်း သံဃာ များနှင့် အတူတကွ သင်္ကန်း အချိန် ကာလ အတွင်းမှာပင် လာဘ်လာဘ ညီမျှစိမ့်သောငှါ ကထိန် နှုတ်ခြင်း (အန္တရုဗ္ဘာရ)ကို မှီလာသော ရဟန်းအား ဖြစ်သော ကထိန် နှုတ်ခြင်းသည် အတူတကွ အခင်း ပျက်သော, နှုတ်သော (သဟုဗ္ဘာရ) ကထိန်နှုတ်ခြင်းမည်၏။ ဤကထိန် နှုတ်ခြင်း၌ သင်္ကန်း ကျောင်း နှစ်ခုစလုံး အတွက် ငဲ့ကွက် တွယ်တာ ကြောင့်ကြမှု နှစ်မျိုးစလုံး မရှေးမနှောင်း တပြိုင်နက် ပြတ်စဲ၏။

## (၆) ကြောင့်ကြမှု နှစ်မျိုး။

(၁) နေရာ ထိုင်ခင်း ကျောင်းအတွက် ငဲ့ကွက် တွယ်တာ အောက်မေ့ ကြောင့်ကြခြင်း (အာဝါသ ပလိဗောဓ)၊

(၂) အဝတ် သင်္ကန်း အတွက် ငဲ့ကွက် တွယ်တာ အောက်မေ့ ကြောင့်ကြခြင်း (စီဝရ ပလိဗောဓ) ဟူ၍ နှစ်မျိုး ရှိ၏။

ထို ငဲ့ကွက် တွယ်တာ အောက်မေ့ ကြောင့်ကြခြင်း နှစ်မျိုးတို့၏ ဖြစ်ပုံမှာ.... ထိုကထိန် ခင်းသော ကျောင်း၌ နေထိုင်သော ရဟန်း, တဖန် ထိုကျောင်းသို့ ပြန်လာဦးမည်ဟု အောက်မေ့ တွယ်တာ မြော်လင့် ငဲ့ကွက် နေခြင်း ရှိလျက် ထိုကျောင်းမှ ထွက်ခွါ သွားသော ရဟန်း,၊ ဤရဟန်း တို့အား နေရာ ထိုင်ခင်း ကျောင်း အတွက် ငဲ့ကွက် တွယ်တာ အောက်မေ့ ကြောင့်ကြခြင်း (အာဝါသ ပလိဗောဓ) ဖြစ်၏။

သင်္ကန်း မချုပ် မလုပ်ရသေးသော ရဟန်း,၊ သင်္ကန်း ချုပ် လုပ်၍ မပြီးစီးသေးသော ရဟန်း,၊ သင်္ကန်းကို ရလိမ့်ဦးမည်ဟု မြော်လင့်ချက် ရနိုးခြင်း စိတ်အာသာဆန္ဒ မပြတ်သော ရဟန်း,

ဤရဟန်း၊ တို့အား သင်္ကန်း အတွက် ငဲ့ကွက် တွယ်တာ အောက်မေ့ ကြောင့်ကြခြင်း (စီဝရ ပလိဗောဓ) ဖြစ်၏။

(၁) ခရီးသွား၍ ဤကျောင်းသို့ မပြန်တော့ပြီဟု စိတ်ဆုံးဖြတ်လျှင် အာဝါသ ပလိဗောဓ ပြတ်စဲ၏။

(၂) ဤအာနိသင် ဝတ်ကို သင်္ကန်း ဖြစ်အောင် ပြုဘွယ် မရှိတော့ပြီဟု စိတ်ဆုံးဖြတ်လျှင် စီဝရ ပလိဗောဓ ပြတ်စဲ၏၊ ချုပ်ပြီး၊ ဆိုးပြီး ဖြစ်လျှင်လည်း စီဝရ ပလိဗောဓ ပြတ်စဲ၏။

ပြဆိုအပ်ခဲ့ပြီးသော မာတိကာ ရှစ်မျိုးဖြင့် ပလိဗောဓ နှစ်မျိုးစလုံး ပြတ်စဲသူတို့မှာ ကထိန် အကျိုး အာနိသင်များကို မရတော့ပြီ။

## (၇) ကထိန် နှုတ်ပုံ။

ကထိန် ခင်းသော ကျောင်းတိုက်၌ ဝါကျိုး၊ ဝါပြတ်၊ ဝါမကပ်၍ ကထိန် အာနိသင်ကို မရသော ရှိရှိသမျှ သံဃာအားလုံး ညီတူ ညီမျှ လာဘ်သာဘ (သမာန လာဘ) ဖြစ်စေခြင်းငှာ အခါ မဟုတ်သည်၌(အကာလ) သင်္ကန်းကို လှူလိုသည့်အတွက် ကထိန် နှုတ်ပေးပါရန် ဒါယကာ တဦးဦးက လျှောက်ထား တောင်းပန်ခဲ့သည်ရှိသော် အောက်ပါ ကမ္မဝါစာဖြင့် ဥပစာရ သိမ်သို့ သွားကာ ဘတ်ရွတ်၍ ကထိန် နှုတ်ရ၏။

### ကထိန်နှုတ် ကမ္မဝါစာ ပါဠိ။

သုဏာတု မေ ဘန္တေ သံဃော ယဒိ သံဃဿ ပတ္တကလ္လံ သံဃော ကထိနံ ဥဒ္ဓရေယျ သော ဉတ္တိ၊

သုဏာတု မေ ဘန္တေ သံဃော ကထိနံ ဥဒ္ဓရတိ ယဿာ

ယသ္မံဗောာ ခမတိ ကထိနဿ ဥဒ္ဓါရော၊ သော တုဏှဿ ယဿ နက္ခမတိ သော ဘာသေယျ။

ဥဗ္ဘတံ သံဃေန ကထိနံ ခမတိ သံဃဿ တသ္မာ တုဏှီ ဝေဝမေတံ ဓာရယာမိ။

ဟု ဉတ္တိ ဒုတိယ ကမ္မဝါစာဖြင့် ဘတ်ရွတ်၍ ကထိန် နှုတ်ခြင်းကို ဥဒ္ဓါရ ဟူ၍ သိအပ်၏။

## ကထိန်နှုတ် ကမ္မဝါစာ အနက်။

ဘန္တေ=အရှင်ဘုရားတို့။ သံဃော=သံဃာတော်သည်။ မေ=မမ=အကျွန်ုပ်၏။ ဝစနံ=စကားကို။ သုဏာတု = နားထောင်တော်မူကြပါလော့။ သံဃဿ=သံဃာတော်အား။ ပတ္တကလ္လံ= လျောက်ပတ်သော အခါရှိသော ကံသည်။ ယဒိ သိယာ = အကယ်၍ ဖြစ်ခဲ့ငြားအံ့။ ဧဝံ သတိ=ဤသို့ ရှိသည် ဖြစ်ခဲ့သော်။ သံဃော=သံဃာတော်သည်။ ကထိနံ=ကထိန်ကို။ ဥဒ္ဓရေယျ= နှုတ်ရာပါ၏။ ဧသာ = ဤသည်ကား။ ဉတ္တိ = သိစေခြင်း ပါတည်း။

ဘန္တေ=အရှင်ဘုရားတို့။ သံဃော=သံဃာတော်သည်။မေ= မမ=အကျွန်ုပ်၏။ ဝစနံ=စကားကို။ သုဏာတု = နာစေချင် ပါ၏။သံဃော=သံဃာတော်သည်။ကထိနံ=ကထိန်ကို။ဥဒ္ဓရတိ= နှုတ်၏။ အာယသ္မတော = ရှည်သော သက်တော်ရှိသော။ ယဿ=အကြင် အသျှင်အား။ ဝါ = အကြင် အသျှင်သည်။ ကထိနဿ=ကထိန်၏။ ဝါ= ကထိန်ကို။ဥဒ္ဓါရော= နှုတ်ခြင်းကို။ ခမတိ=နှစ်သက် သဘောတူ၏။ သော=ထိုကထိန် နှုတ်ခြင်းကို နှစ်သက် သဘောကျသော အသျှင်သည်။ တုဏှီ= ဆိတ်ဆိတ်

နေသည်။ အသာ=ဖြစ်ရာ၏။ ယသာ = အကြင် အသျှင်အား။ ဝါ=အကြင် အသျှင်သည်။ နက္ခမတိ = ကထိန် နူတ်ခြင်းကို မနှစ်သက်, သဘောမတူ။ သေ=ထိုကထိန် နူတ်ခြင်းကို မနှစ်သက် သဘော မကျသော အသျှင်သည်။ ဘာသေယျ = ငါ မနှစ်သက် သဘောမတူဟု ပြောဆိုရာ၏။

သံဃေန=သံဃာတော်သည်။ ကထိနံ= ကထိန်ကို။ ဥဗ္ဘတံ= နူတ်ပြီးပါပြီ။ သံဃဿ=သံဃာတော်အား။ ဝါ = သံဃာတော်သည်။ ခမတိ=ကထိန် နူတ်ခြင်းကို နှစ်သက်, သဘောတူ၏။ တသ္မာ=ထိုကဲ့သို့ ကထိန် နူတ်ခြင်းကို နှစ်သက် သဘောကြသောကြောင့်။ တုဏှီ=ဆိတ်ဆိတ်နေသည်။ အသာ=ဖြစ်ရာ၏။ ဧဝံ=ဤမိန်နာ တုဏှီဘာဝေန = ဤကဲ့သို့ ဆိတ်ဆိတ်နေသဖြင့်၊ ဧတံ=ထိုကထိန် နူတ်ခြင်းကို နှစ်သက်, သဘော တူသော အဖြစ်ကို။ ဓာရယာမိ=သိရ မှတ်ရ၏။

ဤသို့ ကမ္မဝါစာဖြင့် ကထိန် နူတ်ခြင်းကို တောင်းပန်လာတိုင်းသော သူအား ခွင့်မပေးထိုက်၊ ကထိန်ခင်း၍ ရထားသော ပစ္စည်း လာဘ်သာဘက များနေ၍ ကထိန် နူတ်လျှင် ရမည် ဖြစ်သော ပစ္စည်း လာဘ်လာဘက နည်းနေလျှင် ခွင့် မပေးထိုက်၊ ကထိန် မနူတ်သင့်။

ကထိန် နူတ်လိုက်လျှင် ကထိန်ခင်း၍ ရထားသော ပစ္စည်းထက် ကထိန်နူတ်၍ ရမည်ဖြစ်သော ပစ္စည်းက များသော်ငြား၊ သို့မဟုတ် ညီတူ ညီမျှ ဖြစ်နေသော်ငြား၊ ဤကဲ့သို့သော အကြောင်းကို ကြည့်ရှု သိမှတ်ပြီးမှ ကထိန် နူတ်ရန် တောင်းပန်သာသူအား ခွင့်ပေးအပ်၏၊ ကထိန် နူတ်ထိုက်၏၊ ဟူ၍ သိမှတ် ထားရာ၏။

ဤကဲ့သို့ ကထိန် နူတ်ပြီးသော ရဟန်း, မာတိကာ ရှစ်မျိုး

တို့တွင် တမျိုးမျိုးဖြင့် အလိုအလျောက် ကထိန် နှုတ်ပြီးသော ရဟန်းသည် ကထိန် အာနိသင် ငါးမျိုးတို့ကို မရထိုက်, မခံစားရတော့ပေ။

## ကထိန် နှုတ်ခြင်း သရုပ်များ။

ကထိန် နှုတ်ခြင်းသည်...

(၁) သံဃာနှင့် စပ်သော ကထိန် နှုတ်ခြင်း။

(၂) ပုဂ္ဂိုလ်နှင့် စပ်သော ကထိန် နှုတ်ခြင်း။

(၃) သံဃာနှင့်လည်း မစပ်, ပုဂ္ဂိုလ်နှင့်လည်း မစပ်သော ကထိန် နှုတ်ခြင်း ဟူ၍ သုံးမျိုး ရှိ၏။

(၁) လာဘ်လာဘ တူမျှစိမ့်သောငှာ ပြဆိုအပ်ခဲ့ပြီးသော ကျောင်းတွင်း, ဥပစာရ သိမ်တွင်း ကထိန် နှုတ်ခြင်း (အန္တရုဗ္ဘာရ)သည် သံဃာနှင့်သာ စပ်သော ကထိန် နှုတ်ခြင်းမည်၏။

(၂) ပြဆိုခဲ့ပြီးသော မာတိကာ ရှစ်မျိုးတို့တွင်(၁) ပက္ကမနန္တိက၊ (၂) နိဋ္ဌာနန္တိက၊ (၃) သန္နိဋ္ဌာနန္တိက၊ (၄) သီမာတိက္ကန္တိက၊ ကထိန် နှုတ်ခြင်း လေးမျိုးတို့သည် ပုဂ္ဂိုလ်နှင့်သာ စပ်သွယ်ကြသော ကထိန် နှုတ်ခြင်းတို့ မည်ကုန်၏။

(၃) (၁) နာသနန္တိက၊ (၂) သဝနန္တိက၊ (၃) အာသာဝစ္ဆေဒိက၊ (၄) သဟုဗ္ဘာရ ကထိန် နှုတ်ခြင်း လေးမျိုးတို့သည် သံဃာနှင့်လည်း မစပ်ယှက်၊ ပုဂ္ဂိုလ်နှင့်လည်း မစပ်ယှက် မပတ်သက်ကြသော ကထိန် နှုတ်ခြင်းများ မည်ကြကုန်၏။

## ကထိန် နှုတ်ခြင်းတို့သည်

(၁) သိမ်အတွင်း၌ ကထိန် နှုတ်ခြင်း။

(၂) သိမ်ပြင် အပ၌ ကထိန် နှုတ်ခြင်း။
(၃) ရံဖန်ရံခါ သိမ်၏ အတွင်း၌ ကထိန် နှုတ်ရ၍, တခါတရံ သိမ်၏ ပြင်ပ၌ ကထိန် နှုတ်ရခြင်း ဟူ၍ သုံးမျိုးတို့ကို ခွဲခြား သိမြင် ထားသင့်၏။

(၁) အန္တရာယ်ဘာဝရ ကထိန် နှုတ်ခြင်း, သဟုဗ္ဘာဝရ ကထိန် နှုတ်ခြင်း နှစ်မျိုး တို့ကို သိမ်၏ အတွင်း၌ နှုတ်အပ်၏။

(၂) ပက္ကမနန္တိက ကထိန် နှုတ်ခြင်း, သဝနန္တိက ကထိန် နှုတ်ခြင်း, သီမာတိက္ကန္တိက ကထိန် နှုတ်ခြင်း သုံးမျိုး တို့ကို သိမ်၏ ပြင်ပ၌ နှုတ်အပ်၏။

(၃) နိဋ္ဌာနန္တိက ကထိန် နှုတ်ခြင်း, သန္နိဋ္ဌာနန္တိက ကထိန် နှုတ်ခြင်း, နာသနန္တိက ကထိန် နှုတ်ခြင်း, အာသာဝစ္ဆေဒိက ကထိန် နှုတ်ခြင်း လေးမျိုး တို့ကို တခါတရံ သိမ်၏ အတွင်း၌ နှုတ်ရ၍ ရံဖန်ရံခါ သိမ်၏ ပြင်ပ၌ နှုတ်အပ်၏။

ထိုလေးမျိုး တို့တွင် သန္နိဋ္ဌာနန္တိက ကထိန် နှုတ်ခြင်း သည်, ဥပစာရ သိမ်တွင်း၌ ဖြစ်ပုံမှာ, မချုပ်လုပ် ရသေးသော သင်္ကန်းကို ယူ၍ ဤကျောင်းသို့ မပြန်တော့ပြီဟု စိတ်ဆုံးဖြတ် ချက် ချကာ သွားသော ရဟန်းသည် ရောက်ရာ အရပ်၌ ချမ်းသာစွာ နေထိုင်ရခြင်းကို မရမူ၍ ထိုနေခဲ့ရင်း ဝါဆိုရာ ကျောင်းသို့ပင် ပြန်လည် ရောက်ရှိ လာပြန်၏၊ ထို ရဟန်းအား စီဝရ ပလိဗောဓသည် တည်ရှိ နေသေး၏။ ထို ရဟန်းသည် ဤသင်္ကန်းကို မချုပ်လုပ်တော့ပြီဟု စိတ်အလို အာသာ ပြတ်ကာ မျှ၌ စီဝရ ပလိဗောဓသည် ပြတ်စဲ၏၊ ထို့

ကြောင့် သန္ဓိဋ္ဌာနန္တိကသည် နှစ်မျိုး အပြား ရှိသည်ဟု ရှေး ဂဏ္ဌိပောင်း၌ ရေးသားအပ်၏။

ထိုသန္ဓိဋ္ဌာနန္တိကကို တပါးသော အခြင်းအရာ အားဖြင့် ယူသည်ရှိသော် သိမ်တွင်း၌ သင်္ကန်းကို မချုပ်လုပ်တော့ပြီဟု ဆုံးဖြတ်ချက် ဖြစ်သော နှုတ်ခြင်းသည် တပါးသော နှုတ်ခြင်း များ၌လည်း မပါဝင်သည် ဖြစ်၍ ကြွင်းကျန်ခဲ့လေရာ၏၊ ထို့ ကြောင့် ၎င်းသန္ဓိဋ္ဌာနန္တိကသည် ကထိန် နှုတ်ခြင်း နှစ်မျိုး နှစ်စား ရှိနိုင်သည်ဟု မှတ်သား ယားရာ၏။ ကြွင်း သုံးပါး တို့ကိုလည်း ဤနည်းကိုရှု၍ သိထားရမည်။

(၁) (တနည်း)- အတူတကွ ဖြစ်ခြင်း ရှိ၍ အတူတကွ ချုပ်ပျောက်ခြင်း ရှိသော ကထိန် နှုတ်ခြင်း တမျိုး၊

(၂) အတူတကွ ဖြစ်သော်သည်း အထူးထူး အမျိုးမျိုး ချုပ်ပျောက်ခြင်းရှိသော ကထိန် နှုတ်ခြင်း တမျိုး ဟူ၍ နှစ်မျိုး ရှိပုံကိုလည်း သိထားသင့်၏၊

(၁) အန္တရုဗ္ဘာရနှင့် သဟုဗ္ဘာရ ကထိန် နှုတ်ခြင်း နှစ် မျိုးတို့သည် အတူတကွ ဖြစ်ခြင်း ရှိ၍ အတူတကွ ချုပ်ပျောက် ပြတ်စဲခြင်း ရှိကြကုန်၏။

(၂) ကြွင်းကျန်သော ကထိန် နှုတ်ခြင်းတို့သည် အတူ တကွ ဖြစ်ခြင်း ရှိသော်လည်း အထူးထူးသော ချုပ် ပျောက် ပြတ်စဲခြင်း ရှိကြကုန်၏။

(၁) (တနည်း)- ကထိန် နှုတ်ခြင်းသည် ရှစ်ပါးသော မာတိကာ ကထိန် နှုတ်ခြင်း၊

(၂) ဥပစာရ ကျောင်းတွင်း ကထိန် နှုတ်ခြင်း (အန္တရဗ္ဘာရ)ဟူ၍ နှစ်မျိုးရှိခဲ့ပြန်၏။

(၁) ထိုနှစ်မျိုး တို့တွင် ဥပစာရ သိမ်၏ အပြင်ပသို့ ရောက်သွားကြကုန်သော ရဟန်းတို့၏ အစွမ်းအားဖြင့် ပဟော တော်မူအပ်ကုန်သော ကထိန် နှုတ်ခြင်း ခုနှစ်မျိုး, ဥပစာရ သိမ်၏ အပြင်ပသို့ ရောက်သွားသော်လည်း တဖန် ပြန်လာ၍ ကထိန် ခင်းရာဖြစ်သော ကျောင်း၌ပင် ကျောင်းတိုက်တွင်း ကထိန် နှုတ်ခြင်း(အန္တရဗ္ဘာရ)ကို အမှီ ယောက်လာ၍ ကျောင်း တွင်းရှိ ရဟန်းတို့နှင့် အတူတကွ ကထိန် နှုတ်ခြင်း ပြုသော (သဟုဗ္ဘာရ)ကထိန် နှုတ်ခြင်း ကမျိုး ဟူ၍ ပေါင်း ရှစ်မျိုးသော ကထိန် နှုတ်ခြင်း တို့သည် မာတိကာ ရှစ်မျိုး တို့၌ ပါဝင်နေ သောကြောင့် မာတိကာ ရှစ်မျိုး ကထိန်နှုတ်ခြင်း ဟူ၍ သိမှတ် ထားသင့်၏။

(၂) ဥပစာရ သိမ်၏ အပြင်ပသို့ မသွားမူ၍ ထိုကထိန် ခင်းရာ ကျောင်းတိုက်တွင်း၌သာလျှင် နေလျက် ဥတ္တိ ဒုတိယ ကမ္မဝါစာဖြင့် ကထိန် နှုတ်ခြင်းသည် မာတိကာ ရှစ်မျိုးတို့၌ မပါဝင်သောကြောင့် သက်နိုး ကာလ၏ အပိုင်း အခြားသို့ မရောက်ဘဲ သက်နိုး ကာလ၏ အတွင်း၌သာလျှင် ကထိန် နှုတ် ခြင်းကို ပြုလုပ်အပ်သည်၏ အဖြစ်ကြောင့် အန္တရဗ္ဘာရ ကထိန် နှုတ်ခြင်းမည်၏။

ဥတ္တိ ဒုတိယ ကမ္မဝါစာဖြင့် ကထိန် နှုတ်ရသော အန္တရဗ္ဘာရ နှင့် သဟုဗ္ဘာရတို့၏ အထူးမှာ, ဥပစာရ သိမ်၏ အပြင်ပသို့ မသွားမူ၍ ဥပစာရ သိမ်၏ အတွင်း၌သာလျှင် တည်ရှိကုန်

သော ရဟန်းတို့နှင့် အတူတကွ ကထိန် နှုတ်ခြင်းသည် အန္တရုဗ္ဘာရ မည်၏။

ဥပစာရ သိမ်၏ အပြင်ပသို့ ထွက်ခွါသွားသော ရဟန်းသည် တဖန် ပြန်ရောက်လာပြီးလျှင် ထိုသင်္ကန်း ကာလ အချိန်အတွင်း (အန္တရုဗ္ဘာရ)၌သာ ရောက်ရှိ လာသောကြောင့် ဥပစာရ သိမ်၏ အတွင်း၌ တည်ရှိကုန်သော ထိုရဟန်းတို့နှင့် အတူတကွ ကထိန် နှုတ်ခြင်းသည် သဟုဗ္ဘာရ မည်၏။

ဆိုလိုရင်းမှာ, ထွက်ခွါ မသွားဘဲ ကထိန် နှုတ်ခြင်း, ထွက်ခွါ သွားပြီးမှ ပြန်လာပြီးလျှင် ကထိန် နှုတ်ခြင်း ထူးသည်ကို သိအပ်၏။

ပက္ကမနန္တိက အစရှိသော ခုနှစ်မျိုးတို့ကို ဥတ္တိ ဒုတိယ ကမ္မဝါစာဖြင့် ကထိန် မနှုတ်ရ၊ ပလိဗောဓ နှစ်မျိုးတို့ ပြတ်စဲခြင်း သက်သက်ဖြင့်သာ အလိုအလျောက် ကထိန် နှုတ်ပြီး ဖြစ်နေ၍ ကထိန် အာနိသင် ငါးပါးတို့ကို မခံစားရသော ကထိန် နှုတ်ခြင်းတို့ မည်ကုန်၏။

## (၈) ကထိန် အကျိုး ငါးပါး။

(၁) ပင့်ဖိတ်ထားပြီးသော (နိမန္တိတ) ဘတ်(ဆွမ်းစား) ရှိလျက်နှင့် ထင်ရှားရှိသော ရဟန်းကို မပန်ကြားမူ၍ ဆွမ်း မစားရသေးခင် (ပုရေဘတ္တ), သို့မဟုတ် ဆွမ်းစားပြီးနောက် (ပစ္ဆာဘတ္တ) အချိန် အခါ သမယ၌ မိမိ အလိုရှိရာ အရပ် တပါးသို့ ထွက်ခွါ သွားလာ လှည့်လည် စားသောက်နိုင်ခြင်း (အနာမန္တာစာရ) တပါး၊

(၂) တိစီဝရိက် မူတင် ကျင့်ဆောင်သော ရဟန်းသည်

အမည်ဖြင့် ငါ့ဉစ္စာဟု အမှတ် ပြုရန် အဓိဋ္ဌာန် တင်အပ်သော တိစီဝရိက် သင်္ကန်း သုံးထည်တို့တွင် တထည်ထည်သော သင်္ကန်းကို မဆောင် မယူဘဲ သင်္ကန်းနှင့် ကင်းကွာပြီးလျှင် သွား,လာ နေထိုင်နိုင်ခြင်း (အသမာဒါနစာရ) တပါး၊

(၃) မသင့် မတော် မလျော်သော, အရိုအသေ ကင်းမဲ့သော စကားဖြင့် ပင့်ဖိတ်ထားသော, ပညတ် ထားမြစ်ထားတော်မူသော ဂဏဘောဇဉ်ကို သုံးဆောင် ဘုဉ်းပေးရခြင်း (ဂဏ ဘောဇန) တပါး၊

(၄) ရရသမျှ သင်္ကန်းများကို ငါ့ဉစ္စာဟု အမှတ် သညာ ပြုရန် အဓိဋ္ဌာန် တင်ခြင်း,၊ ငါ့ဉစ္စာဟု အသသာ မကပ် ကင်းကွာလတ်အောင် ဝိကပ္ပနာပြုခြင်း များကို မပြု မလုပ်ဘဲ ထား လိုသရွေ့ တပေါင်း လပြည့်နေ့ တိုင်အောင် သင်္ကန်းများကို ထားနိုင်, ဝတ်ရုံ သုံးဆောင်နိုင်ခြင်း (ယာဝဒတ္ထစီဝရ) တပါး၊

(၅) ထိုကထိန် ခင်းရာ ကျောင်း၌ တပေါင်း လပြည့် နေ့ အထိ, ဖြစ်ပေါ် ရရသမျှ ပစ္စည်း လာဘ်လာဘ သံဃိက သင်္ကန်းများကို ထိုကထိန် အာနိသင်ရသော ပုဂ္ဂိုလ်များသာ အစိုးတရ ပိုင်ဆိုင်ခြင်း (ယောတတ္ထ စီဝရုပ္ပါဒ) တပါး၊ ဤ အကျိုး အာနိသင် ငါးပါးတို့ကို ကထိန် ခင်းသော ပုဂ္ဂိုလ် သည် သိရှိ ထားရမည်။ ဤကဲ့သို့ ပြဆိုအပ်ခဲ့ပြီးသော အင်္ဂါ ရှစ်ပါးတို့ကို ကထိန် ခင်းတတ်သော ပုဂ္ဂိုလ်သည် ကောင်းစွာ သိမြင်အောင် ပြုလုပ် သင်ယူ ထားရ၏။

ဤအင်္ဂါ ရှစ်ပါးတို့နှင့် မပြည့်စုံသော ပုဂ္ဂိုလ်သည် ကထိန် ခင်းလျှင် မအောင်မြင်,၊ အထ မမြောက်ပေ၊ သို့ရာတွင် ကထိန် သင်္ကန်း ဖြစ်ပေါ်လာသော ကျောင်းတိုက်၌ ပုရိမ ဝါဆိုကြ

ကုန်သော ရဟန်းများသည် ကထိန် ခင်းခြင်း၏ အင်္ဂါများကို မတတ် မသိ၊ ကထိန် ခင်းခြင်း၌ မကျွမ်းကျင် မလိမ်မာကြ ကုန်သည် ရှိသော်, တတ်သိ လိမ်မာ ကျွမ်းကျင်ကုန်သော ခန္ဓကဆောင် ပုဂ္ဂိုလ်များကို အခြား ကျောင်းများမှ ရှာဖွေ ပင့်ခေါ်၍ ထိုမထေရ် အထံတွင် ကထိန် ခင်းရပုံ, ခင်းနည်း အကြောင်း အင်္ဂါ အလုံးစုံကို သိမြင် ကျွမ်းကျင် ဝတ်မြောက် လိမ်မာအောင် သင်ယူပြီးလျှင် ဤကဲ့သို့ နည်းပေး သွန်သင် ပြသသည့်သူ, ကူညီ စောင့်မလျက် သိမြင်အောင် ညွှန်ကြား နိုင်မည့်သူ ရှိခဲ့ပါလျှင် သိမြင် လိမ်မာရာ ရောက်၍ ကထိန်ခင်း မြောက်ပေသည် ဟူ၍ မှတ်ယူ ထားသင့်ပေသည်။

## ကထိန်၏ မူလ။

သံဃာသည် ကထိန်၏ မူလ ဖြစ်၏၊ အကြောင်းသော်ကား, အမြစ်ရှိမှ အပင် တည်ရှိနိုင်သကဲ့သို့ သံဃာရှိမှ ကထိန်ဖြစ်နိုင်၏၊ ထို့ကြောင့် သံဃာသည် ကထိန်၏ မူလ ဖြစ်၏၊အနည်းဆုံး အယုတ်ဆုံး သံဃာ လေးပါးမျှ မရနိုင်လျှင် အကြိမ်တထောင် ကထိန် ခင်းသော်လည်း ကထိန် မမည်၊ ကထိန်ခင်း မဖြစ်၊ ကထိန်ခင်း အထ မမြောက်၊ ထို့ကြောင့် ဥပစာရ သိမ်ဖြင့် ပိုင်းခြား ထားအပ်သော ကျောင်း တကျောင်း၌ ရဟန်း တပါး, နှစ်ပါး, သုံးပါး, လေးပါး နေကုန်ငြားအံ့၊ ကထိန် သင်္ကန်း ဖြစ်ပေါ်လာခဲ့ပါလျှင် အခြား တပါးသော ကျောင်းမှ ပင့်၍ စတုဝဂ္ဂ သံဃာ လေးပါး, ကထိန်ခံသော ရဟန်းတပါး၊ ဤသို့ ငါးပါး ပြည့်မှ ကထိန် ခင်းခြင်းငှာ ရသည်။ ထို့ကြောင့် သံဃာသည်"ကထိန်၏ မူလ" ဖြစ်၏။

## ကထိန်၏ ဝတ္ထု ပစ္စည်း။

ကိုးထည် ကုန်သော သင်္ကန်းတို့တွင် (၁) ဒုကုဋ် (နှစ်ထပ်) သင်္ကန်းကြီး၊ (၂) ဧကံသီ (ကိုယ်ဝတ်-ကိုယ်ရုံ)သင်္ကန်း၊ (၃) ခါးဝတ် သင်းပိုင် သင်္ကန်းအားဖြင့် သုံးထည် ကုန်သော သင်္ကန်းများသည် "ကထိန်၏ ဝတ္ထု ပစ္စည်း" မည်ကုန်၏။ ဤသုံးထည်တို့တွင် တမျိုးမျိုးဖြင့်သာ ကထိန် ခင်းရ၏။

## ကထိန်၏ ဘူမိ။

ကထိန်၏ အကြောင်းအရာ ဖြစ်သော အဝတ် ပုဆိုး အထည်မျိုးတို့သည် ခေါမ ဂုမ်လျှော်ချည်ထည်, ဝါချည်ထည်, ပိုးချည်ထည်, သက္ကလပ်ထည်, ပိုက်ဆံ လျှော်ချည်ထည်, ချည်ငါးမျိုး ရောယှက်၍ ရက်ထားသော အထည် ဟူ၍ အဝတ် အထည် ခြောက်မျိုးဟုဆိုအပ်သော ကထိန်လျှာ သင်္ကန်း ချုပ်လုပ်လျက် ကထိန် ခင်းနိုင်သော အဝတ် အထည်သည် "ကထိန်၏ ဘူမိ" မည်၏။

## ကထိန်၏ စ, လယ်, ဆုံး သုံးပါး။

(၁) ကထိန်၏ အစ( ကထိန အာဒိ ) ကထိန် မခင်းမီ ရှေးအဘို့က ပြုဘွယ် ကိစ္စများ ဖြစ်သော (၁) အဝတ်ပုဆိုးကို ရေလျှော်ခြင်း, ဖွပ်ခြင်း။ ( ၂ ) သင်္ကန်း ဖြစ်ရန် စီရင်ခြင်း။ (၃) သင်္ကန်းချုပ်, အခဏ်း ဖွဲ့ရန် ဖြတ်တောက်ခြင်း။ (၄) ဖြတ်တောက်ပြီး အစများကို တွဲစပ် ပူးယှဉ်ခြင်း။ (၅) သင်္ကန်းဖြစ်အောင် ချုပ်ခြင်း။ (၆) အပ်သော ဆိုးရည်ဖြင့် ဆိုးခြင်း။ (၇)သင်္ကန်းဖြစ်ပြီးလျှင် အပ်အောင် ကပ္ပဗိန္ဒု ထိုးခြင်း၊ ဤခုနှစ်မျိုးသည် ကထိန်၏ အစ(ကထိန အာဒိ)မည်၏။

(၂) ကထိန်၏ အလယ် (ကထိန မဇ္ဈ) (၁) ရှိဟောင်း သင်္ကန်းကို ပစ္စုဒ္ဓိရ် ပြုခြင်း။ (၂) ခင်းမည့် ကထိန်လျာ သင်္ကန်းကို အဓိဋ္ဌာန် တင်ခြင်းများသည် ကထိန်၏ အလယ် (ကထိန မဇ္ဈ)မည်၏။

(၃) ကထိန်၏ အဆုံး ( ကထိန အန္တ ) နှုတ်မှ မြွက်ဆို၍ ခင်းခြင်းသည် ကထိန်၏ အဆုံး (ကထိန အန္တ)မည်၏။

အာနိသင် ငါးပါးတို့ကို ခံစားထိုက်သော ရဟန်း။

(၁) ကထိန်ခင်းသော ကျောင်းတိုက်၏ အတွင်း၌သာ ပုရိမ ဝါဆိုလျက် တည်ရှိ နေ၍ အပြင်ပ၌ မဘည်ဘဲ ဝမ်းမြောက်သော ရဟန်း။(၂) နှုတ်မြွက် ဖွင့်လစ် ကျူးရင့် အသံပြု၍ အနုမောဒနာ ပြုသော ရဟန်း။(၃) သူတပါးကို ပြောကြား သိစေသော ရဟန်းများသည် ကထိန် ခင်းခြင်းကြောင့် ဖြစ်သော အကျိုး ဂုဏ်အင် အာနိသင်တို့ကို ခံစားထိုက်ကြ၏။

ကထိန် ခင်းထိုက်သူ အရေအတွက် ရဟန်း သံဃာ။

အယုတ်ဆုံးအားဖြင့် ရဟန်း သံဃာ ငါးပါး, ထို ငါးပါး ထက် အလွန်, အရာ, အထောင် ဖြစ်ကုန်သော ရဟန်းတို့အား ကထိန် ခင်းခြင်းငှာ ထိုက်၏။

ကထိန် ခံထိုက်သော ရဟန်း။

ဝါဆို လပြည့်ကျော် တရက်နေ့, ဝါကြီးထပ်သော နှစ်ဖြစ်ခဲ့လျှင် ဒုတိယ ဝါဆို လပြည့်ကျော် တရက်နေ့တွင် ကထိန်ခင်းမည့် ကျောင်းတိုက် အတွင်း ပုရိမ ဝါဆိုပြီးလျှင် ပဌမ ပဝါရဏာ နေ့၌ ပဝါရဏာ ပြုသောရဟန်း, သို့မဟုတ် ပဝါရဏာ မပြုသော ရဟန်းတို့သည် ကထိန်ခင်းထိုက်,ကထိန် ခံထိုက်ကြ၏။

## ကထိန် သင်္ကန်း လှူဒါန်းသူ။

နတ်, သိကြား, လူဘုံတွင် တဦးဦးက လှူသော သင်္ကန်းဖြင့် ဖြစ်စေ, ရဟန်း, ဘိက္ခုနီမ(ရဟန်းမိန်းမ), သာမဏေ(သာမဏေ ယောကျ်ား)၊ သာမဏေရီ ( သာမဏေ မိန်းမ )၊ သိက္ခမာန် (သာမဏေ မိန်းမ လုပ်ရန် ကျင့်နေသူ မိန်းမ) ဟူသော အတူ တကွ တရားကျင့်သူ သီတင်းသုံးဘော် ငါးယောက်တို့တွင် တယောက်ယောက်က လှူဒါန်းသော သင်္ကန်းဖြင့်ပင် ဖြစ်စေ၊ အမှတ် မရှိသော သူ တဦးဦးက လှူဒါန်းသော သင်္ကန်းဖြင့် ဖြစ်စေ, ကထိန် ခင်းထိုက်၏။ ကထိန် ခင်းနိုင်၏။

## ကထိန် သင်္ကန်း လှူပုံ။

ကထိန်လျှာ ရည်မှန်း ဤသင်္ကန်းကို သံဃာ အား လှူဒါန်း ပါ၏၊ ဤသင်္ကန်းဖြင့် ကထိန် ခင်းတော်မူကြပါဘုရား။ (ဣမံ ကထိန စီဝရံ သံဃဿ ဒေမ၊ ဣမိနာ ကထိန စီဝရေန ကထိနံ အတ္ထရထ)ဟု ဆို၍ လှူဒါန်းသော သင်္ကန်းဖြင့် ကထိန် ခင်း အပ်၏။

ဒါယကာသည် ပုဂ္ဂလိက လှူလိုသော်လည်း (ဣမံ ကထိနံ စီဝရံ သံဃဿ ဒေမ)"ဤကထိန်လျှာ သင်္ကန်း ကို သံဃာအား လှူဒါန်းပါ၏" ။ ဟု ဆို၍ရင်း, ကြံစည် အောက်မေ့, နှလုံး သွင်း၍ရင်း, လှူငြားအံ့၊ သံဃိကဖြစ်၏၊ ကထိန် ခင်းထိုက်၏။

## ကထိန် ခင်းထိုက်သော ပုဂ္ဂိုလ်။

ဤကထိန် ဟူသည်ကို ဂိုဏ်း,ပုဂ္ဂိုလ်, သံဃာအားဖြင့် သုံး ပါးတို့တွင် ဂိုဏ်း,သံဃာတို့ မခင်းအပ်၊ ပုဂ္ဂိုလ်သာ ခင်းအပ်၏၊

ငှင်းမှာလည်း သံဃာ အများက ဥတ်ကမ္ဗဝါစာ ဘတ်ရွတ်၍ သင်္ကန်းကို အပေး ခံရသော ပုဂ္ဂိုလ် ရဟန်းသည်သာလျှင် ခင်း အပ်၏။

## သံဃာသည် ပေးအပ်သော ပုဂ္ဂိုလ်။

သံဃာသည် သင်္ကန်း ဆိုးရွား ရွားပါး နွမ်းနယ်သော ပုဂ္ဂိုလ် ရဟန်းအား ကထိန် သင်္ကန်းကို ပေးအပ်၏။ "ဆိုးရွား နွမ်းပါး"ဟူသည် အဓိဋ္ဌာန် တင်ခြင်းငှါ မစွမ်း နိုင်လောက်အောင် ဆိုးရွား နွမ်းပါးခြင်းဟု ဆိုးဖြတ်ထိုက်၏။ အကြောင်းမှာ အဓိ ဋ္ဌာန် တင်လောက်လျှင် ကထိန် ခင်းခြင်းငှါ ထိုက်သောကြောင့် ဖြစ်၏။ (ပိဋကတ်) (ပုဆိုးနွမ်း) သင်္ကန်းဖြင့်ရင်း, ပံ့သုကူ သင်္ကန်းဖြင့်ရင်း ကထိန်ခင်း မြောက်သည်ကို ဆိုသည်။(သင်းပိုင် ကိုယ်ဝတ်နှင့် တကွ) သန္တရုတ္တရဒွိ သင်းပိုင်, ကိုယ်ရုံမျှ အဓိဋ္ဌာန် တင်လောက်လျှင် မတောင်းဆိုအပ်ပြီ၊ သင်္ကန်း နွမ်းနယ် ပါး ရွားသော ရဟန်းအများ ရှိနေခဲ့ပါလျှင် သိက္ခာဝါ အကြီးဆုံး မထေရ်ကြီး အားသာလျှင် ပေးအပ်၏၊ အကြောင်းသော်ကား သံဃိကဖြစ်၍ မထေရ်ကြီးအား မတားမြစ် မပိတ်ပင့် ကောင်း သောကြောင့် ဖြစ်၏။ ပင်ပန်း ဆိုးရွား ပါးရွား နွမ်းနယ်သော သင်္ကန်းရှိသော ရဟန်း မရှိလျှင် သိဘင်းကြီး မထေရ်ကြီးအား ပေးအပ်၏။ ဤမထေရ်ကြီးသည်လည်း ဆိုအပ်ခဲ့ပြီးသော အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံပါမှ ကထိန်ခင်းရ၏။

ယခုခေတ်တွင် ချုပ်ပြီး, ဆိုးပြီး ဖြစ်၍ ပုဗ္ဗကရဏ ပြုလုပ်ရန် ကိစ္စ မရှိ။ ဤကဲ့သို့ ချုပ်ဆိုးပြီး မရှိခဲ့သော် မထေရ်ကြီး, လတ်, ငယ် သံဃာ အများသည် ငါ မကူညီနိုင်ဟု ရှောင်ကွင်း ငြင်း

ပယ်၍ မနေသင့်၊ ဝိုင်းဝန်း ကူညီ ပြီးစီးအောင် ထောက်ပံ့ ပြုလုပ် ပေးသင့်၏။ (မရှိသေသောအားဖြင့် မပြုလုပ်လျှင် ဒုက္ကဋ် အာပတ် သင့်၏)

ကထိန်ခင်းရန် အမိ့အဘကိုသော်မှ မတောင်း မဆို့ မတိုက် တွန်းအပ်၊ ခင်းရန် ဝိညတ် ပရိယာယ် အဆွယ်စကား အသွယ် သွယ့်ဩဘာနိမိတ် အရိပ် အယောင်ကိုမျှ မပြုရ၊မပြောဆို့မပြုရ၊ မပြုလုပ်ရ၊ ကောင်းကင်မှ လျှောကျသည့်သဘွယ် အလိုအ လျောက် ပေါ်ပေါက်လာသော စင်ကြယ်သော သက်နုံးဖြင့် သာ ကထိန် ခင်းအပ်၏။

## ကထိန် ခင်းထိုက်သော အထည်။

ယက်ကန်းသည် အိမ်မှ ဆောင်ခဲ့သော အဝတ် အထည်၊ ကော်လိမ်းကျံ၍ သုံးရန် မကောင်း၊ မပျော့ပျောင်း ခက်မာ အစာ မချေရသေးသော အဝတ် အထည်၊ ကြမ်းတမ်း ညစ် နွမ်းသော အဝတ် အထည်များဖြင့် ကထိန် မခင်းရ။ အကြိမ် ကြိမ် ဖွပ်လျှော်၍ ညှိုးလျော် ညစ်နွမ်းခြင်း မရှိသော၊ ဝိနည်း ကံနှင့် လျော်ညီစွာ ချုပ်လုပ် ဆိုးထားသော၊ စင်ကြယ်လှသော သက်န်းဖြင့်သာ ကထိန်ခင်းရ၏။

## ကထိန်လျှာ သက်န်း။

ပြဆိုခဲ့ပြီးသော မဟာမဏ္ဍလ၊ အဍ္ဎမဏ္ဍလ တို့နှင့်တကွ ငါး ခဏ်း၊ ခုနစ်ခဏ်း၊ ကိုးခဏ်း၊ စသည် စီရင် တိုင်းထွာ၍ အငပ် အပိုင်း မြောင်းတရပ် ချုပ်လုပ်ရမည့် အရာများကို ဓါးငယ် စသည်ဖြင့် ဖြတ်တောက်လျက် ဝိနည်းကံနှင့် အညီ အနားပတ် ရောင် မပြေး၊ လက်လေးသစ်အောက် အနံ မငယ်၊ မသေးစေ

မှု၍ လေးမျက်နှာ မလပ်, အနားပတ်တင် လုပ်ကာ ချုပ်စပ်၍ ထားသော ကထိန်လျာ ဝင်သော သင်္ကန်းဖြင့်သာ ကထိန်ခင်းရ၏။

ဆိုးရည် တကြိမ် တခါသာ ဆိုးလျက် အထပ်ထပ် ဆိုးခြင်းကို လျော့၍ ဖြော့တော့သော အဆင်း အရောင် ရှိရုံမျှနှင့် ကထိန် မခင်းရ၊ အကြိမ်ကြိမ် အထပ်ထပ် ဆိုးထားသော သင်္ကန်းဖြင့်သာ ကထိန် ခင်းရ၏။

(၁) နှစ်ထပ် ဒုကုဋ် သင်္ကန်းကြီး၊ (၂) ကိုယ်ရုံ ကော်သီ၊ (၃) အတွင်း ခါးဝတ် သင်းပိုင်၊ (၄) အိပ်ရာခင်း၊ (အပေါ် လွှမ်း အိပ်ရာခင်း)၊ (၅) မျက်နှာသုတ် ပုဝါ၊ (၆) လက်သုတ် ပုဝါ, သပိတ်အိတ်, ဘိနပ်အိတ် စသော အတိုအထွာ ပရိက္ခရာ စောင် ပုဆိုး အမျိုးမျိုး၊ (၇) နိသီဒိုင် အခင်း၊ (၈) မိုးရေခံ သင်္ကန်း၊ (၉) အနာလွှမ်း သင်္ကန်း ဟူသော ကိုးထည်သော သင်္ကန်းတို့တွင် (၁) နှစ်ထပ် ဒုကုဋ် သင်္ကန်းကြီး (၂) ကိုယ်ရုံ ကော်သီ၊ (၃) အတွင်း ခါးဝတ် သင်းပိုင် ဟူ၍ သုံးထည်သော သင်္ကန်းများသည်သာ ကထိန် အရာသို့ အဝင် အပါ ကထိန်လျာ သင်္ကန်းမြောက်၏။ ၎င်းသုံးထည်တို့တွင် တထည်ထည်ဖြင့်သာ ကထိန် ခင်းရ၏၊ ဤသင်္ကန်း သုံးထည်မှ တပါး မိုးရေခံ သင်္ကန်း စသည်တို့ကို ပစ္စုဒ္ဓိုရ်၍ ပြုခြင်းငှါလည်း, အဓိဋ္ဌာန်တင်၍ ကထိန်ခင်းခြင်းငှါလည်း မရအပ်၊ ခဏ ခေတ္တ ငှါးရမ်းသော သင်္ကန်းဖြင့် ကထိန် မခင်းရ။ လူ့နတ်ပြဟ္မာ, သိက္ခာ သာ ၈၀ ကျင့်ကြ သူချင်း သီတင်း သုံးဘော် ငါးယောက် တို့တွင် တယောက်ယောက်သော သူက ပေးလှူသော သင်္ကန်းဖြင့်သာ ကထိန် ခင်းရ၏။

## သန္နိဓိ(အသိုး)သက်န်း။

ဤကဲ့သို့ တရားနှင့် အညီ ဓေဘာနာ, သဒ္ဓါ ပေါက်၍ မိမိ၏ အဝတ် အထည် ပုဆိုး, သို့မဟုတ် တိစီဝရိက် သုံးထည်တို့တွင် တထည်ထည်သော သက်န်းသည် မိုဃ်းပေါ်ကျနှင့် တူစွာ ရခဲ သော်လည်း, ရင်းရသော နေ့၌ သံဃာသည် ကထိန် ခင်းထိုက် သူအား မပေးအံ့၊ ပေးသော နေ့၌ ကထိန် မခင်းအံ့၊ သက်န်း အသိုး (သန္နိဓိ) မည်၏၊ ကထိန် မခင်းထိုက်တော့ပေ၊ မလှူ သေးဘဲ ကျောင်း၌ လာ၍ ထားအံ့, သံဃာသည် မရသေး သောကြောင့် သက်န်းအသိုး (သန္နိဓိ) အဖြစ် မရှိ။

## သန္နိဓိ (အသိုး) နှစ်မျိုး။

(၁) သံဃာသည် ပေးသော နေ့၌ပင် မချုပ်, မဆိုးဘဲ သို မှီး သိမ်းဆည်း ထားလျက်, နောက်နေ့သို့ ကျရောက်မှ ချုပ် ဆိုးခြင်း ပြုလုပ်လျှင်, ပြုလုပ်ခြင်း အသိုး (ကရဏ သန္နိဓိ)မည် ၏။ (၂) ယနေ့ ရသော ကထိန် သက်န်းကို သံဃာသည် သိုမှီး သိမ်းဆည်း ထား၍ နောက်နေ့သို့ ကျရောက်မှ ပေးလျှင်, သိုမှီး သိမ်းဆည်းခြင်း အသိုး(နိစယ သန္နိဓိ)မည်၏၊ ဤနှစ်မျိုးသော သိုးခြင်း (သန္နိဓိ)ကို ပြုလုပ်ထားသော (သန္နိဓိ ကတ) အဝတ် အထည် သက်န်းဖြင့် ကထိန် မခင်းထိုက်။ ခင်းသော်သည်း ကထိန်ခင်းရာ မရောက်၊ ကထိန်ခင်း မမြောက်တော့ပေ။ ချုပ် ဆိုးနေစဉ် မပြီးစီးမီ အရုဏ် တက်သော သက်န်း သည် ညဥ့်လွန် သော နိဿဂ္ဂိယ မည်၏။ ထိုနိဿဂ္ဂိယ သက်န်းဖြင့်လည်း ကထိန် မခင်းထိုက်။

မှု၍ လေးမျက်နှာ မလပ်, အနားပတ်တင် လုပ်ကာ ချုပ်စပ်၍ ထားသော ကထိန်လျာ ဝင်သော သင်္ကန်းဖြင့်သာ ကထိန်ခင်းရ၏။

ဆိုးရည် တကြိမ် တခါသာ ဆိုးလျက် အထပ်ထပ် ဆိုးခြင်းကို လျော့၍ ဖြော့တော့သော အဆင်း အရောင် ရှိရုံမျှနှင့် ကထိန် မခင်းရ၊ အကြိမ်ကြိမ် အထပ်ထပ် ဆိုးထားသော သင်္ကန်းဖြင့်သာ ကထိန် ခင်းရ၏။

(၁) နှစ်ထပ် ဒုကုဋ် သင်္ကန်းကြီး၊ (၂) ကိုယ်ရုံ ကော်သီ၊ (၃) အတွင်း ခါးဝတ် သင်းပိုင်၊ (၄) အိပ်ရာခင်း၊ (အပေါ်လွှမ်း အိပ်ရာခင်း)၊ (၅) မျက်နှာသုတ် ပုဝါ၊ (၆) လက်သုတ် ပုဝါ, သပိတ်အိတ်, ဘိနပ်အိတ် စသော အတိုအထွာ ပရိက္ခရာ စောင္ဃ ပုဆိုး အမျိုးမျိုး၊ (၇) နိသီဒိုင် အခင်း၊ (၈) မိုယ်းရေခံ သင်္ကန်း၊ (၉) အမာလွှမ်း သင်္ကန်း ဟူသော ကိုးထည်သော သင်္ကန်းတို့တွင် (၁) နှစ်ထပ် ဒုကုဋ် သင်္ကန်းကြီး၊ (၂) ကိုယ်ရုံ ကော်သီ၊ (၃) အတွင်း ခါးဝတ် သင်းပိုင် ဟူ၍ သုံးထည်သော သင်္ကန်းများသည်သာ ကထိန် အရာသို့ အဝင် အပေါ် ကထိန်လျာ သင်္ကန်းမြောက်၏။ ၎င်းသုံးထည်တို့တွင် တထည်ထည်ဖြင့်သာ ကထိန် ခင်းရ၏၊ ဤသင်္ကန်း သုံးထည်မှ တပါး မိုယ်းရေခံ သင်္ကန်း စသည်တို့ကို ပစ္စုဒ္ဓိုရ်၍ ပြုခြင်းငှါလည်း, အဓိဋ္ဌာန်တင်၍ ကထိန်ခင်းခြင်းငှါလည်း မရအပ်၊ ခဏ ခေတ္တ ငှါးရမ်းသော သင်္ကန်းဖြင့် ကထိန် မခင်းရ။ လူ့နတ်,ဗြဟ္မာ, သိကြား သာ ဇဝ ကျင့်ကြ သူချင်း သီတင်း သုံးဘော် ငါးယောက် တို့တွင် တယောက်ယောက်သော သူက ပေးလှူသော သင်္ကန်းဖြင့်သာ ကထိန် ခင်းရ၏။

## သန္နိဝိ(အသိုး)သက်နိုး။

ဤကဲ့သို့ တရားနှင့် အညီ စေဘနာ, သဒ္ဓါ ပေါက်၍ မိမိ၏ အဝတ် အထည် ပုဆိုး, သို့မဟုတ် တိစီဝရိက် သုံးထည်တို့တွင် တထည်ထည်သော သက်နိုးသည် မိုဃ်းပေါ်ကျနှင့် တူစွာ ရခဲ့သော်လည်း, ရင်းရသော နေ့၌ သံဃာသည် ကထိန် ခင်းထိုက်သူအား မပေးအံ့၊ ပေးသော နေ့၌ ကထိန် မခင်းအံ့၊ သက်နိုး အသိုး (သန္နိဝိ) မည်၏၊ ကထိန် မခင်းထိုက်တော့ပေ၊ မလှူသေးဘဲ ကျောင်း၌ လာ၍ ထားအံ့, သံဃာသည် မရသေးသောကြောင့် သက်နိုးအသိုး (သန္နိဝိ) အဖြစ် မရှိ။

## သန္နိဝိ (အသိုး) နှစ်မျိုး။

(၁) သံဃာသည် ပေးသော နေ့၌ပင် မချုပ်, မဆိုးဘဲ သိုမှီး သိမ်းဆည်း ထားလျက်, နောက်နေ့သို့ ကျရောက်မှ ချုပ်ဆိုးခြင်း ပြုလုပ်လျှင်, ပြုလုပ်ခြင်း အသိုး (ကရဏ သန္နိဝိ)မည်၏။ (၂) ယနေ့ ရသော ကထိန် သက်နိုးကို သံဃာသည် သိုမှီး သိမ်းဆည်း ထား၍ နောက်နေ့သို့ ကျရောက်မှ ပေးလျှင်, သိုမှီး သိမ်းဆည်းခြင်း အသိုး(နိစယ သန္နိဝိ)မည်၏၊ ဤနှစ်မျိုးသော သိုးခြင်း (သန္နိဝိ)ကို ပြုလုပ်ထားသော (သန္နိဝိ ကတ) အဝတ် အထည် သက်နိုးဖြင့် ကထိန် မခင်းထိုက်။ ခင်းသော်သည်း ကထိန်ခင်းရာ မရောက်၊ ကထိန်ခင်း မမြောက်တော့ပေ။ ချုပ်ဆိုးနေစဉ် မပြီးစီးမီ အရုဏ် တက်သော သက်နိုး သည် ညဥ့်လွန်သော နိဿဂ္ဂိယ မည်၏။ ထိုနိဿဂ္ဂိယ သက်နိုးဖြင့်လည်း ကထိန် မခင်းထိုက်။

## ကထိန်ပျက်စီးခြင်း (ဝိပန္န)သုံးမျိုး။

(၁) မအပ်သော အဝတ်အထည်သည် ပစ္စည်း ဝတ္ထု ပျက်စီး ချို့ယွင်းခြင်း (ဝတ္ထု ဝိပန္န)မည်၏။

(၂) ယနေ့ လှူသော ကထိန်သင်္ကန်းကို နက်ဖြန်မှ ကထိန် ခင်းတတ်သော ရဟန်းအား ပေးခြင်းသည် အချိန် ကာလ ပျက်စီး ချို့ယွင်းခြင်း (ကာလ ဝိပန္န) မည်၏။

(၃) ထိုလှူသော နေ့အတွင်း အဝတ် အထည်ကို ဖြတ် ဆုတ်၍ မချုပ်လုပ်သော သင်္ကန်းသည် အချုပ် အလုပ် စသော အမှု အလုပ် ကိစ္စ အလုပ် ဝတ္တ ရား ပျက်စီး ချို့ယွင်း လစ်ဟင်းခြင်း ( ကရဏ ဝိပန္န)မည်၏။

ဤကဲ့သို့ ဝတ္ထုပစ္စည်း၊ အချိန် အခါ ကာလ, ပြုလုပ်ဘွယ် အမှုကိစ္စ, အလုပ်ဝတ္တရား, ပျက်စီး ချို့တဲ့ခြင်း သုံးမျိုးတို့တွင် တမျိုးမျိုးသော ပျက်စီး ချို့ယွင်းချက် ရှိသော အဝတ် အထည် သင်္ကန်းဖြင့် ကထိန် မခင်းအပ်၊ ကထိန် ခင်းသော် လည်း ကထိန် မမြောက်ပေ။

## မှားလျှင် ပြင်ဆင်။

ကထိန် အရာ... ကျွမ်းကျင်စွာဖြင့်၊ လိမ်မာ သိမြင်၊ တတ်စေ ချင်၍၊ မြတ်ရှင် ပါဠိ၊ ကျမ်းစုံ ညှိလျက်၊ ရှုကြည့်ပြီးလျှင်၊ ရေး စီရင်၏၊ မှားလျှင် ပြင်ဆင်၊ မှန်လျှင် မှတ်ယူ၊ ကြည်ဖြူ စိတ်ထား၊ ဘုရား သာသနာ၊ နေဝါ, လ-ရောင်၊ ထွန်းလင်း ပြောင်အောင်၊ ထမ်းဆောင် နိုင်စေ၊ တောင်းဆု ချွေသည်......

## ကဝေ ဉာဏ်ရောင် တောက်ပြောင် ထိန်ဝင်း, လင်း စေသော်။

## ကထိန် တရား။

မဟာ ကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗ ပါဏိနံ၊
ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိ မုတ္တမံ၊
ဧတေန သစ္စ ဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။ ။

မဟာ ကာရုဏိကော = မနှိုင်းအပ် မယှဉ်သာ ကြီးကျယ် မြင့်မြတ်လှစွာသော ထောက်ထား ညှာတာ သနား ကြင်နာခြင်း မဟာ ကရုဏာ ရှိတော်မူထသော။ ဝါ= ဘဝ မစဲ ဒုက္ခထဲ၌ လဲကြ နစ်ကြ ဝေနေယျကို ကယ်မ လိုဘိ အားကြီးသော သနား ငဲ့ညှာခြင်း မဟာကရုဏာ ရှိတော်မူထသော။ နာထော၊ သုံးလူ့ ထွဋ်ထား ရှင်တော်မြတ်ဘုရားသည်။ ဝါ= လူသုံးပါး တို့၏ ကိုးစား အားထားရာ အစစ်ဖြစ်ကြီး ဖြစ်တော်မူသော မြတ်စွာဘုရား သခင်သည်။ သဗ္ဗ ပါဏိနံ =အလုံးစုံ ရှိရှိသမျှ သတ္တဝါ အနန္တတို့၏။ ဝါ=ရုပ်,နာမ် နှစ်ဖြာ ခန္ဓာ ဝန်ထမ်း ရေညှန် လမ်း၌ ပင်ပန်း နွမ်းရိ မချိ တင်ကဲ ဆင်းရဲ ဒုက္ခ, တွေ့ကြုံ ခံစား နေကြရကုန်သော အလုံးစုံသော သတ္တဝါတို့၏။ ဟိတာယ=ဒုက္ခ ဝဋ်ကြွေး ကျွတ်လွတ် အေး၍ ရန်ဘေး လွင့် ပါး အကျိုး များကြစေခြင်းငှာ။ ဝါ=ဒုက္ခ မီးပွား မတိုး ပွားဘဲ ကျိုးများလေဘိ အလွန် အကျိုးစီးပွား ရှိစေခြင်း အလို့ငှာ။ သဗ္ဗာ=ခပ်သိမ်း ဉဿုံ အလုံးစုံကုန်သော။ ပါရမီ= ဒါန, သီလ စသည် အလီလီ ပါရမီတို့ကို။ ဝါ=သဗ္ဗာ ပါရမီ၊ ဒါန,သီလ, နိက္ခမ-က,စ၍ တွက်ရေ အလုံးစုံသော ပါရမီတော် တို့ကို။ ပူရေတွာ=မဆုတ် မနစ် အားသစ် ကြိုးစား တိုးပွား ဖြည့်

ကျောင့်တော်မူ၍။ ဝါ=အယုတ်, အလတ်, အမြတ် မရွေး ရှာကြံ တွေးလျက် မြတ်လေး ကြည်ဖြူ ဖြည့်ကျင့်တော်မူ၍။ ဥတ္တမ=အတု မရ ကဲလွန် ထူးမြတ်လှသော။ ဝါ=လူသုံးဦးတို့၌ အမူး ဥက္ကဋ္ဌ လွန်စွာ ထူးမြတ်လှသော။ သမ္ဗောဓိ=အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်သို့။ ဝါ= အလုံးစုံ တရား, ဓမ္မား သိမူ သဗ္ဗညု အစစ် ဘုရားအဖြစ်သို့။ ပတ္တော = ဝင်ရွှံခန်း ကျော်မြောက် တဘက်ကမ်း ပေါက်ကာ လှမ်းရောက်တော်မူရလေပြီ။ (တံ ဧဝ ဝစနံ=ပြောဆို မြွက်ကြား ထိုစကားသည်သာလျှင်။ သစ္စံ = မသွေ မလွှန် မဖေါက်ပြန်ဘဲ မှန်ကန်လှပါပေ၏)။ ဧတေန သစ္စဝဇ္ဇေန=မဖေါက်မပြန်ဘဲ မှန်ကန်သောအား ပြော ကြားရသော ဤသစ္စာ စကားကြောင့်။ တေ = တုမှာကံ= တရားတော်နာ ရောက်လာ စုဝေးကြ သင် သူတော်ကောင်း တို့အား။ သဗ္ဗဒါ = နေ့ရော်, ညဉ့်ပါ ဘယ်ခါ မပြတ် အခါ ခပ်သိမ်း၊ သောတ္ထိ = ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာ အေးမြ ဘေးဒုက္ခ ခပ်သိမ်း ကင်းငြိမ်းခြင်းသည်။ ဟောတု = စင်စစ် မသွေ ဖြစ်ကြပါစေသတည်း။ ဟောတု= စင်စစ်မသွေ ဖြစ်ကြ ပါစေသား။ ။

## သနား ကြင်နာပုံ။

ဤဂါထာ၏ အဓိပ္ပါယ်သဒ်ကား။ လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ အထူး အားထား ကိုးကွယ်ရာ အစစ် ဖြစ်ကြီး ဖြစ်တော်မူသော သဗ္ဗညုတ ဉာဏ်တော် အရှင် မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးသည် ဘဝ အဆက်ဆက်၊ နာမ်, ရုပ် အဆက်ဆက်, စက်ရဟတ် ပမာ အမြဲ မပြတ် ချာချာ လည်ကာ

ဖြစ်ပျက် နေလေရာ သံသရာဝဲ ဆင်းရဲ ဒုက္ခထည်း၌ လဲကြ နစ်ကြ ဆင်းရဲ ဒုက္ခတွေကို အလူးအလဲ ခံစား နေကြရသည့် သတ္တဝါ အများကို ကယ်မ လိုဘိ အလွန့် အလွန် မြင့်မြတ် အားကြီးလှသော သနား ကြင်နာခြင်း မဟာ ကရုဏာ ရှိတော်မူတယ်။

ဤကဲ့သို့ သနား ကြင်နာတော်မူလှခြင်းကြောင့် ဤကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် လေးသင်္ချေနှင့် ကမ္ဘာ တသိန်း ထက်မှာ သုမေဓာ ပညာရှိ သူဌေး ဘာ ဖြစ်စဉ်က စည်းစိမ် ချမ်းသာ ကြီးကျယ် များပြားလှစွာတို့၏ အလယ်မှာ တင့်တင့် တယ်တယ် နေထိုင်နိုင်ခဲ့တယ်။ ထိုသို့ပင် နေထိုင်ရငြားသော်လည်း ကြီးကျယ် များပြားလှစွာသော စည်းစိမ် ဥစ္စာတွေကို မတွယ်တာ မနှစ်သက် ရက်ရက်ရောရော နှမြော တွန့်တိုခြင်း မရှိဘဲ ပေးကမ်း စွန့်ကြဲပြီးလျှင် ဓမ္မိက တောင်သစ်ပင်ချောင်၌ ရသေ့ ရဟန်း ပြုလုပ်နေတော်မူခဲ့တယ်။

ထိုအခါ ဒီပင်္ကရာ မည်တော်သာသော မြတ်စွာဘုရားသည် သတ္တဝါတို့အား တရား ရေအေး အမြိုက်ဆေးကို တိုက်ကျွေး နေတော်မူသော အချိန်အခါပင် ဖြစ်တယ်။ တနေ့သော အခါ သုမေဓာ ရှင်ရသေ့သည် ဒီပင်္ကရာ မြတ်စွာ ဘုရား ကြွသွား တော်မူရန် လမ်းကို တိုင်းသူ ပြည်သား လူအများတို့ ပြုပြင် နေကြစဉ်မှာပင် မြတ်စွာဘုရား ကြွလာတော်မူသော အခါ မပြီးစီးသေးသော လမ်းနေရာ၌ သူ့ကိုယ်ကို မြတ်စွာဘုရား ကြွသွားရန် အလျား မှောက်စင်းကာ တံတား ခင်း၍ ပေး လိုက်တယ်။

ထိုစဉ် အခါကပင် ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းရာ ဖြစ်တဲ့ နိဗ္ဗာန်ကို ယူလျှင် ရရှိနိုင်ငြားသော်လည်း သုံးဘုံအောက်မှာ ဆင်းရဲ ဒုက္ခတွေ အနန္တနှင့် ထွက်ပေါက် မရကြသေးသော သတ္တဝါတွေ အလွန် ဆလွန် များပြားစွာ ရှိကြကုန်သေးတယ်၊ ဤသတ္တဝါများသည် လောဘနာ, ဒေါသနာ, မောဟနာဆိုတဲ့ အနာဆိုးကြီးတွေ စွဲကပ်လျက် ရှိကြသဖြင့် သီလ, သမာဓိဟည်း ဟူသော ဝတ်ဆင်စရာ တရား ရတနာ မရှိကြ၊ ဤကဲ့သို့ သီလ, သမာဓိ ဝတ်ဆင်စရာ မရှိ ကင်းမဲ့ကြသောကြောင့် ဆင်းရဲ ငွေ့ဘုံ လောကမှ ထွက်မြောက်နိုင်သော ဝိမုတ္တိရသကို မျှမျှ တတ ဝဝ လင်လင် မသုံးဆောင်, မစားသောက်ကြရ။ ထိုကဲ့သို့ မသုံးဆောင်ကြရသဖြင့် ဘဝတိုင်း, ဘဝတိုင်း ပဋိသန္ဓေ နေရတဲ့ ဘေး, အိုရတဲ့ဘေး, နာရတဲ့ဘေး, စိုးရိမ် ပူဆွေး ငိုကြွေးနေရတဲ့ဘေး, သေရတဲ့ ဘေးကြီးတွေနှင့် ပြေးမလွတ် မရှောင်သာ, ပဋေ္ဋခဋ္ဋ ဆင်းရဲ ဒုက္ခ မီးပေါ်မှာ ပူလောင်ဖြာလျက် ကျွမ်းမြိုက်ခါသာ ခံနေကြရတယ်။ ဤကဲ့သို့ ကျက်ကျက်ဆူအောင် ဆင်းရဲ ဝဋ်ဘောင်မှာ ပူလောင် နေကြရရှာသော သတ္တဝါတို့ကို သား, သမီးရင်းမျှ မက, သနား ကြင်နာတော်မူလှသဖြင့် ငါတယောက်ဘည်း နိဗ္ဗာန်သို့ မကူးသွားတော့ပြီ၊ ဤအပူသယ် ဒုက္ခိတ သတ္တဝါ အများအား တရား ရေအေး အမြိုက်ဆေး ကို တိုက်ကြွေး ကယ်မ နိုင်သည့် သဗ္ဗညုတ ဉာဏ်ကို ရရှိအောင် ကြိုးစား အားထုတ် ရတော့မှာဘဲဟု စိတ်နှလုံးတွင် အမြဲ စွဲပြီးလျှင် ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ မှောက်စင်းကာ ကိုယ်ကို လှဲလျက် နေစဉ် အခါ, ဒီပင်္ကရာ မြတ်စွာဘုရားက "လေးသင်္ချေနှင့် ကမ္ဘာ တသိန်းထက်၌

ဤသုမေဓာ ရှင်ရသေ့သည် ဘုရား ဖြစ်ရလတ္တံ့”ဟူသော ဗျာဒိတ်ပွဲ နိယတကို အမိအရ ခံယူ ရရှိတော်မူခဲ့ဘယ်။

ပါရမီ ဆယ်ပါး။

ဤကဲ့သို့ အလွန့် အလွန် တာရှည် ကြာမြင့်လှစွာသော လေးသင်္ချေနှင့် ကမ္ဘာ တသိန်း အချိန်အခါ ကာလများစွာကို အလွန် ရှည်ကြာလှသည်ဟု မအောက်မေ့ မမှတ်ထင့်ယနေ့ နက်ဖြန်ပင်ဟု စိတ်မှာ တွေးထင်ပြီးလျှင် ဖြစ်လေ ရာရာ ဘဝ ပေါင်း မြောက်များစွာတို့၌—

(၁) မသုတ် မနှစ် စွန့်ပစ် ရက်ရောစွာ ပေးကမ်း လှူဒါန်း စွန့်ကြဲခြင်း ဒါန ပါရမီ။

(၂) မကျိုး မပေါက်အောင် ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက် ကျင့်ကြံခြင်း သီလ ပါရမီ။

(၃) ဆင်းရဲ အပေါင်းမှ ထွက်မြောက် ကျွတ်လွတ် လို ကြောင်း ကောင်းမွန်သော စိတ်ထားဖြင့် တောထွက်ခြင်း နိက္ခမ ပါရမီ။

(၄) အရာရာ၌ လေးနက်စွာ စင်းစား ဆင်ခြင် အသိဉာဏ် ထွင်လျက် ပညာရှင်တို့နှင့် တိုင်ပင် ဆွေးနွေး မေး မြန်းလေ့ရှိခြင်း ပညာ ပါရမီ။

(၅) ဆုတ်နစ် တွန့်တို ပျင်းရိခြင်း အလိုဆန္ဒ မရှိ၊ လုလ္လ ဝိရိယဓာတ် မြဲမြံ ခိုင်ခန့်စွာ အရာရာ၌ ကြိုးစား အားထုတ်မှု ရှိခြင်း ဝီရိယ ပါရမီ။

(၆) ကောင်း၊ မကောင်း အတွက် စိတ် မကွက်ဘဲ မြေကြီး ပမာ အရာရာ၌ သည်းခံခြင်း ခန္တီပါရမီ။

(၇) သောက်ရှူးကြယ်ပမာ ဘယ်အခါမှ လမ်းမလွဲသော မှန်ကန်မှုရှိခြင်း သစ္စာ ပါရမီ။
(၈) ကျောက်တောင်ကြီးပမာ နေရာ မရွေးဘဲ ခိုင်မြဲ တည့်မတ်သော ဆောက်တည်မှု ရှိခြင်း အဓိဋ္ဌာန် ပါရမီ။
(၉) ဆင်းရဲ, ချမ်းသာ အယုတ်, အသတ်, အမြတ် မရွေး မြေတောင် အလားကဲ့သို့ သတ္တဝါများ အပေါ်၌ ချစ်ခင် လေးစားမှုရှိခြင်း မေတ္တာ ပါရမီ။
(၁၀) သန့်ရှင်း၊ စင်ကြယ် ညစ်ထေးခြင်းကို မရွေးချယ် တတ်သော မြေထုပမာ ဆင်းရဲ, ချမ်းသာတို့ကို မတွယ်တာ မငဲ့ကွက် လျှင်လျှူရှုလျက် နေခြင်း ဥပေက္ခာ ပါရမီ။

ဤဆယ်လီသော ပါရမီတို့ကို သား, မယားနှင့် မိမိ၏ ကိုယ်ခန္ဓာကို ပမာဏ မလုပ် ချုပ်ချုပ် ခွဲခွဲ သင်မှိုက်လို သန့်စင် ကြဲပြီးလျှင် အနန္တ ကျင့်ကြံ ဖြည့်စွက်လျက် သဗ္ဗညုတဉာဏ် ရရှိ ရန်အတွက် ဘဝ ဆက်တိုင်း, ဘဝဆက်တိုင်း ဆင်းရဲ ဒုက္ခတွေကို ခံယူကာ အားခဲတော် မူခဲ့ရရှာတယ်။

## သာသနာ ပြုပုံ။

ထိုကဲ့သို့ ဘဝ မစဲ ဒုက္ခထဲ၌ လဲဝဲ လယ်လယ်, အပူ ဆင်းရဲ တွေ အတွယ် ခံနေကြရသော အပူကောင် ဆင်းရဲသား,ဒုက္ခိတ သတ္တဝါများ အကျိုးငှာ မိမိကိုယ်တိုင် အဆင်းရဲ အပင်ပန်း အနစ်နာ ခံကာ ကြိုးစား အားထုတ်တော်မူပြီးမှ နောက်ဆုံး ဘဝ သိဒ္ဓတ္ထ ဘုရင် ဖြစ်တော်မူပြီးလျှင် ရွှေနန်း စည်းစိမ်ကို

အစဉ် စွန့်ခွာလျက် တောထွက်ပြီးလျှင် ဒုက္ကရစရိယာ ခြောက်နှစ် ကြာအောင် ကျင့်တော်မူရတယ်၊ ခြောက်နှစ်ကြာအောင် ဒုက္ကရ စရိယာ ကျင့်ပြီးသောအခါ ဗောဓိပင်အောက်တွင် ရွှေပလ္လင် ပေါ်သို့ ရောက်ရှိပြီးလျှင် သဗ္ဗညုတဉာဏ်ကို ရရှိကာ အလုံး စုံသော တရားကို သိမြင်တော်မူသော ဘုရားစင်စစ် ဖြစ်တော် မူရတယ်။ ထိုကဲ့သို့ သဗ္ဗညုတဉာဏ်ကို အမှန် ရရှိတော်မူပြီးမှ သုံးခွင်သော ဘုံအစုမှာ ဘယ်သူ့ကို တရားဦး ဟောကာ ကယ်တင်ရပါအံ့နည်းဟု ဆင်ခြင်တော်မူလေလျှင် ငါးအင်သော ပဉ္စဝဂ္ဂီ ရဟန်းများကို မြင်တော်မူရသဖြင့် ဗာရာဏသီပြည် မိဂဒါဝုံတောသို့ ကြွလှမ်းကာ ဓမ္မစကြာ တရားကို ငါးဦး သော ပဉ္စဝဂ္ဂီတို့အား ဟောကြား ပြသသော အခါ၊ ငါးဦး သော ပဉ္စဝဂ္ဂီတို့မှာ အာသဝေါ ကုန်ခမ်းကြလျက် ရဟန္တာများ ဖြစ်သွားကြတယ်။

ပဉ္စဝဂ္ဂီ ရဟန်း ငါးဦးတို့ တရားထူး ရပြီးသည့်နောက် ခရီး အထောက် မဝေးကွာလှသော သေနမည်သော ရွာကြီးက သူဌေးသမီး သုဇာတာ၏သား ဖြစ်သူ ယသ နှင့်တကွ သူ၏ မိဘ,ဇနီးသည်၊ ၎င်းပြင် ယသ၏ မိတ်ဆွေ သူငယ်ချင်း ငါး ကျိပ်လေးယောက် တို့ကိုလည်း တရားဓမ္မ ပြောဟော ပြသသော အခါ ယသနှင့်တကွ သူ၏ မိဘများ, သူ၏ ဇနီးသည် တို့သည် သောတာပန် ဖြစ်ကြလျက် ယသ၏ မိတ်ဆွေ ငါးကျိပ်လေး ယောက်တို့မှာ အာသဝေါ ကင်းကွာကြပြီးလျှင် ရဟန္တာချည်း ဖြစ်သွားကြတယ်။

ဤကဲ့သို့ ကိလေသာ ဝဋ်အတွင်းမှ လွတ်ကင်းကြကာ ရဟန္တာများ ဖြစ်သွားကြသော ရဟန်းများကို မြတ်စွာဘုရားက

မိန့်ကြားတော်မူသည်မှာ"ချစ်သား ရဟန်းတို့ ငါဘုရားနှင့်တကွ သင်ချစ်သား ရဟန်းတို့မှာ ခွန်အားဗလ ပြည့်ဝကြလျက် ကိလေသာ ရန်စစ်ကို ပယ်ဖျက်ပြီး ဖြစ်ကြပေပြီ၊ အသိဉာဏ် မျှောက်ခါ သံသရာအောက်မှ ထွက်စရာ လမ်းပေါက် လမ်းစကို ရှာမတွေ့ကြသေးတဲ့ ဒုက္ခသယ် သတ္တဝါ အကျဉ်းသားတို့ကို သနားကြင်နာ သား,သမီး အရင်းအချာလို့,အတူ ရှုကြပြီးလျှင် ကျွတ်ဆု တရားများ ဟောကြားကြရန် နှစ်ပါး မတွဲ,တပါးစီ လမ်းကို ခွဲကြလျက် တကွဲစီ လှည့်လည်ကြပေတော့"ဟု မိန့်ကြား တော်မူလျက် ရှိသမျှ ရဟန်းများကို အမြို့မြို့ အရွာရွာသို့ သွားကြကာ တရားဟောကြရန် စေလွှတ်တော်မူလိုက်တယ်။

ဘဒ္ဒဝဂ္ဂီ မင်းသားများ။

မြတ်စွာဘုရားသည် တပါးတည်းပင် မိဂဒါဝုန်တောမှ ထွက်ခွါတော်မူခဲ့ပြီးလျှင် ငြိမ်သက် တည်ကြည်လှသော ဂင်္ဂါမြစ် အနီး ဉရုဝေလ တောကြီး၌ နေထိုင်ကြသော ရသေ့အပေါင်း တို့ ကျွတ်လွတ်ကြမည့် အကြောင်းကို ကောင်းစွာ သိမြင်မြော် မှန်း ရည်ရွယ်တော်မူပြီးလျှင် ဒေသစာရီ ဖြန့်ချီ ကြွမြန်းတော် မူခဲ့တယ်။

ရသေ့ပေါင်း တထောင်တို့၏ နေရာ ဌာနသို့ မရောက်မီ, ခရီးအကြား တခုသော တောအုပ်ကြီး အနီးအပါးမှာ ပါဝါ ပြည်သား ကောသလ မင်းကြီးနှင့် တဘထည်း မွေးဖွားကြ သည့် ဘဒ္ဒဝဂ္ဂီ ညီနောင် မင်းသား သုံးကျိပ်တို့သည် အကျွတ် တရား ရကြလိမ့်မည်ကို သိမြင်တော်မူပြန်တယ်။ ထိုအခါ ကြွ တော်မူမည့် ခရီးစဉ်ကို ပယ်ရှားလျက် သစ်ပင်ကြီး တပင်၏

အရင်းသို့ ကြွသွားပြီးလျှင် ခေတ္တခဏ ဆိုင်းငံ့ စောင့်စားကာ နေတော်မူတယ်။

အပေါင်း အဘော် ငါးရာရှိ အမျိုးသားနှင့် တောအုပ်ကြီးထဲတွင် သောက်စား ပျော်ပါးနေကြသည့် သုံးကျိပ်ကုန်သော ဘဒ္ဒဝဂ္ဂီ ညီနောင် မင်းသားတို့သည်လည်း ကစား မြူးတူးလျက် ယစ်မူး သောက်စားကာ မေ့လျော့နေကြတဲ့ အခိုက်အခါတွင် ဒါတို့ ထိုက်တန်လှသော သူတို့၏ ပစ္စည်း ဘဏ္ဍာများကို ပြည့်တန်ဆာမ တဦးက ခိုးယူ တိမ်းရှောင်သွားတယ်၊ ထိုအခါ မင်းသား သုံးကျိပ်တို့လည်း ခိုးသူ ပြည့်တန်ဆာမကို တောအုပ်ကြီး အတွင်း၌ လိုက်လံ ရှာဖွေကြသော အခါ တောအုပ်ကြီး၏ အကြေ့, သစ်ပင်ကြီး တပင်၏ အနီးအပါးတွင် မြတ်စွာဘုရား နှင့် ရင်ဆိုင် တွေ့ကြတယ်။ ထိုကဲ့သို့ မြတ်စွာဘုရားကို တွေ့ မြင်ကြရသော အခါ သုံးကျိပ်ကုန်သော မင်းသားတို့က ပြည့် တန်ဆာ ခိုးသူမကို သုံးလူ့ဘ အရှင်, တွေ့မြင်လိုက်ပါသလား? ဟု မေးမြန်း လျှောက်ထားကြတယ်။

ထိုအခါ သုံးလောကအရှင် ဘုရားသခင် ကိုယ်တော်မြတ် ကြီးကလဲ "မင်းသားတို့.... မိန်းမကို ရှာဖွေ နေခြင်းနှင့် မိမိကိုယ် ကို မိမိ ရှာဖွေခြင်းတို့တွင် ဘယ်သင်းက မှန်မြတ်ပါသလဲ" ဟု မိန့်တော်မူရာ "ကိုယ့်ကိုယ်ကို ရှာဖွေခြင်းက သာလွန် မှန် မြတ်လှပါကြောင်းပါဘုရား" ဟု လျှောက်ထားကြသဖြင့် စကား အစဉ်မပျက် သုံးကျိပ်ကုန်သော ထိုမင်းသားတို့ကို ထွက်ခွါ မသွားရလေအောင် နှုတ်ခွန်းဆက်ပြီးလျှင် ဓမ္မစက် အမြိုက် ရေ အေးနှင့် ပက်ဆေးကာ သွန်းလောင်း ဟောပြော ပြသတော်မူ တယ်။

ဘဒ္ဒဝဂ္ဂီ ညီနောင် မင်းသား သုံးကျိပ်တို့လည်း နှစ်လို့ကြည်သာ ဝမ်းမြောက် ဝမ်းသာစွာ တရားတော်ကို နာကြားကြရသဖြင့် သောတာပန်, သကဒါဂါမ်, အနာဂါမ်, မဂ်,ဖိုလ်တို့ကို ကိုယ်စီ ကိုယ်ငှ, ထိုက်သည့်အလျောက် အသီးအသီး သိမြင် ပေါက်ရောက် ရရှိကြပြီးလျှင်“ဟေဟိဘိက္ခု”ရဟန်းတော်များအဖြစ်သို့ ရောက်ရှိ သွားကြတယ်။ ထိုကဲ့သို့ ဝင်းဝ့ါ ထိန်လျှမ်းမြတ်သက်န်းကို ဆင်မြန်းပြီးကာ ရဟန်းအဖြစ်သို့ ရောက်ပြီးကြသော အခါ, စောင့်ရှောက်ဘို့ မူတင် အကျင့်များနှင့်တကွရဟန်းတို့၏ အလေ့ အလာ ကမ္မဋ္ဌာန်း ဘာဝနာများကို စီးဖြန်း ပွားများကြရန် တခုသော ဆိပ်ငြိမ်ရာ တောကျောင်းသို့သွားရောက် နေထိုင်ကြပြီးလျှင် တရားများကို ကြိုးစား အားထုတ်နေကြတယ်။

ဝက်မင်း ဝတ္ထု။

ထိုဘဒ္ဒဝဂ္ဂီ သုံးကျိပ်ကုန်သော မထေရ် သခင်တို့၏ ဤကဲ့သို့ဇာလျှင်အမြန် လွယ်လင့်တကူနှင့် မဂ်,ဖိုလ်တို့ကို ရယူလျက် ကျွတ်တန်း ဝင်ရခြင်းများ၏ အကြောင်းကို ထပ်လောင်းကာ ရှင်းလင်း ဟောပြရပါလျှင်…

အတိတ်ဟောင်း ရှေးဘဝက ငါတို့ ဂေါတမ ဘုရားလောင်းသည် ပါရမီ သမ္ဘာတော် မရင့်ညောင်းသေးတာနှင့် နစ်စောင်းငုပ်လျှိုး, ယုတ်ညံ့လှတဲ့ ဝက်တိရစ္ဆာန် ဘဝမျိုးမှာ ဝင်တိုးပြီးဖြစ်နေခဲ့ရရှာတယ်။ ထိုဝက်ဖြစ်ခဲ့ရသော ဘဝမှာပင် ဗာရာဏသီပြည်ဝယ် အမျိုး သိမ်ဖျင်း ဂုဏ်တန်ခိုး မထိန်လင်းနိုင်တဲ့ အမယ်အို တယောက်၏ လက်တွင်းမှာ မဟာတုဏ္ဍိလ ဟူသော အမည်

နာမနှင့် ဝက်မင်း ဖြစ်နေရရှာတယ်။ ၎င်းဝက်မင်းမှာ စူဠတုဏ္ဍိလ အမည်ရှိသော ညီရင်း တယောက်လဲ ရှိတယ်။ ၎င်းညီနောင် ဝက်နှစ်ကောင်တို့၏ အမိဖြစ်တဲ့ ဝက်မကြီးသည် သူတို့ကို မွေးဖွားပြီးလျှင် ပြီးချင်း,ချစ်ခြင်း ကင်းလစ် ထွက်ခွာ စွန့်ပစ် သွားသောကြောင့် ဝက်ငယ် နှစ်ကောင်တို့ကို အမယ်အိုကြီးက ကောက်ယူပြီးလျှင် အစာကို ဝအောင် ပြုစုကျွေးမွေးကာ သားများ အမှတ်နှင့် မွေးမြူ ပြုစုထားတယ်။

## "သေသောက်ကျူးများ"

တနေ့သော အခါ ဗာရာဏသီမြို့သား သုံးကျိပ်ကုန်သော သေသောက်ကျူး ယောကျ်ားတို့သည် ပွဲလမ်းသဘင်မှာ ပျော်ရွှင်မြူးတူး မူးရူး သောက်စားကြရန် ဝက်သားဟင်း မလောက်မင, ဖြစ်နေကြ၍ အမယ်အိုကြီး အထံသို့ သွားရောက်ကြလျက် ဝက်များကို ရောင်းချရန် ဖျောင်းဖျ ပြောဆိုကြကာ အကြိမ်ကြိမ် အခါခါ ဝယ်ရန် လာကြတယ်။

အမယ်အိုကလည်း "ဤဝက်ပျို နှစ်ကောင်တို့ကို သားလို အမှတ်အသားဖြင့် မွေးမြူ ထားသောကြောင့် မရောင်းစားလိုပါ"ဟု အခါခါ ငြင်းဆိုတယ်။ထိုအခါ သေသောက်ကျူးများသည် အမယ်အိုကို မူးဝေ မေ့လျော့သွားအောင် အရက်များကို တိုက်ပြီးလျှင် အနည်းနည်း အဖုံဖုံ ဆောင်းဘို့ရန်အကြောင်း စုံကို တောင်းပန် ပြောဆိုကြတယ်။ လူမှန်းမသိ, သူမှန်းမသိ မူးယစ်နေဘိသော အမယ်အိုကြီးလည်း အမေ့ကြီး မေ့လျှ၍ သတိမရ, အရက်ငွေ့တွေ ဖုံးဖိ ထကြွ ပိတ်ကွယ်ကာ သားရယ်လို့မှ မသိနိုင်ရှာတော့ဘဲ,နွမ်းနယ် ပန်းချိ ထိုင်းမှိုင်း တွေဝေ

နေသော ကိုယ့်စိတ် ရှိလှသဖြင့် ဝက်ငယ် စူဠ တုဏ္ဍိလကို ရောင်းချလိုက်မိရှာတယ်။

သေသောက်ကျုး အရက်သမား သုံးကျိပ်သားတို့လည်း အားပါးတရ အလျှင်အမြန် ထကြပြီးလျှင် ဝက်ငယ်ကို အစာပြု လျက် အမယ်အိုကို အခေါ် ခိုင်းကြတယ်၊ထိုအခါမှ အလောင်း တော် မဟာတုဏ္ဍိလသည် အချိန်မကျ အမိခေါ်ပုံကို တွေးချင့် ထောက်ဆလိုက်သော် ဘေးကြီး ရောက်ကြရလိမ့်မည်ဟု တွေး ထင်ရတာနှင့် ညီတော် စူဠတုဏ္ဍိလကို ခေါ်ပြီးလျှင် မွေးမယ် မယ်၏ အကြံအစည်ကို အမှန်အတည် တကယ် သိဘို့ရန် အမြန် သွား၍ အကြည့်ခိုင်းလိုက်တယ်။

"ညီငယ် ကြောက်ရွံ့ ထိတ်လန့်ခြင်း။"

ညီငယ် စူဠတုဏ္ဍိလကသည်း နောင်တော်၏ စကားကို ကြားနာဝန်ခံ၍အတန်ငယ်သလာက် ပြေးသွားပြီးလျှင် တန့်နား ကာ သတိပြုလျက် ကြည့်ရှုလေလျှင် လူစုလူဝေးကလဲ များပြား, အနီးအနားကလည်း ကျော့ကွင်းကြိုးကိုမြင့်၊ မွေးမိခင်ကလည်း ရစ်မူး၊ ဤကဲ့သို့ ထူးခြားလှသော အကြောင်းအရာတွေကို တွေ့ မြင်ရတာနှင့် လျှင်လျှင်မြန်မြန်ကြီး ပြန်တဲ့ကာ ပြေးဆုဘ်ခဲ့ပြီး လျှင် တုန်လှုပ် ယိမ်းယိုင်ကာ မရပ် မတည်နိုင်တော့ဘဲ နောင် တော်၏ အနီးအနားမှာဘဲ လဲနေရှာတော့တယ်။

ထိုအခါ အလောင်းတော် ဝက်မင်းမှာ ညီငယ်ရင်းကို အ တင်းဖေးကာ မ ထူပြီးလျှင် "ညီငယ် တုဏ္ဍိလ....ကြောက်မက် ဘွယ်ရာ အသွင်အပြင်, ဘာများကို တွေ့မြင်ခဲ့ရလို့ မို့ ပူဆင် တုန် ခိုက်, နှုတ်သီးကို မြေမှာ စိုက်ပြီးလျှင် တဟိုက်ဟိုက် တိတ်တာ

ဆိတ်, မပြောမဆိုနိုင် မောပန်း နွမ်းလျတဲ့ စိတ်နှင့် လူးလဲကာ လာ၍ အိပ်ရပါသနည်း··?၊ အကြောင်း နိမိတ် အရေး ရှုပုံတို့ကို အလုံးစုံ မချန်မခြွင်းဘဲ သိမြင်ခဲ့ရင်း အကဲကလေးကို ကြံစည် တွေးတောစရာ အသိဉာဏ်မှာ ပွင့်လင်းလောက်အောင် နောင် ရင်းကို အကြောင်းစုံ ပြန်ပြောပါအုံး”လို့ ဤကဲ့သို့ သိလိုရန် အရေးနှင့် ညီထွေးကို စစ်ဆေး မေးမြန်းတော်မူတယ်။

ညီငယ် စူဠတုလ္လကလည်း “ယနေ့ည မရွေ့၊သေဘေးကြီး နှင့် တွေ့ဆုံကြရချေတော့မယ်၊ လီဇယ်ပုံးအောင်း, အစာနှင့် သွေးဆောင် ဖြားယောင်းပြီးလျှင် ဖမ်းယူကြောင်း အရေးဆင် လျက် မွေးမိခင်က သေစာ ကျွေးမွေးတာနှင့် မစားမသောက် ဘဲ အမြန် ပြန်ပြေးလာရကြောင်း” များကို နောင်တော်အား ပြောကြားတယ်။ ထို့ကြောင့်....

နဝ ဆန္ဒကံ ဒါနိ ဒိယတိ။
ပုဏ္ဏာ ဒေါနိ သုတနိပိ ဠိတာ။
ဗဟုကေ ဇနေ ပါသ ပါဏိကေ။
နောစ မေ ပဋိဘာတိ ဘုဥ္စိတုံ ။

ဘာတိက= တမိဝမ်းတွင်း အတူဆင်းသည့် ချစ်ခြင်းညီ လျှော် မြတ်နောင်ဘော်။ ဒါနိ= ဣဒါနိ= ဤနေရာမှ ထွက် ခွါ မြန်သွား မိခင် ထံပါးသို့ သွားကာ မကြာ ရောက်ခါနီး အချိန် အခါ ကာလဉ်။ နဝ ဆန္ဒကံ= အငွေ့ မလစ် အစာသစ် နှင့် လွှမ်းရစ် ထည့်စွက် စားကျင်းခွက်ကို။ ဒိယတိ= ရှေ့တွင် အပါး ချကာထားလျက် ငံ့စားငေးမြော် ပေး၍ ခေါ်ပါ၏၊ ဒေါနိ= ညီနောင်နှစ်ပါး နေ့စဉ်စားကြသည့် ဇလားစားကျက် အစာခွက်သည်။ ပုဏ္ဏာ= စင်ဖြူမညစ် မြူမရစ်ဘဲ ပူချစ်လွှ

လေ့ အစား အစာသစ်များဖြင့် ပြည့်နေပါ၏။ သုတနိပ်=ငါတို့ချစ်ရှင် သခင်မင်သည့် ရင်ခွင် ထားသို အဘွားအိုသည်လည်း။ ဋ္ဌဟာ= ခွေယိုင် နွဲ့ယိမ်း တမှိန်းမှိန်းနှင့် တောင်တိမ်း မြောက်ဝေ မူးရူး၍ နေပါ၏။ ပါသ ပါဏ ကေ= လက်နက်ဓား ဒုတ် တလှုပ်လှုပ်နှင့် ထိုးခုတ် ဟန်လွဲ ကျော့ကွင်းကြိုးကို လက်ကိုင် စွဲကြကုန်သော။ ဗဟုကေ ဇနေ= ပုဆိုး ခါးတောင်း တမြောင်းမြောင်းနှင့် ချိမ်းမောင်း ကြကုန်သော လူအပေါင်းတို့ကိုလည်း။ ပဿာမိ= သိရှိဘို့ အရေး ကြည့်ကာ တွေးလျက် အဝေးကသာ တွေ့မြင်ခဲ့ရပါ၏။ ဘာတိက=တမိဝမ်းတွင်း အတူဆင်းသည့် ချစ်ခြင်း တူပြီး အစ်ကိုကြီး။ မေ မယာ=ငါတို့ နှစ်ယောက် သေဘေး ရောက်လိမ့် ကြောက်ရွံ့ တုန်လှုပ် အကျွန်ုပ်သည်။ ဘုဥ္ဇိတုံ=မွေ့မိက ကျွေး ထမင်းဘေးကို ပြေးကာဝပ်စင်း စားသောက်ခြင်းငှါ။ နေဝစ ပဋိဘာတိ= သင့်အံ့ မထင် သိဥာဏ် မြင်လျက် စိတ်တွင် တွေးဆ မအေးလှ၍ ခပ်ဝေးဝေး ကသာ ပြန်ပြေးခဲ့ရပါ၏။

## ညီငယ်ကို တရားပြ ဆုံးမခြင်း။

ဤကဲ့သို့ ပြောကြားသည့် ညီတော်၏ စကားကို ကြားသိရလေလျှင် နောင်တော် ဝက်မင်းက ညီရင်းကို ပြောဆို ဆုံးမလို၍ "ငြိုငြင် ပြင်းပြ ထိတ်လန့် ကြောက်ရွံ့ လှသည့် ညီရင်း တုလ္လ ိလ- သုံးဆဲ့တဝ ဘုဥ္ဇာနမှာ ပဋိစ္စဝဋ္ဋ မကင်းဘာနှင့် ကံပစ်ချရာ နှစ်မြုတ်လျက် သက်ဆင်းကြပြီးလျှင် ချဉ်းကပ်ရောက်လာကြရသည့် သတ္တဝါ အပေါင်းတို့မှာ, သေမင်း မမြင်အောင် ပုန်းအောင်းနေဘို့ လွတ်နိုင်ကြောင်း အရပ်ဌာန မရှိ၊

သင်သည် ဘယ်လို အရေးဆောင်၍ မသေအောင် ပြေးလွှားနိုင်ဘိမည်နည်း?၊ထိုအမိကျေးဇူးရှင်ဟာ ရောင်းချ စားစရာ အသားတင်စေဘို့ နေ့စဉ် မခြား, ငါတို့ကို ကျွေးမွေး ထားရပေသည်များကို ကြင်နာ သနား ထောက်ထား ညှာတာတဲ့ ကရုဏာစိတ် ကပ်လျက် မွေးမိခင် အို၏ ကျေးဇူးကို တို့နှစ်ဦး အတူဆပ်ကြရအောင် တဖြုတ်ဖြုတ် မကြောက် မသန့် မထိတ် မရွံ့ဘဲ, မတုန့် မဆုတ်, ကြောင့်ကြမဲ့ စားကာ သောက်ကာ အိပ်ပြီးလျှင် စိတ်နှလုံးကို အေးမြချမ်းသာစွာ ပြုလုပ်နေပါ”ဟု ညီဘောင်ကို ဆုံးမ သွန်သင် ရှာတယ်။ ထို့ကြောင့်—

တသံ ဘမသိ လေဏ မိစ္ဆသိ၊
အတာဏောသိ ကုဟိံ ဂမိဿသိ?၊
အပ္ပေါ သုကော ဘုဉ္ဇ တုဏ္ဍိလ၊
မံသတ္ထာယ ပေါသိတာမှသေ။ ။

တုဏ္ဍိလ၊ တမိဝမ်းတွင်း အတူဆင်းသည့် ချစ်ခြင်းတူလှ ညီငယ် စူဠတုဏ္ဍိလ။ တွေ့၊ စိုးရိမ်ပူဆွေး စိတ်နေအေးဘဲ ငိုကြွေးဆူကြွယ် သင်ညီငယ်သည်။ တသံ၊ တဖြုတ်ဖြုတ်ပေ ကြောက်လန့်လှချေ၏ဘကား။ ဘမသိ၊ မရပ် မတည် ပတ်ပတ်လည်လျက် မကြည် စိတ်ထား တုန်လှုပ် ချောက်ခြားလှချေ၏တကား။ လေဏ၊ ပြိုင်သူပျက်ရှုံး သေမင်းဘုန်းမှ ပုန်းအောင်းဘို့ နေရပ် အောင်မြေဘပ်ကို။ ဣစ္ဆသိ၊ ရှုံလိမ့်မည်ထင် အတွေးရင်လျက် သင်ညီငယ်က ရှာမှီးချင်လှ၏။အဘာဏော၊သေမင်း မမြင် ပုန်းခို ဝင်ဘို့ ဦးမင် လိုဏ်၁ ရှာဖွေ မရသည်။ အသိ၊စင်စစ်မသွေ ဖြစ်ခဲ့ချေ၏။တွေ့၊ ဖြစ်လျှင် ပျက်ရ သင်္ခါရ လက်တွင်း ကျရောက် သက်ဆင်းကာ နေရသည့် သင်ညီငယ်ရင်း စူဠတုဏ္ဍိလသည်။

ကုဟိ ၊ရုပ်,နာမ် ဖြစ်,ပျက် ဝိညာဉ်သက်၏ မပျက် မကြွေ မသေစေ တတ် ဘယ်ရုပ် ဘယ်ပြည် ဘယ်အရပ်ဆီသို့။ ဂမိဿသိ=အခြေ မယိမ်းအသေ ငြိမ်းအောင် ရှောင်တိမ်းဖယ်ရှား ထွက်ခွာသွားနိုင် ပါအံ့နည်း?။တုဏ္ဍိလ၊တမိ ဝမ်းတွင်းအတူဆင်း၍ ချစ်ခြင်း တူလှ အမောင် ညီငယ် စူဠတုဏ္ဍိလ။ အပေ့ါ သုဏ္ဍော = မလွတ် မအေး သေဝဋ်ဘေးကို မတွေး နှောင့်ဆ မကြောင့်ကြဘဲ သာလျှင်။ဘုဥ္ဇ- ဘုဥ္ဇာဟိ=မပျင်းမရိ အားထုတ်ဘိလျက် သတိ သွင်းကာ ဖြည့်တင်း ရိက္ခာ စားသောက်၍သာ နေထိုင်လိုက် ပါလော့။ နော=နောင်ညီ ဘွားပေါက် တအားမြောက်သည့် ငါတို့ သားနှစ်ယောက်တို့၏။ မာတရာ=ခင်တွယ် သနား ရင် ဝယ်သားကဲ့သို့ တင်စားကြည်ညို မွေးမိအိုသည်။ အမေ့=ငါတို့ တရှဉ်း ညီ,နောင် အရင်းတို့ကို။ မံသတ္ထာယ = အဆီ, အသား နှောင်စည်ကားလျက် အများ တိုးကြွ ဝပြိုးလှလျှင် အဘိုးရစေ ခြင်း အကျိုးငှာ။ ပေါသိတာမှသေ=ရှည်ကြာ မအေး အစာ ပေး၍ ကျွေးမွေး မြားမြောက် မွေးမြူ စောင့်ရှောက်ထားရ ပေကုန်တော့၏။

## နတ်ရွာ လမ်းကို ထွင်ကာ ပြခြင်း။

ဤကဲ့သို့ ညီတော်ကို တရားဓမ္မဖြင့် နားချပြီးမှ ဘဝတပါး သို့ နောင်အခါ လားဘို့ ဂတိသွားကိုသာ သတိထားလျက် ချွတ်ချော် မသွားရလေအောင် ညီတော်မောင်ကို တရား ဆင် ပြီးလျှင် နားဝင်စေလျက် နတ်ရွာလမ်းကို ထွင်ကာ ပြတော် မူဘယ်"ငါ့၏ ညီခင် တုဏ္ဍိလ=ဘုံသုံးဂ သတ္တဝါ အများ တို့မှာ သေရမြဲ ဓမ္မတာ သဘောတဆူးတို လွတ်အောင် ရှောင်

ကွင်းနေနိုင်စရာ မရှိကြပေဘူး။ ကောင်းရာ သုဂတိ နတ်ရွာ လမ်းကိုသာ ဖြောင့်တန်းစွာ သွားနိုင်ရလေအောင် အန္တရာယ် ဘေးဘယတွေ မနှေး မခ မကပ်ချဉ်းနိုင်သည့် အေးမြလှတဲ့ ရေအိုင်ကြီးထဲသို့သာ သက်ဆင်းပြီးလျှင်၊ ၎င်းအတွင်းမှာ မွှေ့လျော် ပျော်ရွှင်စွာ မိမိကိုယ်မှာ ထွေးရစ် နေသည့် ချေးအညစ် တွေတို့ကို ရှေးချစ်လျက် ပွတ်တိုက်ကာ ဆေးလျော်လိုက်ပြီးလျှင်၊ အကျော်၊ စမွါ၊ကရမက် စသော မွှေးထုံတဲ့ နံ့သာမျှားနှင့် စုံစွာ ကြိုင်လှောင်၊ ဘယ်အခါမှ မွှေးရနံ့ မစဲသည့် မြမြ မြေလှသော နံ့သာပျောင်းကိုသာ ကောင်းကောင်းကြီး လိမ်း ကျန်လျက် သွားရန်လမ်း သုဂတိကိုသာ ကြည့်ရှုပြီး စီမံပါလို့” ဤသို့ တဖန် ဆုံးမတော် မူပြန်တယ်။ ထို့ကြောင့်....

> ဩဂဟ ရဟဒံ အကဒ္ဒမံ၊
> သဗ္ဗံ သေဒ မလံ ပဝါဟယ၊
> ဂဏှာဟိ တံ နစံ ဝိလေပနံ၊
> ယဿ ဂန္ဓော န ကဒါစိ ဆိဇ္ဇတိ။ ။

ကနိုင်ငှ၊ တမိဝမ်းတွင်း အတူဆင်းသည့် ချစ်ခြင်း ကြီးသွယ် ငါ့ညီငယ်။ အကဒ္ဒမံ၊ ရွှံ့ညွန်ကင်းဘိ မနောက်ကျိသော၊ ရဟဒံ၊ မြသွေး အသွင် အေးမြ ကြည်လင်သည့် ဘေးစင် ရန်ကင်း ရေအိုင်ကြီး အတွင်းသို့။ ဩဂဟ၊ စိုးရိမ် ကြောင့်ကြ သောက ဆူရေး အပူ အေးအောင် ဝင်ပြေး ချဉ်းကာ သက်ဆင်းချေပါ လော့။ သဗ္ဗံ၊ အတွင်း၊အပ မကျွင်းရအောင် ရှိသမျှ အကုန် အလုံးစုံသော၊ သေဒမလံ၊ ကိုယ်မှာ မှေးနစ် ဆေးမဖြစ်အောင် ထေးညစ် ရစ်ထွေး နံစော်လှသည့် ချေးဟူသမျှ အညစ် အကြေးတွေကို။ ပဝါဟယ၊ တရော်၊ ကင်ပွန်းဖျော်ကာ မွန်း

လျက် ပွတ်တွန်း ချောပြေ မျှောချပါချေလော့။ ယသာ ဂန္ဓာ၊ အကြင် အကျော်,စမ္ပါ စုံလင်စွာနှင့် ပုံတာ ဖျော်ပေါင်း နံ့သာ ပျောင်း၏။ ဂန္ဓော၊ လေညှာ, လေအောက် ကျော်ကာ ဖေါက်လျက် ဝင်လှောက် ပြေးပျံ့ မွှေးရနံ့သည်။ နကဒါစိ ဆိုဇ္ဇတိ၊ ဘယ်ခါ ဘယ်ခေတ် ဘယ်သည့်နှစ်၌ လစ်ကာဖြတ်ချေ မပြတ်စဲတော့ပေ။ တံ နဝံ ဝိလေပနံ၊ ဖျော်ကာ သွေးပြစ် မထေး ညစ်တဲ့ အသစ် ကြိုင်လှောင်း ထိုမွှေးလှသော နံ့သာပျောင်းကို။ ဂဏှာဟိ၊ စိတ်နှလုံးမူ ပွက်ပွက်ဆူသည့် သည်းအူတွင်ကိန်း အပူငြိမ်းအောင် သိမ်းယူ အသာ လိမ်းကျန်ချေပါလော့။

## ညီငယ်က မရှင်းလင်းတာကို မေးခြင်း။

အဲ....ဤကဲ့သို့ ညီငယ်ကို နောင်တော် တုဏ္ဍိလ ဝက်မင်းက တရားပြ၍ဆုံးမတော်မူသောအခါ ညီငယ် စူဠတုဏ္ဍိလ, ကလည်းယုံမှား သံသယ စိတ်ဒွိဟ မရှင်း မလင်းတဲ့ အရာများကို ပြန်လှန်၍ မေးမြန်းရှာဘသ၊ "အစ်ကိုကြီး မဟာတုဏ္ဍိလ ရှုညွှန်မှုတွေ ကင်းစင်ပလျက် ကြည်လင် မြေလှသည့် ရေအိုင်ကြီးလဲ အနီး အနားမှာ မတွေ့ မမြင် မရှိ၍ ဘယ်အိုင်သို့ သက်ဆင်းကာ ဝင်ရမည်ကို မသိပါ။ ကပ်ငြိ ဟု,ယ်မှေးလျက် ကိုယ်ခန္ဓာမှာ ထွေး၍ လူးလဲနေသည့် ချေး အညစ် အကျေး ဆိုတာလဲ မရှိသဖြင့် ဘယ်ချေး ဘယ်အညစ် အကျေးဟု မသိပါ၊ မွှေးထုံသင်းစွာ ရနံ့ဖြာပြီးလျှင် ဘယ်အခါ ကာလမှ မပြတ်စကောင်းသည့် တပျံ့ပျံ့ ကြိုင်လှိုင်ဘာ လှောင်းနေသည့် နံ့သာပျောင်း ဆိုတာကိုလဲ မသိပါ၊ ဝက်တို့မှာ လိမ်းကျန်ရိုး မရှိသည့် အတွက် ခဲခက်သည့် အရာ ဌာန အဓိပ္ပါယ်ကို အကျယ်တဝင့် ဖွင့်ပြ

လျက် မိန့်ဟပြေဖြဆိုပါမည့် အကြောင်းနှင့်” ညီငယ်က ခွင့်တောင်း မေးမြန်းပြန်တယ်။ ထို့ကြောင့်....

ကတမော ရဟဒေါ အကဒ္ဒမော?၊
ကိံသု သေဒ မလန္တံ ဝုစ္စတိ?၊
ကတမဥ္စ နဝံ ဝိလေပနံ?၊
ယဿ ဂန္ဓော န ကဒါစိ ဆိဇ္ဇတိ။ ။

ဘာတိက၊ တမိဝမ်းတွင်း အကူဆင်း၍ ချစ်ခြင်း တူပြီးအစ်ကိုကြီး။ အကဒ္ဒမော၊ကပ်စေး နှံညို ရှိညှန်တွေ မရှိသော။ ရဟဒေါ၊ ကြည်လင် စိမ့်အေး မြသွေးရောင်စီး ရေအိုင်ကြီးသည်။ ကတမော၊ ဘယ်အရပ်နှင့်နီး ဘယ်ဌာနတွင် ရှိသည့်ရေအိုင်ကြီးပါနည်း?။ ကိံသု၊ ဘယ်လို ထွေးရစ် ဘယ်ချေးအညစ်ကို။ သေဒ မလန္တံ၊ ကိုယ်ခန္ဓာမှာ ကပ်ကာရစ်ထွေးချေး အညစ် အကျေးဟူ၍။ ဝုစ္စတိ၊အမည် ဖေါ်ထုတ် သမုတ်ပညတ် ခေါ်ဆိုအပ်ပါသနည်း?။ ယဿ=ဝိလေပနဿ၊ အကြွင်းအကျန်, စမွါ စုံစွာ စုပေါင်း နံ့သာပျောင်း၏။ ဂန္ဓော၊ ကြိုင်သင်း ပျံ့လှောင်း မွှေးရနံ့ ကောင်းသည်။ န ကဒါစိ ဆိဇ္ဇတိ၊ ဘယ်အခါမှ ပြတ်လတ် ရှင်းပြေ မကောင်း မဆိတ်ချေ။ တံ နဝံ ဝိလေပနံ၊ မွှေးလှိုင် သင်းလစ် အသစ် ကြိုင်လှောင်း ထိုနံ့သာပျောင်းသည်။ ကတမဥ္စ၊ ဘယ်လို စုပေါင်း ဘယ်လို ထောင်းထားသည့် နံ့သာပျောင်းများ ဖြစ်ပါလေဘိသနည်း?။

မေးသမျှကို ဖြေပြခြင်း။

ဤကဲ့သို့ ညီငယ်က သိလိုဘွယ် အရေးနှင့် နောင်တော်ကို မေးလေလျှင် နောင်တော် မဟာ တုဏ္ဍိလကသည်း “ငါ့ညီ

ရှုဋ္ဌတုဏှာ ံလ....သုံးဝသော ဘုံအတွင်း၌ စုန်ဆင်းကာ အမြဲ အတည် အတန့် မနေနိုင်ကြဘဲ အဖန် တလဲလဲ ဖြစ်ပျက်လျက် မနှစ်သက်စရာ ထို့ ၍ ဘဝ ကျင်လည်ကာ နေကြရသည့် သံခါရ နယ်သား သတ္တဝါ အများတို့မှာ ရှစ်ပါးသော သဘော မမှန်သည့် လောကဓံ တို့နှင့် တွေ့ဆုံကြရန် မလွဲဟု သံဝေဂ အသိဉာဏ်မှာ ယှဉ်တွဲပြီးလျှင် ချုပ်တဲကာ သတိတရားနှင့် ထိန်း သိမ်းထားလျက် ကိုနုးအောင်းနေသမျှ စိုးရိမ် ကြောင့်ကြ သောက မီးပွား မီးတောက် ကျရောက်သည့် ပရိဒေဝ ရှုံ့ည့်န် စီးတို့ကို တပိုင်နက်တည်း ငြိမ်းအေး ပျောက်ပြေရသည့်အတွက် သံဝေဂဓမ္မကို အမည် ပြောင်းလွဲပြီး ကြည်လင် အေးမြလှသည့် ရေအိုင်ကြီးရယ်လို့ တနည်း တဖန် ခေါ်ဆိုရပြန်တယ်၊ တတွေ တွေ အမြဲ မပြတ် မဆိတ်, တဖိတ်ဖိတ် တဝေဝေ, တစိမ့်စိမ့်, ယို စီးထွက်နေပုံ လောဘ, ဒေါသ, မောဟ စသော အကုသိုလ် စိတ်ပေါ့ပေါ့ပေါ့ ဆို့ပိုပ် ပျော့ယ်မှု, သဗ္ဗာပါတ်ိုကို အမြဲ မပြတ် ရစ်ပတ် ရှုတ်ထွေးလျက် အပါယ်ဘေးကို ဖြစ်စေဘတ် သည့် အမှုနှင့်, သတ္တဝါတို့ကို မချေးအောင် ပြုလုပ်ဘတ်ကြ သောကြောင့် အမြဲ မပြတ် ညိကပ် တွယ်မှေး, ချေး အညစ် အကြေးစုတွေဟူ၍ ခေါ်ဆိုရတယ်၊ ငါးပါးသီလ အစ,စောင့် ရှောက်သမျှ သီလ အသွယ်သွယ်တို့ကိုတော့ .... လူ့နယ်, နတ် ဘုံ, ဗြဟ္မာ့ကုန်အောင် ဆန်စုန်ညာကြေ ကြိုင်လှိုင်မွှေးပြေး, ရန့်ဂုဏ်တွေ ပျံ့ကျူး မွှေးနေခြင်းကြောင့် ရှည်ဝေး ကြာ ညောင်း, အမြဲ မပြတ်ပင် ဂုဏ်ရနံ့ ကောင်းမွန်လှသည့် သွေး သစ်စ နံ့သာပျောင်းရယ်လို့ အပေါင်း သူငါ ခေါ်ဆိုရပြန် ပါတယ်" ဤကဲ့သို့ စကားသွယ်လျက် အဓိပ္ပါယ် အကျယ်

ဖွင့်ပြကာ ညီငယ်ကို ဆုံးမ ပြောဆိုရပြန်တယ်။ ထို့ကြောင့် ....

ဓမ္မော ရဟာဒေါ အကဒ္ဒမော၊
ပါပံ သောဒ မလန္တံ ဝုစ္စတိ။
သီလဥ္စ နဝံ ဝိလေပနံ၊
တဿ ဂန္ဓော န ကဒါစိ ဆိဇ္ဇတိ။ ။

ကနိဋ္ဌ၊ ဝှာမိဝမ်းတွင်း အဘူ ဆင်း၍ ချစ်ခြင်း ကြိုးသွယ် ငါ့ညီငယ်။ ဓမ္မော၊ ဖြစ်ပြန်, ပျက်ပြန် လောကဓံနှင့် ဖန်ဖန် ကြုံတွေ့ ဘုံဓလေ့မို့ တုန်လေ့ ကြောက်ထိတ် ဖေါက်ပြန် စိတ်ကို နှင်းနှိပ်ချေတတ် သံဝေဂ တရားမြတ်သည်၊ အကဒ္ဒမော၊ စိုးရိမ် ပူဆွေး ငိုကြွေး ပြင်းပြ ဒုက္ခဝေဒနာကို ရှိညှန် အနှစ် အညစ်အကြေး မရှိသော။ ရဟာဒေါ၊ မြစိမ်းရောင် ယိုစီး ပြောင် ပြောင်ညီးသည့်, ကြည်လင် အေးမြသော ရေအိုင်ကြီး မည်ပေ တော့၏။ ပါပံ၊ လောဘ, ဒေါသ, မိုက်မောဟနှင့် အာဃာတ ဆွယ် အပါယ် ကျမှု, ယုတ်ညစ်လှသော အကုသိုလ် တရားစုကို။ သောဒ မလန္တံ၊ မှုန်းနှစ် မအေး အပြစ်ဘေးနှင့် ရစ်ထွေးစေသစ် ချေး အညစ်ဟူ၍။ ဝုစ္စတိ၊ မှည့်ခေါ်ဖေါ်ထုတ် သမုတ်ပညတ် ခေါ်ဆိုအပ်ပေ၏။ သီလဥ္စ၊ ငါးပါး အစ, ကြည်ရှင် အေးမြ လှစွာ ကျင့်သမျှ အမှု သီလ အစုသည်သာလျှင်။ နဝံ ဝိလေပနံ၊ လူရပ်, နတ်ဘုံ ဘဝဂ် ကုန်အောင် ဆန်စုန် ညာကြွေ မပြတ် လေပြေး ထက်,အောက် မွှေး၍ သွေးသစ်စ ရနံ့ကောင်း, ကြိုင်လှိုင် သင်းပျံ့သော နံ့သာပျောင်းမည်ပေတော့၏။ တဿ သီလဿ၊ ရှင်ပျ နှလုံး အရကြုံး၍ ကျင့်သုံးသမျှ ထိုသီလ၏။ ဂန္ဓော၊ မွှေးထုံ သင်းလှိုင် တကြိုင်ကြိုင်လှောင်း ရနံ့ကောင်း သည်။ န ကဒါစိ ဆိဇ္ဇတိ၊ ကမ္ဘာ ကျေခြောက် တာရှည်စွာ

သည့်နောက်၊ အထောက် ရှည်ဝေးလှစွာသော ဒေသစာရီ ဖြန့်ချီလျက် အပြည်ပြည် အရပ်ရပ်သို့ ချဉ်းကပ်ခါ လှည့်လည်တော်မူပြီးလျှင် တရား ရေအေး အမြိုက်ဆေးကို တိုက်ကျွေး ပေးငှတော်မူတယ်။ ထို့နောက် သာဝတ္ထိ ပြည်ကြီးသို့ ခရီး ဆိုက်ရောက်လာ၍ ကျွတ်ထိုက်သော ဝေနေယျ သတ္တဝါတို့ကို မှစနှိုးဆော်ရန် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့ပျော်လျက် ဝါဆို နေတော်မူသောအခါ၊ မိဂဒါဝုန် တောဖျားတွင် ဘုရားရှင်နှင့် ခွဲခွါ သွားကြသည့် ထိုသုံးကျိပ်ကုန်သော ဘဒ္ဒဝဂ္ဂီ နောင်ညီ မင်းသား ရဟန်းများသည် မြတ်စွာဘုရားကို ဖူးမြော်လိုသည့် အကြောင်းနှင့် ပါဝါပြည် တောကျောင်းမှ သာဝတ္ထိပြည် ဇေတဝန် ကျောင်းသို့ စုပေါင်း ကြွလာကြတယ်။

ဝါဆိုချိန် အခါကာလကလဲနီး၊ ခရီးကလည်း ခြောက်ယူဇနာလောက် ဝေးကွာသေးသဖြင့် အရေးလှလှ ပေါက်ရောက်အောင် မသွားနိုင်ကြတာနှင့် ဘုရားကိုသာ တသ မျှော်မှန်းလျက် လမ်းအကြားတွင် ခရီးကို ဖြတ်ကြပြီးလျှင် သာကေတရွာသို့ ဝင်ကပ်ခါ ဝါဆို နေကြရရှာတယ်။သီတင်း ဝါလကျွတ်၍ ဝါမှ ထကြကာ ဘုရား အထံတော်သို့ လာကြပြန်ပါသော်လည်း မိုးတွင်း အခါကြီး ဖြစ်နေသဖြင့် လမ်းကလဲ ကြမ်းတမ်း၊ သယ်ကွင်းတွေကို ဖြတ်သန်းပြီးလျှင် လယ်ကန်သင်း လမ်းများမှသဲ လာကြရပြန်၊ သည်းထန်လှတဲ့ မိုးကြီးကလဲမိ၊ ဇာတိကလည်း နန်းတော်ထက်ဖွား၊ မင်းသားများ ဘဝမှ ဖြစ်လာကြရသည့် ရဟန်းများ ဖြစ်ကြသဖြင့် သိမ်မွေ့ နုနယ်၊ သယ်ပိုးထမ်းရွက်သူ နောက်လိုက် နောက်ပါ တယောက်မျှ မပါကြသည့်အတွက် ဖျင်ကြမ်းဖြင့် ယက်ထားသော လေးလံလှသည့်

နှစ်ထပ်ဖျင်ကြမ်း ဒုကုဋ် သင်္ကန်းကြီးတွေကို ထမ်းပိုး သယ်ဆောင်ကြလျက် ပင်ပန်း ဆင်းရဲစွာ လာခဲ့ကြရသည့် အတွက်များကြောင့် အင်အား ပျက်နေကြစဉ်၊ မရှင်မသာ ညှိုးနွမ်းလှစွာသော မျက်နှာများနှင့် ဇေတဝန် ကျောင်းတော်သို့သာ ဆိုက်ရောက်လာကြလျက် ပြစ်ခဲ့ လူးပေတဲ့ ရွှံ့ညွှံစေးရှိသည့် ဖျင်သင်္ကန်းကြီးတွေကို ဖွပ်လျှော်ကာ မြတ်စွာဘုရားကို ဖူးမျှော်ကြရရှာတယ်။

ဘဒ္ဒဝဂ္ဂီများ ရဟန္တာများ ဖြစ်ကြခြင်း။

ထိုအခါ မြတ်စွာဘုရားကလည်း ရဟန်းများ၏ ခရီး သွားလာ ပင်ပန်းရပုံ အကြောင်းစုံကို မေးမြန်းပြီးလျှင် " ချစ်သားရဟန်းတို့.... မချမ်းမသာ ယခုလို ဆင်းရဲဒုက္ခတွေနှင့် အနည်းနည်း အဖုံဖုံ တွေ့ကြုံကြရတယ်ဆိုတာ ဤဘဝမှာသာ မဟုတ်၊ သံသရာ ဝဋ်ဒုက္ခမှ မကျွတ်လွတ် မပြတ်နိုင်ကြသေးသဖြင့် နှစ်မြုတ်ကာ ကျင်လည်လျက် အလည်လည်သော ဘုံဘဝတို့တွင် ကြုံတွေ့ခဲ့ကြရသည့် ဆင်းရဲ ဒုက္ခတွေဟာ ယခုထက် မက လွန်ကဲပြီး အပူပွဲကြီးတွေ အရပ်ရပ်တို့နှင့် အထပ်ထပ် ဆုံတွေ့ခဲ့ကြရလေပြီ။ သံသရာ စက်ရဟတ်၊ ဝဋ်ကြိုး မပြတ်သမျှ ကာလပတ်လုံး မဆုံးနိုင်ကြသော ဆင်းရဲ ဒုက္ခ၌ နစ်မြုတ်ကြကာ ဘယ်အခါမှ ပြတ် မစဲနိုင်ကြဘဲ ထပ်ခါ တလဲလဲသာ တွေ့ကြုံ နေကြရဦးမည်"ဟု အတည် စိတ်နှလုံးထည်းမှာ သံသရာ ဝဋ်ကိုသာ အလွန်ရွံမုန်းပြီးလျှင် ငြီးငွေ့သော နိဗ္ဗိန္ဒဉာဏ်နှင့် ဝဋ်ဒုက္ခထိုမှ မြန်မြန်ကြီးပြုတ်ကြရလေအောင် တရားကိုသာအားထုတ်ကြရမည်" ဟု အနမတဂ္ဂ အဆီ အနှစ်ကို လှစ်ကြွေး ထုတ်ပြကာ ဆုံးမတော်မူရှာတယ်...။ ထို့ကြောင့်....

## သံသရာ အစ အစွန်း မရှိ။

အန မတဂ္ဂေါ ယံ ဘိက္ခဝေ သံသာရော အနာဒိကော၊
ပုဗ္ဗကောဋိံ န နာယတိ၊ ဧဝံ ဒီဃရတ္တံ ဒုက္ခံ
တိပ္ပံ ပစ္စနုဘူတံ၊ ဗျသနံ ပစ္စနုဘူတံ၊
ကဋသိ ဝဍ္ဎိတာ ဗဟုံ၊ ယာဝဉ္စ သဗ္ဗ သင်္ခါရေ
အလမေဝ နိဗ္ဗိန္ဒိတုံ၊ အလံ ဝိရဇ္ဇိတုံ၊ အလံ ဝိမုစ္စိတုံ။

ဘိက္ခဝေ၊ ဘဝ လည်ကာ ဖြစ်ပျက်ခါဖြင့် သံသရာ ဝဋ်ဘေး ကျွတ်လွတ် အေးဘို့ မျှော်တွေး ငံ့စား အိုချစ်သားတို့။ အနမတဂ္ဂေါ၊ အသိဉာဏ် မျက်စိဖြင့် ဘယ်လိုပင် ကြည့်သော်လည်း မသိ မမြင်အပ်သော အစ ရှိသော။ ဝါ၊ အသိဉာဏ် ပညာတွင် ဘယ်လိုပင် သိမြင်ချင်သော်လည်း အစ မထင်သော၊ အယံ သံသာရော၊ ဂင်္ဂါ မြစ်ကြီး ပမာ စီးလျက် မပြီး ရှည်ကြာ ဤသံသရာသည်။ အနာဒိကော၊ ကမ္ဘာ ခုနှစ် ရေတွက် စစ်လည်း ခြေမြစ် တိဖြတ် သတိမှတ်ဘို့ သိအပ်သော အစ အစွန်း မရှိပေ။ ပုဗ္ဗကောဋိံ၊ သံသရာ ကမ်းလမ်း ရှေ့နောက် စွန်းကို၊ န နာယတိ၊ ပညာ မျက်စိဖြင့် မျှော်ကာ ကြည့်သော်လည်း အသိ ပိုင်ပိုင် မမြင်နိုင်ခဲ့ပေ။ ဧဝံ ဒီဃ ရတ္တံ၊ သို့စဉ် ရှည်ကြာ သံသရာမှာ ကမ္ဘာ နှစ်လ လွန်ခဲ့ ကြာသမျှ ကာလ ပတ်လုံး။ တိပ္ပံ၊ စပ်ခါး ခံခက် လွန် နှိပ်စက်၍ ထက်မြက် ပြင်းထန်လှသော။ ဒုက္ခံ၊ ဘုံသုံးပါးမှာ ခံစားခဲ့ရ ဆင်းရဲဒုက္ခကို။ ပစ္စနုဘူတံ၊ သံသရာ ဟုံငွေ့ ဘုံဓလေ့မို့ ကြုံတွေ့ဘူးခဲ့ကြရလှပေပြီ။ ဗျသနံ၊ ဆွေမျိုး၊ စည်းစိမ်၊ ဂုဏ်သိရ်၊ ဘောဂ လျော့ကျ ယိုယွင်း ဆင်းရဲရခြင်းကို။ ပစ္စနုဘူတံ၊ ဂဏန်း မရှိ ကမ်း မသိ

အောင် မချိတင်ကဲ ဆင်းရဲ ဒုက္ခ တွေကြုံဘူးခဲ့ ကြရလို့ပေပြီး ကဠ္ဌသိ၊ သုသာန်သင်းချိုင်း မြေလုပ်တိုင်းကိုလည်း၊ ဗဟုံ ၊မနည်း တန်တန် ကြိမ်ဖန်များစွာ။ ဝဋ္ဋိတာ၊ ယူဇနာ စွင့်စွင့် တောင် နှယ် မြင့်အောင် ပွားဆင့်စေခဲ့ကြဘူးလို့ပေပြီ။ ယာဝဋ္ဌ အဘိ ဝိယ၊အတိုင်းထက် အလွန်သာလျှင်။သဗ္ဗ သင်္ခါရေ၊သဗ္ဗေသင်္ခါရေ သုံ၊ ဖြစ်ကံ, ပျက်ကုန် ခလေ့ဘုံမို့ တွေ့ကြုံ များပြားအလုံး စုံသော သင်္ခါရ ဓာရားတို့၌။ နိဗ္ဗိန္ဒိတုံ၊ ဖြစ်ပြန်, ပျက်ရ, ဘိဇ္ဇန နှင့် စိတ်က ထင်အောင် ယူနှောင် မှိုင်းမေ့ စိတ်ပျက် ငြီးငွေ့ ခြင်းငှါ၊ အလမေဝ၊ ယုံဆ တွေးချင့် သင့်ကြတော့သည်သာ လျှင်တည်း။ ဝိရဇ္ဇိတုံ၊ ဘေးဘယစုံ ဘဝဘုံကို အာရုံ မသွင်း စွန့်ပယ် မုန်းတီးကြခြင်းငှါ၊ အလမေဝ၊ ဉာဏ်ဖြင့် တွေးချင့် နှေး မဖင့်ဘဲ သင့်ကြတော့သည် သာလျှင်တည်း။ ဝိမုစ္စိတုံ၊ ဘဝ ပြင်ကျယ် ဝဋ္ဋ ပင်လယ်မှ လွတ်လွယ်အောင် ကိုး, အား ထုတ် ကြိုးစားခြင်းငှါ။ အလမေဝ၊ သတိ, ဉာဏ်နှင့် တွေးကြံ ချင့်ကာ သင့်ကြတော့သည်သာလျှင်တည်း။

ဤကဲ့သို့ မြတ်စွာဘုရားက အနမတဂ္ဂ တရားဖြင့် ဟော ကြားတော်မူလိုက်သော အခါ ကာလ, ဘဒ္ဒဝဂ္ဂီ နှောင်ညီ သုံး ကျိပ်တို့သည် အာသဝေါ စိတ်တွေ ကင်းပျောက်ကြပြီ လျှင် ရဟန်း တရား ပြီးမြောက်ကြလျက် အရဟတ္တဖိုလ်သို့ ဆိုက် ရောက် သွားကြတယ်။

## ကထိန် ခင်းရန် ခွင့်ပြုပြင်း။

ထို့နောက် မြတ်စွာဘုရားသည် သုံးကျိပ်ကုန်သော ဘဒ္ဒဝဂ္ဂီ ညီ,နှောင် မင်းသား ရဟန်းများ၏ လေးလံလှသော သက်န်း

များကို ယူထမ်းကြကာ ခရီး လမ်းတွင် ဆင်းရဲ ပင်ပန်းစွာ သွားလာကြရသည့် အရေးကို ရှေ့ပြေး ဝတ္ထု အကြောင်းပြု၍ "အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုတ္ထာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ"ဟု ကထိန် ခင်းရန် အမှုကို ခွင့်ပြုတော် မူခဲ့တယ်။

ဘိက္ခဝေ၊ သံသရာ ဝဋ်ဒုက္ခဘေး ကျွတ်လွတ် အေးဘို့ မြော်တွေး ငံ့စား အိုချစ်သားတို့။ ဝဿံ ဝုတ္ထာနံ ဘိက္ခူနံ၊ သီတင်းကျွတ် လပြည့် သုံးလစေ့အောင် မရွေ့ မရှား ပုရိမ ဝါသား ရဟန်း အများတို့အား။ ကထိနံ၊ အနာမတ္တ စသည့် ငါးတန် အာနိသံ ကို အမှန်ရလျှင်း ကထိန် ခင်းခြင်းကို။ အနုဇာနာမိ၊ အပြစ် ငြိကပ် ရှေးပညတ်မှ ပလပ် လွတ်စေ ငါဘုရား ခွင့်ပြုတော်မူ ပေ၏။

## ကထိန် အင်္ဂါ ရှစ်ဖြာ။

ဤကဲ့သို့ပင် ကထိန်ကို ခွင့်ပြုသော်လည်း ကထိန် ခံရ၊ ကထိန် ခင်းရ ဆိုသည်မှာ အင်္ဂါ ရှစ်ဖြာနှင့် ပြည့်စုံသော ရဟန်းပုဂ္ဂိုလ်မှ သာ ကထိန် ခံရ၊ ကထိန် ခင်းရတယ်။ ၎င်းအင်္ဂါ ရှစ်ပါး ကတော့....

(၁) ပုဗ္ဗ ကရဏ ခုနှစ်ပါးကို သိမြင် နားလည်ရခြင်း အင်္ဂါ တပါး၊

(၂) ပစ္စုဒ္ဓါရ်၏ ပြုခြင်းကို သိမြင် နားလည်ရခြင်း အင်္ဂါ တပါး၊

(၃) အဓိဋ္ဌာန် တင်ခြင်းကို သိမြင် နားလည်ရခြင်း အင်္ဂါ တပါး၊

(၄) ကထိန် ခင်းခြင်းကို သိမြင် နားလည်ရခြင်း အင်္ဂါ တပါး၊
(၅) မာတိကာ ရှစ်ပါးတို့ကို သိမြင် နားလည်ရခြင်း အင်္ဂါ တပါး၊
(၆) ပလိဗောဓ နှစ်ပါးကို သိမြင် နားလည်ရခြင်း အင်္ဂါ တပါး၊
(၇) ကထိန် နှုတ်ခြင်းများကို သိမြင် နားလည်ရခြင်း အင်္ဂါ တပါး၊
(၈) ကထိန်၏ အာနိသင် ငါးပါးတို့ကို သိမြင် နားလည်ရခြင်း အင်္ဂါ တပါး၊ အဲ.... ဤအင်္ဂါ ရှစ်ပါးတို့နှင့် ပြည့်စုံသော ရဟန်း ပုဂ္ဂိုလ် ဖြစ်ပါမှ ကထိန်ကို ခံယူပြီးလျှင် ကထိန် ခင်းရပါတယ်။

အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ၊ ကတမေဟိ အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ?၊ပုဗ္ဗကရဏံ ဇာနာတိ၊ ပစ္စုဒ္ဓါရံ ဇာနာတိ၊ အဓိဋ္ဌာနံ ဇာနာတိ၊ အတ္ထာရံ ဇာနာတိ၊ မာတိကံ ဇာနာတိ၊ ပလိဗောဓံ ဇာနာတိ၊ ဥဒ္ဓါရံ ဇာနာတိ၊ အာနိသံသံ ဇာနာတိ၊ ဣမေဟိ အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ။ ။

အဋ္ဌဟင်္ဂေဟိ၊ ကထိန် ခင်းရာ အင်ရှစ်ဖြာတို့နှင့်။ သမန္နာဂတော၊ ကိုယ်မှာ သိမ်းခြုံ သိဉာဏ် စုံ၍ လောက်လုံ စေ့ငြ ပြည့်စုံလှသော။ ပုဂ္ဂလော၊ ဓာပေ ပရိယတ် သိအပ် ဝိနည်း သိပ်သည်း မောက်မို ဗဟုသုတ ရဟန်း ပုဂ္ဂိုလ်သည်။ ကထိနံ၊ ရဟန်းတို့အား ကျိုးငါးပါးကို ပွားများစေတတ် ကထိန်မြတ်ကို၊

အတ္ထရိတုံ၊ ခံယူ ဥတ်သွင်း မြွက်ဆို ခင်းခြင်းငှါ။ ဘဗ္ဗော၊ အပြစ် မစပ်, မငြိကပ်ဘဲ ပညတ် မဓေယျ ခင်းထိုက်လှပေ၏။ ကတမေဟိ အဋ္ဌဟင်္ဂေဟိ၊ အဘယ် ရှစ်ဖြာ ဂုဏ်အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ကိုယ်မှာ သိမ်းခြုံ သိဥာဏ် စုံ၍ လောက်လုံ စေ့င ပြည့်စုံလှသော။ ပုဂ္ဂလော၊ ပရိယတ္တိဓရေ ဝိနယဋ္ဌ ဗျတ္တ မောက်မို ဗဟုသုတ ရဟန်းပုဂ္ဂိုလ်သည်။ ကထိနံ၊ ရဟန်းတို့အား အကျိုးငါးပါးကို ပွားများစေဘတ် ကထိန်မြတ်ကို။ အတ္ထရိတုံ၊ ခံယူ ဥတ်သွင်း ဖြန့်ခင်းခြင်းငှါ။ ဘဗ္ဗော၊ အပြစ် မစပ် မငြိကပ်ဘဲ ပညတ် မဓေယျ ခင်းထိုက်ပေသနည်း။ ပုဗ္ဗ ကရဏံ၊ မခင်းမှီက ရှေးမဆွ၌ ပြုရ သိရိုး ပုဗ္ဗ ကရဏ ခုနှစ်မျိုးကို။ ဇာနာတိ၊ ပြုရေး ပြုဘွယ် သိနားလည်၏။ ပစ္စုဒ္ဓါရံ၊ ရှေးဓိဋ္ဌာန်လျှောင်း သင်္ကန်းဟောင်းကို စွန့်ကြောင်း ရွတ်ဆို ပစ္စုဒ္ဓါရကို။ ဇာနာတိ၊ ပြုရေး ပြုဘွယ် သိနားလည်၏။ အဓိဋ္ဌာနံ၊ ကထိန်လျာဖြစ် သင်္ကန်းသစ်၌ လှစ်၍ ဆိုရန် အဓိဋ္ဌာန်ကို။ ဇာနာတိ၊ ပြုရေး ပြုဘွယ် သိနားလည်၏။ အတ္ထာရံ၊ "ဣမာယ သံဃာဋိယာ" အစဖြာလျက် မြွက်ကာ ဆိုလျှင်း ကထိန် ခင်းခြင်းကို။ ဇာနာတိ၊ ပြုရေး ပြုဘွယ် အသွယ်သွယ်ဖြင့် နားလည်မြော်ရှု သိမြင်ဘိ၏။ မာတိကံ၊ ပက္ကမနန္တိက စသည့် ရှစ်ဖြာ မာတိကာကို။ ဇာနာတိ ပြုရေး ပြုဘွယ် အသွယ်သွယ်ဖြင့် နားဝယ် ဆင်ဘိ မြင်သိရှု၏။ ပလိဗောဓံ၊ ကျောင်း, သင်္ကန်း၌ စိတ်တန်း တောင့်တ ကြောင့်ကြ ကွဲပြား ပလိဗောဓ နှစ်ပါးကို။ ဇာနာတိ၊ သိရေး သိဘွယ် အသွယ်ဆွယ်ဖြင့် နားဝယ် ဆင်ဘိ ဥာဏ်ဖြင့် သိ၏။ ဥဒ္ဓါရံ၊ ဥတ်ကမ္မဝါစာ သိမ်လွန်ကာနှင့် နှစ်ဖြာ ကင်းပြုတ် ကထိန် နှုတ်ခြင်းကို။ ဇာနာတိ၊ ပြုရေး ပြုဘွယ် အသွယ်သွယ်ကို နားဝယ်

ဆင်ဘိ မြင်သိရှိ၏။ အာနိသံသံ၊ အနာမန္တာ, အသမာနှင့်, ဂဏာ, ယာဝ, တတ္ထစီဝရပ် သရုပ် ငါးတန် အာနိသံကို။ ဇာ နာတိ၊ ပြုရေး ပြုဘွယ် အသွယ်သွယ်ဖြင့် နားဝယ် ဆင်ဘိ မြင်သိရှိ၏။ ဣမေဟိ အဋ္ဌဟဂေဟိ၊ ဤသို့ ရှစ်ဖြာ ဂုဏ်အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်ဝ လောက်လုံ အင်္ဂါ စုံသော။ ပုဂ္ဂလော၊ စာပေ ပရိယတ် နှံ့စပ် မောက်မို ဗဟုသုတ ရဟန်း ပုဂ္ဂိုလ်သည်။ ကထိနံ၊ ရဟန်းတို့အား ကျိုးငါးပါးကို တိုးပွားစေတတ် ကထိန် မြတ်ကို။ အတ္ထရိတုံ ခံယူ ဥတ်သွင်း မြွက်ဆို ရှင်းလျက် ဖြန့်ခင်း ခြင်းငှါ။ ဘဗ္ဗော၊ အပြစ် မစပ် မငြိကပ်ဘဲ ပညတ် မသွေ ခင်း ထိုက်လှပေ၏။

ကထိန်ခင်း မြောက်ရန် (၁၇)မျိုး။

ဝင်းပြင် တဆယ့်ခုနှစ်မျိုးကုန်သော ကထိန်ခင်း မြောက်နိုင် သော အရာများသည်း ရှိကြသေးတယ်။ ဝင်း တဆယ့်ခုနှစ် ပါးတို့ကား (၁) မဝတ် မရုံရဘူးသေးသော အသစ် ဂျတ် ချွတ် အဝတ် သင်္ကန်းဖြင့်ဝင်း၊ (၂) တကြိမ် တခါ ဝတ်ရုံဘူး သော်လည်း အရောင်အဆင်း မပျက်ပြယ်သေးသော အဝတ် သင်္ကန်းဖြင့်ဝင်း၊ (၃) ကြိမ်ဖန်များစွာ ဝတ်ရုံ ဘူးပါသော် လည်း မစုတ် မပြတ် ဟောင်းနွမ်းလတ်သော တပတ်ရစ် သင်္ကန်း ဖြင့်သော်ဝင်း၊ (၄) ပံ့သုကူ စွန့်ပစ်ထားသော သင်္ကန်းဖြင့် ဝင်း၊ (၅) စျေးဆိုင် တံခါး၌ စွန့်ပစ် ထားသော သင်္ကန်း ဖြင့်သော်ဝင်း၊ (၆) ဤသင်္ကန်းကား ချောမြေ့၏၊ ကထိန် ခင်းရန် ကောင်း၏၊ ဤသို့ စသည်ဖြင့် ဩဘာသနိမိတ် အရိပ် အယောင် မပြုဘဲ ရသော သင်္ကန်း ဖြင့်သော်ဝင်း၊ (၇) ကထိန် ခင်းလျှင် အကျိုးကြီး၏၊ ဤသို့ စသည် အလည်လည် ဆွယ်

စကား, ပရိယာယ် မာယာများ မပြုလုပ်ရဘဲ ရလာသော အဝတ် သင်္ကန်း ဖြင့်သော်၎င်း၊ (၈) ခဏခေတ္တ အခိုက် အတန့်ငှါးရမ်းခဲ့သည် မဟုတ်ဘဲ, ကိုယ်ပိုင် ဖြစ်သော အဝတ် သင်္ကန်း ဖြင့်သော်၎င်း၊ (၉) ယနေ့ သံဃာအား လှူဒါန်း၍ ယနေ့ပင် သံဃာက ကထိန်ခံ ရဟန်းပုဂ္ဂိုလ်အား ပေးအပ်သော သိုမှီး သိမ်းဆည်းလျက် မထားသော အဝတ် သင်္ကန်းဖြင့်သော်၎င်း၊(၁၀) ယနေ့ သံဃာက ကထိန်ခံ ရဟန်းပုဂ္ဂိုလ်အား ဉတ်ဖြင့် ပေးအပ်ပြီးသော ကထိန်လျာ အဝတ်ကြမ်းကို ယနေ့ပင် ကထိန်ခံ ရဟန်းပုဂ္ဂိုလ်က, ပြီးစီးအောင် ချုပ်ဆိုးလျက် မပုပ် မသိုးသေးသော သင်္ကန်းဖြင့်သော်၎င်း၊(၁၁)ကပ္ပဗိန္ဒုထိုးသော သင်္ကန်းဖြင့်သော်၎င်း၊(၁၂)ခါးတော် သင်းပိုင်၊(၁၃)ကိုယ်ရုံ ကော်သီ၊ (၁၄) နှစ်ထပ် ဒုကုဋ် သင်္ကန်းကြီးဟု ဆိုအပ်သော သုံးမျိုးသော သင်္ကန်းတို့တွင် တမျိုးမျိုးသော သင်္ကန်းဖြင့်သော်၎င်း၊ (၁၅) ထိုသုံးမျိုးသော သင်္ကန်း တို့မှာလည်း ငါးခန်း အယုတ်ဆုံး ထားကာ မါးငယ်, ကတ်ကျေး စသည်ဖြင့် ဖြက်ဆုတ်၍ ချုပ်ဆိုးထားသော သင်္ကန်းဖြင့်သော်၎င်း၊ (၁၆) သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ် သုံးမျိုးတို့တွင် ရဟန်းပုဂ္ဂိုလ်သာ ခင်းသဖြင့်၎င်း၊(၁၇)ကောင်းစွာ ခင်းအပ်ပြီးသော ကထိန်ကို ဥပစာရ သိမ်၏ အတွင်း၌ တည်ရှိနေ၍ အနုမောဒနာ ပြုသဖြင့်သော်၎င်း, ဤတဆယ့်ခုနှစ်မျိုးသော ကထိန်ခင်းခြင်းဖြင့် ခင်းမှသာလျှင် ကထိန်ခင်း မြောက်နိုင်တယ်။

ထို့ကြောင့်....

ကထဉ္စ ဘိက္ခဝေ အတ္ထတံ ဟောတိ ကထိနံ?၊

၁၈ အဟာတေန အတ္ထတံ ဟောတိ ကထိနံ၊

၂။ အဟတ ကပ္ပေန အတ္တတံ ဟောတိ ကထိနံ၊
၃။ ပိလောတိကာယ အတ္တတံ ဟောတိ ကထိနံ၊
၄။ ပံသုကူလေန အတ္တတံ ဟောတိ ကထိနံ၊
၅။ ပါပဏ္ဏိကေန အတ္တတံ ဟောတိ ကထိနံ၊
၆။ အနိမိတ္တ ကတေန အတ္တတံ ဟောတိ ကထိနံ၊
၇။ အပရိကထာ ကတေန အတ္တတံ ဟောတိ ကထိနံ၊
၈။ အကုက္ကု ကတေန အတ္တတံ ဟောတိ ကထိနံ၊
၉။ အသန္နိဓိ ကတေန အတ္တတံ ဟောတိ ကထိနံ၊
၁၀။ အနိဿဂ္ဂိယေန အတ္တတံ ဟောတိ ကထိနံ၊
၁၁။ ကပ္ပ ကတေန အတ္တတံ ဟောတိ ကထိနံ၊
၁၂။ သံဃာဋိယာ အတ္တတံ ဟောတိ ကထိနံ၊
၁၃။ ဥတ္တရာသံဂေန အတ္တတံ ဟောတိ ကထိနံ၊
၁၄။ အန္တရဝါသကေန အတ္တတံ ဟောတိ ကထိနံ၊
၁၅။ ပဉ္စကေန ဝါ အတိရေကပဉ္စကေန ဝါ တဒဟေဝ သဉ္ဆိန္နေန သ မဏ္ဍလိက ကတေန အတ္တတံ ဟောတိ ကထိနံ၊
၁၆။ ပုဂ္ဂလဿ အတ္တာရာ အတ္တတံ ဟောတိ ကထိနံ၊
၁၇။ သမ္မာ စေ အတ္တတံ ဟောတိ ကထိနံ၊ တစ္စေ သီမဋ္ဌော အနုမောဒတိ၊ ဧဝမ္ပိ အတ္တတံ ဟောတိ ကထိနံ၊ ဝေဝဝါ ဘိက္ခဝေ အတ္တတံ ဟောတိ ကထိနံ။

ဘိက္ခဝေ၊ သံသရာ ဝဋ်ဒုက္ခဘေး ကျွတ်လွတ်အေးဘို့ မြော်တွေးငံ့စား အိုချစ်သားတို့။ ကထဉ္စ၊ ဘယ်သို့ ပြစ်ကင်း ဘယ်သို့ ခင်းမှသာလျှင်။ ကထိနံ၊ သံဃာ ဥတ်သွင်း ကထိန် ခင်းခြင်းသည်။ အတ္တတံ၊ ညစ်ကြေး မတင် ပြစ်စင်ကင်းပျောက် အခင်း

မြောက်သည်။ဟောတိ၊ မဖေါက် မသွေ့ ဖြစ်ရပါလေသနည်း?၊ အဟတေန၊ မဝတ် မရုံ မလွှမ်းခြုံဘူးလတ် ဂျပ်ချွတ် မညစ် သင်္ကန်းသစ်ဖြင့်လည်း။ ကထိနံ၊ သံဃာ ဥတ်သွင်း ကထိန် ခင်း ခြင်းသည်။ အတ္ထတံ၊ ညစ်ကြေး မတင် ကင်းစင် ဖြစ်ပျောက် အခင်း မြောက်သည်။ ဟောတိ၊ စင်စစ် မသွေ့ ဖြစ်ရချေ၏။ အဟတ ကပ္ပေန၊ တကြိမ်, နှစ်ကြိမ် စိမ်ကာ ဖွပ်လျှော် ရုံသော် မညစ် တပတ်ရစ်မည့်, သင်္ကန်းသစ် အဝတ် အထည်ဖြင့်လည်း။ ကထိနံ၊ သံဃာ ဥတ်သွင်း ကထိန် ခင်းခြင်းသည်။ အတ္ထတံ၊ ညစ်ကြေး မတင် ဖြစ်စင် ကင်းပျောက် အခင်းမြောက်သည်။ ဟောတိ၊ မဖေါက် မသွေ့ ဖြစ်ရပေ၏။ ပိလောတိကာယ၊ဝတ်ရုံ ဟောင်းနွမ်း ဖွပ်လျှော် လှမ်းလျက် ညစ်ညမ်း ဖျောက်လစ် သင်္ကန်းသစ်ဖြင့်လည်း။ ကထိနံ၊ သံဃာ ဥတ်သွင်း ကထိန် ခင်း ခြင်းသည်။ အတ္ထတံ၊ ညစ်ကြေး မလှောက် ဖြစ်ကင်း ပျောက် ကာ အခင်း မြောက်သည်။ ဟောတိ၊ မဖေါက် မသွေ့ ဖြစ်ရ လေ၏။ ပံသုကူလေန၊ မြေမှုန့် ချေးကပ် စုတ်ပြတ် အစ ကောက်ယူ ရလတ် ချုပ်စပ် ဖွပ်လှမ်း ဆိုးရည် လွှမ်းသည့် ပံ့သုကူ သင်္ကန်းဖြင့်လည်း။ ကထိနံ၊ သံဃာ ဥတ်သွင်း ကထိန် ခင်းခြင်းသည်။ အတ္ထတံ၊ ပြစ်တင် ဘွယ်ပျောက် အခင်းမြောက် သည်။ ဟောတိ၊ စင်စစ် မသွေ့ ဖြစ်ရပေ၏။ ပါပဏိကေန၊ အိမ်ဈေး တံခါး၌ ချထား စွန့်ပစ် နွမ်းညစ် ပုဆိုး စပ်,ချုပ် ဆိုးကာ သင်္ကန်းလျာဖြင့်လည်း။ ကထိနံ၊ သံဃာ ဥတ်သွင်း ကထိန် ခင်းခြင်းသည်။ အတ္ထတံ၊ ပြစ်တင် ကင်းပျောက် အခင်း မြောက်သည်။ ဟောတိ၊ စင်စစ် မသွေ့ ဖြစ်ရချေ၏။ အနိမိတ္တ ကတေန၊ လှူစေလိုစိတ် အရိပ် အယောင် နိမိတ် ဆောင်ကာ,

သွယ်ဝိုက်ကာဖြင့် အာသာ မပြ ကောင်းကင်ဝမှ ကျလာ ပုံ
သွင် စင်ကြယ် ပေါ်ပေါက် အလိုအလျောက် ရသော သင်္ကန်း
ဖြင့်လည်း။ ကထိနံ၊ ငါးပါး သံဃာ ဉတ်ကမ္မဝါစာဖြင့် ဘတ်
ကာ အပ်နှင်း ကထိန် ခင်းခြင်းသည်။ အတ္ထတံ၊ ပြစ်ဘေး ကင်း
ပျောက် အခင်း မြောက်သည်။ ဟောတိ၊ ဧကန် မသွေ ဖြစ်ရ
လေ၏။ အပရိကထာ ကတေန၊ ဝေဝုစ် ပရိယာယ် မဆွယ်
မပြော မဟော မဆွ အလိုအလျောက် လှူကပ်ကြသော သင်္ကန်း
ဖြင့်လည်း။ ကထိနံ၊ သံဃာ ဉတ်သွင်း ကထိန် ခင်းခြင်းသည်။
အတ္ထတံ၊ အပြစ် မတင် ကင်းစင် ဘေးပျောက် အခင်းမြောက်
သည်။ ဟောတိ၊ အမှန် မသွေ ဖြစ်ရလေ၏။ အကုက္ကု က
တေန၊ သူတပါးထံမှ မငှါး မရမ်း ကိုယ်ပိုင် သင်္ကန်းဖြင့်လည်း။
ကထိနံ၊ သံဃာ ဉတ်သွင်း ကထိန် ခင်းခြင်းသည်။ အတ္ထတံ၊
ညစ်ကြေး မလှောက် အခင်းမြောက်သည်။ ဟောတိ၊ စင်စစ်
မသွေ ဖြစ်လှပေ၏။ အသန္နိဓိကတေန၊ ဒါယကာ လှူဆက် သံဃာ့
လက်၌ နေ့ရက် ပိုပွား မသို ထားသော သင်္ကန်း ဖြင့်လည်း။
ကထိနံ၊ သံဃာ ဉတ်သွင်း ကထိန် ခင်းခြင်းသည်။ အတ္ထတံ၊ ပြစ်
စင် ကင်းပျောက် အခင်းမြောက်သည်။ ဟောတိ၊ အမှန် စင်
စစ် ဖြစ်ရလေ၏။ အနိဿဂ္ဂိယေန၊ သံဃာ အပ်နှံ ကထိန်ခံ၌
နေ့ကန် ဖင့်တိုး ညဉ့်မသိုးသော သင်္ကန်းဖြင့်လည်း။ ကထိနံ၊
သံဃာ ဉတ်သွင်း ကထိန် ခင်းခြင်းသည်။ အတ္ထတံ၊ ပြစ်တင်
ကင်းပျောက် အခင်းမြောက်သည်။ ဟောတိ၊ စင်စစ် အမှန်
ဖြစ်ရပြန်၏။ ကပ္ပ ကတေန၊ လေးထောင့် လေးပြင် တခွင်ခွင်၌
ညိုလွှင် နှဖတ် ဗိန္ဒု မှတ်သော သင်္ကန်းမြတ်ဖြင့်လည်း။ ကထိနံ၊
သံဃာ ဉတ်သွင်း ကထိန် ခင်းခြင်းသည်။ အတ္ထတံ၊ ညစ်ကြေး

ကင်းပျောက် အခင်းမြောက်သည်။ ဟောတိ၊ အမှန် မုချ ဖြစ် ပြန်ရ၏၊ သံဃာဒ္ဓိယာ၊ နှစ်ထပ် တလုပ် စပ်၍ ချုပ်သည့် မယုတ် ပြည့်လျှမ်း ဒုကုဋ္ဌ သက်န်းဖြင့်လည်း။ ကထိန်၊ သံဃာ ဉတ်သွင်း ကထိန် ခင်းခြင်းသည်။ အတ္တတိ၊ ညစ်ကြေး ကင်းပျောက် အခင်းမြောက်သည်။ ဟောတိ၊ အမှန် စင်စစ် မသွေ ဖြစ်၏။ ဥတ္တရာသံဂေန၊ တလွှာ တထပ် လိုရာ မှတ်၍ ချုပ်စပ် တင်လွှမ်း အပေါ်ရုံ ကိုယ်ဝတ် သက်န်းဖြင့်လည်း။ ကထိန်၊ သံဃာ ဉတ်သွင်း ကထိန် ခင်းခြင်းသည်၊ အတ္တတိ၊ အပြစ် ကင်းပျောက် အခင်းမြောက်သည်။ ဟောတိ၊ စင်စစ် မသွေ ဖြစ်ရလေ၏။ အန္တရဝါသကေန၊ အထပ် ကွာကင်း တလွှာခြင်းသာ ချုပ်သွင်း ကြံ့ခိုင် အတွင်း ခါးဝတ် သင်းပိုင် ဖြင့်လည်း။ ကထိန်၊ သံဃာ ဉတ်သွင်း ကထိန် ခင်းခြင်းသည်။ အတ္တတိ၊ အပြစ် ကင်းပျောက် အခင်းမြောက်သည်။ ဟောတိ၊ မသွေ စင်စစ် အမှန် ဖြစ်၏။ ပဉ္စကေနဝါ၊ ငါးစပ် ငါးခဏ်း ဖြင့်သော်၎င်း။ အတိရေက ပဉ္စကေနဝါ၊ ငါးစပ် စလျှမ်း ငါးခဏ်းထက် အလွန် ခုနစ်ခဏ်း, ကိုးခဏ်း, ဆယ့်တစ်ခဏ်း ဖြင့်သော်၎င်း။ တဒဟေဝါ၊ ဒါယကာတို့ ကထိန်လျှာ သက်န်း ဆက်ကပ်လှူဒါန်းရာ ကမ္မဝါစာ ဘတ်၍ စုံစေ့ ပေးအပ်သည့် နေ့၌သာလျှင်။ သဥ္ဓိနေ့ နေ၊ သင့်တင့် ကောင်းစွာ ချင့်ကာ မှတ် တိုင်း ဆုတ်ဖြတ် ပိုင်းအပ်သော။ သ မဏ္ဍလိက ကတေန၊ အိမ် ကြီး, အိမ်ငယ်, အသွယ်သွယ် ခွဲခြမ်း, သင့်တော် လျှောက်ပတ် သော သက်န်းဖြင့်လည်း။ ကထိန်၊ သံဃာ ဉတ်သွင်း ကထိန် ခင်းခြင်းသည်။ အတ္တတိ၊ ညစ်ကြေး ကင်းပျောက် အခင်း မြောက်သည်။ ဟောတိ၊ မသွေ စင်စစ် အမှန် ဖြစ်၏။ ပုဂ္ဂ

လသာ၊ ရှစ်ပါး အင်္ဂါ စုံစွာ ပြောင်မြောက် ဂုဏ်ပြည့်မောက်သော ကထိန်ခံ ရဟန်းပုဂ္ဂိုလ် ထမြောက်၏။ အတ္တာရာ၊မိန့်လျက် သံချီ ဝစီ သန့်ရှင်း မြွက်ဆို ခင်းခြင်းဖြင့်။ ကထိန်၊ သံဃာ ဥတ်သွင်း ကထိန် ခင်းခြင်းသည်။ အတ္ထတံ၊ အပြစ် ကင်းပျောက် အခင်းမြောက်သည်။ ဟောတိ၊ မသွေ စင်စစ် အမှန် ဖြစ်၏။ သမ္မာဝေ၊ အားကာတော်လမ်း အခဏ်းခဏ်းဖြင့် မိန့်မြန်း ညီညာ ကောင်းမွန်စွာသာလျှင်။ ကထိန်၊ သံဃာ ဥတ်သွင်း ကထိန် ခင်းခြင်းသည်။ အတ္ထတံ၊ အပြစ် ကင်းပျောက် အခင်း မြောက်သည်။ စေဟောတိ၊ အကယ်၍ အမှန် မသွေ ဖြစ်ခဲ့ချေအံ့။ တံ ကထိန်၊ ထိုကဲ့သို့ အမှန် ဆတ်ဆတ် ကောင်းစွာ ခင်းအပ်သော ကထိန်မြွက်ကို။ သီမဋ္ဌော၊ ကျောင်းတိုက်ဝိဟာ ဥပစာ သိမ်တွင်း မှီကပ်ချဉ်း၍ သီတင်း သုံးခအောင်း မထေရ်ပေါင်းသည်။ ဝါ၊ ဥပစာရ သိမ်တွင်း တည်ရှိလျှင်းလျက်၊ စေ အနုမောဒတိ၊ အကယ်၍သာ အနုမောဒနာ ပြုကြပါသည် ဖြစ်ငြားအံ့။ ဧဝံပိ၊ ဤကဲ့သို့ စေ.င, ကိုယ်စီ, နှုတ်သံ ချီ၍ ဝစီ မြွက်ပြောင်း ရဟန်း အပေါင်းသည်။ ဝါ၊ ဤကဲ့သို့ ကိုယ်စီ, ကိုယ်င, မြွက်ဟ သံချီ နှုတ်ခစီဖြင့်လည်း၊ ကထိန်၊ သံဃာ ဥတ်သွင်း ကထိန် ခင်းခြင်းသည်။ အတ္ထတံ၊ ညစ်ကြေး မလှောက် အခင်းမြောက်သည်။ ဟောတိ၊ မသွေ စင်စစ် အမှန် ဖြစ်ပေ၏။ ဘိက္ခဝေ၊ သံသရာ ဝဋ်ဒုက္ခ ကျွတ်လွတ် အေးဘို့ မျှော်ခတွေး ရှုငြား အိုချစ်သားတို့။ ဧဝံခေါ၊ ဤသို့ များစွာ တဆယ့်ခုနှစ် ဖြာကုန်သော အခြင်းအရာတို့ဖြင့် သာလျှင်။ ကထိန်၊ သံဃာ ဥတ်သွင်း ကထိန် ခင်းခြင်းသည်။ အတ္ထတံ၊ အပြစ် မမြင် ကင်း

စင် ညစ်ပျောက် အခင်းမြောက်သည်။ ဟောတိ၊ မသွေ မလှန် အမှန် စင်စစ် ကေန်ဖြစ်ပေတော့၏။

**ကထိန် အာနိသံ ငါးပါးနှင့် သိက္ခာပုဒ်များ။**

ဤပြဆိုအပ်ခဲ့ပြီးသော ကထိန်ခံ ရဟန်းပုဂ္ဂိုလ်၏ အင်္ဂါ လက္ခဏာ ပြည့်စုံ လုံလောက်စွာနှင့် ကထိန် မြောက်အောင် ခင်းကြရသည့် ရဟန်းတော်များမှာ အကျိုးထူး တရား အာနိသံ ငါးပါးတို့ကို ခံစား ရရှိနိုင်ကြတယ်။ ၎င်းအာနိသံ ငါးပါးတို့မှာ—....

၁။ နိမန္တိတော သ ဘတ္တော သမာနော
ပုရေဘတ္တံ ပစ္ဆာဘတ္တံ ကုလေသု စာရိတ္တံ အာပဇ္ဇန္တော
ဒွေ အာပတ္တိယော အာပဇ္ဇံ အာပဇ္ဇတိ။

နိမန္တိတော၊ ပင့်ဖိတ်၍ ထားအပ်သော၊ သ ဘတ္တော၊ ဆွမ်းရှိသော ပုဂ္ဂိုလ်သည်။ သမာနော၊ ဖြစ်ပါလျက်။ ပုရေ ဘတ္တံ၊ နံနက် အခါ၌။ ပစ္ဆာ ဘတ္တံ၊ ညချမ်း အခါ၌၊ ကုလေသု၊ တပါးသော အိမ်တို့၌။ စာရိတ္တံ၊ လှည့်လည် သွား, လာခြင်းသို့။ အာပဇ္ဇံ၊ အာပဇ္ဇန္တော၊ ရောက်သော ရဟန်းသည်။ ဒွေ အာပတ္တိ ယော၊ ဒုက္ကဋ် အာပတ်, ပါစိတ် အာပတ်,ဟု ဆိုအပ်သော နှစ်ချက်သော အာပတ်တို့သို့။ အာပဇ္ဇတိ၊ ရောက်၏။

ဤကဲ့သို့ ပညတ်ထားတော်မူသည့် စာရိတ္တ သိက္ခာပုဒ်ဖြင့် သင့်ရမည့် ဒုက္ကဋ် အာပတ်, ပါစိတ် အာပတ်တို့မှ ကင်းလွတ်ရခြင်းသည်လည်း ကထိန် ခင်းထားရသည့် အကျိုး အာနိသံ တပါး ဖြစ်တယ်။ ထိုမှတပါးလည်း........

၂။ ကေရတ္တိံ တိစီဝရေန ဝိပ္ပ ဝသန္တော
ကော် အာပတ္တိံ အာပဇ္ဇတိ နိဿဂ္ဂိယံ ပါစိတ္တိယံ။

ကေရတ္တိံ၊ တညဉ့်မျှ။ တိစီဝရေန၊ တိစီဝရိတ် သင်္ကန်း

သုံးထည်နှင့်။ ဝိပ္ပဝသန္တော၊ ကင်းရှိနေသော ရဟန်းသည်။ ဧကံ အာပတ္တိံ၊ တချက်သော အာပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ နိဿဂ္ဂိယံ ပါစိတ္တိယံ၊ နိဿဂ္ဂိ ပါစိတ် အာပတ်တည်း။

ဤကဲ့သို့ ပညတ်ထားတော်မူသည့် ဒုတိယ ကထိန သိက္ခာပုဒ်ဖြင့် တိစီဝရိက် သင်္ကန်း သုံးထည်တို့တွင် တထည်ထည်နှင့် ညဥ့်ကင်း၍ နေခြင်းကြောင့် သင့်ရမည့် နိဿဂ္ဂိ ပါစိတ် အာပတ်မှ ကင်းလွတ်ရခြင်းသည်လည်း ကထိန် ခင်းရသည့် ရဟန်းများမှာ ရရှိသော အကျိုး တပါးပင် ဖြစ်တယ်။ ထိုမှ တပါးလည်း........

၃။ ဂဏ ဘောဇနံ ဘုဥ္ဇန္တော၊
ဒွေ အာပတ္တိယော အာပဇ္ဇတိ။

ဂဏ ဘောဇနံ၊မသင့် မလျော် ခေါ်ဝေါ် ပြောဆိုခြင်းဖြင့် ပင့်ဘိတ်သော ဂဏ ဘောဇဉ်ကို။ ဘုဥ္ဇန္တော၊ စားသော ရဟန်းသည်။ဒွေ အာပတ္တိယော၊နှစ်ချက်သော ဒုက္ကဋ် အာပတ်,ပါစိတ် အာပတ်တို့သို့။ အာပဇ္ဇတိ၊ ရောက်၏။

ဤကဲ့သို့ ပညတ်ထားတော်မူသည့် ဂဏ ဘောဇန သိက္ခာပုဒ်ဖြင့်"ထမင်းစား လာပါ"စသည်ဖြင့် မအပ်သော အသုံးအစွဲ ဝေါဟာရဖြင့် ပင့်ဘိတ်သော ဆွမ်းကို စားခြင်းကြောင့် သင့်ရမည့် ဒုက္ကဋ် အာပတ်, ပါစိတ် အာပတ်တို့မှ ကင်းလွတ်ရခြင်းသည်လည်း ကထိန် ခင်းရသည့် ရဟန်းများ၏ အကျိုး အာနိသံ တပါးဖြစ်တယ်။ ထိုမှတပါးလည်း...

၄။ အတိရေက စီဝရံ ဒသာဟံ အတိက္ကာမေန္တော
ဧကံ အာပတ္တိံ အာပဇ္ဇတိ နိဿဂ္ဂိယံ ပါစိတ္တိယံ။

အတိရေက စီဝရံ၊ အဓိဋ္ဌာန်မတင်, ဝိကပ္ပနာ မပြုဘဲ ပိုလွန်

သော သက်န်းကို၊ ဒသာဟံ၊ ဆယ်ရက်ကို၊ အတိက္ကာမေန္တော၊ လွန်စေသော ရဟန်းသည်။ ကေ ံ အာပတ္တိ၊ တချက်သော အာပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ နိဿဂ္ဂိယံ ပါစိတ္တိယံ၊နိဿဂ္ဂိ ပါစိတ် အာပတ်တည်း။

ဤကဲ့သို့ ပညတ်ထားတော်မူသည့် ပဌမ ကထိန သိက္ခာပုဒ်ဖြင့် သင်္ကန်းကို အဓိဋ္ဌာန် မတင်, ဝိကပ္ပနာ မပြုဘဲ ဆယ်ရက်ကို လွန်စေခြင်းကြောင့် သင့်ရမည့် နိဿဂ္ဂိ ပါစိတ် အာပတ်မှ ကင်းလွတ်ရခြင်းသည်လည်း ကထိန် ခင်းကြရတဲ့ ရဟန်းများ၏ အကျိုး အာနိသံ တပါးပင် ဖြစ်တယ်။

ထိုမှ တပါးလည်း ကထိန် ခင်းပြီးသည့်နောက် တပေါင်းလပြည့်နေ့သို့ ရောက်သည်တိုင်အောင် ကထိန်ခင်းသည့် တိုက်တာကျောင်း အရာမ် ဉပစာ အတွင်း၌ ဖြစ်ပေါ်လာသော သံဃိက ပိတ်, ဖျင်,သင်္ကန်း အဝတ် ပုဆိုးများကို အစိုးရခြင်း, ပိုင်ဆိုင်ခြင်းသည်လည်း ကထိန်ခင်းကြရသည့် ရဟန်းများ၏ အကျိုး အာနိသံ တပါးပင် ဖြစ်ဘယ်။ ဤပြဆိုခဲ့ပြီးသော အကျိုး အာနိသံ ငါးပါးတို့ကို ကထိန် ခင်းထားကြသည့် ရဟန်းများသာ ခံစားကြရဘယ်။ ထို့ကြောင့်....

အတ္ထတ ကထိနာနံ ဝေါ ဘိက္ခဝေ ပဉ္စ အာနိသံသာ ကပ္ပိဿန္တိ

အနာမန္တစာရော, အသမာဒါနစာရော, ဂဏဘောဇနံ,

ယာဝဒတ္ထစီဝရံ, ယောစ တတ္ထ စီဝရုပ္ပါဒေါ သော နေသံ

ဘဝိဿတီတိ အတ္ထတ ကထိနာနံ ဝေါ ဘိက္ခဝေ ဣမာနိ ပဉ္စ

ကပ္ပိဿန္တိ။

ဘိက္ခဝေ၊ သံသရာ ဝဋ်ဘေး ကျွတ်လွတ်ရေးကို မြှော်တွေး စောင့်စား အိုချစ်သားတို့။ အတ္တတ ကထိနာ၁န်၊ ပုရိမ ဝါမှ ထ၍ ခင်းရသော ကထိန် ရှိကုန်သော။ ဝေါ၊ သင်ချစ်သား တို့အား။ ပဥ္စ အာနိသံသာ၊ အကျိုးဆက်မှန် ငါးပါးသော အကျိုး အာနိသံတို့သည်။ ကပ္ပိဿန္တိ၊ အပြစ် ကင်းပြေ အပ် ကြပေကုန်လိမ့်လတ္တံ့။ အနာမန္တစာရော၊ မပန် မကြားဘဲ ရွာ တွင်းသို့ သွားရခြင်းငှါ။ အသမာဒါနစာရော၊ တိစီဝရိက်ကို ထား၍ မယူ မဆောင်ဘဲ ညဥ့်ကင်းကာ သွားရခြင်းငှါ။ ဂဏ ဘောဇနံ၊ အကပ္ပိယ ဝေါဟာရဖြင့် ဘိတ်ကြားသော ဆွမ်းကို ယူဆောင်၍ စားရခြင်းငှါ၊ ယာဝဒတ္ထ စီဝရံ၊ အဓိဋ္ဌာန်၊ ဝိကပ္ပနာ ကို ပယ်ရှောင်၍ အလိုရှိတိုင်းသော အဝတ် အထည် သင်္ကန်းတို့ ကို သုံးဆောင်ရခြင်းငှါ။ တတ္ထ၊ ထိုကထိန် ဥတ်ခင်း ကျောင်း တိုက်တွင်း၌။ ယော စီဝရုပ္ပါဒေါ၊ အကြင် သံဃိက အလှူ ကြည်ဖြူ ရှင်လန်း ဖြစ်ပေါ်လာသောအဝတ် အထည် သင်္ကန်း သည်။ အတ္ထိ၊ အကယ်၍ပေ ရှိခဲ့ချေအံ့။ သော စီဝရုပ္ပါဒေါ၊ ထိုထို ဖြစ်ပေါ်လာသမျှသံဃိက လှူရိုး၊အဝတ်၊အထည်၊သင်္ကန်း မျိုးသည်။ နေသံ၊ ထိုကထိန် ခင်းရာ ကျောင်းဝိဟာတွင် နေ ထိုင်ကြကုန်သော ကထိန် အာနိသင်ရ၊ ပုဂ္ဂိုလ် တို့အား။ ဘဝိ ဿတိ၊ပိုင်ဆိုင်စိုးရ ဖြစ်ကြပေကုန်လိမ့်လတ္တံ့။ဣတိ ဣမာနိ ပဥ္စ၊ အကျိုး အာနိသံ အပြား ငါးပါးတို့တည်း။ ဘိက္ခဝေ၊ သံ သရာ ဝဋ်ဘေး ကျွတ်လွတ် အေးဘို့ မျှော်တွေး ကျင့်ကြား အို.... ချစ်သားတို့။ အတ္ထာဘ ကထိနာ၁န်၊ ပုရိမ ဝါမှ ထ၍ အပြစ် ကင်းပ ကထိန် ခင်းကြရကုန်ပြီးသော။ ဝေါ၊ သင်ချစ်သားတို့ အား။ ဣမာနိ ပဥ္စ၊ အကျိုး ဆက်မှန် ငါးတန်သော အာနိ

သံတို့သည်။ ကပ္ပိဿန္တိ၊ အပြစ် ကင်းသွေ့ အပ်ကြပေကုန် လိမ့်လတ္တံ့။

"ကထိန် လှူဒါန်းကြသူများ အတွက် အကျိုးများ။"

ဤကဲ့သို့ ကထိန် ခင်းရသည့် ရဟန်းမှာ ပြဆိုအပ်ခဲ့ပြီးသော အကျိုး ငါးပါးတို့ကို အသီး အသီး ခံစား ရရှိကြတယ်၊ ပစ္စည်း ဥစ္စာ မကုန် မခန်း အကုန် အကျ မရှိကြဘဲ, ကထိန် အလှူကို ခံယူကြကာ ကထိန် ခင်းကုန်သော ရဟန်းတို့ပင် ငါးပါးသော အကျိုးထူးများကို ရလိုက် ကြသည် ဖြစ်သဖြင့်, ပစ္စည်း ဥစ္စာ တွေ အကုန် အကျ ခံပြီးလျှင် ကထိန် ကပ်လှူကြသည့် သူများ မှာ အကျိုးထူး မြောက်မြားစွာ ကြီးကြီးကျယ်ကျယ် ခံစား ရရှိနိုင်ကြပါတယ်၊ ထိုစကားကို အနည်းငယ် သိသာ ထင်ရှား လာအောင် ရှင်းလင်း ပြလိုက်ရဦးမယ်။

ကာမ, ရူပ, အရူပ, ဟုဆိုအပ်သော လောက သုံးရပ် ဘုံ သုံးထပ် ဖြစ်တဲ့ သုံးဆဲ့တဘုံ ဆိုသည့် ဤကမ္ဘာ လောကကြီး အတွင်းမှာ လူရယ်, နတ်ရယ်, ဗြဟ္မာရယ် အစရှိတဲ့ သက်ရှိ သဝိညာဏက သတ္တဝါတွေ အများအပြား ရှိကြတယ်၊ ဤကမ္ဘာ လောကကြီး အတွင်းမှာ မှီတင်း နေထိုင်ကြတဲ့, ဖြစ်ပေါ်လာ ကြတဲ့ ဤသက်ရှိ သတ္တဝါ အားလုံးဟာ သူရော, ငါပါ ကောင်းမွန်တဲ့ စည်းစိမ် ချမ်းသာတွေကို ဘယ်သူ မဆို့ခံစား စံစားချင်ကြတယ်၊ ကောင်းမွန်၍ အရသာရှိတဲ့ အစား အသောက်ကိုမှ စားချင်ကြတယ်၊ သောက်ချင်ကြတယ်၊ လှပတဲ့ အဝတ်, အထည်, နူးညံ့ သိမ်မွေ့ ချောမော ကောင်းမွန်တဲ့ အဝတ်,အထည်များကိုမှ ဝတ်ချင်ကြတယ်....၊လှလှပပ၊ တင့်တင့် တယ်တယ် ဆင်မြန်းချင်ကြတယ်၊ ချမ်းသာလှတဲ့ သူဌေးကြီး

တွေ့ သူဌေးကတော်ကြီးတွေ့ ကေရာဇ်ဘုရင်ကြီးတွေ့ စကြာ ဝတေး မင်းကြီးတွေ့ မိဖုရားကြီးတွေ့ သမတကြီးတွေ့ သမတ ကတော်ကြီးတွေ့ ဝန်ကြီးတွေ့ ဝန်ကြီးကတော်တွေ ဖြစ်ကြကာ လောကီ စည်းစိမ် ချမ်းသာကြီးတွေကို ခံစား စံစားချင်ကြ တယ်၊ ဤလူ့ဘုံ ကမ္ဘာလောကကြီးတွင် ကြီးကျယ် ခမ်းနား လှတဲ့ ကိုယ်ပိုင် တိုက်ကြီးတွေ့ တာကြီးတွေ့ အိမ်ကြီးတွေ့ နန်းတော်ကြီးတွေနဲ့ နေထိုင်ကြကာ လောကီ စည်းစိမ် ချမ်း သာတွေကို ခံစား၊ စံစားကြလျက် ဇိမ်ကျကျ နေထိုင်ချင် ကြတယ်၊ နတ်ဖြစ်လျှင်လဲ ကြီးကျယ် ကောင်းမွန်လှသည့် ဘုံ ဗိမာန်ကြီးတွေနှင့် တရှိန်ရှိန် ထွန်းတောက် ထိန်လှသည့် စည်းစိမ် ချမ်းသာကြီးတွေကို အမြဲမပြတ် ခံစား၊ စံစား ချင်ကြတယ်။

အချို့ကလဲ ဤလောကီ စည်းစိမ် ချမ်းသာတွေဟာ အ တည်တကျ တာရှည်စွာ အမြဲ တည်တန့် ခိုင်မြဲ နေကြတယ်လို့ မရှိကြ၊ ဖြစ်တက်၊ ပျက်တတ်တဲ့ လောက သဘာဝ ဓမ္မတာ ဖြစ် သည့်အတိုင်း ဖြစ်ချည်၊ ပျက်ချည်၊ အဘည် မကျ၊ အနိစ္စတွေ ချည်းဘဲ၊ ဤကဲ့သို့ ဖြစ်တတ်၊ ပျက်တတ်တဲ့ ဘိဇ္ဇန သဘော၊ မတည် မမြဲတတ်တဲ့ အနိစ္စ လက္ခဏာတွေ ရောနှော နေကြသ ဖြင့် ဤကမ္ဘာ လောကကြီး အတွင်းမှာ ဆင်းရဲ ဒုက္ခတွေနှင့် ဗလပွေ တက်ကာ ရှုတ်ထွေးလှစွာ နေထိုင်ကြရပါတကား ...ဤ ကဲ့သို့ စားရေး၊ သောက်ရေး၊ နေထိုင် သွားလာရေး၊ အသ... မွေးမြူရေး၊ သေရေး၊ ရှင်ရေး စသည်တို့၌ ဆင်းရဲ ဒုက္ခတွေ ရှုတ်ထွေး ပွေလည်ကာ နေထိုင်ကြရသောကြောင့် မိမိတို့ အလို အတိုင်း မဖြစ်၊ မိမိတို့ ကိုယ်စိတ် နှစ်ပါးကို မိမိတို့ ဘယ်အခါမှ အစိုးမရကြသဖြင့် ဤကိုယ် ခန္ဓာကြီးဟာ ဘာမျှ အသုံးမကျ

အနှစ်သာရ မရှိ၊ အကာ အတိကြီး သက်သက်သာ ဖြစ်လျက် မနှစ်သက် စရာ့ အနတ္တ သဘော သက်ဝင် နေပါပေါ့ကလား.... ပဋိသန္ဓေ နေရခြင်းဟာလဲ ဒုက္ခ၊ ဆံဖြူ၊ သွားကျိုး၊ နှမ်းညှိုး၊ ကိုင်းညွတ်၊ ယွတ်တွ ယွင်းယို အိုမင်းရခြင်းလည်း ဒုက္ခ၊ ဆင်းရဲ တာရှည် မအီမသာ ကျင်နာခံခက် နှိပ်စက် ဖိစီး ညည်းညူခါခါ အနာ ရောဂါ ခံစား နေရခြင်းလဲ ဒုက္ခ၊ သက်ကြီးရှုံ့ကင် ပူပင် မချိ မှိုင်းမိ တွေဝေ သေဆုံး ရခြင်းဟာလဲ ဒုက္ခ၊ မိမိတို့ စိတ် တိုင်းကျ လိုတာ မရ၊ ရတာ မလို၊မရတာကိုမှ လိုလား တောင့် ကာ နေရခြင်းဟာလဲ ဒုက္ခ၊ ချစ်ခင် နှစ်သက် မေတ္တာ သက်ဝင် သူများနှင့် သေကွဲ ရှင်ကွဲ ကွဲကြလျက် ကွေကွင်း ကွဲကွာကြ ကာ နေရခြင်းဟာလဲ ဒုက္ခ၊ မချစ်ခင်မနှစ်သက် မေတ္တာ မသက် ဝင် ကြသူများနှင့် ခံပြင်းလှစွာ ပေါင်းသင်း ဆက်ဆံကာ နေရ ခြင်း ဟာလဲ ဒုက္ခ ပါတကား...ဟု သံဝေဂ တရား ပွားများ ရရှိကြကာ ဤဆင်းရဲ ဝဋ္ဋ်ဘုံ ကမ္ဘာ လောကကြီး အတွင်းမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း၊ လွတ်ကင်း ပြတ်စဲ ကြောင်း၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ ကင်းငြိမ်းကြောင်း ဖြစ်တဲ့ ကောင်းမြတ်လှသည့် မဂ်၊ဖိုလ်၊နိဗ္ဗာန် ချမ်းသာကြီးများကို အလို ရှိကြတယ်။

ဤကဲ့သို့ သောကီ စည်းစိမ် ချမ်းသာ၊ လောကုတ္တရာ စည်း စိမ် ချမ်းသာ ဆိုတဲ့ လူ၊နတ်၊နိဗ္ဗာန် သုံးတန်ကုန်သော ချမ်း သာကြီးတွေကို အာသာငံ့ကွက် တမက်မက်နှင့်နှစ်သက် ဘောင့် တကာ အလိုရှိနေကြကုန်သော ယောကျ်ား၊ မိန်းမ ဟူသမျှတို့ သည် အလွန်လှူဒါန်း ရခဲလှသော ကထိန် အလှူကို ပေးလှူကြ ရမည်၊ ကထိန် အလှူဟာ ဘာကြောင့် ခက်ခဲပါသလဲ? ဆိုလျှင်

တနှစ်မှာ (၁၂)လ ရှိသည်တွင် ရှင်ပြု, ပဉ္စင်းခံ, ဆွမ်းခကျွေး, ကျောင်းအလှူ အစရှိတဲ့ အလှူအတန်းတွေကို (၁၂)လ တွင် ဘယ်လမှာ မဆို လွယ်ကူ ဆောလျှင်စွာ လှူဒါန်း နိုင်ကြတယ်၊ တလတွင်လဲ ရက်ပေါင်း (၃၀)ရှိရာ ဘယ်ရက်မှာ မဆို မိမိတို့ လှူဒါန်းလိုတဲ့ ရက်တွင် မဆိုင်းမတွ တခဏချင်းဘဲ ပိုက်ဆံရှိလျှင် လှူဒါန်းနိုင်ကြတယ်။

## ကထိန်အလှူ ခဲယဉ်းပုံ။

ကထိန် အလှူကတော့ သည်လို ပိုက်ဆံရှိရုံနဲ့, မိမိတို့ အလိုရှိတဲ့ လ၊ မိမိတို့ အလိုရှိတဲ့ ရက်များတွင် ဘယ်ရက်, ဘယ်လမှာ မဆို, မလှူနိုင်,မတန်းနိုင်ကြပေဘူး၊ တနှစ်လုံးတွင် သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှ စ၍ တန်ဆောင်မုန်း လပြည့်နေ့အထိ ရက်ပေါင်း (၃၀) အတွင်းမှာသာ ကထိန်လျာ သင်္ကန်းကို ဆက်ကပ် လှူဒါန်းမှ ဖြစ်နိုင်ပါတယ်၊ အလှူ ထမြောက် အောင်မြင်နိုင်ပါတယ်၊ ၎င်းတလ အတွင်းမှာလဲဘဲ မိမိတို့ ကထိန် လှူဒါန်းတဲ့ ကျောင်းတွင် တရက် တခါ တကြိမ်သာ လှူဒါန်း နိုင်ကြပါတယ်၊ ကထိန် သင်္ကန်း လှူဒါန်း ဆက်ကပ်ပြီး, ကထိန် ခင်းပြီးသော ကျောင်းတိုက်များတွင် နှစ်ခါ, သုံးခါ စသည် ထပ်ခါ ထပ်ခါ ကထိန်ခင်းလျက် မလှူဒါန်းရ၊ မလှူဒါန်းနိုင်၊ တနှစ်တွင် တလ, တလတွင် တရက်, တရက်တွင် တကြိမ် တခါသာ, ကထိန်လျာ သင်္ကန်းကို ဆက်ကပ် လှူဒါန်းရပါဘယ်။

ကထိန် အလှူဟာ အနှစ် တထောင်ကြာမှ တကြိမ်သာ ပွင့်သော အာသာဝတီ နွယ်ပင် နတ်ပန်းနှင့် တူတယ်၊ နတ်သား,

နတ်သမီး တွေမှာ အာသာဝတီ နွယ်နီ နတ်ပန်းကို ခူးဆွတ် ဆင်မြန်းကြရန် အနှစ် တခထောင် ကြာသည့်တိုင်အောင် စောင့် ဆိုင်း ငံ့မျှော် နေကြရတယ်၊ ထိုနည်းတူစွာ ကထိန်လျာ သင်္ကန်းကို လှူဒါန်း လိုကြသူ အပေါင်း သူတော်ကောင်းများ မှာလဲ ယခုလို ကထိန်လျာ သင်္ကန်းကို လှူဒါန်း ဆက်ကပ်ခွင့် ရကြရန် တနှစ် ကြာအောင် စောင့်ဆိုင်း ငံ့မျှော်နေကြရတယ်၊ ဤကဲ့သို့ လှူဒါန်းရခဲ့ ကြုံကြိုက်ခဲလှသော ကထိန်လျာ သင်္ကန်း ကို စိတ်စေ့ရှင်ပျ ပီတိကြွကာ စေတနာ သုံးတန် ပြဋ္ဌာန်းကြ လျက် စိတ်ပါ လက်ပါ ထက်သန် ရွှန်လန်းလှစွာ လှူဒါန်းနိုင် ကြပါမှ အလွန်ရခဲ့ ခံစား စံစားရခဲလှတဲ့ လူ့စည်းစိမ် ချမ်း သာကြီးတွေ၊ နတ်စည်းစိမ် ချမ်းသာကြီးတွေ၊ ဗြဟ္မာ စည်း စိမ် ချမ်းသာကြီးတွေ ဆိုတဲ့ မြင့်မြတ်ကြီးကျယ် ခမ်းနားလှသည့် လူ့နတ် စည်းစိမ် ချမ်းသာကြီးတွေကို နိဗ္ဗာန် မရောက်ခင် သံ သရာ တလျှောက်လုံး ဖြစ်လေရာရာ ဘဝများစွာတို့၌ အမြဲ မပြတ် ခံစား စံစားကြရပြီးလျှင် အဆုံးဘဝ နောက်ကာလ၌ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်းရာ အမှန် ပြည်နိဗ္ဗာန်သို့ ကေန်မုချ ရောက်နိုင်ကြပါတယ်။

ဤကဲ့သို့ ဆယ့်နှစ်လခေတ် တနှစ်တွင်မှ တလ တလတွင် တရက်၊ တရက်မှာလဲ တကြိမ် ဟာခါတည်းသာ သံဃာက ကထိန် လျာ သင်္ကန်းကို ခံယူဦးလှစွာ လှူဒါန်း လိုက်ရသည့် အခါ အလှူခံ သီလဝန္တ ဣလျာဏ ပရမတ် သမုတိ သံဃာတော် အရှင်မြတ်များမှာ ယခု မျက်မှောက်တွင် မည်ကဲ့သို့သော အပြစ် များ ကင်းလွတ်ပြီးလျှင် အဘယ်ကဲ့သို့သော ဒိဋ္ဌဓမ္မ အကျိုးများ ကို ရရှိ ခံစား စံစား ကြရပုံများကို ပြဆိုခဲ့ပြီးသည့်အတိုင်း သိရှိ

ကြရလေပြီ၊စိတ်,စေတနာ စင်ကြယ်စွာဖြင့် ကထိန်လျှာ သင်္ကန်းကို လှူဒါန်း ဆက်ကပ်ကြသူ ဒါယကာ,ဒါယိကာမ အပေါင်းသူတော်ကောင်းတို့မှာလဲ ယခုဘဝမှ စ၍ နိဗ္ဗာန်ရသည့် ဘဝ တိုင်အောင် ဘယ်ကဲ့သို့သော အကျိုးထူး အမျိုးမျိုးတွေကို ရရှိခံစား,စံစား နိုင်ကြကြောင်းများကို အနည်းငယ် ထပ်လောင်းကာ ရှင်းလင်း ပြလိုက်ဦးမည်။ ကထိန်လျှာ သင်္ကန်းကို အလှူခံကြရသော သံဃာတော် အရှင်မြတ်များမှာ (ပဉ္စာနိသံသာ ကပ္ပိဿန္တိ) ဟူ၍ ဝိနည်း ပိဋကတ်တော်၌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အကျိုး အာနိသင် ငါးပါးတို့ကို ရရှိနိုင်ကြောင်းများကို ပြတ်ပြတ်သားသား ဟောကြား ပြသ မိန့်ဟ ထားတော်မူခဲ့ပေတယ်၊ ဤကဲ့သို့ သံဃာတော်များမှာ အကျိုး အာနိသင် ငါးပါးကို ရရှိဘိ သကဲ့သို့ စိတ်စေ ရှင်ပျ သောမနဖြင့် ကထိန်လျှာ သင်္ကန်းကို သံဃာအား ရည်မှန်းလျက် လှူဒါန်းကြသူ ဒါယကာ, ဒါယိကာမ အပေါင်း သူတော်ကောင်းတို့မှာလဲ အတ္တာပန္နနည်း, အစုတ္တာသိဒ္ဓိနည်းအားဖြင့် မည်မျှလောက်သော အကျိုးထူး အမျိုးမျိုး အဖုံဖုံ ရရှိပုံတွေကို နံပါတ်စဉ်အတိုင်း ယှဉ်တွဲကာ စုံလင်စွာ ရှင်းလင်း ပြလိုက်အုံးမယ်။

## ကထိန် အာနိသင် ယှဉ်တွဲ ပြခြင်း။

ကထိန်လျှာ သင်္ကန်းကို လှူဒါန်းခြင်း ခံကြရသူ သံဃာတော် အရှင်မြတ် များမှာ ပထမဆုံး (၁)နံပါတ် ရရှိတဲ့ အကျိုးကတော့ ပြဆိုပြီးခဲ့သည့် အတိုင်း ရဟန်းတော်များမှာ ရွာထည်း, မြို့ထည်း, ရပ်ကွက်ထည်းများသို့ မပန်ကြား ခွင့်မတောင်းဘဲ သွားလာ ထွက်ဝင်ခြင်း မပြုလုပ်ရဘူး၊ အကယ်၍

မြို့ရွာ ရပ်ကွက် များထည်းသို့ ခွင့်မတောင်း၊ မပန်ကြားဘဲ သွားလာ ထွက်ဝင်ခဲ့သည် ရှိသော် ဒုက္ကဋ် အာပတ်၊ ပါစိတ် အာပတ် သင့်စေဟု မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ဝိနည်း ပါဠိတော်တွင် သိက္ခာပုဒ် ဥပဒေ ထုတ်ဝေ ပညတ် ပိတ်ပင် ထားတော်မူခဲ့တယ်။ သို့သော်လည်း ဤကဲ့သို့ ကထိန်လျှာ သင်္ကန်းကို ဆက်ကပ် လှူဒါန်းခြင်းများကို ခံယူ ရရှိ ထားကြသော ရဟန်းတော်များမှာ မိမိတို့ ကျောင်းတိုက်တွင် ကထိန် ခင်းလိုက်ရသည့် အတွက် ကထိန် သင်္ကန်း အာနိသင်ကို လက်လှမ်းကာ ခံယူ ရရှိသော နေ့မှ စ၍ ၄ လ အတွင်းတွင် ဤမြတ်စွာဘုရား ပိတ်ပင် ပညတ် ထားခဲ့သော အနာမန္တ စာရိတ္တ သိက္ခာပုဒ် ဥပဒေ အပြစ်ဘေးမှ ကင်းဝေး လွတ်မြောက်ကြရခြင်း ဆိုတဲ့ လွတ်လပ်တဲ့ အကျိုး အာနိသင်ကို အမှန်ပင် ရရှိ ခံစားကြရတယ်။

## (၁) နံပါတ် အကျိုးများ။

ရဟန်းတော်များမှာ ဤကဲ့သို့ သိက္ခာပုဒ် အပြစ်ဘေးမှ ကင်းဝေးကာ လွတ်လပ်ရေးကြီးကို ရရှိကြရသလို၊ ကထိန်လျှာ သင်္ကန်းကို သံဃာတော်အား ရည်မှန်းလျက် လှူဒါန်းဆက်ကပ်ကြသော ဒါယကာ၊ ဒါယိကာမ အပေါင်းတို့မှာလဲဘဲ သံသရာ နှောင်ကွက် ထောင်တသက်ဆိုတဲ့ ဝဋ်ဘဝ အဆက်ဆက်၊ သံသရာ စက်များမှ မြန်မြန်မကြာ ထွက်မြောက်နိုင်ကြကာ တဏှာ၏ ကင်းလွတ်ရာ အမှန် ပြည်နိဗ္ဗာန်ကို လျှင်မြန်သောစွာ ရောက်နိုင်၊ ရနိုင်ခြင်း၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ အပါယ် လေးပါးသို့ မလား မရောက်ရခြင်း၊ ယခုဘဝမှ စ၍

နိဗ္ဗာန် ရသည့်တိုင်အောင် ဘဝများစွာ သံသရာတို့၌ ရာဇဝတ် ဘေးဒဏ်များကြောင့် လက်ထိပ်ခတ် ခံရခြင်း၊အကျဉ်းထောင်၌ ပိတ်လှောင် ထားကာ အချုပ် အနှောင် ခံရခြင်း၊ သံနှောင် သံကွင်း သံခြေကျင်း အခတ် ခံရကာ, ထောင်တန်း ကျခြင်း၊ စက်ရှင် ကြိုးပေး ခံရခြင်း စသော ရာဇဝတ် ဘေးဒဏ် မှုကြီး, မှုငယ် အသွယ်သွယ်တို့မှ အမြဲတန်း ကင်းလွတ်နိုင်ခြင်း၊ သွား, လာ, နေထိုင်ရာ, အရပ် ဌာနတိုင်းတွင် အနှောင့် အရှက် မရှိ, အန္တရာယ် အသွယ်သွယ် ကင်းရှင်းဘိလျက် ဘေးမထိ ရန် မတွယ်ခြင်း စသော အကျိုးထူး အမျိုးမျိုးတွေကို အမြဲ ရရှိ ခံစားနိုင်ကြပေတယ်။

နံပါတ် ( ၂ )အရ ဒုတိယ အကျိုးမှာတော့ ကထိန် လျှာ သင်္ကန်းကို လှူဒါန်းခြင်း မခံကြရသူ တိစီဝရိက် ဆောင် ရဟန်းတော်များသည် တိစီဝရိက် သင်္ကန်း သုံးထည်နှင့် ညဥ့်ကင်း၍ မနေကောင်း၊ မနေကြရ၊ အကယ်၍ နေခဲ့ပါလျှင် တိစီဝရိက်ဆောင် ကျင့်ဝတ် ပျက်စီးသွားသည့် အပြင်, နိဿဂ္ဂိ ပါစိတ် အာပတ် ဘေး ဒဏ် ထိခှောက်ခြင်းခံရတယ်။ သို့သော် ဤတိစီဝရိက်ဆောင် အကျင့်ဝတ် ပဋိပတ် ရှိနေကြသော ရဟန်း တော် အရှင်မြတ်များမှာ ကထိန်လျှာ သင်္ကန်းကို ဆက်ကပ် လှူဒါန်းခြင်းကို ခံကြရပါမူ ကထိန်လျှာ သင်္ကန်းကို ခံယူ ရရှိ ကြတဲ့ နေ့မှ စ၍ (၅)လ အတွင်း တိစီဝရိက် သင်္ကန်းနှင့် ဘယ်နှစ် ညဥ့်ပင် ကင်းနေကြသော်လဲဘဲ တိစီဝရိက်ဆောင် ဝတ်အကျင့် မပျက်စီး မချွတ်ယွင်းကြသည့် အပြင် နိဿဂ္ဂိ ပါစိတ် အာပတ် သင့်ခြင်း အပြစ်မှ ကင်းလွတ်ကြရခြင်း ဆိုတဲ့ အကျိုးကို ရရှိ ခံစားကြရပေတယ်။

ကဗျာကထိန်

## (၂) နံပါတ် အကျိုးများ။

ဤနံပါတ်စဉ်(၂)အရ ဒုတိယ အကျိုးအတွက် သံဃာအား ရည်မှန်းလျက် ကထိန်လျှာ သင်္ကန်းကို ဆက်ကပ် လှူဒါန်းကြသော လှူဒါယကာ, ဒါယိကာမ အပေါင်း သူတော်ကောင်းတို့မှာတော့ ဝဋ်မာန်, တဏှာ ညွှတ်ကွင်း သံသရာစက်မှ အမြန်မကြာပင် လွတ်ကင်းကြကာ ထွက်မြောက်ကြခြင်း အံ့ကျိုးများကို ရရှိနိုင်ကြသည့် အပြင်, နိဗ္ဗာန် မရခင် ကျင်လည်ရာရာ ဘဝများစွာတို့၌ ရွှေ,ငွေ, ကျောက်သံ, ပဒမြား စသော သက်မဲ့ အသုံးအဆောင် ရတနာ ပစ္စည်း ဥစ္စာများ, ဆင်, မြင်း, ကျွဲ, နွား, ကျေးကျွန်, သား,သမီး, ညီအစ်ကို,မောင်,နှမ သားချင်း မျိုးဆွေ စသော အခြေအရံ ပရိသတ်, သက်ရှိ ရတနာ,စည်းစိမ် ဥစ္စာအမျိုးမျိုးတွေဟာ များပြား စုပုံလျက် ပေးမကုန် လှူမခန်း, ရှင်လန်းကြည်သာ ချမ်းသာစွာ ခံစား စံစားကြရခြင်း၊ မိမိတို့ပိုင် ဥစ္စာ ပစ္စည်းတို့ကို မီးပေါင်ခံ ထားသည့် ပစ္စည်း ဘဏ္ဍာ အလား မိမိတို့နှင့် ကင်းကွာ၍ နေကြငြားလည်း ရန်သူမျိုး ငါးပါးတို့က မဖျက်ဆီးနိုင်ခြင်း စသော အကျိုးများကို ရနိုင်ကြပေတယ်။

နံပါတ်စဉ် (၃)အရ တတိယ အကျိုးမှာတော့ ရဟန်းတော်များသည် ဂိုဏ်း, သံဃာကို ရည်မှန်းလျက် မသင့် မတော် မလျော်သော စကားများဖြင့် ခေါ်ဝေါ် ပင့်ဖိတ် လှူဒါန်းသော ဂဏဘောဇဉ်များကို ရဟန်းတော်များမှာ လှူဒါယကာ, ဒါယိကာမများ၏ အလိုသို့ လိုက်လျောကြကာ မသုံးဆောင်သင့်၊ မသုံးဆောင်ထိုက်ကြပေ၊ ဤကဲ့သို့ အဓပ္ပါယ ဝေါဟာရဖြင့် ပင့်ဖိတ်သော ဂဏ ဘောဇဉ်ကို သုံးဆောင်ခဲ့ကြပါလျှင်

ဒုက္ကဋ် အာပတ်, ပါစိတ် အာပတ် သင့်ခြင်း ဆိုတဲ့ အပြစ် ဘေးဒဏ်ကို ရရှိကြတယ်၊ သို့သော် ကထိန်လျှာ သင်္ကန်းကို ဆက်ကပ်လှူဒါန်းခြင်းကို ခံကြရကာ ကထိန် အာနိသင်ကို ရရှိတော်မူကြသော ရဟန်းတော် အရှင်မြတ်များမှာတော့ ဒေါကပ္ပိယ ဝေါဟာရဖြင့် ဘိတ်ကြားလျက် ရငြားဘောဇဉ် ထေရ်ရှင် အပြိုင် ဂဏပိုင်ဖြစ်သော်လည်း မိမိတို့ အလို အတိုင်း, မဆိုင်း မတွ သုံးဆောင်နိုင်ကြပေတယ်၊ ဒုက္ကဋ် အာပတ်, ပါစိတ် အာပတ် သင့်ခြင်း ဆိုတဲ့ အပြစ် ဘေးဒဏ်မှ ကင်းစင် လွတ်မြောက်နိုင်ကြခြင်း ဆိုတဲ့ အကျိုးကို ရရှိ ခံစားကြရပေတယ်။

## (၃) နံပါတ် အကျိုးများ။

ဤတတိယ နံပါတ်စဉ် ( ၃ ) အရ ကထိန်ခံ ရဟန်းတော်များမှာ မိမိတို့ အလို ဆန္ဒ သဘော အရပင် ဂဏ ဘောဇဉ်ကို လွတ်လွတ် လပ်လပ်ကြီး မဆိုင်း မတွ သုံးဆောင် ခံစားနိုင်ကြသလို,ကထိန်လျှာ သင်္ကန်းကို ဆက်ကပ်ကြသူ ကထိန် ဒါယကာ, ဒါယိကာမ အပေါင်း သူတော်ကောင်း တို့မှာလဲဘဲ နောင်အနာဂတ် ဖြစ်လေရာရာ ဘဝများစွာတို့၌ နှလုံးရည်, လက်ရုံးရည်ဟု ဆိုအပ်သော ထာမက သတ္တိ, ပါကဋ ဗျတ္တိတွေနှင့် အထူး ပြည့်စုံကြပြီးလျှင် နတ်တရှိ သာကီ, အနုရုဒ္ဓါ မဟာထေရ်၏ ပါရမီ ပစိတ, သဒ္ဓါအညီ အတိ ဗလဝကြောင့် မရှိဟူသော စကားကို မကြား မသိကြရလျက် နိရဏ္ဍက ရွှေခွက်၌ သွင်းဆက်သော နတ်သုဒ္ဓါကဲ့သို့ အရသာ မနောမယ, မြိန်မြတ်ကောင်းမွန်လှသော အစား အစာ ခဲဘွယ် ဘောဇဉ်များကို, သဘောကျ မျက်မှောက်တွင် အလို အလျောက် လက်ဝယ်

ရောက်ရှိ, ရရှိကြကာ သုံးဆောင်နိုင်ကြခြင်း, ခပင်း မာန် အတွင်း ရန်သူ ဟူသမျှတို့က၊ မနာလို ဝန်တို ငြူစူ ဣဿာ မစ္ဆေရ, အဘိဇ္ဈာတွေ စိတ်မှာ မပြတ်၊ မိစ္ဆာများ ထပ်နေ ပွားများကြသဖြင့် မိမိတို့ကို သေကြေ ပျက်စီးအောင် အဆိပ ဆေးတွေ ခတ်လျက် ကျွေးမွေးကြသော်လဲ သေပျောက်မှု ဘေးအန္တရာယ် ရန်အသွယ်သွယ်တို့ဟာ မြူတရှိမျှ မငြိ မတွယ် မကျ မရောက်,တင့်တယ် လျောက်ပတ်လှသည့် ချမ်းသာခြင်း လွှန်ကဲလျက် အမြဲပင် စံပယ် ပျော်ရွှင်စွာ နေနိုင်ကြရခြင်း စသော အကျိုးများကို ရရှိ ခံစားနိုင်ကြပေတယ်။

စတုတ္ထ နံပါတ်စဉ် (၄)အရ အကျိုးကတော့ ယာဝါသ သမ္ဘာဓ ဟု ဆိုစွ မြားမြောင်လှသည့် လူ့ဘောင်၏ ဝတ်ကြောင် များကို စွန့်ခွါကြကာ နေဝါ, လရောင် ထွန်းလင်း တောက် ပြောင်လှသော သာသနာ့ဘောင် အတွင်းတွင် နေထိုင် မှီတင်း ကြလျက် ရက်မပြတ်, ညဥ့်မစဲ ပရိယတ်, ပဋိပတ်များကို ကြိုး စား အားခဲ နေကြသော ရဟန်းတော် အရှင်မြတ်များမှာ ဒါ ယကာ, ဒါယိကာမများက လှူဒါန်း၍ ရရှိကြသော အလျား တထောင့်ထွာ၊ အနံမှာ တထွာနှင့် လက်ခြောက်သစ် ပိတ်ပိုင်း ကလေးမှ အစ ရရသမျှ မျက်နှာသုတ်ပုဝါ, သင်္ကန်း, အိပ်ရာ ခင်း စသည့် ကြီးကြီး, ငယ်ငယ် အဝတ် အထည် အသွယ်သွယ် တို့ကို ဆယ်ရက် အတွင်းသာ အဓိဋ္ဌာန်, ဝိကပ္ပနာ မပြုဘဲ, သုံး ဆောင်နိုင်ကြ၍ ဆယ်ရက်က ကျော်လွန်လျှင် အဓိဋ္ဌာန်, ဝိကပ္ပ နာ မပြုဘဲ, မသုံးဆောင်၊ မဝတ်ဆင်ကြရ၊ လာဘ်လာဘ ရရ သမျှ အဝတ် အထည်များကို ရဟန်းတော်တို့၏ ဝိနည်း စည်း ကမ်း ထုံးတမ်း ဥပဒေ အရ အဓိဋ္ဌာန်, ဝိကပ္ပနာ မပြု,မတင်ကြ

ဘဲ, ဝတ်ရုံဆင်မြန်း သုံးဆောင်ခဲ့ကြပါလျှင် နိဿဂ္ဂိ ပါစိတ် အာပတ် ထိကာ အပြစ် ဘေးဒဏ် ငြိလျက်, တွေ့ထိ ကိုင်တွယ် ဝတ်ရုံ သုံးဆောင်ကြတိုင်း အပြစ်တွေ ဝိုင်းနေကြဘော့တယ်၊ သို့သော်လဲ ကထိန်လျှာ သင်္ကန်းကို လှူဒါန်းခြင်း ခံရပါမူ, ကထိန် ခင်းသည်မှ (၅)လ အတွင်း ရရှိသမျှ အဝတ် အထည်များကို အဓိဋ္ဌာန်, ဝိကပ္ပနာ မပြု, မတင်ကြမူ၍ သုံးဆောင် ဝတ်ဆင်ကြသော်လဲဘဲ, အာပတ် မငြိ အပြစ် ဘေးဒဏ် မထိကြဘဲ, ပီတိ ထပ်ပွား သုံးစွဲနိုင်ကြတဲ့ အကျိုးတရားကို ရရှိကြပေဘယ်။

## (၄) နံပါတ် အကျိုးများ။

ဤ စတုတ္ထ နံပါတ်စဉ် (၄)အရ ကထိန်လျှာ သင်္ကန်းကို ဆက်ကပ် လှူဒါန်းကြသူ ဒါယကာ, ဒါယိကာမ များမှာတော့ မိမိတို့ ပိုင်ဆိုင်သည့် ဥစ္စာ ပစ္စည်းတို့သည် အချိန် အခါ ကာလ ရှည်လျားစွာ မလေ့လျော့ နေကြငြားသော်လည်း မပျောက်ပျက် မဆုံးပါးနိုင်ကြသည့် အပြင် ယခုခေတ် လူကြိုက်များလှသော နိုင်လွန်, ဂျော်ဂျက်, တူတယ်, တက်ထရွန် စသော အဝတ် အထည်များသက် အဆ အရာ, အဆ အထောင်, အဆ အသောင်း, မက အဘိုး ထိုက်တန်လှ, ကောင်းမွန် ချောမွေ့ လှပနူးညံ့လှသော ရွှေချည်, ငွေချည်, ဖဲ, ပိုး, သက္ကလပ်, ကတ္တီပါ စသော အဝတ် အထည် သောင်းတန်, သိန်းတန် များနှင့် တကွ ရွှေ,ငွေ, ပဒမြား, စိန်ကျောက် စသော ရတနာများကို ထိန်ထိန် တောက်စွာ ဝတ်စား ဆင်ယင် သုံးစွဲကြရပြီးလျှင် ဘဝ ဆက်တိုင်း ရန်သူမျိုး ငါးပါး, ဆယ်ပါးသော အပြစ် ဒဏ်, နှစ်ဆယ့်ငါးတန်သော ဘေးတို့မှ အမြဲတမ်း ကင်းဝေး

လွတ်မြောက်ကြ လျက် အေးမြ ချမ်းသာရာ အစစ် အမှန်၊ လူ့၊ နတ်၊ နိဗ္ဗာန် သုံးတန် သတ်မှတ် မွန်မြတ် ချမ်းသာလှသည့် စည်းစိမ် ချမ်းသာကြီးတွေကို အစဉ် မပြတ် ခံစား၊ စံစားရခြင်း အကျိုးများကို ရရှိနိုင်ပေတယ်။

ပဉ္စမ နံပါတ်စဉ် (၅)အရ ရဟန်းတော်များမှာ ဒိဋ္ဌဓမ္မ ခံစားကြရသော အကျိုးကတော့ မိမိတို့ ကျောင်းတိုက်တွင် ကထိန် မခင်းလိုက်ရ၍ ကထိန်၏ အာနိသင်ကို မရရှိကြသော ကျောင်းတိုက် အတွင်းရှိ ပထမ ဝါဆို ရဟန်း သံဃာတော်များ မှာ ကျောင်းတိုက်တွင် သံဃာအားရည်မှန်းလျက် လှူဒါန်းသော သံဃာ့ လာဘ်လာဘ သင်္ကန်းဟူသမျှတို့ကို နောက်နောက်အခါ ရောက်ရှိလာကြသော ရဟန်းများ၊ ပစ္ဆိမ ဝါကပ် ရဟန်းများ၊ ဝါကျိုး- ဝါပြတ် ရဟန်းများနှင့်တကွ သမုခိဘူတ အာဂန္တုက များ ဖြစ်ကြတဲ့ မျက်မှောက်ရှိ ရဟန်း သံဃာတော် ဟူသမျှ တို့နှင့် ညီတူညီမျှ သမဘာဂ ဖြစ်အောင်၊ သို့မဟုတ် စိတ်ကျေ နပ်အောင် ခွင့်တောင်း ပန်ကြားကြလျက် ခွဲဝေ သုံးဆောင် ကြရပေတယ်။

ဤကဲ့သို့ ကျောင်းတိုက်တွင်းသို့ မျက်မှောက် ဝင်ရောက်ကြ လျက် ထင်ရှားစွာ ပေါ်ပေါက် တည်ရှိ နေကြသော သမုခိ ဘူတ သံဃာတော် ဟူသမျှတို့နှင့် ညီတူညီမျှ သံဃိက အဝတ် အထည် သင်္ကန်း ဟူသမျှတို့ကို မခွဲဝေ မပေးကမ်းဘဲ၊ သို့မဟုတ် သဘောတူညီ ခွင့် မယူ မပန်ကြား ခွင့်မတောင်းဘဲ၊ သုံးစွဲမိခဲ့ ကြပါလျှင်၊ ထိုသုံးစွဲမိကြသော ရဟန်းတော်များသည် သင်္ဃာ စား ပေးလျှင်ပေး၊ မပေးလျှင် ဝတ္ထု စွည်း တန်ဘိုးအား လျော်စွာ ပါရာဇိက၊ ထုလ္လစ္စည်း၊ ဒုက္ကဋ် ဆိုတဲ့ ကြီးလေး

သော အပြစ် ဘေးကြီးများကို ရရှိ ခံယူကြရ, အပြစ်ဒဏ်ကို ခံထိုက်ကြရပေတယ်။ သို့သော်လဲ ကထိန်လျှာ သင်္ကန်းကို ဆင်မြန်းရတဲ့ ရဟန်းတော်များမှာ ကထိန် အာနိသင်ကို ခံယူရရှိကြသည့် နေ့မှ စ၍ (၅)လ အတွင်းမှာ ဤကဲ့သို့သော ဂုရုသမျှ သံဃိက သင်္ကန်း ပစ္စည်း ဟူသရွေ့ကို ကထိန် အာနိသင်မရကြသူ သံဃာတော်များအား ခွဲဝေ ပေးတို့, ခွင့်ပန်ကြားကြဘို့ မလို၊ မိမိတို့ သဘော အလိုကျ, ကထိန် အာနိသင် ရကြသော သံဃာများ သဘော အရ, စိတ်တိုင်းတွေ့ သုံးစွဲနိုင်သေ့ရှိခြင်း ဆိုတဲ့ အကျိုးကြီးကို ရရှိ ခံစားပြီး နေကြရပါပေတယ်။

## (၅) နံပါတ် အကျိုးများ။

မကိုဋ္ဌ အမတ မြိုက်ဓမ္မကို စရိုက်လှလှ ရှုဆို ချိန်ကြဲ့ ကုသိုလ် ကထိန် အလှူ ဒါယကာ, ဒါယိကာမ အပေါင်း သူတော်ကောင်းတို့မှာတော့ ပစ္စည်း ဥစ္စာများကို ရအောင် ရှာဖွေကြသည့်အခါ အခြားသူများထက် ထူးကဲလျက် အမြဲပင် အရများသည့် အပြင်, အကြောင်းကံ ဓမ္မ၊ အလောင်း မှန်သမျှ တို့ကို အနှောင်းပရံပရ, ဘဝ အဆက်ဆက်တို့တွင် မပျက် မကွက် ရရှိ ခံစားကြရပြီးလျှင် အဆုံး အစ မရှိ, အနန္တ ရတနာ အနှစ် အစုတွေကို အသစ် အသစ် ထပ်ခါ ထပ်ခါ ကြံသမျှ မှကြာ ခဏ အမြန် ယခု ရကြလျက် ကထိန် ကုသလ အကြီး ဆောချုပ်,အရှိန် သမုဒယ မမြဲ အမြဲ ပြုတ်လို့ မို့ ဝဇလုက် သံသရာမှာ ရုပ်,နာမ် ခန္ဓာ တခု မကျန်တဲ့ ဓမ္မ ပဋ္ဌာန် သီလဝံ ကြင့်နှံးသို့ ရည်ညွန်း အဆန်း အထူး ပြုပတ္တနာကြောင့် ယခု မကြာ ရနိုင် ရောက်နိုင်ကြရခြင်း အကျိုးကို ရရှိ ခံစား စံစားနိုင်ကြပေတယ်။

## ကထိန် လှူရခြင်း၏ အကျိုးများ။

ရှင်းပြင် ကထိန် ဒါယကာ, ဒါယိကာမ အပေါင်း သူတော်ကောင်းတို့ မွေးဖွားရာ, နေထိုင်ရာ ဒေသဌာန ဖြစ်တဲ့ ဤလူတို့နေရာ လူ့ပြည်, လူ့ရွာ, လူ့ဘုံ လောကကြီးမှ အထက် အရိယာ ဘဝဂ်ဟု ခေါ်တဲ့ အကနိဋ္ဌ ဗြဟ္မာ့ဘုံ အထိ အရာ, အထောင်, အသောင်း, အသိန်း, အသန်း, ကုဋေ, သင်္ချေ, သင်္ချာ မရေတွက်နိုင်လောက်အောင် များပြားလှတဲ့ ရွှေ, ငွေ, စိန်ကျောက် ထိန်ထိန် တောက်လှသည့် ပုလဲ,မြ, ပဒမြား စသော အများ အပြားသော ရတနာ အထွေထွေတို့ကို စုပုံပြီးလျှင် နေ့ရော,ညဉ့်ပါ ဘယ်ခါ မပြတ် ဒလစပ် ယူကြုံးလျက် အသက်သေဆုံးသည့် တိုင်အောင် သမုတိ သံဃာတော်,ပရမတ္ထ သံဃာတော် အရှင်မြတ်များအား လှူဒါန်းလိုက်ရသည့် အလွန် များပြားလှသော ဒါနမျိုးကြီးတွေသည် ယခုလို တနှစ်ဘွင် တလ, တလတွင် တရက်, တရက်တွင် တကြိမ်တခါမျှသာ လှူဒါန်းလိုက်ရသော ကထိန်လျာ ဝင်းဝါ ထိန်လျှမ်း မြတ်သင်္ကန်းနှင့်တကွ ကထိန် အခြံအရံ ဝတ္ထု ပစ္စည်းဘွေကို သုံးတန် စေတနာ ဝေဝေဖြာနှင့် လှူဒါန်းလိုက်ကြရသော ကထိန် အလှူတော် ဒါနကြီး၏ တဆယ့်ခြောက်ပုံ, ပုံ၊တပုံမျှလောက်သော အဘို့ဘာဂ တစိတ်တဒေသ မျှလောက်ကိုမျှ အကျိုးပေး မညီမျှ, မမှီနိုင်ဘူး၊ ကုသိုလ် တန်ဘိုး အကျိုးပေး အနှုန်မှာ မထိုက်တန်, မယှဉ်သာနိုင်ပေဘူးတဲ့။ ထို့ကြောင့်—

ယာဝ အကနိဋ္ဌာ ဒေဝါ၊ သုဝဏ္ဏ ရဇတံ ဗဟုံ၊
နာနာ ရတန ရာသိံ စ၊ ဒဒေ သံဃဿ သဗ္ဗဒါ၊
ဧက ကထိန ဒါနဿ၊ ကလံ နာဂ္ဃတိ သောဠသိံ။ ။

မနုဿ လောကတော၊ လူတို့ ခိုလှုံ လူ့ပြည် ဘုံမှ။ ယာဝ အကနိဋ္ဌာဒေဝါ၊ ရုပ်, နာမ် စုံရှိ အထက် အရိယာ ဘဝဂ် ဟု ခေါ်သည့် အကနိဋ္ဌ ဗြဟ္မာ့ဘုံ အထိ လောက်မျှ။ ဗဟုံ၊ ရှ့ဆောင် သချော်, ဂဏန်း ဝေ၍ တွက်ရေ မရ ကုဋေ ကုဋာ များပြားလှစွာသော။ သုဝဏ္ဏ ရဇတဥ၊ သယံ ဇာတ ညစ်ကြေး ပသည့် လောဟ အမြူတေ ရွှေနှင့်ငွေကိုရင်း။ နာနာ ရတန ရာသိစု၊ သန္တာ,စိန့်,ရွှဲ, ထိန်ထိန် ရဲမျှ ပုလဲ,မြ, ပဒမြား အပါးပါးနှင့် များပြားဝတ္ထု ရတနာ အစုကိုရင်း။ သဗ္ဗဒါ၊ နေ့ရော, ညည့်ပါ ဘယ်ခါ မပြတ် ရည်ကာ မှတ်၍ အမြတ် နှလုံး စိတ်ယူ ကြုံးကာ အသက် ဆုံးသည့် တိုင်အောင်။ သံဃဿ၊ သီလဝန္တ, ကလျာဏနှင့် ပရမတ္ထ, သမ္ပုတိ ရှိသမျှ အရပ်ရပ် သံဃာတော် မထေရ်မြတ်များအား။ ဒဒေ ဒဒေယျ၊ လေးမြတ်ကြည်သာ ပေးလှူခဲ့ရာ၏။ တံ ဒါနံ၊ သို့ကလောက် ထွဋ်မြတ် သဒ္ဓါ ပြတ်လျက် လှူကပ်ကြရိုး ထိုဒါနမျိုးသည်။ ကော ကထိန ဒါနဿ၊ ကထိန် ကာလ တကြိမ်မျှပင် လှူရ မြတ်နိုး ကထိန ဒါနမျိုး၏။ သောဠသိံ ကလံ၊ တဆယ့်ခြောက်စု ခွဲဝေ ပြု၍ မြူနှ ပမာဏ တခု တစိတ်လောက်ကိုမျှ။ နအဂ္ဃတိ၊ တူတန်လိမ့်နိုး ချိန်စံ ထိုးလည်း အဘိုး နှုန်းပြိုင် မမှီနိုင်ပေ။

သည်မျှသာ မကသေးပါဘူး ခေါမ, ရောမ, ကောဋ္ဌမှနှင့် စိမ့်တိုင်းမှာ အစစ် ရောင်ရှန်း သစ်သည့် တကျွန်း တပြည်ဖြစ် အဘိုး အနဂ္ဃ မပြတ်နိုင်အောင် အဘိုး ထိုက်တန်လှသော ချောမွေ့ထူးဆန်း ရဟန်းတို့၏ ပရိက္ခရာ အခါး အခါးတို့ကို ဗြဟ္မာ့ ဘုံနန်း ထိလောက်မျှ သံဃာကို ရည်မှန်းလျက် လှူဒါန်းကြသည့် ဒါနသည် အလွန့် အလွန်ပင် မွန်မြတ်လှသော်

လည်း တထိန် အလှူ ဒါနကို တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်မျှကိုပင် မယှဉ်နိုင်, မတူနိုင်ကြသေးဘူးတဲ့၊ ထို့ကြောင့်-

ယတ္တကေစ ပရိက္ခာရေ၊ ဒဒေ သံဃဿ သဗ္ဗဒါ၊
ကေ ကထိန ဒါနဿ၊ ကလံ နဂ္ဃတိ သောဠသိံ ။ ။

ယတ္တကေစ ပရိက္ခာရေ၊ အကနိဋ္ဌ ဘုံလောက် ဆင့်ကာ မြှောက်၍ မြင့်မောက် ဝေဖြာ အကြင်ရွှေ့လောက်သော ရဟန်းတို့၏ အသုံးအဆောင် ပရိက္ခာတို့ကိုလည်း။ သဗ္ဗဒါ၊ နေ့စဉ်မပြတ် ပုံကာ ထပ်၍ အမြတ် နှလုံး အသက်ပင် ဆုံးရသည့်တိုင်အောင် အခါခါပ်သိမ်း။ သံဃဿ၊ သီလဝန္တ,ကလျာဏ,ပရမတ်, သံဃာတော် အရှင်မြတ်များအား။ ဒဒေ ဒဒေယျ၊ စိတ်,စေတနာ ကြည်သာ ညွတ်ပျောင်း နှစ်ပေါင်း များစွာ ပေးလှူရာ၏။ ဝေမှ၊ ဤသို့ မြတ်နိုး လှူကပ်ကြသော အလှူ ဒါနမျိုးပင် ဖြစ်ပါသော်လည်း။ ကေ ကထိန ဒါနဿ၊ ကထိန် ကာလ တကြိမ်မျှပင် လှူရ မြတ်နိုး ကထိန် အလှူ ဒါနမျိုး၏။ သောဠသိံ ကလံ ၊တဆယ့်ခြောက်စု ခွဲကာပြု၍ မြူဏု ပမာဏ, တစိတ် ကလေးသလောက်သော အဘိုဘာဂကိုမျှလည်း။ နအဂ္ဃတိ၊ တူတန်လိမ့်နိုး ချိန်စံ ထိုးလည်း အဘိုး နှုန်းပြိုင် မမှီနိုင်ပေ ။

ဤမျှလောက်ပင် မကသေး,အဘိုး အနဂ္ဃ ထိုက်တန်လှသည့် ရတနာ ကကြိုး တန်ဆာ ပလာ ဒွါဒရာတို့ဖြင့် ဖြိုးဖြိုးမောက်စွာ ဆင်ယင် ထားသည့် မြင်းရတနာ တသိန်း, အဿတိုရ်မြင်း က,သော ရထား တသိန်း, ဆင်ဖြူတော် တသိန်း, ပဒမြား နားဒေါင်း, စိန်နားကပ်, စိန်ဆွဲကြိုး, ဘယက် တန်းဆာ ဒွါဒရာ ပေါင်း မြောက်မြားစွာတို့ဖြင့် ကောင်းမွန် တင့်တယ် လှပစွာ

ဆင်ယင် ထားသော သတို့သမီးရတနာ တသိန်းတို့ကို ရေတွက် သိမ်းလျက် ဂဏန်းကိန်း ချုပြီးလျှင် အသက်ဆုံးသည့် တိုင်အောင် လှူဒါန်း ပေးကမ်းကြရသော စကြာမင်းတို့၏ အလှူဒါနသည် အလွန်ပင် မွန်မြတ်လှသော်လည်း ကထိန ဒါနကို တဆယ့် ခြောက်စိတ် စိတ်၍ တစိတ်ကိုတောင်မှ မမှီနိုင် မတူနိုင်ကြသေး ပေ။ထို့ကြောင့်....

သတံ ဟတ္ထိ သတံ အဿာ၊သတံ အဿတရိ ရထာ။

သတံ ကညာ သဟဿာနိ၊ အာမုတ္တ မဏိကုဏ္ဍလာ၊

ဧကေ ကထိန ဒါနဿ၊ ကလံ နဂ္ဃတိ သောဠသိံ။ ။

သတံ ဟတ္ထိ သတံ အဿတရိ သဟဿာနိ၊ အဆင် အပြင် တန်းဆာ ပလာ ဒွါဒရာစီရင် ခြယ်ကာ တင်ထားသော ဆင်ရ တနာ တသိန်း, မြင်းရတနာ တသိန်းတို့ကိုဎင်း။ အဿတရိ ရထာ သဟဿာနိ၊ အတိုး အနဂ္ဃ လွန်စွာ ထိုက်တန်လှသော အဿတိုရ်မြင်း များ-က,ထားကြသော ရထား တသိန်းတို့ကိုဎင်း။ အာမုတ္တ မဏိကုဏ္ဍလာ၊ ပဒမြား, နားဒောင်း, ရောင်ဝေသင်း လျှပ လှပ တင့်တယ်စွာ ဝတ်ဆင် ထားကြကုန်သော။ သတံ ကညာ သဟဿာနိ၊သချာတွက်ကိန်း တသိန်းသောသတိုး သမီး ကညာ ရတနာတို့ကိုဎင်း။ သဗ္ဗဒါ၊ နေ့ရော, ညဥ့်ပါ ဘယ်ခါ မတုံး အသက်ဆုံးသည့် တိုင်အောင်။ ဒဒေ ဒဒေယျ၊ မြတ်နုလုံး ကြည်သာ စိတ်, စေတနာဖြင့် ပေးလှူခဲ့ရာ၏။ ဝေမှ၊ ဤကဲ့သို့ မြတ်မွန်, လွန်ထက် လွန်အောင် ထူးချွန်လှစွာ စကြာ မန္ဓာတ် မင်းတို့၏ အလှူဒါနပင် ဖြစ်ပါသော်လည်း။ ဧကေ ကထိန ဒါနဿ၊ကထိန် ကာလ တကြိမ် တခါမျှပင် လှူရမြက်နိုး ကထိန ဒါနမျိုး၏း သောဠသိံ ကလံ၊ တဆယ့်ခြောက်စု ခွဲဝေ ပြု

လျက် မြူကျ ပမာဏ,တခု တစိတ်လောက်ကိုမျှလည်း။ နအဋ္ဌတိ၊ တူတန် လိမ့်နိုး ချိန်စံ ထိုး၍လည်း အဘိုး နှုံးပြိုင် မမှီနိုင်ပေ။

ဤမျှသာ မကသေးပေ, ကုဋေ သိန်း, သန်း မက, ရတနာ ရွှေ,ငွေတွေကို သွန်ချပြီးလျှင် အထက် ဘဝဂ်ထိမျှ ကြီးမြင့်လှအောင် လုပ တင့်တယ်စွာ မွမ်းမံသင့်သမျှ ရတနာ အမျိုးမျိုးတွေကို စီသွင်း ခြယ်သ မွမ်းမံလျက် ထားကြသော ပဒမြားပလ္လင်တွေကို အလည်က ခင်းထားကာ တထိန်ထိန် တခင်းဝင်းအရောင်အလျှံတွေ ပြောင်လင်းလှသည့် ကျောင်းဆောင်ကြီး ရှစ်သောင်း လေးထောင်တို့ကို အသက် ကုန်ဆုံးသည့် တိုင်အောင် လှူဒါန်းကြရတဲ့ ကြီးကျယ်ခမ်းနားလှသော သူဌေးကြီးတို့၏ အလှူဒါနပင် ဖြစ်ပါသော်လဲ့ ကထိန ဒါနကို တဆယ့်ခြောက်စိတ် စိတ်လျက် တစိတ်ကိုမျှ မတူ မမှီနိုင်ကြသေးပေ။ ထို့ကြောင့်....

စတုရာသီတိ သဟဿေ၊ ကာရာပေတွာန ဝိဟာရေ။
ပလ္လင်္ကေ ရတနာမယေ၊ ဒဒေ သံဃဿ သဗ္ဗဒါ။
တမှာ ဒါနံ မဟပ္ဖလံ၊ ဝိပုလံ သုခ ဒါယကံ။
ကေ ကထိနဒါနဿ၊ ကလံ နဂ္ဃတိ သောဠသိံ။ ။

ရတနာမဒယ၊ ရွှေ,ငွေ,မြ,စိန် တထိန်ထိန်နှင့် တရိုန်မှိန်တင့် အထူးထူး အပြားပြားသော ရတနာတို့ဖြင့် ခြယ်စီအပ်ကုန်သော။ စတုရာသီတိ သဟဿေ၊ရှစ်သောင်း လေးထောင် ဂဏန်းဆောင်လျက် ဆုံးအောင်ထူးလှ အလွန်လည်း များပြားကြကုန်သော၊ ဝိဟာရေ၊ ဘဝဂ် နန်းရောက် လျှမ်းလျှမ်း တောက်လျက်

စိန်ကျောက် ညီးညီး ကျောင်းတော်ကြီးတို့ကိုဒင်း။ ပလ္လင်စ၊ ဇာအု်, ခြူးညွန့် တလွန့်လွန့်နှင့် မြူးကွန့်, ထိန်ညီး ပလ္လင်တော်ကြီးတို့ကိုဒင်း၊ ကာရာပေတ္တာန၊ ဝိသကြူ မိုးစံ တန်ခိုး ဖန်သို့ ဖြိုးလျှံ မောက်ဝေ ဆောက်လုပ်စေ၍။ သဗ္ဗဒါ၊ သိန်း, သောင်း ကပ်နေ မပြတ်စေဘဲ မွတ်ရေ တွက်ကြူး အသက်ရှည်သရွေ့ ကမ္ဘလပတ်လုံး။ သံဃာ၊ သီလဝန္တ, ကလျာဏ, ပရမတ်, သံဃာတော့် အရှင်မြတ်များအား။ ဒဒေ ဒေဒယျ၊ စိတ်, စေတနာ ဖြူစင်စွာဖြင့် ရှည်ကြာ လေးမူ ပေးလှူရာ၏၊ တမ္ပိဒါနံ၊ အံ့ဘွယ် ဘနန်း ရှုမခန်းအောင် ထူးဆန်းပေလှ ထိုကျောင်း အလှူဒါနကြီးသည်လည်း။ မဟပ္ဖလံ၊ ဘဝ တပါးနောင် ကိုးစားဘို့ များပြားလှသော အကျိုးသွား ရှိပါပေ၏။ ဝိပုလံ၊ သံသရာ ရေကြော နောင် ရှည် မြောအောင် ပြန့်ပြောလှသော အကျိုးရှိပါပေ၏။ သုခဒါယကံ၊ လူ့,ဘုံ, နတ်ရွာ ရောက်လေရာတို့၌ ချမ်းသာသော အကျိုးကို ပေးစွမ်းနိုင်ပါပေ၏။ ဝေမ္ပိ၊ ဤသို့ မွန်မြတ်စွာလှ ကြီးကျယ် ခမ်းနားလှသော အလှူဒါနကြီးပင် ဖြစ်ပါသော်လည်း။ ဧဘ ကထိန ဒါနဿ၊ ကထိန် ကာလ တကြိမ်မျှပင်လှူရ မြတ်နိုး ကထိန ဒါနမျိုး၏။ သောဠသိံ ကလံ၊ တဆယ့်ခြောက်စု ခွဲဝေ ပြုလျက် မြူကောပမာဏ တခု တစိတ်လောက်ကိုမျှနအဂ္ဃတိ၊ တူဘန်သိမ့်နိုး ချိန်စံထိုး၍လည်း အဘိုးနှုံးပြိုင် မတူ မမှီနိုင်ပေ။

## ကထိန် အလှူက သာလွန်ခြင်း အကြောင်း။

အကြောင်းကို ဆိုသော် စိတ်,စေတနာ ဖြူစင်စွာနှင့် သဒ္ဓါတရား ကြည်လင်စွာ ထားလျက် အားရပါးရ လှူဒါန်းကြ

သည့် အလျှုဒါနဆိုသည်မှာ အကြောင်း ဖြစ်တဲ့ လှူဘွယ်ဝတ္ထု အစုစုက ထူးမြတ် လွန်ကဲပါမှ မွန်မြတ်သော အကျိုးထူး အာနိသံတွေဟာ လွန်ကဲ ကြီးကျယ် နိုင်ကြပေဘယ်။ ကထိန် အလှူ ဒါနမှာ ဘယ်လို အကြောင်းတွေက ထူးမြတ် လွန်ကဲ သဖြင့် ဤမျှလောက်ပင် အခြား တပါးသော အလှူ ဒါနတို့ထက် အကျိုး ထူးတွေ တောင်းမွန် လွန်ကဲ ထူးခြားရပါသလဲ? ဟုဆိုလျှင် ကထိန် အလှူ ဒါနဟာအခြား တပါးသော အလှူ ဒါနတို့ထက် သာလွန်တဲ့ အကြောင်း ဝတ္ထုက, ထူးခြားလွန်ကဲ လို့သာ အကျိုးထူး အာနိသံတွေ ထက်သန် လွန်ကဲရပေတယ်။ အခြား တပါးသော အလှူဒါနတို့မှာ အကြောင်း ဝတ္ထုပင် လွန်ကဲကြသော်သည်း သာသနာတော်မှာ ဖြစ်တဲ့ အပြစ်ဒဏ် အာပတ် အညစ် အကြေးတို့ကို မည်သည့် အလှူဒါန ကမှ ပြေပျောက် ကင်းစင် ဝေးကွာ သွားအောင် လျှော်ဆေး သုတ်သင် ရှင်းလင်း နိုင်ကြသည် မဟုတ်ပေ၊ ကထိန် အလှူ ဒါနမှာတော့ လေးသခေါ်နှင့် ကမ္ဘာ တသိန်း, မတိမ်း မယိမ်း ရအောင် ခဲခဲ ယဉ်းယဉ်း ဖြည့်ကျင့်ပေးပါမှ ရရှိသာသည့် သဗ္ဗညုတ ဉာဏ်တော်နှင့် သင့်လျော် ညီမျှစွာ ပညတ်တော်မူတဲ့ ဝိနည်း သိက္ခာပုဒ် ပညတ် အာပတ် အပြစ်ဘေး, အညစ်အကြေးများကို ပြေပျောက် ကင်းစင် ဝေးကွာ သွားအောင် လျှော်ဆေးလျက် တားမြစ် ဖျက်ဆီးပြီးလျှင်...

အလွန် ကြီးကျယ် မွန်မြတ်လှသည့် ပါတိမောက္ခ သံဝရ သီလကြီးများကိုပင် မြောက်ချီး မ-,စ ကာ သန့်ရှင်း စင်ကြယ် ပြုဖွေးလာအောင် ပြုပြင် ဖန်တီး ပေးနိုင်ကြပေတယ်။ "ဆိုလိုရင်း အဓိပ္ပါယ် အချုပ်ကတော့ ဗုဒ္ဓမြတ်စွာ အာဏာတော်ဖြင့်

ပည်တ်ထားသော သိက္ခာပုဒ်များကို မန္တာတ် စကြာ, နတ်,ဗြဟ္မာ တို့ပင် ဖျက်ဆီးခြင်းငှာ မတတ်မစွမ်းနိုင်ကြပေ၊ကထိန် အလှူကသာ ဖျက်ဆီးခြင်းငှာ စွမ်းနိုင်ပေတယ်”။ ဤကဲ့သို့ အခြား တပါး သော အလှူဒါနတို့ထက် အကြောင်းထူး ကြီးကျယ် လွန်ကဲလှ သောကြောင့်သာ ကထိန် အလှူဒါနမှာ အကျိုးထူး အာနိသံ တွေ အမှန်ဘဲ လွန်ကဲ ကြီးကျယ်ရပေတယ်။ ထို့ကြောင့်....

ယသ္မာ အာပတ္တိ နာသေတိ၊ ဘိက္ခုနံ ကထိန ဒါနံ၊
တသ္မာ တံ သဗ္ဗ ဒါနေဟိ၊ အတိ ဥတ္တမံ ပသဋ္ဌံ။
တသ္မာဟိ ပဏ္ဍိတော ဇနော၊ သမ္ပဿံ သုခ မတ္တနော၊
သမ္ပဿတ္တ ကထိနံ ဒေတွော၊ ဒဒေ သံဃဿ သဗ္ဗဒါ။ ။

ယံ ကထိန ဒါနံ၊ တကြိမ် တခါမျှ ပေးလှူရသည့် အကြောင် ကထိန ဒါနသည်၊ ဘိက္ခုနံ၊ သာသနာ့ဘောင်ထမ်း ဖန်သက်န်း နှင့် မဂ်လမ်း ရှာသောင်း ရဟန်း အပေါင်းတို့၏ အာပတ္တိံ၊ စာရိတ္တ ကထိန, စသည် ပညတ် ငြိကပ်မည့် အရေး အာပတ် အညစ် အကြေးကို။ ယသ္မာ၊ အကြင်ကြောင့်။ နာသေတိ၊ လျော်ဆေး ဖျောက်ဖြေ ပြစ်ကင်းစေလအောင် ဖျက်ဆီး ပစ်တတ် ပေ၏။တသ္မာ၊ ထိုသို့ အကြောင်းလွန်ထူး ကျေးဇူး အနန္တ သာ လွန်လျက် ရှိခြင်းကြောင့်သာလျှင်။ တံဒါနံ၊ ကထိန် ခေတ်တွင်း အပြိုင် ကျင်းလျက် ပေါင်းသင်း ကြည်ဖြူ လှူဒါန်းသော ထိုကထိန် အလှူကို။သဗ္ဗဒါနေဟိ၊ ခပ်သိမ်း ဥဿု အလုံးစုံသော အလှူ ဒါနတို့ထက်။ အတိ ဥတ္တမံ၊ ထူးမြတ် ကဲလွန် ဒါန မွန် ဟူ၍။ ပသဋ္ဌံ၊ အရိယာ အပေါင်း သူတော်ကောင်းတို့ သံ သြောင်း မိန့်ချေ ချီးမွမ်းအပ်ပေ၏။ တသ္မာဟိ၊ တသ္မာဝေ၊ ထိုသို့ အထူး ရှင်မြူး ခွန်းသ ချီးမွမ်းတော်မူကြခြင်းကြောင့် သာလျှင်၊

အတ္တနော သုခံ၊ ဘဝ နောင်ခါ ဖြစ်လေရာ၌ လိုရာ မည်သူး ချမ်းသာ တိုးဘို့ မိမိ၏ အကျိုးစီးပွားကို။သမ္ပဿ ၊သမ္ပဿန္တော၊ ကောင်းစွာ ထင်ထင် ဆင်ခြင် သတိ မျှော်မြင်မိသော။ ပဏ္ဍိ တော ဇနော၊ ကျိုးနှင့် ကြောင်းပေါ် လိမ်မာ ခွင့်သိ သမာဓိနှင့် သတိ မစောင်း ပညာရှိ သူတော်ကောင်းသည်။ကထိန ခေတ္တော။ တနှစ် တခါ တကြိမ်သာလျှင် ကြုံလာကြရ ကထိန်ခေတ် အခါ ကာလသည်။သမ္ပတ္တော၊ နှစ် တပတ်မြောက် ဆိုက်ကပ်ခါ ရောက် လာခဲ့သည်ရှိသော်။ သံဃာ၊ သမ္မုတိ, ပရမတ်, အမြွတ်, ဆိုး, ကောင်း သံဃာတော် အရှင်မြတ် အပေါင်းအား။ ကထိန်၊ အဒယောင် အရိပ် နိမိတ် ပရိယာယ် ပြောဆွယ် ဩဘာ မပါ မဝင် အာကာခွင်မှာ မြူမှုင် မသန်း အစဉ်လန်းသို့ ဖြူစင်လှ သော ကထိန်လျှာ သင်္ကန်းကို။ ဒဒေ=ဒဒေယျ၊ကိုယ်ဘို့ မှတ်တိုး မပြုဟ်ကြိုး၍ မြတ်နိုး စိတ်ပါ လှူဒါန်းပေရာ၏။

ဤပြဆိုခဲ့ပြီးသည့် အတိုင်း ကထိန် အလှူဒါန ဆိုသည်မှာ အခြား တပါးသော အလှူ ဒါနတို့နှင့် မတူ ထူးခြား, အကျိုး ပေး အာနိသံ လွန်ကဲသည်များကို သိရှိ ကြားနာကြရသဖြင့် ရခဲ, ကြုံကြိုက်ခဲလှသော လူ့ဘဝကို ကြုံကြိုက်ကြလျက် လူဖြစ် လာကြရသည့် အခါမှာ ရောင်ဝါ ထွန်းပ သာသနာတော်တည်း ဟူသော နေမင်းကြီး၏ အလင်းကို ရကြ၍ မိုက်မှောဟ တိမ် သလာ, အမှောင် အဝိဇ္ဇာ မဝင်ဘဲ အသိဉာဏ် မျက်စိတွင် ရှင်း ရှင်းကြီး ကြည်လင် လာကြပြီးလျှင် မသိ မမြင်, မကြားရသေး ဘူးသည့် တရားထူး တရားဘော်မြတ်ကို ကြားနာ, သိမြင်ကြရ ပြီး၍ အခြား တပါးသော အလှူဒါနတို့ထက် လွန်ကဲ ထူးမြတ် လှသော ကထိန် အလှူဒါနများကို အားပါးတရ ပြုလိုက်ကြရ,

လှူဒါန်း လိုက်ကြရသဖြင့် တမလွန် ဘ၀ နောင်ဂတိများ အတွက် ကောင်းကောင်းကြီး လက်ဆုပ် လက်ကိုင် ရရှိကြမှ ချေပြီ။ ဤကဲ့သို့ မိမိတို့ ပြုလုပ် အားထုတ်ကြရသည့် ကုသိုလ် ကိုသာ အမြဲမပြတ် စွဲမှတ်ကြပြီးလျှင် အာစိဏ္ဏကံ ကုသိုလ်ဇော တွေ မပြတ် မသတ် စောနေ့စွဲနေကြရလေအောင် အမြဲမပြတ် အထပ်ထပ် ဆင်ခြင် ပွားများ စိတ်နှလုံးထည်းတွင် ထည့်သွင်း ထားကြရာသည်။ ဤသည်ကား သုတ္တန် ဒေသနာတော် ဖြစ် ချေသည်။

## အဘိဓမ္မာတရား။

ထိုမှတပါး ထူးခြား နက်နဲ ခက်ခဲ မွန်မြတ်လှသော အဘိ ဓမ္မာ ဒေသနာတော် မြတ်သည်ကား—

ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ။

ဟူ၍ အဘိဓမ္မာ( ၇ ) ကျမ်းတို့တွင် အစ ရှေးဦး ပကတူး ဖြစ်သည့် ဓမ္မသင်္ဂဏီကျမ်းတွင် ဟောကြားတော်မူခဲ့ပေသည်။ ဤကမ္ဘာ လောကကြီးတွင် ရှိရှိသမျှ သက်ရှိ,သက်မဲ့ သဝိညာ ဏက, အဝိညာဏကတို့မှာ ကောင်းသော တရား, မကောင်း သော တရား, ၎င်းကောင်း, မကောင်းတို့မှ ကင်းလွတ်သော တရား ဟူ၍ သုံးမျိုး သုံးစား သုံးပါးသာ ရှိနိုင်ကြ, ဖြစ်ပျက် နိုင်ကြသည်၊ ထိုတရား သုံးပါးတို့ကို ပရမတ် တရား လေးပါး တို့ဖြင့် ခွဲခြား စိတ်ဖြာလိုက်သည်ရှိသော် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဟူ၍ လေးမျိုး လေးစား လေးပါးသာ ရှိနိုင်ကြသည်၊ထို ပရမတ် တရား လေးပါးတို့ကို အမွန် တရား သစ္စာအားဖြင့် ခွဲခြား ဝေဘန် စိတ်ဖြာလိုက်သည်ရှိသော်—

ကမ္ဘာလောကကြီး ဟု ခေါ်ဆိုနေကြသည့် ဘုံသုံးဆယ့်တစ်ဌ ခန္ဓာ, အာယတန, ဓာတ်, မပြတ်ပင် ဖြစ်လိုက်, ပျက်လိုက်, ပျက်လိုက်, ဖြစ်လိုက်နှင့် စက်ရဟတ် ပမာ ချာချာ လည်လျက် ဖြစ်ပျက် နေခြင်းတည်းဟူသော ကမ္မ, ဝိပါက, ကိလေသာဆိုတဲ့ ဝဋ်ဆင်းရဲ ဒုက္ခတွေ ပင်လယ် ဝေနေအောင် သတ္တဝါတွေတို့၏ အတွင်း အဇ္ဈတ္တ သန္တာန်ဝယ် ခြယ်လှယ် ဖိစီး ပြုပြင် ဖန်တီး ပေးနေတတ်ကြသည့် လောကီစိတ် (၈၁) ပါး, လောဘကြဉ် သော စေတသိက်(၅၁) ပါး, ရုပ်တရား( ၂၈ ) ပါးတို့သည် ဖြစ်ပျက် အမြဲ ဆင်းရဲ အမှန် အစစ်, ဒုက္ခ သစ္စာပင် ဖြစ်ကြ၏။

ဤအလွန် မကောင်းမွန်သည့် ဆင်းရဲ ဒုက္ခတွေထည်းဌ ကျွန်နစ် မြောမြုတ်လျက် ဝဋ်ဆင်းရဲ ဒုက္ခတွေကို မဖြစ်, ဖြစ် အောင် နှစ်မွန်းသည်ထက် တာရှည်စွာ နှစ်မွန်းသွားရလေအောင် ဆွဲဆောင် အစဉ် ခင်မင် သာယာ တွယ်တာ နှစ်သက် စွဲမက် နေစေတတ်သည့် တဏှာခေါ်သည့် လောဘ ကလေးဟာ သာယာ နှစ်သက် တပ်မက် တွယ်တာ အာသာ ငမ်းငမ်း စွဲ လမ်း ကပ်ငြိတာ နေစေတတ်သည့် တရား သဘာဝ အမှန်အစစ်, သမုဒယ သစ္စာ ဖြစ်တယ်။

၎င်းတဏှာခေါ်သည့် လောဘ၏ ကင်းပြတ် ချုပ်ငြိမ်းရာ, ဖြစ်ချည်, ပျက်ချည် အတည် မကျ-ရုပ်,နာမ်,ခန္ဓာ သံသရာစက် လည်နေရခြင်း ဆိုသည့် ဒုက္ခ ခေပ်သိမ်း ချုပ်ပြတ် ငြိမ်းရာ အမှန် အစစ် ဖြစ်သည့် နိဗ္ဗာန်သည် တဏှာ၏ ကင်းလွတ် ချုပ်ငြိမ်းရာ အမှန် အစစ်,နိရောဓသစ္စာဖြစ်တယ်။

မဂ်စိတ် လေးခုတို့နှင့် ယှဉ်တွဲ ပူးကပ်နေသည့် ကောင်းသော အမြင်မှန် အသိဉာဏ် အစစ် ဖြစ်သည့် သမ္မာ ဒိဋ္ဌိ, ကောင်းမွန်

မှန်ကန် တိကျစွာ ကြံစီ တွေးတောတတ်သည့် သမ္မာသင်္ကပ္ပ, ကောင်းမွန် ဖြောင့်မှန် သိမ်မွေ့ ယဉ်ကျေးစွာ သာယာ ချိုမြတ် ပြောဆိုတတ်သည့် သမ္မာ ဝါစာ, ကောင်းမွန် မှန်ကန် သေချာ သပ်ရပ်စွာ ပြုလုပ်တတ်သည့် သမ္မာ ကမ္မန္တ, ကောင်းမွန် မှန်ကန်စွာ အပြစ်ကင်းမဲ့သော အသက် မွေးမြူမှုကို ပြုလုပ်တတ်သည့် သမ္မာအာဇီဝ, ကောင်းမွန် မှန်ကန် ဖြောင့်တန်းစွာ ဇွဲဝီရိယ ရှိရှိနှင့် ပိုပိုရိရိ လုလ္လ ကြိုးကုတ် အားထုတ်တတ်သည့် သမ္မာ ဝါယာမ, ကောင်းမွန် မှန်ကန်သမှုကို အမြဲ ကြည့်ရှု အမှတ်ရ အောက်မေ့တတ်သည့် သမ္မာသတိ, ကောင်းမွန် မှန်ကန် တည်ဟန့်လျက် စိတ် မပြန့်လွင့် မယိမ်း မယိုင်တတ်သည့် သမ္မာ သမာဓိ ဆိုသည့် မဂ္ဂင် တရားကိုယ် ရှစ်ပါး, တရားစစ် တရားမှန်တွေဟာ နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်း အမှန်အစစ် ဖြစ်ကြသည့်, မဂ္ဂသစ္စာ မည်တယ်။ မဂ်စိတ္တုပ္ပါဒ် (၂၉)ပါး, ဖိုလ်စိတ္တုပ္ပါဒ်(၃၇) ပါးတို့သည် အမှန် တရား သစ္စာများမှ ကင်းလွတ် နေကြသည့် အတွက် သစ္စာ ဝိမုတ်များ ဖြစ်ကြတယ်။ ထို့ကြောင့်။

ဒုက္ခံ ဟေတုမကံ ဝဋ္ဋံ၊ တဏှာ သမုဒယော ဘဝေ။
နိရောဓော နာမ နိဗ္ဗာနံ၊ မဂ္ဂေါ လောကုတ္တရော မတော။

ဟေတုမကံ၊ ကာမ, ရူပ, အရူပဟု လောကာ သုံးရပ် ဘုံသုံးဆယ့်တစ် ရှိသော။ ဝဋ္ဋံ၊ အမြဲ လည်လတ် စက်ရဟတ်သို့ မရပ် မတည် မပြတ် လည်လျက် ဖြစ်,ပျက် တဖန် ရုပ်,နာမ်,ခန္ဓာ, အာယတန, ဓာတ်၊ သံသရာ စက်ရဟတ် တည်းဟူသော ကမ္မ, ဝိပါက, ကိလေသာ, ဝဋ္ဋတရားသည်။ ဒုက္ခံ၊ ဆင်းရဲ အမှန် အစစ်, ဒုက္ခ သစ္စာမည်သည်။ ဘဝေ၊ ဖြစ်၏။ တဏှာ၊ ခင်မင်

တွယ်တာ အာသာ ဆန္ဒ တကြောင့် ကြကြနှင့် တောင်းတ စွဲမက် တပ်နှစ်သက်ခြင်း ဖြစ်သည့် တဏှာ တည်းဟူသော လောဘသည်။ သမုဒယော၊ မက်မော စွဲလမ်း နေခြင်း အမှန် အစစ်, သမုဒယ သစ္စာမည်သည်၊ ဘဝေ၊ ဖြစ်၏။ နိဗ္ဗာန် စွဲလမ်း နှစ်သက် တပ်မက်မောခြင်း တဏှာ၏ ကင်းငြိမ်းရာ အမှန် ပြည်နိဗ္ဗာန်သည်။ နိရောဓော နာမ၊ ဂါန် ဟု ဆိုအပ် သော တဏှာ၏ ချုပ်ငြိမ်းရာ အမှန် အစစ်, နိရောဓ သစ္စာမည် သည်။ ဘဝေ၊ ဖြစ်၏။ လောကုတ္တရော၊ လောက သုံးရပ် ဘုံ သုံးထပ်မှ ကျွတ်လွတ် ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ဖြစ်သော။ မဂ္ဂေါ၊ ဒုက္ခ အေးရန် မြတ်နိဗ္ဗာန်သို့ အမှန် ရောက် ကြောင်း လမ်းကောင်း လမ်းမှန် အစစ်, မဂ္ဂင် ရှစ်ပါးကို။ မဂ္ဂေါ၊ နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်း အမှန် အစစ်, မဂ္ဂ သစ္စာ ဖြစ်သည် ဟူ၍။ ပဏ္ဍိတေဟိ၊ ကြောင်း, ကျိုး သိမြင် ပညာရှင်တို့သည်။ မတော၊ မျှော်မြင် မှတ်ဘိ သိမြင် အပ်၏။

ဤကဲ့သို့ သုတ္တန်, အဘိဓမ္မာ နှစ်ဖြာသော တရားတော်များ ကို ကြားနာ မှတ်သားရခြင်း တည်းဟူသော ဓမ္မ သဝန ကုသိုလ်ကံ့ စေတနာ, အလွန်ဘဏ ကြုံကြိုက်ရခဲ, လှူဒါန်းရခဲ လှသော ကထိန်လျှာ သင်္ကန်းနှင့်တကွ, ကထိန် အခြံအရံ လှူဘွယ် ဝတ္ထု၊ အစုစုတို့ကို ဆက်ကပ် လှူဒါန်းကြရသော ကုသိုလ်ကံ စေတနာ, သံဃာတော် အရှင်မြတ်များအား တတ် အားသမျှ ဆွမ်း, ခဲဘွယ်, ဘောဇဉ်, ချိုချဉ်, ရသာ အဖြာဖြာ တို့ကို ဆက်ကပ် လှူဒါန်းရသော ကုသိုလ်ကံ စေတနာ,စသော ဤကဲ့သို့ ပေါင်းအပ် များမြတ်လှသော ကုသိုလ်ကံ စေတနာ

အဖြာဖြာတို့ကြောင့် ခန္ဓာ၊ အာယတန၊ ဓါတ်၊ မပြတ် ဖြစ်ပျက် ကျင်လည်လျက်နေရာ သံသရာ ဝဋ္ဋဆင်းရဲမှ ကင်းစဲချုပ်ငြိမ်းရာ အမွန်၊ သိသက္ခန္ဓ စသည် ကျေးဇူး ဂုဏ်အထူးကို ဆည်းပူး ရှာ မှီးတော်မူလေ့ရှိကြကုန်သော မြတ်စွာဘုရားများ ဟောကြား ထားသည့် ထူးမြတ်လှသော မြတ်နိဗ္ဗာန်သို့ လျှင်မြန်စွာ ရောက် ရပါလိုကုန်၏ဟု ဆုတောင်း ပတ္ထနာ ပြုကြရသည်။

ထို့ကြောင့်....

နိဗ္ဗာန်။

ပဒ မစ္စုတ မစ္စန္တံ၊ အသင်္ခတ မနုတ္တရံ။

နိဗ္ဗာန မိတိ ဘာသန္တိ၊ ဝါန မုတ္တာ မဟေသယော။

အစ္စုတံ၊ ဖြစ်ပျက် မမှတာ သခါင်္ခင့်ကင်း ရှင်းလင်းခြင်း ကြောင့် ရွှေ့လျောခြင်း၊ ပြောင်းရွှေ့ခြင်းလည်း မရှိထသော။ အစ္စန္တံ၊ လူ့ခန္ဓာကိုယ် ထိုထို ရောက်ခါ ပေါ်ပေါက် လာတိ စုတိဟု ဆိုအပ်သော သေခြင်း အဆုံးကိုလည်း လွန်မြောက်ထ သော။ အသင်္ခတံ၊ ကံ၊စိတ်၊ဥတု၊ အာဟာရဟု ဖြစ်မှု ပျက် ကြောင်း အေးပေါင်း ဝေးရှား ကြောင်းလေးပါးသို့ မနား မဝင် မပြုပြင် မဖန်တီးအပ်သော။ အနုတ္တရံ၊ လောက သုံးခွင် ဘုံသုံးပြင်ဝယ် တုမထင်သော ဘုရားရှင်တို့သော်မှ၊ မတုပ မသာကဲပြိုင်နိုင်သည်ဖြစ်၍ အသင်္ခတဓါတ် နိဗ္ဗာန် မြတ်ထက် လွန် မြတ်သော တစုံ တခုသော တရားသည်း မရှိထသော။ ပဒံ၊ သံသရာဝဋ္ဋ ကျော့ကွင်း ညွှတ်မှ လွှတ်ရာ လွတ်ကြောင်း တရား ကောင်းကို။ နိဗ္ဗာန မိတိ၊ အကြောင်း ထွေးမှီ ပေါင်း လေး လီဘို့ မတည် မကပ် နိဿရဓာတ် နိဗ္ဗာန် တရားတော် မြတ်ကြီး ဟူ၍။ ဝါန မုတ္တာ၊ ဇာတိ မကောင်း ဗျာဓိ ညှင်း၍ ပူပြင်းပါလှ

ဝါနဟု ဆိုအပ်သော တဏှာမှ ကင်းလွတ်တော်မူကြကုန်သော။ မဟောသဓော၊ သီဟကွန္တ စသည် ကျေးဇူး ဂုဏ်အထူးကို ဆည်းဖူး ရှာမှီးလေ့ ရှိတော်မူကြကုန်သောမြတ်စွာဘုရားတို့သည်။ ဘာသန္တံ၊ တိက္ခ ဉာဏ်သွား ဝေနေယျများကို စိတ်ထား ရည်ရော် ဟောကြားတော် မူကြကုန်၏- ဟူသော ဂါထာ အရ ဇာတိ, ဇရာ, ဗျာဓိ, မရဏ ဆင်းရဲ ဒုက္ခတို့ကို အဘင်း ဆွဲသွင်းကာ ဖြစ်စေတတ်သည့် ပူပြင်းစွာလှ ဝါနဟု ဆိုအပ်သော တဏှာမှ ကင်းလွတ်ရာ အမှန် ပြည်နိဗ္ဗာန်သို့ ဧကန် မျက်မှောက် အလျှင်အမြန်ပင် ဆိုက်ရောက်နိုင်ကြပါစေကုန်သတည်း။

ရေစက်ချ။

အရိယာ နွယ်ဝင် သံဃာတော် အရှင်မြတ်တို့ဘုရား....ဘုရားတပည့်တော်, ဘုရားတပည့်တော်မတို့သည် ကာမ, ရူပ, အရူပဟု ဘဝ သုံးစုံ, ဘုံ သုံးဘုံ တို့ကို အာရုံ ဆွဲဆောင်, ရုပ်, နာမ် လှောင်သည့် ပြောင်ပြောင် ရဲရဲ မီးလျှံ စွဲထိန် လျှံရှိန် ညီးညီး တောက်လောင် နေသော မီးပုံကြီးကဲ့သို့၎င်း၊ ဒုက္ခ ဘေးစုံ ရုံထွေး အုံ၍ စုပြုံ ကြိတ်ညှပ် လွန် ကျဉ်းကျပ်လှသော လွန်စွာ မိုက်မှောင် ပိတ်လှောင် နှောင်ဆီး ထောင်အိမ်ကြီးကဲ့သို့၎င်း၊ သားရဲ, ဘီလူး အထူးထူးတို့ ပျော်မြူး ကျက်စား ကြောက်ရွံ့ ထိတ်လန့်ဘွယ် များလှသော စုံမြိုင် ရစ်ဆီး, တောအုပ် ဂနိုင်ကြီးကဲ့သို့၎င်း၊ ပဋိသန္ဓေ, အို, သေ, နာရေး, ဒုက္ခဘေးတို့ ရောထွေး ပြွတ်သိပ် အမြဲမပြတ် နှိပ်စက်နေခြင်း ရှိကြကုန်သည်ဟု ငြီးငွေ့ လန့်ထိတ် နိဗ္ဗိန္ဒဉာဏ် တွေးကြံသတိ အောက်မေ့မှတ်ထင်ခြင်း ရှိကြပါကုန်သည် ဖြစ်၍...

ထိုကဲ့သို့ စင်စစ်မှန်လှ ဒုက္ခ မကင်း သုံးဘုံတွင်းမှ ထန်ပြင်း မြန်စွာ ဆောလျင်စွာလျင် ပယ်ခွာ ရှင်းကျွတ် ကင်းလွတ်ပါရ ခေခြင်း အကျိုးငှာရင်း၊ လူ့ပြည်၊ နတ်ရပ် ထပ်ခါထွေထွေ သန္ဓေဇာတိ တည်နေရခြင်း အလျင်း မရှိသော၊ ဆံဖြူ သွားကျိုး နွမ်းညှိုး ကိုင်းညွတ် ယွတ်တွ ယွင်းယို အိုရ ခြင်းလည်း မရှိသော၊ ညှဉ်းဆဲ တာရှည် မအိမ်သော ကျင်နာ ခံခက် နှိပ်စက် ဖိစီး ညည်းညူ ခါခါ အနာ ရောဂါလည်း မရှိသော၊ သက်ကြီး ရှိုက်ငင် ပူသင် မချိ မှိုင်းမိ တွေဝေ သေရခြင်းလည်း မရှိသော၊ ဘေးရန် မနှော အာသဝေါ ကုန်ခမ်း ငြိမ်းချမ်း အေးမြလှသော၊ ဘဝ ယုတ်မြတ် မစုတ်ပြတ် အောင် ချုပ်စပ်တတ်စွာ ဝဋ္ဋဘဏှာမှ လွတ်ကွာ မစပ် နိဗ္ဗာန ခေတ်ကို တပ်အပ်သေချာ မကွာ တောက်လျှောက် လက်ရောက် ထင်ထင် သိမြင် မြန်မူ မျက်မှောက် ပြုပါရခြင်း အကျိုးငှါ ရင်း၊ အပါယ် ဘေးကြီး ဓာဆီးပေတတ် သုံးရပ်သော သရဏ ဂုဏ်နှင့်တကွ ငါးစုံ သီလ မြတ်ဓမ္မတို့ကို အင်္ဂါ ရအောင် ဂါရဝ လေးမူ ကောင်းစွာ ခံယူ ဆောက်တည်ကြပြီး၍...

သတ္တပညတ် ခေါ်ဝေါ်အပ်သော ဤကမ္ဘာ လောကခေတ် ကြီး၌ မိမိထက် အမွန် အလွန် တုဘက် မပေါ်ထွက်သော၊ လူ့၊နတ်၊ပြဟ္မာ သတ္တဝါတို့၏ ကြည်သာ ဦးဆိုက် ပူဇော်ထိုက်သော၊ မိမိ အလိုလို ကိုယ်တော်တိုင်ပင် လေးအင် သစ္စာ မှန်စွာ ထင်ထင် သိမြင်ပြီးလတ် သဗ္ဗညုတ ဉာဏ်သခင် ဘုရား ရှင်သည် နတ်နှင့်၊ လူသား၊ ပြဟ္မာများတို့၏ အားထား အားကိုး အကျိုး စီးပွား ထွန်းကား စေခြင်းငှါ ပွင့်ထွန်း လာတော်မူပါပေ၏၊ ဂုဏ်တော် ကျေးဇူး အထူး ကြီးမား မြတ်စွာဘုရား

တို့၌ လေးစား ကော်ရော် ပူဇော် ရကုန်သော သူတို့၏ မျိုးမျိုး အမှန် ကံ အာနုဘော် နှောင်သော် ပြန့်ပြူး အကျိုး ထူးတို့သည် ယှက်ကူး များလျက် မရေတွက်နိုင်သည်သာလျှင် တည်း။

သံသရာဝတ် ကျော့ကွင်းညွတ်မှ လွတ်ခြမြောက်စေတတ်သော မဂ်,ဖိုလ်,နိဗ္ဗာန် ကိုးတန် သတ်မှတ် တရားတော်မြတ်သည်ရှင်း, အလုံခံစစ် မြောက်ဖြစ်သော မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန် ရှစ်ဘန် ပရမတ် သံဃာတော်မြတ်သည်ရှင်း၊ နတ်နှင့်, လူသား, ဗြဟ္မာ များတို့၏ အားထား အားကိုး အကျိုး စီးပွား ကျေးဇူး များ ရန် ထွန်းကား ရှိန်စော် ဖြစ်ပေါ် လာပါပေ၏၊ တရားနှင့်, သံဃာ,မြတ်ရတနာတို့ကို,ကြည်သာ အားကိုး မြတ်နိုး ကော်ရော် ပူဇော်ကြကုန်သော သူတို့၏ မျိုးမျိုး အမှန် ကံ အာနုဘော် နှောင်သော် ပြန့်ပြူး အကျိုးထူးတို့သည် ယှက်ကူး တိုးချက် မရေတွက်နိုင်သည်သာလျှင်တည်း။

ဤကဲ့သို့ ကံကိုရှင်း, ကံ၏ အကျိုးကိုရှင်း, ရတနာ သုံးပါး အပေါင်းတို့ကိုရှင်း, ရတနာ သုံးစုံ၏ ဂုဏ်ကျေးဇူး အဖုံဖုံကိုရှင်း, သက်ဝင် ယုံကြည်ကြပါကုန်သည် ဖြစ်၍ အယူကို ဖြောင့်မတ်စွာ ယူကြပြီးလျှင် မှန်မြတ် စင်ကြယ်ကုန်သော ဤလူ့ဘုံ ဝတ္ထု အစုစုတို့ကို အရှင်မြတ်တို့၏ လက်၌ ရေစက် သွန်းချကာ ရည် မှတ် ထားကြပါသည့် အတိုင်း မဆိုင်း မတွ ပေးလှူ ပူဇော်ကြ ပါကုန်၏။

ဤကောင်းမှု ကုသိုလ်ကံသည် နောက်လာလတ္တံ့ အချိန် အခါ ကာလ အဆုံး ဘဝ၌ လုံးဝ မြင်သန် အဘိညာဏ် ခြောက် ရပ်, သမာပတ် ရှစ်ဖြာ, ပဋိသမ္ဘိဒါ လေးတန်, ထူးမြတ်သော

အခြံအရံ ရှိသော ခေါ်ဏာသဝ ဉာဏ ထောက်ကူ အဆောက် အဦ ဖြစ်လျက် ဖြစ်ပျက် အေးရန် နိဗ္ဗာန် အောင်နန်း တဘက် ကမ်းသို့ တက်လှမ်း ကူးမြောက် အမြန်ပင် ရောက်နိုင်ကြပါစေ သတည်း။

အကျွန်ုပ်တို့သည် ရုပ်နာမ် သံသရာ ခန္ဓာ၊ အာယတန၊ ဓာတ် မပြတ် လည်းလိုတ် သမုပ္ပါဒ်ကွက် သံသာစက်၏ သော့ချက် မှန်ရာ အဝိဇ္ဇာနှင့် တဏှာ ပေါင်းသင်း အမြစ် အရင်း နှစ်ရပ်တို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် တူးဖျက် နှုတ်သတ် စင်းခုတ် ဖြတ်၍ မျှားလတ် တန်တန် ဘေးရန် မဆို နိဗ္ဗာန် ရွှေပြည်မြို့သို့ မချို့လျှင်စွာ မဝင်ရောက်ကြရ ပါကုန်သေးသမျှ ကာလပတ်လုံး၊ မတုံး အစ၊ ဘဝ မျှားစွာ သံသရာ၌ လူးလာ အောက်၊ ထက် စုန်၊ဆန်၊တက်ခါ အဆက် ကြာရှည် ကျင်လည် နေကြကုန်သည် ရှိသော်၊ လေးရပ် အပါယ်၊ သုံးသွယ်ခဲ့သော ကပ်၊ ဝိပ္ပတ် လေးဖြာ၊ ရှစ်ဖြာ ရပ်ပစ်၊ ယုတ်ညစ် ဆိုးဝါးလှသော အဖြစ်တို့မှ မဖြစ် ခလေ မတွေ့ မကြုံ လွတ်မြောက်ကြကုန်၍ လူ၊ ဘုံ၊ နတ်ရွာ သုဂတိ ဘုံတို့၌သာလျှင် ခါခါ မပြတ် မြင့်မြတ် ကြီးကျယ် တင့်တယ် ကောင်းမွန်သော အမျိုးတို့၌ ဉာဏသမ္ပယုတ် ဥက္ကဋ္ဌစိတ် တိဟိတ် ပဋိသန္ဓေ စွဲယူ နေလျက် ဖြစ်လေရာရာ ဘဝ မျှားစွာတို့တွင် မရှိ မမျှ မရ ဟူသော စကားကို မကြား ရပါလို၊ ပေးပါ၊မျှပါ စွန့်ချပါ ဟူသော စကားကို မပြောကြား ရပါလို၏

ထိုထို မှုမျိုး သည်ပိုး ဆောင်ရိပ် တောင့်တသော စိတ်အာ သာဖြင့် အဇ္ဇောပြင် မှိုင်းကောင်းကင်ကို အလျှင် မကြာ မျက်နှာ မျှော်လှည့် မော်၍ ကြည့်သည် ရှိသော်၊ တိကျ အမှန်

နဘံ ဖေါက်ထွင်း တိမ်တိုက်တွင်းမှ ဝါဝင်း ထိန်ဝေ ရွှေငွေ့ မြ့ရှိ သဲသဲ မောက်ဖြိုး ရတနာ မိုးသည် ဖြိုးဖြိုး လျှံဖြိုး အလို ပြီးကာ ရွာသွန်းပါစေသတည်း။ ရှေ့,နောက် ဝဲ,ယာ ဒိသာ ရပ်ခွင် ထက်ဝန်းကျင်ကို ကြည့်ရှင် အာသာ လှည့်ကာ နှံ့စပ် ကြည့်ရှုလတ်သော် လိုရာ သတ်မှတ် ကြည့်ရှုရာ အရပ်မှ ဘဝတ် တန်းဆာ လိုရာ မရှား အပါးပါးပင် ပဒေသာပင်တို့သည် လိုအင် ချီးမြှောက် အပြီးရောက်အောင် ပေါ်ပေါက်ထွက်ခါ လာပါစေကုန်သတည်း။ မျက်လှာသည့်မတ် အောက်မြေအရပ်ကို ငုံ့ကာ တန့်ရပ် ကြည့်ရှုလတ်သော် မြေရပ် အထုပံသု ဖေါက်ထွင်း မြေအတွင်းမှ ဟင်းလင်း အက်ခါ ယူဇနာမျှလောက် အစောက်ညီးညီး ရွှေအိုး,ရွှေတောင်ကြီးတို့သည် မြင့်ပြိုး အသင့် စွင့်စွင့် တက်ခါ ပေါ်ထွက် လာပါစေကုန်သတည်း။

အကျွန်ုပ်တို့သည် ကြည်ဖြူ မြတ်လေး မပေး မလှူ မစွန့်ကြဲကုန်သည်ရှိသော် ကျွန်ုပ်တို့၏သိုမှီးသိမ်းဆည်းထားသည့်စည်းစိမ် ဥစ္စာ ရတနာတို့ကို ငါးဖြာ ညစ်ဆိုး မင်းစိုး,ခိုးသူ စသည်အပြား ရန်သူများသည် အားကြိုး မာန်တက် မလုယက် မဖျက်ဆီးနိုင်စေသတည်း၊ သူတပါးတို့၏ ကြိုးစား လုလ္လ ပယောဂကြောင့် ဒုက္ခ ရှုပ်ပွေ မသေကြေ မပျက်စီး ရခြင်းသည်၎င်း၊ အလုံးစုံသော လက်နက်မျိုး,အဆိပ်မျိုးတို့ကြောင့် မသေကြေ၊ မပျက်စီးရခြင်းသည်၎င်း၊ သူတပါးတို့ညှဉ်းဆဲ,ပစ်ဖေါက် ခွဲလည်း မကွဲ မပြိုသော ကိုယ်ရှိခြင်းသည်၎င်း,၊ လောကဓာတ် လုံးစုံ ဂုမ္ဘန်, ယက္ခ, ဂန္ဓဗ္ဗနှင့် သက္က, ဗြဟ္မာ, ဝိဇ္ဇာ, ဖုတ်, စုန်း, နတ်, လူ အားလုံးတို့သည် တပေါင်း တလုံးတည်း တိုင်ပင် ရုံးစု လုလ္လမြူကြကုန်၍ ဝိုင်းအုံ သဲသဲ ညှဉ်းဆဲ သတ်ပုတ် ပြုလုပ်ခြင်းငှာ

မစွမ်းနိုင်ကြကုန်သည်ဖြစ်၍ အသက်၏ အပြစ်ဘေး အသွယ်သွယ် အန္တရာယ် မရှိခြင်းသည်၎င်း၊ သက်တန်း ကျော်နေ ချမ်းသာသော အသက်ရှည်ခြင်းသည်၎င်း၊ ဖြစ်ကြရပါလိုကုန်၏။

ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌ ငါး၀ ကလျာ ခြောက်ဖြာပြစ်ရှင်း အလုံးစုံသော ကိုယ်အင်္ဂါ၏ လှပ တင့်တယ်ခြင်းနှင့် ပြည့်စုံရခြင်းသည်၎င်း၊ သိဂ်ီနိုက် ရွှေစင် အဆင်းနှင့် တူသော အဆင်း ရှိခြင်းသည်၎င်း၊ သုံးဆဲ့နှစ်ဖြာကုန်သော ယောကျ်ားမြတ်တို့၏ လက္ခဏာမျာနှင့် ပြည့်စုံရခြင်းသည်၎င်း၊ တနေ့ပတ်လုံးလည်း ရှုကြည့် လာကုန်သော နတ်လူတို့၏ တင်းတိမ် အားရ မ၀ မစဲ မရောင့်ရဲနိုင်သော အဆင်း ရှိခြင်းသည်၎င်း၊ အသက်တရာ ရှည်မြင့် ကြာသော်လည်း တဆဲ့ ခြောက်နှစ်ပျိုမြစ် နုနယ် ငယ်သော အရွယ်ကဲ့သို့ မပျက် မယို မအို မရင့်သော အရွယ်ရှိခြင်းသည်၎င်း၊ မဖြူသော ဆံ၊ မမွဲ မမှုန်သော မျက်စိ၊ မကုန်းသော ခါး၊ မကျိုးသော သွား၊ မထိုင်းသော နား၊ မဆွံ့သော စကား၊ မယုတ်လျော့ မရှုံ့တွ မတွန့်သော အသား အရေ ရှိခြင်းသည်၎င်း၊ အလုံးစုံသော အဆင်း အင်္ဂါနှင့် ပြည့်စုံသော သူတို့ထက် လွန်ကဲသော အဆင်းအင်္ဂါနှင့် ပြည့်စုံခြင်းသည်၎င်း၊ ဖြစ်ကြရပါလိုကုန်၏။

ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌ ပြဟ္မာသာဟုံ ကျူးရင့်သံကဲ့သို့ သာယာသော အသံ ရှိခြင်းသည်၎င်း၊ ကရဝိက်ငှက်မင်း ကျူးရင့်ခြင်းကဲ့သို့ ပီပြင် သန့်ရှင်းသော အသံ ရှိခြင်းသည်၎င်း၊ ချိုသာ ကြည်အေး မထွေး မယုက်၊ ကောင်းစွာ ထွက်သော အသံ ရှိခြင်းသည်၎င်း၊ အင်္ဂါ ရှစ်ပါး ထူးခြား လုံခြုံ အသံဂုဏ်နှင့် ပြည့်စုံခြင်းသည်၎င်း၊ နတ်နှင့်၊ လူပေါင်း

မညောင်း မညာ အာသာ လွန်ကြီး မငြီး မငွေ့, နာ၍ မစဲ မရှောင့်ရဲနိုင်သော အသံ ရှိခြင်းသည်ရင်း၊ အသံ သာငြား လူအများတို့ထက် ကဲတက် လွန်ကြူး ထူးခြား ကောင်းမွန်သော အသံ ရှိခြင်းသည်ရင်း၊ ဖြစ်ကြရပါလိုကုန်၏။

ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌ အကျွန်ုပ်တို့၏ ကိုယ်ကာယ၌ တဆံချည်ဖျားမျှလည်း နူနာ, ကုတ်ဟိုး, မွဲမည်း, တင်းတိတ်, ဖြူတ်, မိတ်, ဝက်ခြံ, ယားယံ, ပွေး, ဝဲ,ကျိပ်ခဲ, ထွတ်မြင်း, ခရုသင်း, ရင်နာ, ဒူလာ, မြင်းသရိုက်, အကိုက်, အတက်, ပါဒရက် အစ, ဆ နဝုတိ ရှိရှိသမျှ ရောဂါ ဝေဒနာ ဟူသမျှသည် မဖြစ်ပါစေသတည်း။ ခြင်,မှက်, ကင်း,သန်း အခန်းခန်းနှင့် ဆိုးသွမ်း ခွေး,မြွေ, ရေနေ, တောရိုး, အမျိုးမျိုးသော တိရစ္ဆာန်တို့သည် အားအံ မာန်လိုက် မကိုက် မခဲ မညှဉ်းဆဲနိုင်ပါစေကုန်သတည်း။

ကောင်းကင် ပျံဆင်း ဆဒ္ဒန် ဆင်မင်းကဲ့သို့ ကြီးမားသော ခွန်အား ရှိခြင်းသည်ရင်း၊ တိမ်တောင် ပျံနင်း သိန္ဓော မြင်းကဲ့သို့ လျင်မြန် ပေါ့ပါးသော ခွန်အား ရှိခြင်းသည်ရင်း၊ ငြိုငြင် ခဲယဉ်းသော အမှု ကိစ္စတို့ကို ပြုလုပ်သော်လည်း မပင်ပန်း မနွမ်းရိ မချိနဲ့သော ခွန်အား ရှိခြင်းသည်ရင်း၊ ယူဇနာ တသိန်းမျှလောက်သော ခရီးကို တနေ့တည်း တရက်တည်းဖြင့် သာယာလျှင် ကူးသန်းသွားလာနိုင်သော ခွန်အား ရှိခြင်းသည်ရင်း၊ ကုဋေ တထောင်မျှလောက်သော ဝန်ကို အနည်းငယ်မျှသော ဝန်ကဲ့သို့ ထမ်းဆောင် သည်ပိုးနိုင်သော ခွန်အား ရှိခြင်းသည်ရင်း၊ ဆယ် ယူဇနာ မြင့်သော ကောင်းကင် အပြင်သို့ အလျှင်ဟုံလျက် ခုန်တက် ကျော်လွှားနိုင်သော ခွန်အား ရှိခြင်းသည်

ဝင်း၊ အားခွန် ဗလ ကြီးမားကြကုန်သော သူတို့ထက် ကဲထက် လွန်ကြူး ထူးခြားသော ခွန်အား ရှိခြင်းသည်၎င်း ဖြစ်ကြရပါ လိုကုန်၏။

ကိုယ့်စိတ် နှစ်ဖြာ အမြဲ ချမ်းသာခြင်းသည်၎င်း၊ နှစ်သက် ချစ်ခင် ကြင်နာ လေးမြတ်ကြသော သူတို့နှင့် ကွေကွင်းရခြင်း၏ ဆင်းရဲ ဒုက္ခမှ ကင်းလွတ်ရခြင်းသည်၎င်း၊ မချစ်ခင် မကြင်နာ မနှစ်သက်ကြသော သူတို့နှင့် အတူတကွ ပေါင်းသင်း ဆက်ဆံ ကာ နေရခြင်း၏ ဆင်းရဲ ဒုက္ခမှ ကင်းလွတ်ရခြင်းသည်၎င်း၊ ဟစ်အော် ပူဆွေး ငိုကြွေးရခြင်း၏ ဆင်းရဲ ဒုက္ခမှ ကင်းလွတ်ရ ခြင်သည်၎င်း၊ ရှိုက်ငင် လောင်ပြင်း ပင်ပန်းကြီးလှ ဆင်းရဲ ဒုက္ခမှ ကင်းလွတ်ရခြင်းသည်၎င်း၊ ညှိုးမှိန် နွမ်းရိ ပန်းချီ ပူပြင်း စိုးရိမ် ကြောင့်ကြရခြင်း၏ ဆင်းရဲ ဒုက္ခမှ ကင်းလွတ်ရခြင်း သည်၎င်း၊ လှိုက်ခုံ တုန်လှုပ် စိတ်ရှုတ် ထိတ်လန့် ကြောက် ရွံ့ရခြင်း၏ ဆင်းရဲ ဒုက္ခမှ ကင်းလွတ်ရခြင်းသည်၎င်း၊ ရဲစွမ်း သတ္တိ အမြဲ ရှိနေခြင်းသည်၎င်း ဖြစ်ကြရပါလိုကုန်၏။

ကိုယ်ကျင့် မပျက် နှစ်သက်စဖွယ် စင်ကြယ် စိတ်ထား မျှား သော သား့သမီး စသော ခြွေရံ သင်းပင်း ရှိခြင်းသည်၎င်း၊ သင့်တင့် ယှဉ်တွဲ မကွဲ မပြို အလို ဆန္ဒ တူညီမျှသော ဒေါ်ခြံ အရံ ရှိခြင်းသည်၎င်း၊ ကျိုး့ကြောင်း ပြသ ဩဝါဒကို ဂါရဝမူ အရေးတယူဖြင့် ကြည်ဖြူ မဖယ် ဆိုဆုံးမ လွယ်သော အခြံအရံ ရှိခြင်းသည်၎င်း၊ သက်စွန့် ကြိုးပမ်း ကိုယ်ညှိုး နွမ်းအောင် အကြမ်း့ အနု အမှု မရွေး ကိုယ့်အရေးကို အလေးဘမူ လုလ္လ ထူ၍ မွေးမြူ ထားလတ် စိတ်ထား မြတ်သော အခြံအရံရှိခြင်း သည်၎င်း ဖြစ်ကြရပါလိုကုန်၏။

ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌ ဝန်းကျင်ပတ်လည် ထို၌ ခိုလှုံ အလုံးစုံသောရန်သူပုန်တို့သည် မျက်ဆံတိုက်ရိုက်မတိုက်ခိုက် မဖျက်ဆီး မနှိပ်စက်နိုင်သောနယ်တွင်း နယ်ပြင် ဝန်းကျင် လုံးစုံ ရန်သူပုန်ကို မဖြုန်တည်တန့် ကြံ့ကြံ့ခိုင်ခိုင် စွမ်းဆောင်နိုင်သော ကမ္ဘာ တလွား မင်းအများတို့သည် ဝင်တွား စင်းလတ် ရိုညွတ်တုပ်ကွ မြတ်နိုးပူဇော်ရသော မင်းနှင့် ပုဏ္ဏား၊ ဆင်းရဲသား၊ သူကြွယ်၊ ကုန်သွယ်၊ လယ်လုပ် ဇနပုဒ်ဂါမ ရှိသမျှ လူမျိုးတို့သည် အလို အကြိုက်သို့ လိုက်ပါကြရသော အထက်တယူဇနာ၊ အောက် တယူဇနာ ဖ လာ ထုတ်ချင်း မကျွင်း မလတ် အရပ်တိုင်အောင် ကြိုင်လှိုင် ပါဝါ အာဏာ မဆံ့ ပျံ့နှံ့ နိုင်ငြား များသော စစ်သည် ဗိုလ်ပါ ခြွေရံ ကာပြီး ကြီးသော တန်ခိုး အာနုဘော် ရှိသော အမှန်တရားကို ကျင့်ကြံ လိုလား အမြတ်တနိုး ထားလျက် ဘုရား သာသနာ ထွန်းလင်း ပြာအောင် အာသာ ဖြန့်မိုး အစိုးရခြင်းသည် ဖြစ်ကြရပါလို ကုန်၏။

ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌ ကုန်းကို ရေကဲ့သို့၊ ရေကို ကုန်းကဲ့သို့၊ မြေအပြင်ကို ကောင်းကင်အသွင်ကဲ့သို့၊ ကောင်းကင် အပြင်ကို မြေအသွင်ကဲ့သို့ ကံကြောင့် ဖြစ်သော တန်ခိုးဖြင့် သာ ဖန်ဆင်းနိုင်ကြရပါလိုကုန်၏၊ အကျွန်ုပ်တို့၏ အစား အစာ ရသာ ရှိလျှင်း ထမင်း၊ အဖျော် နေပျော်ဘွယ်စွာ အိပ်ရာ၊ နေရာ အဝတ် ဘန်းဆာ ဘဏ္ဍာ အသုံး အဆောင်တို့ကို ကံကြောင့် ဖြစ်သော တန်ခိုးဖြင့်သာ ဖန်ဆင်းနိုင်ကြရပါလိုကုန်၏၊ အလိုရှိ အပ်၊ တောင့်တအပ်သော အကြံအစည် ပစ္စည်း ငွေ့ အမှု ကိစ္စ ဟူသမျှတို့သည် လိုရှိ တောင့်တ ကြံစည်ကြသည့် အတိုင်း

ပင် လျှင်စွာခဏ ကံ့ကြောင့် ဖြစ်သော တန်ခိုးဖြင့်သာ ရရှိပြီးစီး အောင်မြင်ကြရပါစေကုန်သတည်း။

ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌ ထက်မြက်သော အသိဉာဏ် ပညာ, နက်နဲသော အသိဉာဏ် ပညာ, ရှင်မြူးသော အသိဉာဏ် ပညာ, လျှင်မြန်သော အသိဉာဏ် ပညာ, ခဝဘန် စိစစ် ခွဲခြားလှစ်ကာဆင်ခြင်တိုင်းထွာလျက် သိမြင်နိုင်သောအသိဉာဏ် ပညာ, သိမ်မွေ့ ဝှက်လျှင်း ထိုးထွင်း၍ သိမြင်နိုင်သော အသိဉာဏ် ပညာ, မြေကြီး ဖထုနှင့် တူသော အသိဉာဏ် ပညာ, သူတပါးတို့၏ မှားယွင်းသော အယူကို ပယ်ဖျက် နှိမ်နင်းနိုင်သော အသိဉာဏ် ပညာ, ပျိုမြစ် နုနယ် ငယ်ရွယ်စဉ် ကပင် ဗေဒင် သုံးပုံ, ပိဋကတ် သုံးပုံ ပါဠိ, အဋ္ဌကထာ, ဋီကာ, အစုံ ကျမ်းဂန် အဖုံဖုံတို့ကို မဆောင်စွမ်းနိုင်သော အသိဉာဏ် ပညာ ရှိခြင်းသည်ဖြင့်၊ အလုံးစုံသော အမှုကိစ္စ,စက်မှု, လက်မှု အတတ် ပညာမျိုးတို့၌ မသင်ယူရဘဲ ကြားကာ, မြင်ကာ လိမ်မာ တတ်မြောက် မဖေါက် သိမြင် ကျွမ်းကျင် ခြင်းသည်ဖြင့်၊ မေးမြန်း လာကုန်သော သူတို့၏ ပေါ်လွင် ခက်ခဲ နက်နဲ ဖုံဖုံ အလုံးစုံသော အမေး ပုစ္ဆာ ပြဿနာတို့ကို မေးမြန်းကာမျှ တခဏချင်း ပင် လျှင်မြန် ဆောစွာ ဖြေကြားနိုင်သော ပညာ ရှိခြင်းသည်ဖြင့်၊ အလုံးစုံသော ကျမ်းဂန် စာပေ, ထွေထွေ လောကဓာတ်, အကြား,အမြင် အတတ်မျိုးစုံ အပေါင်း၌ ကျိုး,ကြောင်း ချင့်ချိန်,တကြိမ် တခါ မြင်ကာ ကြားကာမျှဖြင့်ပင် ဘဝ ဆုံးသည့် တိုင်အောင် နှောင်သော် ခလေ့ မခမေ့ မလျော့ မပေါ့ မမှောက် မပျောက် မပျက်သော အမှတ် သတိ ရှိခြင်းသည်ဖြင့်၊ အားလုံးသော လူမျိုးခြားတို့၏ ဘာသာခြား စာပေ

အထွေထွေတို့နှင့် အလုံးစုံသော တိရစ္ဆာန်တို့၏ တွန်သံ၊ မည်သံ၊ အော်သံ၊ ကျူးရင့်သံ တို့၌ မသင်ကြားရဘဲ ကျွမ်းကျင် လိမ္မာ တတ်မြောက်ခြင်းသည်၎င်း၊ အလုံးစုံသော အတတ်ပညာတို့၌ လိမ္မာ ကျွမ်းကျင် သိမြင်ကုန်သော သူတို့ထက် ထက်မြက် သိဦး အလွန် အကြူး အထူးအားဖြင့် လိမ္မာ သိမြင် ကျွမ်းကျင် တတ်မြောက်ခြင်းသည်၎င်း ဖြစ်ကြရပါလိုကုန်၏။

ဖြစ်တိုင်း၊ ဖြစ်တိုင်းသော ဘဝ၌ သူတော် မဟုတ် ယုတ်မာ ဆိုးဝါး လူမိုက်များကို လားလားမျှမတွေ့၊ မမြင်ကြရပါလိုကုန်။ ယုတ်မာ ညစ်ညမ်း ဆိုးသွမ်းလှငြား လူမိုက်၊ လူယုတ်များ၏ ပြောကြားသော စကားကို မကြား မနာကြရပါလိုကုန်၊ စဉ်းလဲ ကောက်ကြစ် ဆိုးညစ် ယုတ်ငြား လူမိုက်များနှင့် တရံတခါမျှ ပေါင်းဖေါ် ယှဉ်တွဲ မှီဝဲ ပြုကာ မနေကြရပါလိုကုန်၊ တိုင်ပင် နှီးနှော လိုက်လျော စကား ပြောကြား နေရခြင်းကိုလည်း အနည်းငယ်မျှ မပြုလုပ်ကြရပါလိုကုန်။

သူတော်ကောင်း ပညာရှိတို့နှင့်သာ ပေါင်းကာ ယှဉ်တွဲ အမြဲ မှီဝဲကာ အရာရာတွင် တိုင်ပင် နှီးနှော ပြောဟောလျက် နေကြရခြင်းသည်၎င်း၊ ထိုကျိုးကြောင်း သိမြင် ပညာရှင် သူတော်ကောင်းတို့ကိုသာ နှစ်သက်မြတ်နိုး ကြခြင်းသည်၎င်း၊ အကြား အမြင် ဗဟုသုတကို လွန်စွာ မြတ်နိုး လိုလားလျက် အကြား အမြင် များကြခြင်းသည်၎င်း၊ အမှန် တရား၌ မွေ့လျော်၍ အမှန် တရားကို လိုလားကြပြီးလျှင် အမှန်တရားရှိသူကို မြတ်နိုးကြခြင်းသည်၎င်း၊ ဖြစ်ကြရပါလိုကုန်၏။

ခက်ခဲ နက်နဲသော တရားကို ဟောပြောနိုင်ကြခြင်းသည်၎င်း၊ ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌ လောက ဓမ္မတာ အလျောက်

ဆင်းရဲ, ချမ်းသာ သဘာဝနှင့် အမြဲတန်း တွေ့ဆုံ ဖြစ်ပေါ်တတ်သော လာဘ, အလာဘ, ယသ, အယသ, သုခ, ဒုက္ခ, နိန္ဒ, ပသံသ ဟုဆိုအပ်သော လောကဓံ ရှစ်မျိုးတို့၌ ကောင်း, ဆိုး နှစ်စုံ တွေ့ကြုံရာတွင် နိမ့်, မြင့် မဘက် မတက်, မကြွ မယုတ်ကျသော စိတ်, ၊ဆိုး, ကောင်း မဖြုန် မတုန် မလှုပ် ချုပ်တည်းနိုင်သော စိတ်၊ ကဲ့ရဲ့, ချီးမွမ်း ရောပြွမ်း ပြင်းထန် သည်းခံနိုင်သောစိတ်, ရှိခြင်းသည်ရင်း၊ မှကောင်းမှု အကုသိုလ်များကို ပြုလုပ်ခြင်း များ၌ ရှက်ခြင်း, ကြောက်ရွံ့ခြင်း၊ မကောင်းမှုကို ပြုခြင်း၌ မပြုဝံ့ မလုပ်ဝံ့ တုန့်တို စိတ်တွေ့ အလို့လို့ ရှိခြင်း, ကိုယ်အကျင့် သီလကို ချစ်ခင် မြတ်နိုးခြင်း,၊ အကျင့်သိက္ခာ သုံးပါးကို လိုလားခြင်း, အသက်ပင် သေဆုံးအံ့သော အကြောင်းကြောင့်လည်း အကျင့် သီလကို တစွန်း တစမျှ မဖျက်ဆီးဘဲ လွန်ကဲ ကောင်းမွန် လုံခြုံစွာ စောင့်ထိန်းနိုင်ခြင်း၊ သူတော်ကောင်း ပညာရှိတို့ ပြောဆို ဆုံးမသမျှကို နာယူလွယ်ခြင်း၊ မှားသော အယူကို စွန့်လွှတ်လွယ်ခြင်း၊ အလုံးစုံသော အိမ်ထောင် ခမ်းနား သား, မယား, လင်၊ ခင်မင် အာရုံ ကာမဂုဏ်တို့၌ ဖုံဖုံ အာသာ တွယ်တာ ငြိကပ်ခြင်း ကင်းပြတ်လျက် လူ့ရပ် လူ့ဘုံ ဖြစ်ကြုံ သမျှ အလုံးစုံသော ဘဝတို့၌ ကိစ္စများစွာ ဃရာ စွဲနှောင် လူ၏ ဘောင်မှ ခွဲရှောင် စွန့်ကြဉ် တောသို့ ဝင်၍ ဈာန်ယဉ် ပျော်မွေ့ ရသေ့, ရဟန်း ပြုခြင်း၌ ညွတ်ကိုင်းသော စိတ်ရှိခြင်း များသည် ဖြစ်ကြရပါလိုကုန်၏။

ဖြစ်တိုင်း, ဖြစ်တိုင်းသော ဘဝ၌ တန်ခိုးကြီး ကျော်ကြား ထင်ရှားကြသော သိကြား, မာတလိ, ဂိသကြုံ, ဇဝန, နတ်သား, မိုးနတ်သား စသော နတ်အများတို့သည် ကျွန်ုပ်တို့ကို တယောက်

ထည်းသော သားကဲ့သို့ အခါခပ်သိမ်း ဘေးဒဏ် ရန်မှောက် မလာရောက်နိုင်အောင်, အမြဲ စောင့်ရှောက်ကြ ပါစေကုန်သ တည်း၊ကျွန်ုပ်တို့၏ စကားကို မမှား မသွေ အမြဲပင် လိုက်နာကြ ပါစေကုန်သတည်း၊ ကျွန်ုပ်တို့၏ အမှုကိစ္စ ဟူသမျှကို အမြဲမုချ ရွက်ဆောင်ကြပါစေကုန်သတည်း။

ကျွန်ုပ်တို့၏ ကုသိုလ် ကောင်းမှု အစုစု ရှိန်စော် အာနုဘော် ကြောင့် ချုပ်နှောင် ဘမ်းဆီး ဘေးကြီး ယိုကပ် ကျဥ်းမြောင်း ရာ အရပ်သို့ ဖြစ်လတ် မှေးပြန် ရှေးကံ အလျောက် ကျရောက် နေကြကုန်သော ဆွေမျိုး ဉာတကာ မိတ်သဟာ တော်,မတော် ကြသော သူတို့ကိုရင်း၊ မိမိကိုယ်ကိုရင်း၊ ထိုဘေးရန် အန္တရာယ် အသွယ်သွယ်သော ဒုက္ခ,တွယ်ကပ် ကျဥ်းကြပ်ရာ အရပ်မှ လျှင် မြန် ခဏ,လွယ်ကူသော လုလ္လ ဝီရိယဖြင့် ကယ်ဆယ်ကာ လွတ် မြောက်စေနိုင်ကြရပါလိုကုန်၏၊ သူတပါးတို့၏ သနား မဲ့,လျှင်း တရေး ကင်းကွာ အာဏာ ဖိလွှမ်း ညှင်းပန်း ညှန့်ချိုး လက်ရုံး ကိုး၍ စိုးမိုး ဖိနှိပ်ခြင်းမှ လွတ်ကင်းကြလျက် အာသဝ ကုန်ခမ်း နိဗ္ဗာန်နန်းသို့ အလှမ်း မကြာ ဝင်ရောက်ကြရပါလိုကုန်၏။

ဤကောင်းမှု ဤကုသိုလ်၏ အဘို့ဘာဂကို မြင့်မိုရ်တောင်ဦး မက ကျူးသည့် ကျေးဇူးတော်ရှင် မိခင်,ဘခင်တို့ကို အလျှင် ပဌမ အစထား၍ ဆရာသမား ဆွေမျိုး ဉာတကာ နတ်ဒေဝါ များနှင့်တကွ ငရဲ, တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ် အပါယ်ဘုံ သား သတ္တဝါများနှင့် လူ့ပြည်အုပ်ထ အစိုးရပြင်, ယမမင်းပါ မကျန် သုံးဆဲ့တစ်ဘုံ ကျင်လည်ကုန်သော အလုံးစုံသော သတ္တဝါတို့အား ရငြားပါစေ အမျှဝေ၏၊ထိုသုံးဆဲ့တစ်ဘုံ ကျင် လည်ကုန်သော အလုံးစုံသော သတ္တဝါတို့သည် ကျွန်ုပ်တို့နှင့်

ထပ်တူထပ်မျှ အမျှရ၍ သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ကြ ပြီးလျှင် ချမ်းသာ သုခ ရရှိကြပါစေကုန်သတည်း။

ကျွန်ုပ်တို့သည် နောင်အခါတွင် ဂတိ ယှဉ်းဖေါက် ငရဲသို့ သက်ဆင်း ကျရောက်ကြရကုန်သော်လည်း ငရဲ သေဌ်နင်း ယမ မင်းက-"သင်ကား, တရံရော အခါတွင် ဤမည်သော ကုသိုလ် ကောင်းမှု အဖြာဖြာကို ပြုစုခဲ့ဘူး၍ ငါတို့အားလည်း အဘို့ဘာဂ ဝေငှခဲ့ဘူးသည်။ မဟုတ်တုံလော" ဤသို့သော စကားကို ပြော ကြား မြွက်ဆိုလျက် အချက် ကျလတ် အမှတ် သတိ ရရှိအောင် ဖြစ်စေ လတ်ကာ ကောင်းရာ သုဂတိ လားဘို့ ဘဝ လမ်းပြ တိုက်တွန်း ခရီးညွှန်းပြသည် ဖြစ်ပါစေသတည်း။

နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီမြေကြီး သည်"ဤသူသည်ကား ရှေးအခါ သမယ အချိန်အခါကာလ,က ငါ၏ ထိပ်ထက်၌ ရေစက် ရေပေါက်ကို ကျရောက်စေကာ ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့ဘူး၏" ဟု ဤသို့သော စကားကို ပြောကြား မြွက်ဆိုတိသကဲ့သို့ ရေ, မြေ, ဆုံးသည့် တိုင်အောင် ယိမ်းယိုင် လှုပ်ငြား ယန္တရား ပုခက် အိုးထိမ်းစက်ကဲ့သို့ သွက်သွက် ခါဟည်း ပဲ့တင်တီးလျက် မည်ဟီး တုန်လှုပ်ကာ သက်သေ အရာ၌ တည်ပါစေသတည်း။ ။

# ကထိန်ကဗျာ သေတ္တာ

## ကထိန်ခင်းရန် သံဃာတော်များနှင့် လူပရိသတ်စုံလင်မိသောအခါ နတ်များကို ဖိတ်ကြားရန်။

သမန္တာ၊ ဝန်းကျင် ပတ်ချာ ရပ်ဒိသာမှ။ သမန္တာ၊ နေရှ, မေရှ, သုမေရု ဟု မြေတု ကြွင့်နန်း ပြာသာဒ် နန်း၏ တင့်ဆန်း တ ည်ရာဤစကြာဝဠာနှင့်တကွ နိုင်းဆ မမြင် ထက်ဝန်းကျင် ဖြစ်ရာ အရပ် မျက်နှာမှ။ စက္ကဝါဠေသု၊ သောင်း, သိန်း, ကုဋေ သချေ်, ချေတို့ဖြင့် တွက်ရေ ဆက်ကာ မပျက်ရာသော ကမ္ဘာ လောက သမိုက်, စကြာဝဠာတိုက်တို့၌။ ဝသန္တာ၊ ကိုယ်, စိတ် နှစ်ဖြာ ဆင်းရဲကွာလျက် ကြည်သာ ချမ်းမြ ပျော်ရွှင်စွာ နေ ထိုင်ကြကုန်သော။ ဝသန္တာ၊ ငါးကာမဂုဏ် များစွာ ခြုံသည့် ပွားအာရုံမွေ့ စုံအငွေ့ဖြင့် လှုံလေ့ ချမ်းသာ စံစားကာလျှင် ပျော်ရာ မသွေ ဘုံရဝေထက် တည်နေ စံပယ်ကာ နေထိုင်ကြ ကုန်သော။ ဒေဝတာ၊ ရောင်ဝါ တန်ခိုး ဘုံပျံ့စိုးသည့် နတ်မျိုး နတ်သင်း နတ်ခပင်းဟု နတ်မင်း နတ်ကောင်း နတ်အပေါင်းတို့ သည်။ အတြ၊ တနှစ်တွင် တလ, တလတွင် တရက်, တရက်တွင် တကြိမ်သာ ကထိန်လျှာဥတ် သင်္ကန်းမြတ်ကို ဆက်ကပ် ဆင်ယင် စိတ်ကြည်လင်လျက် သဘင်ပွဲကို နွဲရန် စိတ်ပြတ် ကျင်းပ,လတ် သည့် ဤအရပ်ဌာနသို့။ အတြဲ၊ ယခု ယနေ့ စိတ်ဇော အပြေ

(ပြည့်)ဖြင့် ချမ်းမြေ့ သိုက်မြိုက်(မည်သည့်မြို့၊ မည်သည့်အရပ်၊ မည်သည့်ရွာ) ဤကျောင်းတိုက်၌ သမိုက် ချိန်နှဲ့ သိမ့်သိမ့် ကဲလျက် စိန်ပုလဲဥ, ရှိန်တွဲ စုသော ကထိန်ပွဲ ပြုလတ် ဤအရပ်သို့။ အာဂစ္ဆန္တု၊ စိတ်, စေတနာ ရွှင်လန်းစွာဖြင့် ညီညာ ဖျဖျ လာရောက်ကြပါ ကုန်လော။ အာဂစ္ဆန္တု၊ ကမ္ဗလာ သနင် ကြာပလ္လင်ဝယ် ညှာသဇင်ညြှာက်,ဆန်း သရေလျှံ နန်းဝေယံမှ သန်း ခြွေရုံ အထောက်ထောက်နှင့် လာရောက်ကြပါကုန်လော့။

ဣမ သာသနေ၊ ခြောက်ထွေ ဘုန်းရောင် ထိန်ထိန် ပြောင်သည့် အခေါင် ထွဋ်ထား ငါတို့ဆရာ ရှင်တော်မြတ်ဘုရားကြီး၏ သုံးပါး သိက္ခာ ဤသာသနာတော်မြတ်ကြီး၌။ ဣမသာသနေ၊ နေ, အထောင် လ, အဋထောင်, ထွန်းလင်း ဆောင်သို့ အမှောင် မသန်း အရောင် လျှမ်းလျက် ပြောင်လန်း ထိန်ညီး ဤသာသနာတော်မြတ်ကြီး၌။ ဣမ သာသနေ၊ သကျသီဟ သာကီယဟု စာမိကရ ဝဏ္ဏော ရှင်စော ပသဋ္ဌ ဂေါတမ၏ ဩရသ ရင်နှစ် သားတော် ချစ်တို့ ကျင့်ရစ်ဖရာ ခွင့်ဖြစ်လာပြီး ဤသာသနာတော် မြတ်ကြီး၌။ ဝသန္တာ၊ စိတ်, စေတနာ ထက်သန်စွာဖြင့် သဒ္ဓါ ပြည့်လျှင်း ရုံကြည် မြတ်နိုးခြင်းဖြင့် မှိုတင်း ညွှတ်ခ ကျင့်ကြံ နေထိုင်ကြကုန်သော။ ဝသန္တာ၊ ကိုယ်, စိတ် မနသိ ဟိတ်ဝသီဖြင့် အညီ မကွာ မြတ်သာသနာကို မခြာ မလတ် သဒ္ဓါ ထပ်၍ ကြည့်ရှု စောင့်ကြပ်ကာ နေထိုင်ကြကုန်သော။ ဣဒ္ဓိမန္တော၊ လွန်ကဲ ထူးခြား ကြီးကျယ် ခမ်းနားသော တန်းခိုး ရှိကြကုန်သော။ ဣဒ္ဓိမန္တော၊ စုံငြိတ် တရှိ ပုညိဒ္ဓိဖြင့် ဂုဏ်သိဒ္ဓိ ကျိုး အမျိုးမျိုးကို အုပ်စိုး ပြည့်စုံကြကုန်သော။ ယေ ဒေဝါစ၊ သုံးဘုံ ထွဋ်ထား ဘုန်းသမ္ဘာ ကြီးမားသည့် ဘုရားမြတ်

စွာ စိန္တေယျာ၏ သာသနာတော်မြတ် ထွန်းကား စည်ပင်လတ် အောင် မပြတ် တမင် စိတ်ဇောဝင်လျက် အစဉ် စောင့်ကြပ်ကာ နေထိုင်ကြကုန်သော အကြင် နတ်ကောင်း၊ နတ်မြတ်အပေါင်း တို့သည်လည်း။ သန္တိ၊ တင်ရှား မသွေ တည်ရှိနေကြပေကုန်၏။ တေပိ ဒေဝါစ၊ တန်ခိုး ကြီးလတ် သာသနာတော်မြတ်ကို မပြတ် စောင့်ကြပ်ကာ နေထိုင်ကြကုန်သော ထိုသမ္မာဒေဝ နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့သည်လည်း။ အမှေ၊ ယနေ့ ယခု ညီညာစုလျက် ခင်းပြုဆင်နွှဲ ဤကထိန်ပွဲ၌ စွဲမြဲ သဒ္ဒါ ကြည်လင် စွာဖြင့် လှူဒါန်း ပူဇော်ကာ နေကြသူပေါင်း သူတော်ကောင်း ဖြစ်ကြကုန်သော အကျွန်ုပ်တို့ကို။အရောဂေနစ၊ ရောဂါခပ်သိမ်း လျောကာ တိမ်းလျက် ကင်းငြိမ်း ပျောက်စဲစေသဖြင့်၎င်း။ အရောဂေနစ၊ အပါယ်, ကပ်စစ် ရပ်ပြစ်ဒဏ္ဍာ သောဠသဉပဒ်, နှစ်ဆယ့်ငါးရပ်သော ဘေးအဖွဲ့, သုံးဆဲ့နှစ်ပါးသော ကံကြမ္မာ များနှင့်တကွ အနာအမျိုး ကိုးဆဲ့ခြောက်ပါး,ကိုးဆဲ့ရှစ်ပါး, ကိုးဆဲ့ကိုးပါး, တရာဆင့်ပွား, ကင်ဆာရောဂါ, ပလိပ်ကပ်ပါ တရာ့ထက်, များပြား, မျိုးခြားရောဂါ အဖြာဖြာတို့ ကင်းကွာ တစိ မရှိစေသဖြင့်၎င်း။သုခေနစ၊ ကာယ, ဝစီ, မနသီ သုံးဆင့် အားလုံး တင့်လျက် အခွင့် သာယာ ကြမ္မာ ထွေထွေ ချမ်းသာ စေသဖြင့်၎င်း။ (သဗ္ဗဒါ၊ နေ့ရော,ညဉ့်ပါ ဘယ်ခါ မပြတ် အခါခပ်သိမ်း)။ အနု ရက္ခန္တု၊ အစဉ် မကွာ မပြတ်သာလျှင် ကြည်သာ ရှင်ပျ စိတ်ဇော ထက်သန်လှစွာဖြင့် စောင့်ရှောက် ကြပါစေကုန်သတည်း။အနု ရက္ခန္တု၊ ယခုတရှိ သမုတိမှ စုတိ စဝန ဝိယောဂ ဟု မရဏ ကမ်းဆိုင် သက်တန်း ပိုင်အောင်

စွမ်းနိုင် ခပဲ့ ဘေးရန်လွှဲ၍ အမြဲပင် စောင့်ရှောက်ကြပါစေကုန် သတည်း။ ။

**ကထိန် ပဏာမ။**

မောဟာ မှောင်တွင်း၊ သက်ဆင်း ဝေနေ။
မာရ်အောင် နေမင်း၊ ဖျက်ခွင်း လင်းပေ။
ရောင်ခြည် ဓမ္မ၊ တောက်ပ ထိန်ဝေ။
ကျွန်ုပ် အား၊ သနား စောင့် ပါစေ။ ။

**တကာမျှားကဲ လျှောက်ထားရန်။**

(က)။ ။ဗုဒ္ဓ ဓမ္မ၊ သံဃာ့ ဂုဏော။
အာစရိယ၊ မိဘ တထွေ။
ဂုဏ်ရှယ် ကြီးရင့်၊ ကြီးမြင့် သူပေ။
ဂုဏ် အလိုက်၊ ဦးတိုက် လွန် ရိုသေ။

( ခ)။ ။ဗုဒ္ဓ ဓမ္မ၊ နန္တ ငါးအင်။
သက်ကြီး ဂုဏ်ကြီး၊ ထေရ်ကြီး အရှင်။
ဂုဏ်တော် အများ၊ ထိပ်ဖျား ခေါင်တင်။
ဆယ် လက်ချောင်း၊သွယ်ခပြောင်း ပဏာဆင်။

( ဂ)။ ။မြတ်စွာ ဘုရား၊ တရား သံဃာ။
ရတနာ သုံး၊ ညွတ်ရှိုး ကြည်စွာ။
ဦးတင် ငုံ့ လျှိုး၊ ရှိခိုး ပန်ထွာ။
ကထိန် ကြောင်း၊ ဖွင့်လှောင်း ၍ ကဗျာ။

(ဃ)။ ။ငါးဆူ ဗုဒ္ဓ၊ ပွင့်ကြ လေရာ။
လွန်စွာ မြတ်လှ၊ ဘဒ္ဒ ကမ္ဘာ။
တည်လာ ပေါ်ထွန်း၊ မော်ကွန်း သညာ။
ဗြဟ္မာ နတ်၊ မိန့်မှတ် ရှေးဦးစွာ။

(င)။ ။ကမ္ဘာ ဘဒ္ဒ၊ မြတ်လှ သည့်မှာ။
တေဇာ ပြောင်ထွန်း၊ တောင်ကျွန်း လက်ျာ။
အောင် ဇမ္ဗူဒိပ်၊ နိမိတ် ပေါ်လာ။
သပြေ ကျွန်း၊ ဝေရွှန်း၊ ဂုဏ် တေဇာ။
(စ)။ ။တေဇာ ထွန်းတင့်၊ ကျွန်းမြင့် ဗွေချာ။
ပြည် မြန်မာ တိုင်း၊ သမိုင်း ဝင်စွာ။
ကမ္ဘာ့ ထလွှား၊ ထင်ရှား ကျော်ကာ။
ဂုဏ် တန်ခိုး၊ မညှိုး၊ ဝေဆ ဆာ။
(ဆ)။ ။ဝေဆာ ပျံ့လှိုင်း၊ မြန်တိုင်း ပြည်တွင်။
သညာ ပေါ်ထွန်း၊ မော်ကွန်း အစဉ်။
(ဥက္ကလာပ)၊ (ထွန်းပ ဘုရင်)။
တေဇာ ဘုန်း၊ တိုင်းလုံး၊ ကျော်ပြန့် ထင်။
(ဇ)။ ။(ဥက္ကလာ တိုင်း)၊ သမိုင်း ထင်စွာ။
(ဆံတော်မွေတော်၊ ကိန်းဝပ် စံရာ)။
(ရန်ကုန်) ရွှေမြို့၊ မချို့ သညာ။
မြန်ပြည် တိုင်း၊ ပျံ့လှိုင်း၊ ဂုဏ် တေဇာ။
(ဈ)။ ။ထိုထို ရန်ဘေး၊ ကင်းဝေး လုံခြုံ။
တေဇာ ထွန်းတင့်၊ ကျွန်းမြင့် (ဒဂုံ)။
ရှင့်လူ အပေါင်း၊ စုပေါင်း ခိုလှုံ။
ဝတိန် ခန်း၊ နတ်နန်း၊ ပမာပုံ။
(ည)။ ။ဝတိန် နန်းမျှ၊ ဆန်းလှ စုံစွာ။
(ရန်ကုန် မြို့တွင်း)၊ ပျံ့သင်း ကြေညာ။
(မင်းမနိုင် ရပ်)၊ ကောင်းမြတ် သာယာ။
သူတော် ကောင်း၊ ကိန်းအောင်း၊ ပျော်မွေ့ရာ။

(၃)။ ။ကိန်းပျော် နေပြား၊ အများ သူငါ။
ကုသိုလ် ကောင်းမှု၊ ပေါင်းစု ညီညာ။
ယုံကြည် မြတ်နိုး၊ အကျိုး မျှော်ကာ။
ရည်ရွယ် မှန်း၊ ပြည်နန်း နိဗ္ဗုတာ။
(၄)။ ။တောင်းဆု ရည်မှန်း၊ ပြည်နန်း ခေမာ။
ညီညာ မိတ်များ၊ စိတ်အား ထက်စွာ။
သူတော် ကျင့်ထုံး၊ နှလုံး ယူကာ။
ကထိန်ပွဲ၊ ဆင်နွှဲ၍ အခါ။
(၅)။ ။ကထိန် သင်္ကန်း၊ လှူဒါန်း ပူဇော်။
ရပ်ရွာ ကောင်းမှုပေါင်းစု သနော်။
ကပွဲ့ရှင်ပွဲ၊ ဆင်နွှဲ ပျော်ပျော်။
မိတ် အပေါင်း၊ စိတ်ကောင်းသဒ္ဓါပေါ်။
(၆)။ ။သဒ္ဓါ စိတ်ထား၊ တက်ပွား ကြည်လင်။
စေတနာ မိုးသီး၊ ရွာဖြိုး အစဉ်။
အာရုံ ရည်မှန်း၊ ပြည်နန်း အောင်ခွင်။
ရောက် စေကြောင်း၊အပေါင်း ဆု ပန်ဆင်။
(ဝိနည်းဝိုရ်များအား တောင်းပန်လွှာ)
(၇)။ ။ရှင်လူ အများ၊ မှတ်သား စရာ။
တပည့်တော်များ၊ လျှောက်ထား ဝံ့ပါ။
ကထိန်နှင့် စပ်၊ စေ့စပ် ဖွေရှာ။
များ တပည့်၊ ကြားသိ စေဘိုရာ။
(၈)။ ။ကြောင်းကျိုး စုံလှ၊ ပြည့်ဝ ဖန်ဖန်။
ကထိန် အကြောင်း၊ စုပေါင်း မကျန်။
မှတ်သား မှုတွက်၊ မပျက် အမှန်။

ရှင် နှစ်ပါး၊ မိန့်ကြား,စေကာ။

(ထ)။ ။ယခုက, စ၊ မိန့်ပါ ဘုရား။
ကထိန် အာနိ၊ ပါဠိ, အလာ။
ညီညာ တွေးရှု၊ မေးပြု, ဖြေကာ။
သူတော် ပေါင်း၊ ကောင်းကောင်း,နာချင်ပါ။

(ဒ)။ ။ရှင်,လူ အများ၊ သနား ညာတာ။
စေတနာ တရား၊ ရှေ့ထား ရှိသာ။
မေး,ဖြေတို့ ကြောင်း၊ ဦးခေါင်း ငုံကာ။
တပည့် များ၊ ညွတ်တွား, တောင်းပန်ပါ။

# ကထိန် အမေး- အဖြေ

ဝိနည်းဓိုရ် အသျှင် နှစ်ပါး အမေး, အဖြေ။

(၁)....မေး။ ။ရှိခိုး ညွတ်တွား၊ လျှောက်ထား လေရာ။
ဝိနည်း အတိုင်း၊ မဆိုင်း တခါ။
မသိသူ များ၊ မှတ်သား စေငှါ။
လာ ဝိနည်း၊ မငြီး,မေး,ဖြေမှာ?။

(၂).... ဖြေ။ ။မေးမေး သမျှ၊ တွေးဆ ဖြေမှာ။
သိလို ရေးတွက်၊လျှောက်ချက် အလာ။
ကျကျ နန၊ မှတ်ကြ လေပါ။
ရွှမ်း ပီတိ၊ဆီထိ,ဂွမ်း ပမာ။

(၃)...မေး။ ။မေးမေး သမျှ၊ မြွက်ဟ ဖြေပါ။
ဉာဏ်ဆီ ဉာဏ်နှစ်၊ထုပ်ညှစ် ရှိသာ။

ကထိန် ခင်းနည်း၊ ဝိနည်း ကံလာ။
ဘယ်လို ရှိ၊ ပါဠိ ဌကထာ။? ။

(၄)....ဖြေ။ ။ကျမ်းဂန် ကူးခပ်၊ ရှင်မြတ် က, သာ။
မေးဆို သမျှ၊ တိကျ ဖြေမှာ။
တရား ဖေါ်လှစ်၊ စိစစ်၍ သာ။
အာဂုမ် တန်း၊ စုံသမ်း, မေး ပုစ္ဆာ။ ။

(၅)....မေး။ ။ကထိန် ဟူဘိ၊ ရုဋ္ဌိ သညာ။
သို့တည်း မဟုတ်၊ ဗျုပ္ပတ်, နွတ္ထာ။
အမည် ရမှု၊ တခုကို သာ။
သတိ ပြု၊ ကြည့်ရှု, ဖြေစမ်း ပါ။ ။

(၆)....ဖြေ။ ။ပုဒ် ကထိန၊ ထိရ နက်တွင်။
မြဲမြံ ခန့်ခိုင်၊ ကျောက်တိုင် အသွင်။
သစ်ပင် ကြီးလား၊ ကြီးပွား စည်ပင်။
သူတော် ငြိမ်း၊ ချီးမွမ်း, ကထိန်ပင်။ ။

(၇)....မေး။ ။ဘုရား ပညတ်၊ သတ်မှတ် သေချာ။
ကထိန်နှင့် စပ်၊ ဘယ်ရပ် ဌာနာ။
မဇ္ဈိမ တိုက်၊ တဝိုက် အပါ။
ခုနှစ်တိုင်း၊ စံနှုင်း, ဖြေပြပါ။ ။

(၈)....ဖြေ။ ။ဇေတဝန် ကျောင်း၊ကိန်းအောင်း မွေ့လျော်။
သာဝတ္ထိ မှီး၊ ပြည်ကြီး အပေါ်။
မဇ္ဈိမ တိုက်၊ တဝိုက် အကျော်။
စေဘုန်း မြတ်၊ ပညတ်, ဝိနည်းတော်။ ။

(၉)....မေး။ ။ပြည် သာဝတ္ထိ၊ မှီ မြတ်စွာ။
ဇေတဝန် ကျောင်း၊ ကိန်းအောင်း စဉ်မှာ။

ဘယ် မထေရ်ပေါင်း၊ အကြောင်း ပြုကာ။
ခွင့်ပြုကြောင်း၊ ထပ်ခလောင်း, ဖြေစမ်းပါ။ ။
(၁၀)....ဖြေ။ ။ပါဝေယျက၊ ရဋ္ဌ ဝါသီ။
ကောသလ မင်း၊မယှဉ်း နောင်,ညီ။
မူတင် တေရည်၊ မပြတ် ဆောက်တည်။
ထိုသုံးကျိပ်၊ တွင်ဟိတ်, ပညတ်သည်။ ။
(၁၁)... မေး။ ။ပါဝေယျက၊ ရဋ္ဌ ဝါသီ၊
နောင်,ညီ တော်စပ်၊ ဘဒ္ဒဝဂ္ဂီ။
ထိုအသျှင် စု၊ ခွင့်ပြု မှန်ပြီ။
ဘယ် အတွက်၊ နှုပ်မြွက်, ဖြေစမ်း ထေရ်။ ။
(၁၂)....ဖြေ။ ။ပါဝါ မြို့မှ၊ မြန်းကြွ အလာ။
ပြည် သာဝတ္ထိ၊ တည်ရှိ မြတ်စွာ။
ခရီး မိုးဖျက်၊ ညွှန်ဗွက် ပေရှာ။
သို့အတွက်၊ မိန့်မြွက်, ခွင့်ပြုပါ။ ။
(၁၃)....မေး။ ။ကထိန် ခင်းအပ်၊ အဘတ် သချာ။
ခါ သမယ၊ မှတ်ကြ စရာ။
ဘယ်ခေတ် ကာလ၊ ခင်းရ မည်မှာ။
တိ အကျ၊ သိက, ဖြေစမ်းပါ။ ။
(၁၄)....ဖြေ။ ။သီတင်းကျွတ် ထွက်၊ တရက် ကျော်လာ။
တန်းဆောင်မုန်း လ၊ ပုဏ္ဏ ပြည့်မှာ။
ဤကာလ တွင်း၊ ခပင်း များစွာ၊
မြတ် ကာလ၊ မှတ်ကြ, သေ့ မကွာ။ ။
(၁၅)....မေး။ ။အဘယ် မျှလောက်၊ ဖြိုးမောက် ဂုဏ်ရည်။
အင်္ဂါ များနှင့်၊ သင့်တင့် စုံညီ။

ပုဂ္ဂိုလ် ထေရ်မြတ်၊ ခင်းအပ် ပေသည်။
အကွက် ကျ၊ မြွက်ဟ, ရွေဝစီ။ ။

(၁၆)....ဖြေ။ ။ပရိဝါ ပါဠ်၊ ကျမ်းမြတ် တွင်လာ။
အင်္ဂါ ရှစ်ပါး၊ ပြည့်ငြား မှသာ။
ထိုအရှင် မြတ်၊ ခင်းအပ် လေရာ။
သဘောကျ၊ သောတ, နားဆင်ပါ။ ။

(၁၇)....မေး။ ။အင်္ဂါ ရှစ်ဝ၊ ရှိကြ မှန်ပြီ။
ဘယ်လို ရှစ်မျိုး၊ ရှိရိုး ဖြစ်သည်။
သရုပ် ရေတွက်၊ ရှစ်ချက် အညီ။
အကျဉ်းမျှ၊ ရှင်းပြ စေချင်သည်။ ။

(၁၈)....ဖြေ။ ။ရှေးဦး ပြုလုပ်၊ ပစ္စုဒ္ဒ်, မိဋ္ဌာ၊
ခင်းရန်, မာတိ၊ လာရှိ ကြောင့်ကြာ။
ဥဒ္ဓါရ, ရှိ၊ အာနိ သံသာ။
ရှစ်ဖြာ သိ၊ ခင်းဘိ, ကထိန်သာ။ ။

(၁၉)....မေး။ ။ကထိန် မူလ၊ ရှင်းပြ, ထေရ်သျှင်။
ဘယ်ဟာ မူလ၊ ယူဆ ဘို့ထင်။
ပါဠိ ရှိတိုင်း၊ ညှိနှိုင်း ဆင်ခြင်။
သတိ ထား၊ မမှား, ဖြေစေချင်။ ။

(၂၀)....ဖြေ။ ။ကထိန် မူလ၊ သိကြ စေရာ။
သံဃာတော် မြတ်၊ တတ်အပ် သေချာ။
ကထိန် ခင်းခြင်း၊ ကြောင်းရင်း သံဃာ။
ဤ အချက်၊ မပျက်, မှတ်သေပါ။ ။

(၂၁)....မေး။ ။ဒုက္ကဋ် အစ၊ နဝ စီရာ။
ကထိန် သက်န်း၊ တင့်လန်း သေချာ။

ကိုးထည် ပေါင်းစု၊ မည်မှု ဘယ်ရှာ။
တခု,ခု၊ ညွှန်းပြု, ပြလေပါ။ ။
(၂၂)....ဖြေ။ ။ကိုးမျိုး သင်္ကန်း၊ ပွင့်လန်း ဝေဖြိုင်။
ဒုကုဋ်,ကိုယ်ဝတ်,၊ မည်လတ် သင်းပိုင်။
ဤ သုံးထည်ကား၊ ပေးငြား ခွင့်ပိုင်။
ကထိန် စု၊ ဝတ္ထု, မည်တော့နိုင်။ ။
(၂၃)....မေး။ ။ကထိန်၏၊ ဘူမိ ခေါ်တုံ၊
ကြောင်းရင်း ကောင်းခြင်း၊ ပေါင်းသွင်း အစုံ။
ဝတ်ထည် အပြား၊ ကွဲငြား ဖုံဖုံ။
နှုတ် ချေဟ၊ မိန့်ပ, ပြည့်ကုံလုံ။ ။
(၂၄)....ဖြေ။ ။ခေါမ လျှော်မျိုး၊ ချည်,ပိုး, ဘင်္ဂ။
သက္ကလတ်, ထည်၊ လျှော်ချည် ပိုက်ဆံ။
ဇာတိ ဘေဒ၊ ကွဲရ ခြောက်တန်။
မှတ်ယူ ဘိ၊ ဘူမိ, ကထိန်ကံ။ ။
(၂၅)...မေး။ ။ကထိန် ခင်းခြင်း၊ မယွင်း သေချာ။
အာဒိ, မဇ္ဈ၊ တဝ အန္တာ။
ဘယ်ဟာ အစ၊ ဘယ်က မဇ္ဈာ။
ဘယ် အဆုံး၊ ယူထုံး, ဖြေစမ်းပါ။ ။
(၂၆)...ဖြေ။ ။လျှော်ခြင်း ကစ၊ ပုဗ္ဗ ကရဏာ။
အစ, မည်ရ၊ သတ္တ ဘေဒါ။
ပစ္စုဒ္ဓါရ၊ မဇ္ဈ, ဓိဋ္ဌာ။
နှုပ်မြွက် ခင်း၊ ခေါ်ခြင်း, ဆုံး အန္တာ။ ။
(၂၇)....မေး။ ။ကထိန် အတွက်၊ ပေါ်ထွက် ဂုဏ်အင်။
အာနိသံသ၊ ငါးဝ အစဉ်။

ဘယ် အသျှင်ကား၊ ခံစား ထိုက်အင်။
ထင် အလင်း၊ ရှင်းရှင်း, ဖြေစေချင်။ ။
(၂၈)....ဖြေ။ ။သိမဋ္ဌကာ၊ တည်ထ ဇော။
ဝမ်းမြောက် ဘွင့်ထူး၊ရင့်ကြူး သံသာ။
သူတပါး အား၊ ပြောကြား သူပါ။
ဤ သုံးပါး၊ ခံစား, အာနိသာ။ ။
(၂၉)...မေး။ ။ကထိန် အကျိုး၊ ပြည့်ဖြိုး စုံလင်။
ရဟန်း မည်မျှ၊ သုံးရ လေအင်။
မချန် မခြွင်း၊ မယွင်း မှန်ပင်။
နှုတ်မြွက် ကြား၊ မမှား,ဖြေစေချင်။ ။
(၃၀)....ဖြေ။ ။အယုတ် ဆုံးထား၊ ငါးပါး စ,ဆောင်။
ထို့ထက် ပေါများ၊ အပါး ရာ,ထောင်။
ကထိန် ခင်းလိုက်၊ ရထိုက် စုံအောင်။
တိ အကျ၊ သိကြ, ပဏ္ဍိတ် ခေါင်။ ။
(၃၁)....မေး။ ။ဘယ်လို ဘိက္ခု၊ ကြည့်ရှု မှန်စွာ။
ကထိန် ခင်းလိုက်၊ ရထိုက် ဖသချာ။
ကျမ်းဂန်ကို ကြည့်၊ သတိ ထားကာ။
ကဝိမြတ်၊ တတ်အပ်,ဖြေစမ်းပါ။ ။
(၃၂)....ဖြေ။ ။ပုဏ္ဏမိန် စန်း၊ ထိန်လျှမ်း ယှဉ်ခို။
ကျော် တရက်နေ့၊ ဓလေ့ ဝါဆို။
ပဝါရဏာ ပွဲ၊ ဆင်နွဲ ထိုထို။
ကထိန့်၊ ထိုက်လှ,ဤ ပုဂ္ဂိုလ်။ ။
(၃၃)....မေး။ ။ဝါဆို ရှေးဦး၊ မြွထူး ပဝါ။
ကထိန် ခံထိုက်၊ မှန်လိုက် လေစွာ။

ဘယ်သူ လှူဒါန်း၊ သက်န်းဖြင့် သာ။
ခင်းထိုက်ကြောင်း၊ထပ်လောင်း၊ဖြေဆိုပါ။
(၃၄) ....ဖြေ။ ။သိကြား၊ နတ်ကောင်း၊ စုပေါင်း၊ ဖြဟ္မာ။
ဘိက္ခူ၊ အစ၊ သဟ ပဥ္စာ။
တစုံ တဦး၊ ရှင်မြူး သဒ္ဓါ။
လှူပါ က၊ ခင်းရ၊ ကထိန်မှာ။ ။
(၃၅)....မေး။ ။အမှတ် မရှိ၊ လှူသည့် စီဝရာ။
ခင်းထိုက် ပါကြောင်း၊ အပေါင်း သိကာ။
ဘယ်သို့ နှုတ်ထွက်၊ ဆိုမြွက် ရမှာ။
လှူပုံ နည်း၊ အပြီး၊ပြလေပါ?။ ။
(၃၆) ....ဖြေ။ ။ကထိန် လျှာမှန်း၊ သင်္ကန်း ဤဟာ။
သံဃာ များအား၊ ဝတ်တွား လှူပါ။
ဤသို့ နှုတ်ထွက်၊ ဆိုမြွက်၍ သာ။
လှူဒါန်း က၊ မြောက်လှ၊ ကထိနာ။ ။
(၃၇)....မေး။ ။ဤနည်း စုံမြတ်၊ သိမှတ် ပါပြီ။
ဘယ် ပုဂ္ဂိုလ်က၊ ခင်းရ လေသည်။
ကျမ်းဂန် ပါဠိ၊ လာရှိ အညီ။
မိန့်ဆို ထွက်၊ ဖြေမြွက်၊ နှုတ်ဝစီ?။ ။
(၃၈) ....ဖြေ။ ။သံဃာ အများ၊ ပေးငြား မထေရ်။
ထိုသည့် ရဟန်း၊ တင့်လန်း ဝေစီ။
သင်္ကန်း မြတ်နှင့်၊ ခင်းသင့် ပေသည်။
ကျမ်း လာတိုင်း၊ မဆိုင်း၊ ဖြေလိုက်ပြီ။ ။
(၃၉)....မေး။ ။သံဃာ အများ၊ စိတ်ထား ညီညီ။
ဘယ် ရဟန်းမြတ်၊ ပေးအပ် လေသည်။

ရှင်စော ဗုဒ္ဓ၊ မိန့်ဟာ နှုတ်ရည်။
ဟုတ်မှန် တိုင်း၊ မဆိုင်း,ဖြေစမ်း ထေရ်?။ ။
(၄၀) ....ဖြေ။ ။သင်္ကန်း ရှားပါး၊ ဆိုးရွား နွမ်းနယ်။
ထိုသည့် ရဟန်း၊ ရည်မှန်းကာ ရွယ်။
သံဃာ အများ၊ ပေးငြား သွယ်သွယ်။
စော ဗုဒ္ဓ၊ မိန့်ဟာ,ချွေခဲ့တယ်။ ။
(၄၁)....မေး။ • ။သိမ္ဗဿကာ၊ သံဃ ညီညာ။
မည်သည့် ရဟန်း၊ သင်္ကန်း နွမ်းရှာ။
ရှာဘွေ ကြည့်ရှု၊ စေ့ငု သေချာ။
ဘယ် ရဟန်း၊ ညွှန်စမ်း,မှန် မကွာ?။ ။
(၄၂) ....ဖြေ။ ။အတိတ် ဘဝ၊ ဒါန ခြယ်လယ်။
ပါရမီ ထူး၊ ဆည်းပူး သွယ်သွယ်။
သင်္ကန်း, တင့်လှမ်း,၊ ဆင်မြန်း,ပြည့်ကြွယ်။
သင်္ကန်း ရှား၊ တပါး,မတွေ့တယ်။ ။
(၄၃)....မေး။ ။ရှေးက ပူညာ၊ ထူးကြ သည်အင်။
သင်္ကန်း ပေါများ၊ ရှိငြား ထေရ်ရှင်။
ထိုသို့ ဖြစ်ကာ၊ လုစ်ဟာ စေချင်။
ဘယ် သူအား၊ ပေးငြား,အပ်မည်ပင်?။ ။
(၄၄) ....ဖြေ။ ။အဋ္ဌ ကထာ့၊ မိန့်ပြ သည်မှာ။
သိမ္ဗဿကာ၊ သမှ ညီညာ။
သိက္ခာ ဝုစ္စ၊ ကြီးကြ သူသာ။
ပေးအပ် ငြား၊ မှတ်သား, သေ အချာ။ ။
(၄၅)....မေး။ ။သိမ္ဗဿကာ၊ ဆောက်ကြ သည်ခါ။
ဘယ် မထေရ်အား၊ အများ သညာ။

မထေရ်ကြီး ဟု၊ မှတ်ပြု ဘို့ရာ။
သေချာ ရှင်း၊ ထင်လင်းမိန့်စမ်းပါ?။ ။
(၄၆) ....ဖြေ။ ။စွယ်စုံ ဂုဏ်မြောက်၊ မုန်သောက် မာတင်။
ကဝိ ခေါင်ထွဋ်၊ ထေရ်မြတ် အသျှင်။
(မဉ္ဇူ သိပ္ပံ)၊ အစ, တည်ထွင်။
ထေရ် ဘုရား အများ,ထိပ် ခေါင်တင်။ ။
(၄၇)....မေး။ ။ထိုမထေရ် မြတ်၊ ခင်းအပ် ဖလလျှင်။
အင်္ဂါ ရှစ်ပါး၊ စုံလား အသျှင်။
အင်္ဂါ ရှစ်တည့်၊ မပြည့် ဝလျှင်။
ကထိန် ခင်း အလျှင်း, မထိုက်ပင်?။ ။
(၄၈) ....ဖြေ။ ။သုံးဆူ ပိဋကတ်၊ တရပ် မကျန်။
ဖန်ဖန် မွေ့နှောက်၊ ထွင်းဖေါက် ပြန်လှန်။
လောကုတ်, လောကီ၊ ကဝိ အမှန်။
ဆုံး, အစ၊ လုံးဝ,ပြည့်စုံပြန်။ ။
(၄၉)....မေး။ ။ချုပ်,ဖြတ်, အစ၊ ပုဒ္ဓ ကရဏာ။
ရသည့် နေ့တွင်း၊ မယွင်းပြီးမှာ။
ဤသည့် ထေရ်မြတ်၊ ဿကာတ် ဂုဏ်ဟာ။
စွမ်းနိုင် ကြောင်း၊ ထပ်လောင်း,ဖြေဆိုပါ?။ ။
(၅၀) ... ဖြေ။ ။ဖြတ်,ချုပ်, ဆိုး,မှု၊ ဗဟု ကိစ္စာ။
အစ, ခပ်သိမ်း၊ ပြီးငြိမ်း ခဲ့ရာ။
သို့အတွက် ကြောင့်၊ မနှောင့် ဗျာပါ။
ပူပန် ခြင်း၊ မယွင်း, ပယ်လေပါ။ ။
(၅၁)....မေး။ ။ချုပ်နည်း, ဆိုးနည်း၊ မပြီးစီးသော်။
ထေရ, နဝ,၊ မဇ္ဈ, သုံးဘော်။

ထောက်ပံ့ အကြောင်း၊သျှင်ကောင်းကို မျှော်။
တိ့အလင်း၊ ရှင်းလင်း, ပြစမ်းနော်။ ။
(၅၂) ....ဖြေ။ ။ငါကား ဂဏ၊ ဝါစက သာ,း
ငါကား သုဘ၊ ဓရ မဟာ,။
ငါကား ထေရ်ကြီး၊ ဝါကြီး ဆရာ။
ငြင်းဆို ပြု၊ နေမှု, မသင့်ပါ။ ။
(၅၃)...မေး။ ။ကထိန် မည်မှတ်၊ တိ့ဥက္ကဋ္ဌ နော်း
အမိ သော်မှ၊ တော င်းရ မတော်။
ဤဥတ် သင်္ကန်း၊ တင့်လန်း သင့်လျှော်။
ဟုတ်ရဲ့ လား၊ မမှား, ဖြေစေသော်။ ။
(၅၄) ....ဖြေ။ ၊ဩဘာ, နိမိတ်,၊ အရိပ်, မှုဟန်,။
လုံးဝ ကင်းရှင်း၊ ထင်လင်း ဝလျှံ။
ကောင်းကင် နန်းမှ၊ မြန်းကြွ လေဟန်။
သင်္ကန်း သစ်၊ အပြစ်, ကင်း စင်ပြန်။ ။
(၅၅)...မေး။ ။ယက်ကန်း စက်မှ၊ တိကျ, ယူသော်။
ကော် အထပ်ထပ် လိမ်းကပ် မလျှော်။
ခက်မာ ကြမ်းတမ်း၊ ညစ်နွမ်း မတော်။
ဤ အဝတ်၊ ကင်းလွတ်,ရဲ့လား နော်။ ။
(၅၆) ....ဖြေ။ ။လျှော်တေ သင်္ကန်း၊ စစ်တန်း ထုတ်ကာ။
သင်္ကန်း မျိုးစား၊ တိုးပွား ဝေဖြာ။
ပြစ်ကင်း ကောင်းမြတ်၊ တတ်အပ် သေချာ။
ကထိန၊ သင့်လှ, တော့သည်သာ။ ။
(၅၇)....မေး။ ။ပဋ္ဌ, သတ္တ,၊ ခဏ်းဝ စုံသင်။
အနား လေးဘက်၊ဖြည့်စွက် ထပ်တင်။

ကထိန် သင်္ကန်း၊ တင့်လန်း ဂုဏ်အင်။
မှန်ရဲ့လား?၊ မမှား ဖြေစေချင်။ ။

(၅၀)....ဖြေ။ ။ပြုဘွယ် ကိစ္စ၊ လုံးဝ ပြည့်စုံ။
မကျန် မကြွင်း၊ ခပင်း ဥဿုံ။
ကထိန် ဂုဏ၊ ပြည့်ဝ ကုံလုံ။
ဤ သင်္ကန်း၊ ကြိုင်လျှမ်း ကမ္ဘာတုန်။ ။

(၅၉)....မေး။ ။ဆရာ ကျမ်းတတ်၊ ပြမှတ် သဘော။
တကြိမ် ဆိုးစပ်၊ မအပ် လေပါ။
ကထိန် ခင်းအပ်၊ ကောင်းမြတ် မှုသာ။
သာရုပ္ပ၊ ဟုတ်က ဖြေစမ်းပါ။ ။

(၆၀)....ဖြေ။ ။ကြိမ်ကြိမ် မျိုးမျိုး၊ ထပ်ဆိုး ခါသာ။
ကောင်းမြတ်စွာ ချုပ်၊ပြုလုပ် သဘော။
ထိန်ထိန် တင့်လန်း၊ သင်္ကန်း မှန်ပါ။
သာရုပ္ပ၊ မှတ်ကြ လူ များစွာ။ ။

(၆၁)... မေး။ ။ဒုကုဋ္ဋ ကိုယ်ဝတ်၊ မလွတ် သင်းပိုင်။
သုံးထည်မှ ဘဲ၊မလွဲ တင့်လှိုင်။
ပါဝင် ဟုတ်ကြောင်း၊ထပ်လောင်း ဖြိုင်ဖြိုင်။
ဖြေကာ စွက်၊ အချက် ဝေဝေမြိုင်။ ။

(၆၂)....ဖြေ။ သုံးထည်မှ ဘဲ၊ မလွဲ မှန်စွာ။
ထိန်လျှပ်ရှိန်ဟတ်၊ စိန်မြတ် သဏ္ဌာ။
ရတနာ ပေါင်း၊ ခညောင်း စုံရှာ။
ဥက္ကဋ္ဌ၊ မြတ်လှ စီဝရာ။ ။

(၆၃)....မေး။ ။ခဏ ငှားရမ်း၊ သင်္ကန်းနှင့် သာ။
ကထိန် အလျှင်း၊ မခင်း ထိုက်ပါ။

တ၁၀ ကာလိ၊ ကင်း၏ လား၏ဖျာ။
ဟန် မလုပ်၊ အဟုတ်, ဖြေစမ်းပါ။ ။

(၆၄)...ဖြေ။ ။သံသရာ စက်၊ ခွဲဖျက် ကြလို။
သူတော် တစု၊ လှူပြု ကြည်ညို။
တ၁၀ ကာလိ၊ ကင်းဘိ သကို။
အဟုတ် ဘဲ၊ မလွဲ, အမှန်ဆို။ ။

(၆၅)....မေး။ ။ကောင်း၏, ကောင်း၏၊ ကြောင်းရှိအလာ။
ကျမ်းဂန် အတိုင်း၊ မဆိုင်း ဖြေကာ။
ကထိန် သင်္ကန်း၊ တင့်လျှမ်း ဝေဖြာ။
လှူကြမှု၊ ယခု ဘယ် ရပ်ရွာ၊ ။

(၆၆)....ဖြေ။ ။(ရန်ကုန်မြို့)တွင်၊ ပျို့သင်း နာမာ။
(မင်းမနိုင် ရပ်၊ မပြတ် နေကာ။
သူဘော် အပေါင်း၊ ဖြူကောင်း သဒ္ဒါ။
ကထိန၊ လှူကြ ဤ, ရပ်,ရွာ။ ။

ကထိန် အကျိုး။

(၆၇)...မေး။ ။ကထိန် ဒါန၊ လှူကြ သူမှာ။
ဘယ်လို ကျိုးများ၊ တိုးပွား စဆာ။
သိလိုရေး တွက်၊ မေးစက် ပုစ္ဆာ။
ဟုတ်သည့် တိုင်း၊မဆိုင်း, ဖြေစမ်းပါ။ ။

(၆၈)....ဖြေ။ ။ဘိလို သမျှ၊ ဖြေရ မည်မှာ။
ကထိန် ဒါန၊ ပြုကြ သူဟာ။
နိဗ္ဗာန် တက်ကြောင်း၊လမ်းကောင်း သေချာ။
တိ,အကျ၊ သိကြ, စေလိုပါ။ ။

(၆၉)....ဖြေ။ ။ယခု လက်ငင်း၊ သံကွင်း, သံနှောင်။
မှုကြီး,မှုကြပ်၊ကင်းလွတ် ကျဉ်းထောင်။
သံသရာ စက်၊ နရက်, ကွင်းရှောင်။
ကထိန်၊ ဒါန, အကျိုး ပြောင်။ ။

(၇၀)....ဖြေ။ ။သက်မဲ့, သက်ရှိ၊ လောကီ ဖုံဖုံ။
ရတနာ များ၊ သုံးစား မကုန်။
သုံးစုန် တက်လမ်း၊ မဂ်နန်း မြိုက်ဘုံ။
ကထိန်၊ ဒါန, အကျိုး စုံ။ ။

(၇၁)....ဖြေ။ ။ဘဝါ ဘဝ၊ နာဂတ မှာ။
ထာမ, သတ္တိ၊ ဗျတ္တိ စုံကာ။
မရှိ, မသိ၊ ကိတ္တိ, ဂုဏ်ဖြာ။
ဘေး မခ၊ အေးမြ, တင့်တယ်စွာ။ ။

(၇၂)....ဖြေ။ ။သက္ကလပ်, ပိုး၊ ဖဲမျိုး, ပိတ်ချည်။
ရွှေ,ငွေ, ကျောက်မြတ်၊ထိန်လျှပ် ဝတ်ထည်။
တင့်လွှမ်း, ဆင်မြန်း၊ ဘေးဘျမ်း မသီ။
ချမ်းသာ သုံး၊ ရှင်ပြုံး, စံရမည်။ ။

(၇၃)....ဖြေ။ ။ပရံ ပရ၊ နာဂတ, နှောင်။
ရတနာ နှစ်၊ စုလစ် ကြံအောင်။
သံသာ ဝဲစက်၊ ခွဲထွက် ကွင်းရှောင်။
ကထိန် ကျိုး၊ ပြည့်ဖြိုး,လွှန် မြားမြောင်။ ။

(၇၄)....ဖြေ။ ။ကျမ်းဂန် ပါဠိ၊ လာရှိ အညီ။
ကထိန်နှင့် စပ်၊ မလပ် ဖြေသည်။
ကျိုး,ကြောင်း စုံလှ၊ ပြည့်ဝ လေပြီ။

မှတ်စေ ချင်၊ ဤတွင်, ဆုံးတော့သည်။ ။

(၇၅)....မေး။ ။သာဓု, သာဓု၊ ကောင်းမှု ဖန်လာ။
ကထိန် ဒါန၊ ကြီးလှ လွန်စွာ။
သံဃာတော် အား၊ ကျိုးပွား ပေရာ။
အပြစ် ဘေးညစ်ကြေး, စင်ကြောင်းသာ။ ။

(၇၆)....မေး။ ။အပြစ် ဘေးမှ၊ ဝေးရ လေအောင်။
ရှင်တော် မြတ်ဖျား၊ မိန့်ကြား ထုတ်ဆောင်။
အာနိသံသ၊ ငါးလ ကုန်အောင်။
ကထိန် ကျိုး၊ တန်ခိုး, တေဇာ ပြောင်။ ။

(၇၇)....မေး။ ။ကထိန် သက်နိုး၊ လှူဒါန်း သူတွေ။
အတိုင်း မသိ၊ ကျိုးရှိ ပလေ။
ဗုဒ္ဓ မြတ်ဖျား၊ မှတ်သား မိန့်ချေ။
သံဃိက၊ ဒါန, မြတ်ဆုံး ပေ။ ။

(၇၈)....မေး။ ။မြတ်ဆုံး ဒါန၊ ကာလ အလှူ။
ရပ်,ရွာ,မိတ်,ပေါင်း၊စိတ်ကောင်း ကြည်ဖြူ။
သဒ္ဓါ ရှင်တက်၊ ပေါင်းဘက် ညီဆူ။
ကထိန် ပွဲ၊ ဆင်နွှဲ, အောင်လံ ထူ။ ။

(၇၉)....မေး။ ။အောင်လံ ထုတိ၊ ဤသည့် ကုသိုလ်။
အောင်ပွဲ အောင်မှု ၊ အောင်ဆု ပိုမို။
အောင် အတိတ်နှင့်၊ အောင်ဟိဘ် လှူဗိုလ်။
အောင်စည် ညောင်း၊အောင်ကြောင်း,သာမဲ့ဆို။

(၈၀)....မေး။ ။ဝိနည်းဓိုရ် များ၊ တရား အညီ။
ကထိန် အကြောင်း၊ ကောင်း,ကောင်း စုံလီ။

မေး,ဖြေ သမှု၊ ပြုလုပ် ပြီးပြီ။
ရှင်,လူ များ၊ မှတ်သား, ရွှင်ရွှင် ကြည်။ ။

ဒါယကာများက ကထိန်လျှာ သင်္ကန်း ဆက်ကပ်

လှူဒါန်း လျှောက်ထားရန်။

(က)... ကထိန်လျှာ ဆန်း၊ သင်္ကန်း ကိုသာ။
သံဃာ ရည်မှန်း၊ လှူဒါန်း ချင်ပါ။
တပည့် များအား၊ သနား ကြင်နာ။
လှူခံ မှု၊ ပြုဘို့, ခွင့် ပန်ထွာ။ ။

( ခ)... ဘယ်လို ဆိုမှတ်၊ လှူကပ် ရမည်။
ဆရာ ဘုရား၊ မိန့်ကြား တလီ။
တပည့် တော်များ၊ နားပါး မလည်။
တရား သက်၊ နှုတ်မြွက်, ရှင်မြတ် ထေရ်?။ ။

ဤနေရာတွင် မထေရ် တပါးပါးက "ဣမံ ကထိန စီဝရံ သံဃဿ ဒေမ" ဤကထိန်လျှာ ရည်မှန်း မြတ်သင်္ကန်းကို သံဃာအား ဆက်ကပ် လှူဒါန်း ပါ၏ ဘုရား ဟု ဆို၍ ဥတ်သင်္ကန်း လှူဒါန်းပုံကို ပြောပြရမည်။

ကထိန် ဩဘာစာ ပလ္လင်ခံ၊ အောင် ဇေယျတု

ရှစ်လုံးဖွဲ့ ကဗျာများ။

(က)... အောင် ဇေယျတု၊ အောင်မှုကို ရည်။
အောင်ငွေ့ ခရု၊ အောင်ဆု အတည်။
မြေထု, ရေထု၊ မေရု, တလီ။
အောင် သံခြိမ့်၊ သိမ့်သိမ့်, အောင်သံ ဟီ။ ။

(ခ).... နတ်,ဗြဟ္မာ နှော၊ သောသော အုံးညံ့။
ပူ ထောမနာ့၊ သြဘာ့ အသံ။
ပြည့်လျှံ ပီတိ၊ ဆီထိ ဂွမ်းဟန်။
ပျော်ရွှင် မြူး၊ ကြည်နူး, ပြည့် ဝေလျှံ။ ။
(ဂ).... ဝမ်းသာ အားရ၊ နှစ်သက် လှစွာ။
ရှင်ဃိကြား လည်း၊ အပြီး ဆင်းလာ။
ကထိန်တော် ပွဲ၊ ပျော်နွဲ ကြခါ။
ဝိဇယုတ်၊ တီးမှုတ်, နတ်စည် သာ။ ။
(ဃ).... သမ္မာ သမ္ဗုဒ်၊ အနုတ္တရာ။
သုံးလူတို့ ဘ၊ ဓမ္မ စကြာ။
သာသနာ့မြတ်၊ ထွန်းလတ် အောင်သာ။
လွန် ကြိုးကုတ်၊ အားထုတ်, ချီးမြှောက် လာ။ ။
(င).... သိဘာ နဝဒတ်၊ အမြတ် ရေစင်။
ခါခါ သွန်းလတ်၊ မပြတ် တမင်။
သုဇာတာ လဲ၊ တူနွဲ ကာသင်။
ဇေယျတု၊ အောင်ဆု, ချွေ ပန်ဆင်။ ။
(စ).... အောင်စည် အောင်မောင်း၊ ရိုက်ညှောင်း သံဟီ။
အောင်လံ ထူလွှင့်၊ အောင်သင့် အတည်။
အောင်ပါ စေသော၊ မနော ကြည်ကြည်။
အောင်မစ ကြောင်း၊ ဆုတောင်း, မြွက်ဆိုသည်။

ကထိန်ပွဲ သြဘာစာ ပလ္လင်္ခံ၊ ဧကပိုဒ် ရတု။

အောင် ဇေယျတု....အောင် ဇေယျတု....အောင်ဇေယျတု....၊
ငွေ ခရုနှင့်၊ မြေထု အဏ္ဏဝါ၊ သိမ့်သိမ့် ခါရော့....

ဒေဝတာရော၊ ဗြဟ္မာ နေ့ာလျက်၊ သောသော အုန်းညံ၊
သြဘာသံနှင့်၊ပြည့်လျှံ ပီတိ၊ ဂွမ်း ဆီထိသို့၊
ရှမ်းပြည့် လွှမ်းကာ၊ မြူးရှင်စွာဖြင့်၊ ဝမ်းသာအားရ၊
နှစ်သက်ကြလျက်၊ လျှံကြွ ရှင်အား၊ရှင်သိ ကြားလည်း၊
မိုဃ်းဖျား ဝတိန်၊ ရှုမျှော် ချိန်လျက်၊ကထိန်တော်ဥတ်၊
လှူ ဆက်ကပ်သည့်၊ ပွဲမြတ် အခါ၊ မင်္ဂလာကို၊
မဟာ ဝိဇယုတ်၊ နုတ်စည် မှုတ်၍၊ အနုတ္တရ၊
သုံးလူ့ ဘ၏၊ ဓမ္မစကြာ၊ သာသနာကို၊
နေဝါ လရှိန်၊ တောက်ပ ထိန်အောင်၊ မမှိန်စေရာ၊
ချီးမြှောက် လာသည်၊ သီတာ နဝဒတ်၊ရေစင်မြတ်ဖြင့်၊
သွန်းလတ် ခါခါ၊ သုဇ°တာလည်း၊ ပြိုင်ကာမသွေ၊
အောင်ဆု ချွေသည်....၊
အောင် ဇေယျတု သဗ္ဗ မင်္ဂလံ သော်။ ။

ကထိန် အလှူ မင်္ဂလာ သြဘာစာ။

ဇေယတု သဗ္ဗ မင်္ဂလံ။ ။

သဗ္ဗမင်္ဂလံ = ခပ်သိမ်း ဥဿုံ၊ အလုံးစုံ အလီလီ၊ လောကီ လောကုတ္တရာ၊ ချမ်းသာ ကောင်းကျိုး၊ အမျိုးမျိုး နှစ်ချိုက် ကြည်ရှင်စရာ၊မွန်မြတ်လှသည့် ကြက်သရေ မဟာမင်္ဂလာ အဖြာ ဖြာသည်၊ ဇေယတု = အောင်ပွဲ ခံယူ ကျကထိန် အလှူတော် ကြီးတွင်၊အောင်မှုတင့်ပြီး၊အောင်စည် တီး၍၊ အောင်ထီးဖွင့်ကာ၊ အောင်လံဖြာလျက်၊အောင်ပါ စေသော၊ အောင်စေသော်။ ။

ပူဇာ ဝိသေသံ အရဟာတိတိ အရဟံ ဟူ၍၊
ဇဝန ပဋိဘာဏ်ဉာဏ်ရှင်....၊ အတ္ထကထာ ဆရာ သခင်တို့၊

စာတင်ကာ စီစဉ် ထုတ်ဝေတ် ဖေါ်၍၊
တည်ထွင်ပြီး ဗျူပွတ်ကို မျှော်တာ ဆိုကြသည့်၊
ဝိဂ္ဂိုဟ် ဝစနတ္ထ သဘော၊
မြန်မာလို အနက် နှော့ကာ ဆလျှက်၊
အချုပ် ကျကျ ပြောကာ ပြပြန်ပါလျှင်—၊
ပုဗ္ဗာ ဝိသေသံ=ကမ္ဘာ့ အတွင်း၊ သတ္တဝါ ခပင်း၊ အာဏာ ပြင်းသည့်၊ လူမင်း, နတ်မင်း၊ ဗြဟ္မာမင်းတို့၏၊ ဝပ်စင်း ကော်ရော်၊ ဖူးမျှော် ကြည်နူး၊ ပူဇော် အထူးကို၊ အရဟတိ=မသွေ အမှန်၊စင်စစ် ကေန်၊ ခံတော် မူထိုက်လှပါပေ၏။ ဣတိတသ္မာ= ထိုကဲ့သို့ သတ္တဝါ ခပင်း၊ ကမ္ဘာ့ အတွင်းရှိ၊ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏၊ စိတ်တွင်း ကြည်လိုက်, ဝပ်စင်း ကော်ရော်၊ ယူလျှော် ရှင်မြူး၊ ပူဇော် အထူးကို၊ ကြည်နူး လှစွာ, သဒ္ဓါ ထက်သန်၊ အမှန် မျှော်ယူလျှက်၊ ခံတော် မူထိုက်လှသော အကြောင်း ကာရဏံကြောင့်။ အရဟံ= အရဟ ဟု၊ ကမ္ဘာ တလွှား၊ သညာ နာမ ထွားလျှက်၊ ကျော်ကြား ထင်ပေါ်၊ မည်တော်မူ၏။ ။ဟူသော ဝစနတ္ထ ဝိဂ္ဂိုဟ်၏၊
သကတ်ပြ ကဝိ အလို၊ အဓိပ္ပါယ် သဘာဝကို၊
မစိပ် မကျယ်၊ ဖြာကာ ပြရပါလျှင်။
အရဟဘာ အစလာ ကိုးဖြာ ဂုဏ်မြတ်၊....
ဘဂဝါ တဖုံ၊ မဟာဂုဏ် အဆုံးသတ်လျှက်၊
ဘုံ သုံးရပ်၌၊ အကုန်လုံး နှုံးအပ် ပြိုင်ဖွာ တုမရှိပါသော၊
မုနိ မဟာ, ဘဂဝါ အတုလ စိန္တေယျသည်...
ထိန်ထိန် တေဇ, တလောက တသိရ် ဖြာသည့်၊
ကောသလ နရိန္ဒာ၏၊ ကထိန်လျှာ အလှူပွဲ မဟာ ဒါနတွင်၊

ပျူပျူ ငှာငှာ အားခဲပြီး, လာလာသမျှ ပရိသတ်တို့သည်၊
ဟိတ် သကတ်, တက် ပိုလျှက်၊ စိတ်ဓာတ်, မပျက် မပြိုဘဲ၊
တမဂ်, တဖိုလ်တွင်, အလျှင် တည်ရှာကြလျက်၊
ရှင်ကြည်စွာ သဘော မျှကြသော်လည်း၊
ကောသလ မင်းမြတ် ရှုဇာမှာ၊
ကွင်းလတ်ကာ တမဂ်, တဖိုလ် မရဟု၊
မြွက်ဆို ဟာကြသော၊ သာဝကဲ့ တပည့် တပန်းတို့၏၊
မပြည့် တန်းလန်း၊ တီးတိုး, သဘော အလိုဖြင့်၊
ပီတိ ရွှမ်းရွှမ်းနှင့်၊ နှီးနှောကာ ပြောဆို နေကြသည့်၊
စကားများ, အဆုံး အသတ် မချခင်၊
ဘုရား သုံးလူ့ဘ ဘုရင်, အရဟတာသည်၊ကြွလာတော်မူပြီးလျှင်
ကာယနုတ္တ ဘိက္ခဝေ တေရဟိ ကထာယ=ဟု
ဝါစာ အစ ထုတ်ပြကာ၊ မေးတော်မူသဖြင့်၊
ဗုဒ္ဓ ဘဂဝါ၏၊ အမေးတော်, အမှန် ပုစ္ဆာကို၊
မနှေးနှော် အမြန်, တုပ်ကွဘာ အဥ္စလီနှင့်၊
တင်ချီပြီး တပည့် သာဝကတို့က၊
ဣမာယ နာမ ပဋ္ဌမာ=အစချီပြီးလျှင်၊
မှန ရှင်ကြည် ဝှမ်းဆီ ထိသကဲ့သို့၊လွှမ်းပီတိ အဟုံ ဆောက်လျှက်,
သဘော အလို အဆ၊ ပြောဆိုသမျှတွေကို၊
အကုန် လျှောက်တင်လေသော်....
နောက် အစဉ် အဟောင်း, ထိုထို ကာလမှ၊
မဆမှာက် ဆင့်ခြင်, အကြောင်းကို မျှော်ကာ ဆရှိမို့။
အလောင်းတော် ဘဝ, ကမ္ဘာ ကမ္ဘီတွင်၊
ပါရမီ အလီလီ ဖြည့်စဉ် အတိတ, ကါနုရဇ္ဇဝ ဇာတ် အမှန်ကို၊

မြတ်ဘဂဝါ အရဟံ, သမိုင်း တည်၍ ပြတာ မှာတော့၊
တိုင်းပြည်က ဟံသာဝတီ၊ မင်းမြတ်မှာတော့ အာနန္ဒာ အမည်။
အလေဒင်းတော်ကလဲ ဉာဏ် စာမရှိ...၊
ကံကြမ္မာလှိတဲ့ သူဆင်းရဲ၊ စံဌာနီမှာတော့ မူခြင်းကွဲ။
သံသရာ ရှည်ကြမည့် လူတသင်းတို့နှင့် လွဲပြီး၊
မြူနှင်း မဖုံ့တဲ့ အဝေးမြေ ဌာနာမှာ၊
မွေးအမေ မာတာကို ရှာကြံ ကျွေးတာကြောင့်။
နာမံ မသေးဘဲ ကိတ္တိ ဖြာပြီးလျှင်။
အရိပ် ကြည့်ကာ မွေးမြတ် မယ်မယ်အား၊
အဝေးရပ် အနယ်နယ် အစုံ လှည့်ကာ ပြနေဘော့၊
ကုဋုမ္ဗိက ဆိုတဲ့ သူကြွယ် တဦးနှင့်၊
နယ်ကြူးကာ ကြုံ အတွေ့တွင်၊
ဘုံဝလေ့ အမှား မခွာ....၊ စုံ အစေ့ တရား သဘောနှင့်၊
စကား ပြောလျက် ကထိန် အလှူတော်မြတ်ကို၊
တကြိမ် ယူမျှော် ကပ်ရန် သူကြွယ်ကို ပြောတော့၊
တကယ် ပေါ်တဲ့ နေ့ရှင်မှာ၊ ဘဝ ယာခင် ဝါသနာ စရိုက်နှင့်၊
အစစ အရာရာတွင် အာသာ ကိုက်သောကြောင့်၊
သဒ္ဓါ ပိုက်လျက် အရေးထူး၊ ကမ္ဘာ တဝိုက်၌ ပဒေဂး အမှူး၊
မနာစိုက်လျက်အတွေးစူး၊လေးဦးသော ဆွေ့ သဟာယတို့အား၊
အထွေထွေ ဒါန၏ ကောင်းမြတ်ထာတွေကို၊
ပေါင်းစပ်ကာလေ အတူ ပြုကြစို့ရဲ့....ဟု၊
လူ တစု ပြိုင်ယှဉ် ပြန်သော်၊
အတိုင်ပင် ခံသူကလဲ မတရား အလုပ် တမျိုး၊
မြိုင် တခွင် ဝန်မှာ သွား၍ အုပ်စိုး၊

စိုင့် သမင် အတန်တန်တို့ကို ဓါး့ဒုတ် မိုး၊
ဂနိုင် တခွင်ဝန်းတွင် အမှန် စံနေတဲ့ သားမုဆိုး၊....
အမျှား စက်ဆုပ်ဘို့ တမျိုး ဝနေမှာ အကျယ် သွားပြီး၊
အမှား သက်သက် အလုပ်မှာ တန်ခိုးတွေ တယ် .... ထွားနေတဲ့၊
မဘုရား ဇက်ဂုတ်ကို ချိုး၍ အသေ တကယ် စားတက်သည့်၊
အသကား ငှက်မုဆိုးကလဲ အခြေအနေ မဖွယ်ပါ တကားဟု၊
မသေ့ တကာယ် တားနေသည့် အပြင်၊
အမှားတွေ ခင်မင့်တရားမေ့မှာပင့်မလယ့်မပါးပါကလားဟု၊
သားရေနယ်သမားကပါ့ပြစ်ပယ်၍၊ မပြတ် ငြင်းပြီးတဲ့ နောက်၊
အစစ် တကယ့်မြတ်သည့် သူငယ်ချင်းတယောက်ဆတ္တာသည်မှာ၊
ကပ်ကမ္ဘာ အလီလီ-က့ပါရမီ ဖြူတာကြောင့် အဟော့ဝတ၊
အမြတ် သဒ္ဓါ ကြည်သူမို့ သဘောကျ၊
ပြောသမျှကို သူ့ အတော် .... ဆောင်ရွတ်ပါမည်တဲ့၊
ကူဘော် လောင်ဘက် သဒ္ဓါ သန်သူပါ၊
ဘဂဝါ အရဟံ ပဒုမ္မုတ္တရ ဘုရား၏ မျက်မှောက်ဦးတော်၌၊
မကြာ အမြန် အစုံ လက်အုပ် သ့ကာ သွား၍ တက်ရောက်
ဖူးမျှော် ဝင်ပြီးလျှင်၊အမြင် လျှမ်းလျှမ်း ဖုံအောင့်တင်လှမ်းခြုံဘို့၊
သင်္ကန်း အစုံ အပြည့် အဝ အရုံနှင့်တကွ၊
မပြတ် မလပ် အမြန် သဒ္ဓါ ကြည်ရန်၊
ဣဒံ ကထိန စီဝရံ သံဃဿ ဒေမ ဟု၊
အမှန် မြတ်စွာ အေးစရာ စေဘနာ့ မသေ့ ထက်သက် မြက်
မြက် ရွှမ်းရွှမ်း လိုလိုနှင့်၊
ရေစက် သွန်းပြု ပေးချတာက သူကြွယ့် အလှူ၊
တကယ် ကူတာက ဆတ္တာသည်၊

မြတ်ထာကို ရည်တာကတော့ အမြိုက်ကွန်း၊
မပြတ် မလပ် သဒ္ဓါ ကြည်ရန်၊
အထပ်ထပ် ဓမ္မာ တည်ဘို့ အလိုက်ညွန်း၊
တိုက်တွန်းသူက အလောင်းတော် နရဇိဝ၊
မစောင်း အမော် ဓမ္မ အညီ ပြုတာက သုံးလူ့ အရှင်၊
နှုံးဝှို့ မမြင့်တဲ့ ပရမေ ဓမ္မာ အစုပ၊
မသွေ မကွာ ပြုကြဘို့၊ ဒေသနာ ရှုကြရန်က....
ယေ ဇနာ သုခ မိစ္ဆန္တာ၊ ဒေန္တိ သံဃဿ ကထိနံ။
တေ ဇနာ သုခံ လဘန္တိ၊ကထိနဿ ဖလံ့သဒါ။ ။
အမှန် လာတဲ့ အနက် စကား၊ မြန်မာ ပြန်ဘို့ အတွက်ကား၊
အဆက် သွား၍ သဘော အစုနှင့် အကုန် ရှုကြရန်က၊

ဘော ကုဋုမ္ဗိက= ရှေးရှေး ဘဝ၊ သံသာရ က၊ ဒါန အကျိုး၊ ၊စာဂမျိုးကြောင့်၊ဖွံ့ ဖြိုး ကြီးကျယ်အို.... သူကြွယ်၊ သုခံ= လူနတ်, နိဗ္ဗာန်၊ သုံးတန် သတ်မှတ်၊ များမြတ် ဖွံ့ဖြိုး၊ ကောင်းမွန်လှသော၊ ချမ်းသာမျိုးတွေကို၊ ဣစ္ဆန္တာ= အာသာ ငံ့ကွက်၊ တမက်မက်နှင့်၊ နှစ်သက် တောင်းတ၊ အလိုရှိ၍ နေကြကုန်သော၊ ယေ ဇနာ= မိမ္မ, ယောကျ်ား များပြား ဖုံဖုံ၊ ဘုံ သုံးဆဲ့တစ်၊ ဖြစ်သမျှ နတ်,လူ၊ အကြွင်သူတို့သည်၊ ကထိနံ= အာသာဝတီ, နွယ်နီ နတ်ပန်း၊ ပမာ မှန်းလျက်၊ ကွာလှမ်း ချိန်ခါ၊ တနှစ် ကြာမှ၊ အနှစ် ဒါန၊ တကြိမ်မျှသာ၊ ခဲစွ တမူ၊ စိတ်ကြည်ဖြူဖွာနှင့်၊ ပေးလှူပါရ၊ မြတ်ကထိနကို၊ သံဃဿ= သီလဝန္တ၊ ကလျာဏ, ပရမတ်၊ သံဃာတော် အရှင်မြတ်များ အား၊ ဒေန္တိ=စိတ်ဇော ရှင်ပျ၊ သောမနဖြင့် အားရ လိုက်ဆူ၊ လွန်ကြည်ဖြူစွာ၊ ပေးလှူကြပါကုန်၏၊ တေ ဇနာ= စိတ်ဇော

ထက်သန်၊ မြတ်နိဗ္ဗာန်ကို၊ ရည်သန် တောင်းတ၊ မြတ်ဆန္ဒဖြင့်၊ အားရ ကြည်ဖြူ၊ကထိန်အလှူတော်ကြီးကို ပေးလှူကြကုန်သော ထိုဒါယကာ၊ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့သည်၊ ကထိနသာ= ဒုလ္လဘ အဖြစ်၊ ခဲယဉ်း စစ်သည့်၊ တနှစ်ကာလ၊ တကြိမ်မျှပင်၊ လှူရ မြတ်နိုး၊ ကထိန ဒါနမျိုး၏၊ ဖလ=ဖွံ့ ဖြိုး တိုးတက်၊ အကျိုးဆက် ဖြစ်သော၊ သုခ= လူ့နတ်" စည်းစိမ်၊ တရှိန်ရှိန်နှင့်၊ တထိန်ထိန်လျှံ၊ ကြိမ်ကြိမ် စံ၍၊ နိဗ္ဗာန် ရောက် ကူး၊ ကောင်းမြတ်သော ချမ်းသာထူးတွေကို၊ သဒါ= နိဗ္ဗာန် မရောက်ခင်၊ မဝင် စပ်ကြား၊ ဘဝ များစွာ၊ ဖြစ်လေရာတွင် အခါခပ်သိမ်း။ လဘန္တိ= မှန်စွာ မုချ၊ ဒုက္ခ ကင်းဘိ၊ ခံစား ရရှိကြလေကုန်၏။ ဟူသော...

မခသွ အစုံ ဘုန်းဂုဏ် လွတ်ကြွား၊
သုံးဘုံ ထွဋ်ထား ပဒုမုတ္တရ ဘုရားသခင်၏၊
တရား အစဉ်ကို မှတ်သား နာယူလျက်၊
မပြတ် ပွား သဒ္ဓါ ဖြူဖြူ အလှူ တကယ် နှင်းခဲ့သော၊
သူကြွယ်မင်းမှာ စန္ဒရာ တမျှပါဘဲ....၊
ဂန္ဓမာဒန တောင် အနီးတွင်၊
အလျှံ ပြောင်ပြောင် ခတ်မီးတွေ ဝေဝေ ဟပ်လျက်၊
အမှန် အရောင် လျှပ်ညီးညီး ရွှေပြာသာဒ်နှင့်၊
နေ့လ နတ်- အံ့တု ပြိုင်သလို၊
စံပြို ပိုင်လောက်အောင် ဘုမ္မစိုးနတ် ဖြစ်ပါသတဲ့....၊
ဂုဏ် တန်ခိုး ဒြပ် အသစ် အမြိုက် အမွန်းပေပ၊
တဖုံ တမျိုး မှတ်ရစ်ဘို့ စရိုက် ညွှန်းရမှာဖြင့်၊
တိုက်တွန်းတဲ့ အလောင်းတော်၏၊

အကြောင်းကို မျှော်လိုက်တော့ သကတ် ဖြာစည့်၊
အဟောင်း အကျိုးမှာတော့ အဟော်ဝတ့၊
အကောင်းတွင် နှိုးဆော် ပြတာကြောင့် နတ်ရွာမှာ တည့်၊
ဆတ္တာသည် အမြှောင် တဘက်က၊
မပြတ် သဒ္ဓါ ကြည်ကြည့် နှောင် အတွက်ဖြင့်၊
ဆောင်ရွက်တဲ့ ကုသလကြောင့်၊
လူ့ဘဝတွင် အခြေသင်း....၊ရှူမဝ အသွင် အသရေလင်း၊
ဝေဝေ ဝင်းလို့....ဒြပ်ပြ၊... ရွှေအဆင်းသို့ မပြတ်လှ၊
ဓာပ္ပက မည်နာမာနှင့်၊
ပြည်ဗာရာတွင် အသရေ အသွေး သစ်ပေဒေသာ
ရွှေသူဌေး ဖြစ်ထာတွေ့ဟာ....၊
အရှိန် တလူလူ့မနိန် ဖြုဖြု့တကြိမ် ကြုကြု၊
ကထိန် အလှူ၏ အကျိုးဆက်တွေပါဘဲ၊
သိရိယှူဘို တမျိုး အတွက်ကတော့၊
မပျက် စိတ်ကြံ ဓိဋ္ဌာန်သမျှ အလျှင်း....၊နိဗ္ဗာန် မရမခြင်း၊
စိတ်ဆန္ဒ အတွင်း အပြည့် အစုံနှင့်၊
ရဝိဂုဏ် နေပမာ လင်းပြိုးလျှင်၊
တြိဘုံ ဘဝေ ဘဝါ အတွင်းတွင်၊
ရွှေရတနာ အဆင်း ဖြာရှိန် ဧလျှက်၊
တာဝတိန်ဘေ့တွင် အမှား မချစ်၊....
တရား မလစ်ဘဲ့သိကြား ဖြင်ထာက့ ဝတိန်ဖျားမှာ၊
မကြွား အစစ် အကြိမ် များစွာ၊
မမှိန် ပွားကာ ကုသလေကြောင့်...၊
သူ့အခြေမှာ ပျက်ကွာမယွင်း....၊ လူ့ပြည်သို့ သက်ကာ ဆင်း၊

ထု အသရေတို့ လက်ဖြာလင်း…။စကြာမင်း စည်းစိမ်ကို၊
စက္ကဝါ အတွင်း အပြီး မပိုင်ဘဲ…၊ ညီးညီး ထိန် ဖန်ဖန်များ၊
ခံစံစားရ၍ အပေါ်ဝတ…၊
အရဟံ ဘဂဝါ ဘုရား ဂေါတမ၏၊
သမယော အကျွ ယခု အချိန် အခါမှာ၊
အလူ တထိန် ဒါယကာက နာမ တလီ၊
ဘိက္ခု သမဏီ ဘဝ နာရဒထေရ်၊
သဒ္ဓါ ဗလဝ ကြည်ကြည်နှင့်…။အခါ ကာလ အလီလီမှာ၊
မကြာ ခဏ အတည် မြှောင်လျှက် သွားတဲ့၊
ဆတ္တာသည် ဆောင်ရွက်သမား က တော့၊
နောင်တသက် မမှား အရောင် တလက်လက်၊
ပြောင်လျှက် တကြွားကြွား၊
အမိုက်မှောင် မယှက် ဘုရားသာသနာမှာ ခိုပြီးလျှင်၊
တရား ဘာဝနာ ပိုမို ဉာဏ်ရ တည်လျှက်၊
ပြန်လွှားကာ အဇ္ဈာ ထိုထိုတွင် စျာန်ကြွ၍ လည်နိုင်သည့်၊
အမှန်ပ တလီ အသစ် နာမာနှင့်၊ ဆန္ဒထေရ် ဖြစ်လာကြောင်း၊
လှစ် ဝစနာလောင်း အလိုက်ညွှန်း၊
မညစ် သမ္ဘာ အပေါင်း မကိုင်ရှိ အမှန်း၊
တိုက်တွန်းသော နရဇဝမှာတော့၊
ပဌမ တည်စက ပါရမီ အလီလီ ရအောင်၊
ဘဝါဘဝ အတိတ တွေက အခါခါ ဝသီမျှလျှက်၊
အာသာ များခဲ့ပြီး…၊ ပတ္ထနာ ထားခဲ့တာကြောင့်၊
ဓာမ္မာ တလွှားတွင် အသစ် ဓမ္မာလောင်း၊
ဘဂဝါ တပါး အရှင် ဓမ္မရာဇ် ရာဇာ့ ဥက္ကောင်း၊

ငါဘုရားသခင် ဖြစ်လာကြောင်း၊ သနစ် ဏာရဏာ အပေါင်း၊
လှစ်ခါ ညောင်း၍ အတိတ်ကို ပြန်ပြီးလျှင်၊
ဏာရဝိက်သံ ရှစ်ဖြာ သဒ္ဒနှင့်၊
စိတ် အကြံ မလစ် အာသာ မျှကြစေဘို့၊
ဟိတ်ဖလံ အစစ် ဂါထာကို ပြုရပါလျှင်၊
ယာဝ အကနိဋ္ဌာ ဒေဝါ၊ သုဝဏ္ဏ ရဇတံ ဗဟုံ။
နာနာ ရတန ရာသိံ စ၊ ဒဒေ သံဃဿ သဗ္ဗဒါ။
တော ကထိန ဒါနဿ၊ ကဋ္ဌံ နဂ္ဃတို့ သောဠသိံ၊ ဟူသော၊
တလောက မမှိန် စာရှိသပ၊ အဟောဝတ တကြိမ် ပါဠိ အရ၊
ဖြာညီ ပြုလျက် အနက် မြန်မာဖြင့်၊ မပျက် မှန်စွာယောဇနာ၍။
သဘော အဖြာဖြာ အဟုတ် ဆ-လျက်၊
အချက် ပါပါ ထုတ်နှုတ်ကာ ပြုရပ လျှင်၊

မနုဿ လောကတော=မနုံ သမ္ဘာ မညှိုး၊ဒုလ္လဘာ မချို့တဲ့ လူတို့ နေရာ လူပြည်ရွာမှ။ ယာဝ အကနိဋ္ဌာ ဒေဝါ = အထက်ဘဝဂ်၊ မပျက် မည်ရ၊ အကနိဋ္ဌ ခေါ်ဘို့ ဗြဟ္မာ့ဘုံ အထိ။ ဗဟုံ=ရာ့ထောင့်သချေ့ တွက်ရေ မရ၊ များပြားလှစွာသော။ သုဝဏ္ဏ ရဇတဉ္စ၊ သယံဇာတ၊ညစ်ကြေး ပ့သည့်၊ဒေါသ ကင်းပြေ၊ ရွှေနှင့် ငွေကိုရင်း။ နာနာ ရတန ရာသိံ စ= သန္တာ့စိန့်ရွှဲ ထိန်ထိန် ရဲလျက်၊ ပုလဲ့မြ့ပဒမြား၊ အပါးပါးနှင့်၊ များပြား ဝတ္ထု၊ ကျောက်သံ ရတနာ အစုကိုရင်း၊ သဗ္ဗဒါ = နေ့ရော့ ညဥ့်ပါ၊ ဘယ်ခါ မပြတ်၊ အမြတ် နှလုံး၊ မှတ်ယူကြုံးလျက်၊ အသက် ဆုံးသည့် တိုင်အောင်။ သံဃဿ = ယခု အရှိ၊ သမုတိနှင့်၊ ထုတိ ပြည့်မွန်၊ သီလ ဝန္တ၊ ဏလျာဏနှင့်၊ တဝ ပရမတ်၊ အရိယာ သံဃာတော် အရှင်မြတ်များအား၊ ဒဒေ ဒဒေယျ =

တွေးဆ သကတ်၊ အေးကြလှတ်ဘို့, လေးမြတ် ကြည်သာ၊စိတ်ရွှင်စွာနှင့်၊ သဒ္ဓါဖွေးဖြူ၊ အရေးမူလျက်၊ ပေးလှူလေရာ၏။ တံ ဒါန် = သို့ကလောက် မျှားပြား၊ ဥစ္စာ, ရတနာမျှားဖြင့်, စိတ်ထား လွန်မြတ်၊ သဒ္ဓါ ပြတ်၍၊ လှူကပ်ကြရိုး၊ ထိုဒါနမျိုးပင် ဖြစ်ပါသော်လည်း။ကေ တထိန ဒါနသာ=တာဝတိံသာ, နတ်ပြည်ရွာ၌၊ အာသာဝတီ၊ နွယ်နီ ပန်းပွင့်၊ပမာ ချင့်လျက်, ခဲလင့် အချိန်၊ တထိန်ကာလ, တကြိမ်မျှသာ၊စေတနာ သုံးတန်၊ ဖွံ့ဖြိုး သန့်၍၊ ကေန် ပြဋ္ဌာန်း၊ စိတ်ဖြောင့် တန်းလျက်၊ လှူဒါန်းပါရ၊ကထိန်လျှာ, သက်န်း ဒါန၏၊ သောဠသိံ ကလံ= တဆဲ့ ခြောက်စု၊ ခွဲဝေ ပြုလျက်၊ တူမှု မှန်းဆ၊ တခု တစိတ်သော အဘို့ ဘာဂလောက်ကိုမျှ၊ န အဂ္ဃတိ = အားတိုက်အင်တိုး၊တူလိမ့် နိုးနှင့်၊အမျိုးမျိုး ဘက်ပြိုင်၊ ယှဉ်တွဲ ဆိုင်လည်း၊ မနိုင် လိုက်ပြန်၊မထိုက် မတန်လှပေ။ ။ဟူ၊

အမြင် ပိုင်ပိုင် သဒ္ဓါ သန်သန်နှင့်၊
ဘဝင် အဆုံင်ဆိုင်တွင် မပြတ် အခါခါပင် ကြုံကြပေတော့၊
စာ အလာ မှန်မှန် ရှုကာ ပြရပါလျှင်၊
လူ့ ဘဝါ ဘဝတွင်လည်း, စကြာ့ သခင်၊
သဘက် ဖြာလှ, နတ် ဘဝါ ဘဝမှာဘော့, သက္ကာ့, ဘုရင်၊
မပြတ် သဒ္ဓါ ဗလဝ, အမြတ် ဒါနမှာတော့၊
အတိ ပဝရ, ကထိန ဒါနပင်၊
ရှိသမျှ အမှန် အကုန်စင် အခင်း မြိုင်မြိုင် မဆက် မလစ်ပါရစေနှင့်တော့....၊ (အတိ မဟတ္တရ ဝေရိက္ခယ နဂရ- ရန်ကုန်)တွင်၊
နာမ အစဉ် သထင်း ဖြိုင်ဖြိုင် ထွက်လစ်ပေသော၊
(မင်းမနိုင် ကွက်သစ်) ရပ်သူ, ရပ်သား အများသည်၊

ထပ်တူ အမြွတ် တရားကို၊မပြတ်,ကြည်ဖြူ မလပ် ထားကြလျက်၊
တတ်အားသမျှ ကုသလ ကထိန် အလှူပွဲကို၊
ယခု အမြန် အချိန်မှီ အတူနဲ့ ကြစို့ ရဲ့ဟု၊
ကြည်ဖြူစွာ အားခဲကြသည့် ဂုဏ်အသရေရှိ လူကြီးမင်းများကို
ပါ အမှူး ထား၍....။အထူး အများ သဒ္ဓါ ဗလဝတွေနှင့်၊
အာသာ ဆန္ဒမှာလေ တဖိတ်ဖိတ် လျှမ်းပြီး၊
စိတ်ကြံမှန်း၍ ကြိမ့်ကြိမ်ပါ...၊ မိဋ္ဌာန် တန်းလျက် တသိရ်ဖြာ၊
နိဗ္ဗာန် နန်း ဝင်ရန်, အရှိန် မကွာကြပေသော....၊
ကထိန် ဒါယကာ, ဒါယိကာမများ(.......)ကို အရင်း ပြုလျက်၊
ကြွင်း အလှူ့ရှင် မိတ္တ ခင်သူ အပေါင်းတို့သည်၊
ဒိဋ္ဌ ပညာ သင်သူ ခိုအောင်း ဝေလျှံသည့်၊
(သိပ္ပ မဥ္ဇူကျောင်း) မြေနက် သန်တွင်၊
ဘွဲ့ထက် ဝေဇယန်ကို လှမ်း၍ ဟပ်လောက်အောင်၊
မဏ္ဍပ်ကြီး တဖြာ ပြုဆင် ထားသည်မှာ၊
အထူ ပလ္လင် ရတနာများ အရှင်၊
မြန်မာ့ သမုတိ ဘုရင် ရာဇာဆိုတဲ့၊
ပြဒ္ဒ သဥ္ဇာ တွင် ပဂေး, နေ့, အမြစ်, အရှင်း မပြတ်၊
ရွှေးဆာ ကေရာဇ် မင်းမြတ်တို့၊
နှင်းလတ်တဲ့ တန်ဆောင် မာသာတွင်၊
အရောင် အဝါ အလျှံ မပြတ် အရှိန် လင်းပြီး၊
ဥတ်ကထိန် ခင်းတဲ့ အတု အသင့်တို့ကို၊
ယခု အမြင်တွင် ရော်ရမ်း ဆ,ပြီး၊
မြော်မှန်းကြကာ အဖေါ် သဟာတွေကို၊
အတော်ဘဲ လှမ်း,တ,မိပါရဲ့....၊

ပရမ်း ပတာ့ အထူ ဆူပူ လောကာ ပျက်ခေတ်၊
နှမ်းလျ တကြုကြု ယခု လူတို့ဝေါဟာ ကောဇာ သက္ကရာဇ်ကို၊
တွက်စစ်၍ ဖြောင့်နှုံး ရှာလျှင်၊
ထောင့်သုံးရာ ဆယ်နှစ် အရောက်၊
တတယ် အစစ် မပြောက် တပြောက်၊ ဝသန် မပြို့ တပြို၊
ဟေမန် မခို့ တခို ငွေနှင်း ဖြာလျက်၊
ဝေဟင် အဇဋ္ဌါမှာ၊ နေပြဘင် နတ်ဒေဝါ မောင်လည်း၊
လျှပ် တေဇာ အရောင် လျှမ်းဘိကာ၊
စန်း ကြွတ္တိကာ မိုဃ်းလယ် ပြောင်လျက်၊
စိုးကြွယ် တန်ဆောင် ဖြူစွာ၊ လန်းဖြာ၊ ဝေဆဲ-မို့၊
ပန်းမှာ ရွှေခဝဲ့ ကြိုင်လှိုင် ထုံသည့်၊
ဂနိုင် ရဂုံ၊ လျှံပြောင် တုန်းမို့၊
တန်ဆောင်မုန်း၊ ကြိမ်လ၊ မာသာတွင်၊
ထိန်ပ သာယာ၊ ယုန် ရတနာ မင်းလည်း၊
အကုန် ကမ္ဘာ့မှာ၊ ဖြာဖြာ ဝင်းတာ လန်းတဲ့ ပေးလျက်၊
ဆန်း၊ ဆဲ့လေးရက်၊ ဆုံကာ ဆင်း၊
ဂဠုန် ရာဇာမင်း၊ နေ့ မဟာတွင်၊
ဓလေ့ အာသာ၊ ယဒ္ဒါ ကြီးကြသဖြင့်၊
ပဒေ့၊ ပဒေသာတွေကိုပါ၊အဖြာဖြာ သီး၊ ပြကြပြီးလျှင်၊
တဖြာ တနည်း၊ မှန်စွာ ဖေါ်လိုက်လျှင်၊
သံဃာတော်တွေ၊ ဇောရှင် လန်းစေဘို့၊
ဘောဇဉ်၊ ဆွမ်း၊ အချို၊ အချဉ် တွေပါ၊
အပို အမို ပြင်၍ ကပ်လှူ ထားကြတဲ့ အပြင်၊
ရှပ်သူ၊ ရပ်သား လာလာသမျှတို့ကို၊

အာဟာရ ဆေးကွမ်းပါ…၊ အေးချမ်းစွာ ယခုလို ပြုကြတဲ့၊
ကထိန် မဟာဒါန ကုသိုလ် အစုစု တို့ကြောင့်၊
ယခု လူ့ပိုလ် အထု, ဒါယကာ, ဒါယိကာမ အမွန်တို့မှာ၊
အနာဂတ်တွင် အဆုံး အမတာ အထိပါတဲ၊
မန္တ်းရှာသည့် ကထိန်ပွဲ အလှူကြီးကို၊
ကြိမ်နွဲ့သူ အားလုံး ဝမ်းမြောက်တဲ့ အကြောင်းရယ်နှင့်၊
ပန်း ပေါက်ပေါက် အပေါင်း ကြဲကာ ဖြန့်ရှိမို့၊
ဝဲ,ယာ အနှန့်, ခွန်းချွေ မြွက်လျက်၊
သွန်း ရေစက် ဖြာဖြာ အလောင်းတွင်၊
သာယာ ညောင်းတဲ့ ကက္ကဋ စည်ကို၊
အချက် ကျကျ မြည်မြည်, သုံးကြိမ် တီးလိုက်ရပါဘော့သည်….၊
ဘုန်းရှိန် ကြီး၍ တလက်လက် ဖြာကြမည့်၊
မြွက် ပဋ္ဌာန, ရပ်မဟာ ဆုကိုလ၊
စကြာ ဝဠာ, ကပ်ကမ္ဘာ, အထုနှင့်တတွ၊
နရက်ရွာ, ဘဝဂ် အပ, နတ်, ပြဟ္မာ အစုတို့ပါ၊
အထပ်ထပ်, သာဓု…သာဓု….သာဓု…. ခေါ်ကြပါစေသော်၊
အောင်ပါစေသော…. အောင်စေသော်။

# ကထိန် ရတု ပိုဒ်စုံများ။

ဖျာပုံမြို့

စကြာရန်အောင်ကျောင်း ကထိန်ပွဲ သြဘာစာ ရတု ပိုဒ်စုံ။

၁။ ရန်အောင် စကြာ…မြတ်ရာဇာဘည့်၊ သံသာ သမုဒ်၊
ဝဲဇလုတ်တွင် ၊နစ်မြုတ် မြစ်တွယ်၊ နှုတ် မလွယ်ဘိ၊

သွယ်သွယ် ဒုက္ခ၊ ခံနေကြသည့်၊ သတ္တဝါ,ဝါ၊
ဝေနေ ကြာတို့၊တေဇာ ကွန့်လည်၊ ဘုန်းရောင်ခြည်ဖြင့်၊
လေးမည် သစ္စာ၊ ပွင့်စေဌာဟု၊ မဟာ ကရုဏာ၊
ကြီး ဆန္ဒဖြင့်၊ မောဟ မှောင်လွှမ်း၊ ကမ္ဘာ ဝှမ်းကို
လျှမ်းလျှမ်း တောက်ပြောင်၊အလင်း ဆောင်သည့်၊
မြတ်ခေါင် ဓမ္မရောင်၊
နေမင်း စစ်ကား၊ ယွန်းသစ် ဆောင်ဝါ၊ သာသနာ၌၊
ပညာ, သီလ၊ မိသမာ့နှင့်၊ ပြည့်ဝ သိက္ခာ၊
များ သံဃာကို၊ ကြင်နာ ပွားစိတ်၊ ယိုစီး ဖိတ်၍၊
ကိုယ်,စိတ် နှစ်ဖြာ၊ ရှင်ပျစ္စာနှင့်၊ ချမ်းသာ ကြည်အေး၊
လွတ်လပ်ခရေးကို၊ မနှေး ရစေ၊ စိတ်တော် ဖွေလျက်၊
ပါဝေယျက၊ တိုင်း ဌာန၌၊ ဓူရ နှစ်ထွေ၊
ဩဝါဒေကို၊ ရှိသေစွာလှ၊ လိုက်နာကြသည့်၊
ကောသလမင်း၊ မြတ်သနင်းနှင့်၊ သားချင် ဘ,တူ၊
မျိုးမြတ် ဟူ၍၊ မွေးကြူ သတင်း၊ မပြတ် သင်းလျက်၊
မယွင်း ညီ,နောင်၊ သမ္ဘာ ပြောင်ကာ၊ ဂုဏ်ရောင် မညှိုး၊
အစဉ် ဖြိုးသား၊ တန်ခိုး စွမ်းရည်၊ ပြည့်စုံ ညီသည့်၊
နောင်,ညီ တိ*သ၊ သာကီယဘည့်၊ ဘဒ္ဒဝဂ် ပေါင်း၊
ထေရ်ရှင် ကောင်းကို၊အကြောင်း ပြုကာ၊သာသနာတွင်၊
နောင်လာ နောက်သား၊ဓဝနေ များတို့၊အကျိုးပွားမည့်၊
အများ သူတော်၊ကောင်းချီး ခေါ်သည်၊အဟော် ဝတ၊
ကထိန ဟု၊ပဥ္စ အာနိသံ၊ ရှိသည် မှန်သည့်၊
ရောင်လျှံ တောက်ဖြာ၊ သက်န်းလျာကို၊ နုဇာနာမိ၊
မြတ်ပါဠိဖြင့်၊ အာဒိ ပြုလုပ်၊ ကြာ ကမုဒ်ဟု၊

ရွှေနှုတ်တော်မှ၊ ထုတ်ဖေါ် ဟလျက်၊ ချိုမြ သံသာ၊ /
ကရဝိတ် သာသို့၊ ဥဇာ စက္ခု၊ သဗ္ဗညုဖြင့်၊
နိုင်းရှု ချင့်ကာ၊ ခွင့်ပြုပါသည်...
လက်ဖြာ ဥဇာ်ရှင့် နေမင်းတည်း။

၂၈။ ဥဇာ်ရောင် လက်ဖြာ....နေစကြာ၏၊မြွက်မှာဟောကြား၊
မြတ်တရားဟု၊ သုံးပါး စကြာ၊ သာသနာလည်း၊
ဝေဖြာ•မမှိန်၊ နေဝါ ထိန်သို့၊ အရှိန် မညှိုး၊
တိုးထက် တိုးလျက်၊ မျိုးမျိုး ရတနာ၊ ဆယ်အင်္ဂါနှင့်၊
သာယာ ပြည့်စုံ၊ မြို့ ဖျာပုံတွင်၊ သိရိဂုဏ် ပြည့်ကြွယ်၊
မျိုးမြတ် နွယ်တည်း၊ ခြောက်သွယ် အပြစ်၊မှု တဆစ်မျှ၊
မရစ် ဆံလွှာ၊ ကောင်း ငါးဖြာနှင့်၊ ရုပ်ဝါ ဆင်းပြင်၊
ပြည့်စုံလင်လျက်၊ ကြည်ရှင် မနာ၊ စေတနာနှင့်၊
သဒ္ဓါ၊ သီလ၊ လှူ့စာဂဟု၊ သုတ၊ ပညာ၊
ယှက်ကြောက် ဖြာလျက်၊ ဓမ္မာ အမော်၊သူတော် ဥစ္စာ၊
ခုနစ်ဖြာကို၊ မြစွာ ဆုတောင်း၊ကျောင်းသူ ဟောင်းဟု၊
အပေါင်း သင်္ဂီ၊ ယုဝတီတို့၊ စိတ်ညီ ကိုယ်မျှ၊
သင်းဖွဲ့ကြ၍၊ ဘဝ ဆက်ဆက်၊ သံသာ စက်ဝယ်၊
ထက်မြက် ကောင်းကျိုး၊ကုသိုလ်မျိုးကို၊အားကြိုး ရှာဖွေ၊
စိတ် မတွေဘဲ၊ မချွေ မဖက်၊ စေတနာ ထက်လျက်၊
ရက်ရက် ရောရော့ သဒ္ဓါ ပြောကာ၊စိတ်ဇော ရင့်လတ်၊
ဝသီ ဓာတ်၏၊မြင့်မြတ် ကြီးမား၊ ကြံ့ကြံ့ ထားလျက်၊
ဘုရား ဗုဒ္ဓ၊ သုံးလူ့ ဘ၏၊ ဝံသ သည်းချာ၊
များ သံဃာတို့၊ ကိန်းရာ အစဉ်၊ သိဒ္ဓိ ယှဉ်သည့်၊
ရွှေကျင် တိုက်သစ်၊ သီပွ စစ်တည့်၊ ခုခေတ် ဝေါဟာ၊

မည် သညာကား၊စကြာ ရန်အောင်၊ ကဗျည်း ပြောင်လျက်၊
တန်ဆောင်လက်ဖြာ၊ကျောင်း ဝိဟာ၌၊ကောဇာ ချင့်ရိုး၊
အစဉ်ကိုးသော်၊ ထောင့်သုံးရာနှစ်၊သက္ကရာဇ်ဝယ်၊
ပွင့်သစ် ဆန်းပုံ၊ ခဝဲ ငုံတို့၊သင်းထုံ မွှေးကြည်၊
ရနံ့ မှီလျက်၊ ရာသီ ဖြိုးစွာ၊ ကြတ္တိကာဟု၊ -
တာရာ ကြယ်ပြောင်၊ ထွန်း တောက်ပြောင်သည့်၊ တန်
ဆောင်မုန်းလ၊
ဆန်း ပက္ခတွင်၊ အင္ဂ ယှဉ်မှတ်၊ ရက်ထူး မြတ်၌၊
သကာတ် စုံညီ၊ ကထိန် မည်ဟု၊ ဝတီ အာသာ၊
သွင် ပမာဆန်း၊ မြတ်သက်န်းကို၊ ရှင်လန်း ကြည်သာ၊
ကပ်လှူ ပါသည်........

ထက်စွာ ကံနှင့် ဖွေရင်းတည်း၊

၃။ ကံပြောင် ထက်စွာ—ကုသလာတည့်၊ ပုညာဘိသန်၊
ထူးမြတ် ကံကြောင့်၊နိဗ္ဗာန် မျက်မှောက်၊ခရီဉာဏ်ပေါက်လျက်၊
မရောက်သမျှ၊ သံသာရ၌၊ ဘဝ များစွာ၊
ကျင်လည် ရာတွင်၊ ရတနာ ရွှေငွေ၊ မိုးယံနှယ် စွေ၍၊
ထွေထွေ အမြဲ၊ ဝင် မစဲတည့်၊ ကျော်သဲ ညံဘိ၊
ခြွေရံ ပြည့်လျက်၊ လိုရှိ ရာရာ၊ မြတ် ဣစ္ဆာနှင့်၊
မှန်စွာ ပြည့်ဝ၊ ပြီး ကိစ္စတည့်း၊ နိမ့်ကျ မရှိ၊
မြတ်ဇာတိ၌၊ ပဋိသန္ဓေ၊ တိဟိတ် နေ၍၊
မြတ်ပေ ဝသီ၊ မြတ် စာရီနှင့်၊ အညီ လေ့တူ၊
သူတော် မူဖြင့်၊ အယူ သမ္မာ၊ တည်ကြည် စွာလျက်၊
သတ္တဝါများ၊ ကမ္ဘာသားတို့၊ လိုလား ကိစ္စ၊
အဝဝနှင့်၊ ဟိတ, သုခ၊ ရှုမျှော်ကြသည့်၊

အတ္တကိုသာ၊ ပြုနိုင်စွာ၍၊ ပညာ, သတိ၊
ရှေ့သွား ရှိလျက်၊ ဝိရိယိန္ဒြေ၊ သုံးထွေ ပြဋ္ဌာန်း၊
သဒ္ဓါ လန်းလျက်၊ နေဝန်း ပမာ၊ သာသနာကို၊
ဖြာဖြာ ဝေဖြိုး၊တိုးထက် တိုးအောင်၊ အားကြိုး ခန့်ခိုင်၊
ချီးမြှောက်နိုင်၍၊ စိုးပိုင် အာဏာ၊ကြီး တေဇာနှင့်၊
ပါဝါ တောက်စို၊ များ လူဗိုလ်ကို၊ ဝန်တို မဲ့လျှင်း၊
ငြူစူ ကင်း၍၊ ကိုယ်တွင်း တည်ဘိ၊ ဗြဟ္မစိုရ် ပြည့်လျက်၊
ဒိဋ္ဌိနှင့် ဉာဏ်၊ ဤနှစ်တန်ကို၊ ဝေဘန် နှိုင်းဆ၊
သိမြင်ကြ၍၊ ဓမ္မ ဆောင်ခြည်၊ မြဲနှောင် ချည်လျက်၊
မညီ စိတ်ထား၊ မျိုးကွဲ များ၏၊ သနား မဲ့လျှင်း၊
တရား ကင်းကာ၊ ညှဉ်းပန်း ညွန့်ချိုး၊ လက်ရုံး ကိုး၍၊
စိုးမိုး စီးနင်း၊ ဖိနှိပ်ခြင်းမှ, လွတ်ဆင်းကြလျက်၊
ဘဝ ဆုံးထ၊ ပစ္ဆိမ ဝယ်၊ တောက်ပ လောင်ဖြာ၊
ကိလေသာဟု၊ မြစွာ စစ်ခင်း၊ ရန် တသင်းကို၊
မြစ်ရင်း ပယ်ဖြတ်၊ အရဟတ်တည့်၊ ဉာဏ်မြတ် စက်မဂ်၊
ဘုန်း လက်နက်ဖြင့်၊ ကြဲဖျက် ဖြိုဖျောက်၊ ရန်ကင်းပျောက်၍၊
စဉ်လျှောက် အေးချမ်း၊ပြည် စခန်းသို့၊ အလှမ်း မကြာ၊
ဝင်ရောက်ရာဘို့၊ စကြာ လေယာဉ်၊ အောင် မဂ္ဂင်၌၊
စုံလင် ညီးညံ၊ အောင်ပွဲ ခံလျက်၊ အောင်လံ ထူလွှင့်၊
အောင်စက် ဖွင့်တာ၊ သံမြင့် အောင်စည်၊ခြိမ့်ခြိမ့် မြည်လျက်၊
အောင်ရည် သောက်ခါ၊ အောင်စစ် သံသာသည်...၊
စကြာ ရန်လွှင့် ကွေ့ကွင်းတည်း။ ။

ဝါးခယ်မမြို့ ကွမ်းခြံကုန်းကျောင်း ကထိန် အလှူတော် မင်္ဂလာ
ပွဲတွင် ဘတ်ကြားသော ဩဘာစာ ရတုပိုဒ်စုံ သုံးပိုဒ်။
အချီတူ၊ အချတူ၊ မဏိဆံကျင် ချနည်း။

၁။ နွှန်းတု ဥာဏ်ပေါ်....ထုံးရှု မျှော်လေ့၊ အဟော့ဝတ၊
မြတ်ဗုဒ္ဓတို့၊ ပွင့်ကြ ထုံးတန်း၊ မြရည် သန်းလျံကျ်၊
စိမ်းလန်း ရွှန်းဝေ၊ ကျွန်း သပြေဝယ်၊ မဟေသကျ၊
မြတ် ဝံသတို့၊ ပျော်ကြ ကိန်းမှီး၊ မြန်ပြည်ကြီး၌၊
မည်သီး တွင်ထ၊ ရာမညဟု၊ နာမ ထင်စွာ၊
တိုင်း ဒေသာတွင်၊နတ်ရွာ လေလော၊ထင်တွေးတောလိမ့်၊
ဝပြော သာယာ၊ စည်ပင်စွာနှင့်၊ မြစ်သာ ကမ်းထိပ်၊
စခန်း ဆိပ်မို့၊ နန်းရိပ် ထီးနိုက်၊ လွန် သိုက်မြိုက်သား၊
စရိုက် ဝသီ၊ ပါရမီနှင့်၊ စာဂီ ပြည့်ကြွယ်၊
မျိုး သူကြွယ်နှင့်၊ ကုန်သည် မင်းစိုး၊ သူဌေးမျိုးပြင်၊
ပြည့်ဖြိုး ဥစ္စာ ၊ လူချမ်းသာတို့၊ နေရာ အစစ်၊
ဓမ္မရာဇ်၏၊ သုံးရစ် စကြာ၊ သာသနာလည်း၊
ဝေဖြာ မမှိန်၊ နေဝါ ထိန်သို့၊ အရှိန် တိုးတက်၊
ပြိုးပြိုး ပြက်လျက်၊ ရောင်ထွက် လင်းထ၊ ဝါးခယ်မဟု၊
နာမကျော်ဟိး၊ မြို့ရပ်ကြီးဝယ်၊ ဆေရ်ကြီး သံဃာ၊
ဥက္ကဌာတို့၊ စဉ်လာ သဘင်းသုံး၊ ကွမ်းခြံကုန်းဟု၊
မည်သုံး သညာ၊ ကျောင်း ဝိဟာ၏၊ တကာ ထိုထို၊
မျှား လှူဗိုလ်နှင့်၊ ပိုမို သဒ္ဓါ၊ စေတနာရှိ၊
ဒါယိကာမ၊ မျှား တဝပြင်၊ ကြည်လင် စိတ်ထား
မပြတ် ပွားသည့်၊ မြို့သား၊ မြို့သူ၊ ရပ်ကြီး သူတို့

စင်ဖြူ စိတ်ဇော၊ မြတ်သဘောဖြင့်၊ အဟောဝတ၊
ကထိန၏၊ ဒါန ထိပ်သီး၊ မြတ်လှူကြီးကို၊
ပြုမိုးဘို့ရာ၊ စိတ်သန်ရှာသည်....
မဟာ ဉာဏ ထွင်လို့သာ ဘုရား။

၂။ ● ထုန်းရှူ ပြန်သော်—သုံးပြူ လျှော်ဟု၊ အမော် မာဃ၊
တေတ္တိ သ၏၊ သာဓကမူ၊ အတု ယူလျက်၊
စိတ်တူ ကိုယ်ပါ၊ ထက်သန်စွာနှင့်၊ ညီညာ နှိုးနှော၊
တိုင်ပင် ပြောလျက်၊ မနော ကြည်ရွှင်၊ သဘော ဝင်၍၊
လှူချင်သည့်တိုင်း၊ ဆုတ် မဆိုင်းဘဲ၊ နတ်တိုင်း ပြည်မှာ၊
ပေါ်ထွန်းရာသည်၊ အာသာဝတီ၊ ဘွဲ့ထူး ချီလျက်၊
သညီ ငယ်ဆန်း၊ နတ်တို့ ပန်းကို၊ ဝေလန်း ပွင့်လစ်၊
တထောင် နှစ်မှ၊ တကြိမ် ရသို့၊ ဗုဒ္ဓ မြတ်စွာ၊
တို့ ဆရာ၏၊ သာသနာခေတ်၊ ငါးထောင် နှစ်တွင်၊
သံဝစ္ဆရ၊ ဆဲ့နှစ်လလည်း၊ ခင်းရ တကြိမ်၊
တလကြိမ်ဟု၊ မုနိန် သကျာ၊ စေသတ္တာ၏၊
အာဏာခမ့်၊ စက် အရဖြင့်၊ ဩရ သားကျော်၊
သံဃာတော်များ၊ မပိုင်းခြားဘဲ၊ သုံးပါး အခါ၊
ဒိသာ စတု၊ အာရုံ ပြု၍၊ ခုနှစ် ကောဇာ၊
ထောင့်သုံးရာနှင့်၊ စွန်းကာ ရှစ်ခု၊ နှစ် ယခုတွင်၊
ဥတု ဝသန်၊ လေ ပြန်ပြန်နှင့်၊ ဟေမန် ဝင်ကာ၊
ငွေနှင်း ဖြာလျက်၊ ထက်မှာ ကောင်းကင်, အဇဋ္ဌာ ပြင်လည်း၊
ကင်းစင် တိမ်လွှာ၊ မြူခိုး ခွာ၍၊ ဒေဝါ နေမင်း၊
ရောင်စုံဝင်းကာ၊ စန်းမင်း ကြတ္တိ၊ မုိုးသယ် ကြည်လျက်၊
လ,မည် ဗြိစ္ဆာ၊ လန်း ဝေဆာသည်၊ ပန်းမှာ ခဝဲ၊

ပွင့်ညှာ နွဲ့၍၊ ကြိုင်မြ ထုံလျက်၊ ဆဲ့သုံး ရက်တည့်၊
အောင်ဘက်သို့ နှင်း၊အောင်ရှိန် ပြင်းသည့်၊ဆင်မင်း ဆုံတွေ့၊
ဗုဒ္ဓဟူး နေ့၌၊ ခလေ့ ရှင်လတ်၊ နေ့ဆွမ်း ကပ်၍၊
မြိန်မြတ် ချိုချဉ်၊ ဘောဇဉ် ခဲဘွယ်၊ အသွယ်သွယ်ဖြင့်၊
မယ်မလ္လိကာ့၊ ကောသလသို့၊ အသဒိသ လှူ၊
ပမာ ယူလော့၊ ဝေဘူ ကျော်ကြားဟာ၊ဆောင်တောက် ဖြာသို့၊
ကထိန်လျာ ဥတ်၊ လှူ ဆက်ကပ်၍၊ ဝန်းပတ် ရန်ကာ၊
လှူများစွာသည်---။
မဟာ ဒါန ပင်မို့ပါ ဘုရား။

၃။ မှန်းပြု ရန်ငေါ်....ပြုန်းခု ကျော်၍၊မပေါ် ဘယာ၊
ပြစ်ကင်း ကွာလျက်၊ မိစ္ဆာ မကပ်၊ ရန် မထပ်ဘဲ၊
ပြုလတ် ပွဲကြီး၊ စဲ အပြီးတွင်၊ ဝှဲချီး သြဘာ၊
ထောမနာ၍၊မင်္ဂလာ ဘောင်းသံ၊သောင်းလုံး ညံလျက်၊
မိုးယံ ကောင်းကင်၊ မြေ အပြင်နှင့်၊ ရေပြင် မလပ်၊
ပဲ့တင် ထပ်မျှ၊ ပဿာ နတ်ဒိုး၊ နတ် တံပိုးနှင့်၊
မှုရိုး စောင်းညှင်း၊ အောင်ပွဲ သွင်းရှင့်၊ အောင်ခြင်း မင်္ဂလာ၊
လှူသည့် တာကို၊ ဆရာ့ မိဘ၊ မင်း ယမနှင့်၊
သဗ္ဗ ဥာတကော၊ ချစ် မိတ်ဆွေဟု၊ ဒေဝါ ဒေဝီ၊
သုန္ဒရီ နတ်၊ အစ မှတ်၍၊ ရလတ် ပါစေ၊
အမျှ ဝေ၏၊ မစ္ဆေ မဖေါက်၊ သဒ္ဒါ ပေါက်လျက်၊
ဝမ်းမြောက်ပါကုန်၊ ဟိုးနောက် အခါ၊ သံသရာဝယ်၊
ရန်ခါ တစိ၊ ဘေး မထိဘဲ၊ မရှိ စကား၊
မကြွားရလို့၊ ထိုထို ဆင်းရဲ၊ ပျောက်တင်း စဲလျက်၊
အမြဲ မှန်စွာ၊ ယူဖြောင့်ရှာ၍၊ ပေးပါ စကား၊

မပြောကြားလို၊ စီးပွား ဥစ္စာ၊ ပြည့်စုံစွာနှင့်၊
ပညာ ထက်မြက်၊ ဝရဇိန် စက်သို၊ အသက် ရာကျော်၊
နာ မပေါ်ဘဲ၊ သူတော်တို့ ထုံး၊ အမြဲ သုံးလျက်၊
ရှုံမှုန်း ပါပ၊ မြတ် သီလနှင့်၊ စာဂ အလှူ၊
လွန် ကြည်ဖြူ၍၊ ပေးလှူ ဖြန့်ဝေ၊ ပစ္စ မေပယ်၊
မင်္ဂလ မှန်ရာ၊ ပြည်နိဗ္ဗာသို့၊ သစ္စာ လေးဆင့်၊
ဉာဏ်တွင် ပွင့်လျက်၊ မဖင့် အမြန်၊ ဆင်းရဲ မှန်လှ၊
ဤ လောကကို၊ အာသာ ကင်းကွာ၊ ဖြတ်တောက် ခွာသည်....
မဟာ ဌာန ဝင်ဘိုရာ ဘုရား။ ။

....ထ....

၁၃၁၅ ခုနှစ် တန်ဆောင်မုန်း လပြည့်နေ့တွင် ကျင်းပသည့်
သိပ္ပမဥ္ဈူ ဘုံကထိန်တွင် ဘတ်ကြားသော

# စကြာ မင်္ဂလာ ရတု ပိုဒ်စုံ။

၁။ ပြည်တော်သာစေ,....ကြိုးကုတ် ဖွေလည်း၊ ကာလေယုဂ်လစ်၊
ဤဆုတ်ခေတ်၌၊ ယုတ်ညစ်စွာလှ၊ လူ ပါပတို၊
ထကြွ သောင်းကျန်း၊ လွန် ဆိုး သွမ်းလျက်၊သရမ်းကြခါ၊
ဤ ကမ္ဘာကို၊ ဝိသမာ ပြော၊ လောဘဇောဖြင့်၊
ဒလဟော ထွက်၊ တရား ပျက်လျက်၊နိုပ်စက် ရန်ဖွဲ့၊
နယ်ပယ် ချွ၍၊ အားမဲ့ သိရယ်၊ တိုင်းပြည် ငယ်၌၊
ကြီး, ငယ်, နိုင်, ညှင်း၊ ပြုကြခြင်းကြောင့်၊ ဆင်းရဲ ဓမ္မ၊
သံဝေဂကို၊ ရကြ အမှန်၊ ပြည် နိဗ္ဗာန်သို့၊

အမြန် ရောက်သော်၊ အေးရန် ပေါ်သည်....၊
ရည်မျှော် ဒါနေ့ ပါရမီ ဘုရား။ ။

၂။ ရည်မျှော် ခါလေ၊.... ဤ ကာလေတွင်၊ မသေ့ မှန်ငြား၊
နယ်ချဲ့ များဟု၊ ခေါ်ထား ပါရ၊ ဝိသမ တည့်၊
ဓမ္မ ပျက်ကွက်၊ လောဘ တက်လျက်၊လွန်ထွက် ဒေါသ၊
မိုက် မောဟ ဟု၊ သုံးဝ အမှောင်၊ နယ်ချဲ့ ကောင်တို့၊
တောက် လောင်စေပြီး၊ ဤ သုံးမီးကို၊ အပြီး ငြိမ်းရန်၊
စိတ်ရည်သန်လျက်၊ ကာလံ ဒါန၊ ကထိန ဟု၊
မြတ်စွာ့ တမူ၊ ဤ အလှူကို၊ ကြည်ဖြူလှူစွာ၊
သူတော်စွာတို့၊ ညီညာ ပေါင်းစု၊ ဆည်းပူး ပြုသည့်၊
ကုသလ မော်၊ ကောင်းမှု တော်သည်....၊
တည်နော် တာရှေ့၊ ပါဝသီ ဘုရား။ ။

၃။ တည်နော် တာရှေ၊... ကောင်းရန် ဖွေသား၊နာမေ ပြန့်လှိုင်း၊
ကမ္ဘာ ပိုင်း၌၊ မြန်တိုင်းဘောင် ဟု၊ပြည်ထောင်စတော်၊
ရန်ထု မျိုးစုံ၊ ရန်မျိုး ကုန်သည့်၊ ရန်ကုန် ဟူသည
မင်းနေပြည်ဝယ်၊ မထေရ် ဥာဏ်ရှင်၊တည်ထောင် ထွင်၍၊
ပညာ မဏ္ဍိုင်၊ ကြီးကျယ် ခိုင်သည့်၊ မည်ပိုင် မဟာ၊
ဥာဏာဒိစ္စ၊နာမ ကျော်သင်း၊ ကျောင်းတိုက် တွင်းဝယ်၊
စိတ်ရင်း ကြည်ဖြူ၊စေတနာ ဆူလျက်၊ ခါမူ ခေတ်ဆိုး၊
ပျောက်ကာ လျှိုး၍၊ ဘေးမျိုး ကင်းပ၊ နိဗ္ဗာနကို၊
စိတ်က ရည်ရော်၊ များ ပူဇော်သည်...၊
ပြည်တော် သာစေ့၊ ကြာမရှည် ဘုရား။ ။

## သိပ္ပမဥ္စူ ကထိန် အလှူ အချီ, အချ, တူ
## မဏ္ဍိ ဆံကျင်ချေ, ရတု၊ ပိုဒ်စုံ သုံးပိုဒ်။

၁။ နှုန်းတုခါသာ....ထုံးမှု စာလေ့၊ သညာ တွင်ပြု၊
ပြည်ထောင်စုဌ၊ ယခု ခေတ်သော်၊ နေပြည်တော်ဟု၊
မည်ကျော် ထင်စွာ၊ နဂရာတည့်၊ နတ်ရွာလေလော၊
ထင် တွေးတောလိမ့်၊ ဝပြော သာယာ၊ စည်ပင်စွာနှင့်၊
မြစ်သာ ကမ်းထိပ်၊စခန်း ဆိပ်မို့၊နန်းရိပ်ထီးစိုက်၊
လွန် သိုက်မြိုက်သား၊ စရိုက် များစုံ၊ မြို့(ရန်ကုန်)တွင်၊
မည်ထုံ သင်းလှိုင်၊ (မင်းမနိုင်)ဟု၊ ခင်းမြိုင် ထွက်လစ်၊
ရပ်ကွက်သစ်တွင်၊ စနစ် ကောင်းပေ၊ ကြက်သရေပါ၊
တက်နေ ဖြာလျက်၊ မင်္ဂလာမျိုး၊ မပြတ် တိုးသည့်၊
ဘေး, ဘိုး, ဘွားမှ၊ အဘီး စသည်၊ မိဘ စဉ်ဆက်၊
ခု လက်ထက်တိုင်၊ မပျက် အကျင့်၊ ရင့်ထက် ရင့်၍၊
သင့်တင့် ကောင်းမြတ်၊ သဘော ဓာတ်နှင့်၊ သတ္တ အမော်၊
ခုနှစ်ဖော်ဟု၊ သူတော် ဥစ္စာ၊ ရတနာကို၊
မကွာ ထားဘိ၊ လက်ကိုင် ရှိလျက်၊ ဇာဝိတိန္ဒြေ၊
ငြိမ်သက်ပေသည့်၊ တည်နေ တုံလတ်၊ အသက် ဓာတ်လည်း၊
မြင့်မြတ် ဘိုးတန်၊ အမျိုး မှန်၍၊ စိုးမှန် စင်ဖြူ၊
ကျင့် အမူပြည့်၊ လူကြီး, လူငယ်၊ လူပျိုရွယ်နှင့်၊
ပျိုမယ် လှချော၊ ကညာ နှောလျက်၊ သဘော ပြည့်ညီ၊
ယုဝတီပြင်၊ ဧကရီ အများ၊ နတ်နွယ် ကြွားလျက်၊
စီးပွား ပစ္စည်း၊ ကုလုံ ဖြည်း၍၊ မငြီး• လုဘွယ်၊
လူ့ပြည် နယ်တွင်၊ စိတ်ဝယ် ချမ်းသာ၊ ရွှင်ပျစွာနှင့်၊

ကိုယ်မှာ အေးမြ၊ သော်တာ လသို၊ လောကာ လူ့ရွာ၊
ထင်ရှား စွာသည့်....၊
မဟာ ဌာန ဘုံမို့ပါ ဘုရား။ ။

၂။ ရုံးစု ခါခါ...နှုံးပြုစွာသား၊ ညီညာ နိုးနှော၊
တိုင်ပင် ပြောလျက်၊ မနော ကြည်ရွှင်၊ သဘော ဝင်၍၊
လှူချင်သည့်တိုင်း၊ ဆုတ် မဆိုင်းဘဲ၊ နတ်တိုင်း ပြည်မှာ၊
ပေါ်ထွန်းရာသည်၊ အာသာဝတီ၊ ဘွဲ့ထူး ချီလျက်၊
သညီငယ် ဆန်း၊ နတ်နွယ် ပန်းကို၊ ဝေလန်း ပွင့်လစ်၊
တထောင်နှစ်မှ၊ တကြိမ် ရသို၊ ဗုဒ္ဓ မြတ်စွာ၊
တို့ဆရာ၏၊ သာသနာ ခေတ်၊ ငါးထောင် နှစ်တွင်၊
သံဝစ္ဆရ၊ ဆဲ့နှစ်လလည်း၊ခင်းရ တကြိမ်၊
တဆယ့်ကြိမ်ရှင့်၊မုနိန် သကျ၊ အတုလ၏၊
ပုတ္တ အမော်၊မထေရ်ကျော်တည့်၊ မဟော်၏သွင်၊
ဥာဏ် နေရှင်သည်၊ တီထွင်မူလ၊ ကျော်ကြားလှသည့်၊
(သိပ္ပမဥ္ဇူ)၊သင်းပျံ့ ကြူ၍၊ကျောင်းမူ မည်ကြီး၊
အရာမ် ကြီးဝယ်၊ မငြီး ရာဘွယ်၊မြတ်သုံး သွယ်၏၊
သွယ်သွယ် ကျမ်းဂန်၊မွေနှောက်လှန်လျက်၊ စာအံ့စာချ၊
စာပြန်ကြကာ၊ စူရ နှစ်ဖြာ၊ ဖြည့်ကျင့် ရှာသည်၊
သံဃာတော်များ၊ မပိုင်းခြားဘဲ၊ သုံးပါး အခါ၊
ဒိသာ စတုအာရုံ ပြု၍၊ ခု နှစ် ကောဇာ၊
ထောင့် သုံးရာနှင့်၊စွန်းဧာ နှစ်ဆယ်၊ပြည့်ဖြိုးကြွယ်သည့်၊
နှစ်ဝယ် ရောက်စု၊ နှစ် ယခုတွင်၊ ဥတု ဝသန်၊
လေ ပြန်ပြန်နှင့်၊ ဟေမန် ဝင်ခို၊ ငွေနှင်း စိုလျက်၊
ဗဟိုရ် အာကာ၊ အဇဋ္ဌာလည်း၊ တိမ်လွှာ မင်းလွင်၊

မြူခိုး စင်၍၊ နေ ပြဘင်နတ်၊ ရောင်စုံ ဟပ်ကာ၊
စန်း ကြတ္တိနောင်၊မိုဃ်းလယ် ပြောင်သား၊ တန်ဆောင် ဖြိုးစွာ၊
လန်း ဝေဆာလျက်၊ပန်းမှာ ခစဲ၊ ပွင့်ညွှာ နွဲ၍၊
ကြိုင်မြဲ ထုံလေ့၊လပြည့် နေ့တွင်၊ခြသေ့ ဟောက်ချက်၊
ဤသည့် ရက်၌၊နံနက် ဆွမ်းကပ်၊နေ့ ဆွမ်း ထပ်လျက်၊
မြိန်မြတ် ချိုချဉ်၊ဘောဇဉ် ခဲဘွယ်၊ အသွယ်သွယ်ဖြင့်၊
မယ်မလ္လိကာ့၊ကောသလသို့၊ အသဒိသလှူ၊
ပမာ ယူလော့၊ ဝေဘူ ကျော်စိန်၊ ရောင် တောက် ရှိန်သို့၊
ကထိန်တော်ဥတ်၊ လှူ ဆက်ကပ်၍၊ ဝန်းပတ် ရံကာ၊
ပေါင်း များစွာသည်၊

မဟာ ဒါန စုံလို့ပါ ဘုရား။ ။

၃။ ဘုန်းတု အာဏာ၊ ရှုံးခု ခွာ၍၊ မိစ္ဆာ မဖိ၊
ရန် မသိဘဲ၊ ဤသည် ပွဲကြီး၊ စံ အပြီးတွင်၊
ဝှဲချီး ဩဘာ၊ ထောမနာ၍၊ မင်္ဂလာ တောင်းသံ၊
သောင်းလုံ ညံ့လျက်၊ မိုဃ်းယံ ကောင်းကင်၊ မြေ အပြင်နှင့်၊
ရေပြင် မလပ်၊ ပဲ့တင် ထပ်မျှ၊ ပဿာ နတ်ဗိုး၊
နတ် တန်ခိုးနှင့်၊ မုရိုး စောင်းညှင်း၊ အောင်ပွဲသွင်းရှင့်၊
အောင်ခြင်း မင်္ဂလာ၊ လှူသည့်တာကို၊ ဆရာ့မိဘာ၊
မင်း ယမနှင့်၊ သဗ္ဗ ဥာတကော၊ ချစ် မိတ်ဆွေပြင်၊
ဒေဝါ့ ဒေဝီ၊ အစ ချီ၍၊ ထိုဤ စောင့်နတ်၊
အထပ်ထပ်မျှ၊ ရလတ်ပါစေ၊ အမျှ ဝေ၏၊
မစ္ဆေ မဖေါက်၊သဒ္ဓါပေါက်လျက်၊ ဝမ်းမြောက်ပါကုန်....၊
ဟိုနောက် အခါ၊ သံသရာဝယ်၊ ရံခါ•တစ်၊
ဘေး မထိဘဲ၊ မရှိ စကား၊ အမြဲအားဖြင့်၊

မကြားရလို၊ ငြိုငြင် ပင်ပန်း၊ ဆင်းရဲ ခန်းလျက်၊
ရှင်လန်း ကြည်သာ၊ ယူ ဖြောင့်ရှာ၍၊ပေးပါ စကား၊
မပြောကြားလို၊ စီးပွား ဥစ္စာ၊ ပြည့်စုံစွာနှင့်၊
ပညာ ထက်မြက်၊ ဝရဇိန် စက်သို့၊ အသက် ရာကျော်၊
နာ မပေါ်ဘဲ၊ သူတော်တို့ ထုံး၊ အမြဲ သုံးလျက်၊
ရှုမုန်း ပါပ၊ မြတ်သီလနှင့်၊ စာဂ အလှူ၊ "
လှန် ကြည်ဖြူ၍၊ ပေးလှူ ဖြန့်ဝေ၊ အုန္တိမေဝယ်၊
မေတ္တေယျာဟု၊ မျှား လူထု၏၊ အတုလ ထား၊
မြတ် ဘုရားသည်၊ တရား ရေအေး၊ အမြိုက် ဆေးကို၊
တိုက်ကြွေးပြီးလျှင်၊နိဗ္ဗာန် ဝင်သော်၊ကြည်လင် ဖူးမြော်၊
လွဲ မချော်လျက်၊ နောက်တော်ကာ-ဘဲ၊သက်န်း ဆွဲ၍၊
မခွဲ မခွာ၊ အမြဲ ပါသည်...၊

မဟာ ကာလ ကြုံဘို့ပါ ဘုရား။ ။

ရန်ကုန်မြို့ မင်းမနိုင် ကွက်သစ်
မဟာ ဥာဏာဒိစ္စ သိပ္ပမဥ္ဇူ ပါဠိတက္ကသိုလ် ကျောင်းတိုက်
ကထိန် အလှူပွဲတွင် ဘတ်ကြားသော
(အချီတူ၊ အချတူ မင်္ဂလာ သြဘာစာ ရတု ပိုဒ်စုံ)

၁။ တက်မြူးရောင်ဝါ၊မြူမှောင်ခွာသား၊ထောင်၊ ရာ၊နေ၊လ၊
ရောင်စုံ ပ သို့၊နဝမ၊ ခေတ်၊ ဖြစ်ကြီး ဖြစ်လည်း၊
တွင်းစစ် မီးထ၊ထောင်းထောင်း ကြွလျက်၊ ခါးပြ၊သူခိုး၊
ရန်သူမျိုးဟု၊ လူဆိုး၊ သူသတ်၊ ရန်ပုန် တပ်တို့၊
မပြတ် သောင်းကျန်း၊သွား၊လာ လမ်းမှာ၊စခန်း မတင့်၊
နေထိုင် ခွင့်နှင့်၊ စားသင့်၊ဝတ်ရေး၊ ရှာဖွေရေး ပြင်၊
လုပ်ရေး၊ ကိုင်ဘွယ်၊ အသွယ်သွယ်နှင့်၊ လက်ဝယ် ဥစ္စာ၊

လယ်, အိမ်ရာတို့၊ များစွာ ပျောက်စင်၊ ဖတ် မတင်ခဲ့၊
ရှုမြင် အနိစ္စ၊ ဘိဇ္ဇနဟု၊ ခယ ဝယာ၊
ဖြစ်,ပျက်စွာတည့်၊ ထွေလာ ဘေးရန်၊ မြဲဆက်ဆံသည်၊
အမှန် ဒုက္ခ၊ အနတ္တတည်း၊ သာရ မရှိ၊
ကာ, တိတိလျှင်၊ ထိမိ သဘော, စိတ်ဝယ် စော၍၊
မနေ၅ ဖြူစင်၊ တရား ဝင်လျက်၊ ကောင်းအင် ကုသလ၊
မြတ် ပုညကို၊ ကျန ဖွေရှာ၊ ဆည်းပူးရာသည်—
သေချာ ဘေး-လွင့် ပျောက်လေသော်။ ။

၂။ ရှက်ကူး ဆောင်ကာ— မြတ် ဓမ္မာကို, မက္ခာ သံဝေ၊
ရကြဲပေလျက်, များထွေ ဉစ္စာ, သွား ရာရာတွင်၊
လိုက်ပါ မရှိ, ပကတိဟု, ဂါမိ အနု၊
ဖြာ သိမှုသျှင်, ခိုင်ထု စိုက်ထိုး, မြတ် ရွှေအိုးသာ၊
ရွှေးရိုး ညီညာ, သူတော် လျှာတို့, ပြုရာ ပြုကြောင်း၊
ကုသိုလ် ပေါင်းဟု, နှစ်ထောင်း စိတ်ရွှင်, ကယ်ကောင်း မြင်၍၊
သုံးခွင် ဝဋ္ဋဘေ့, ကရွတ်ခွေမှ, လွတ်စေ အာရုံ၊
မြို့(ရန်ကုန်)ဝယ်, မည်ဂုဏ် သင်းလှိုင်, (မင်းမနိုင်)ဟု၊
လင်းကြိုင် မွှေးထ, ရပ် ဌာနတွင်, ပညာ့ စွယ်စုံ၊
ကီ,ကုံတ် ခြုံလျက်, ကုလုံ တတ်မြောက်, တန်ခိုး တောက်သည့်၊
မုန်သောက် ထွဋ်တင်, (ဉာဏ် နေရှင်) နှင့်, အသျှင် များစွာ ,
ရည်မှတ်ကာဖြင့်, အခါ တွေ့ကြိမ်, ဝင်းဝါ ရှိန်သည့်၊
ကထိန် သင်္ကန်း, ဆက် လျှုဒါန်း၏, ဝမ်းပန်း သာစွ၊
ဘဝင် ကြွလျက်, ရွှင်ပျ သဒ္ဒါ, တည်မြဲ စွာသည်—
ရေ,ကြာ မွှေး ပွင့် ပေါက်ပေသော်။ ။

၃။ ဆက်ထူး အောင်ရာ....စေတနာကား,ပြတ်ကာ စိုက်စိုက်၊

နှလုံး ပိုက်၍၊ ကြုံကြိုက် လာကြ၊ ရခဲ စွတည့်း၊
ကာလ ကုသိုလ်၊ ပြု မယိုသည်၊ စုဆို နှင်းချိန်၊
ခင်း ကထိန်နှင့်၊ ပြင်းရှိန် ဒါန၊ စောင့် သီလဟု၊
ပွားထ ဘာဝနာ၊ အဖြာဖြာတို့၊အောင်လာ ပြီးမြောက်၊
ခရီး ပေါက်သည့်၊ချီးမြှောက် ချိန်ခါ၊ထောင့် သုံးရာဆုံး၊
နှစ်ဆယ့် သုံးတွင်၊ ယုံကဖိုး ဘွေနန်း၊ ကောင်းကင် လမ်းမှာ၊
ယာဉ်စန်းကြွတ္တိကာ့ယှဉ်ပြိုင် လာလျက်၊ဗြိဿာ တန်ဆောင်မုန်း၊
ခိုင်လုံး တွဲတင့်၊ ခဝဲ ပွင့်သည့်၊ ကဆင့် ဆန်းတက်၊
ဆဲ့ နှစ်ရက်တွေ့၊ဂဠုန် နေ့ဝယ်၊ ကြွေ့ကြွေ့ သဒ္ဓါ၊
လွန်ကဲစွာဖြင့်၊ ဝေယျာ ခပင်း၊ လူ တသင်းနှင့်၊
နတ်မင်း များအား၊ ရငြား ပါစေ့ ဆမျှ ဝေ၏၊
မစွေ့ မဖက်၊ ညီညာ မြွက်၍၊ မပျက် သာဓု၊
ကြိမ်ကြိမ် ပြုကာ၊ အောင်ဆု ညွှန်းဖြာ၊ သွန်း ပတ္တနာသည်—၊
ခေမာ ဧ-ခွင့် ဆောက်စေသော်။

....ထ....

မိတ္ထီလာမြို့နယ် ဂဠုန်ကျောင်းတွင် နတ်နန်း စံဝင် ကျေးဇူး
တော်အရှင် သမုတိ ဂိုဏ်းအုပ် ဆရာတော် ဘုရားကြီးကို
အမှတ် ရလျက် ဆက်ကပ် လှူဒါန်းသော ကထိန်
ပွဲ၌ ဘတ်ကြားသော အောင်ပွဲ မင်္ဂလာ
အချီတူ့ အချတူ ဩဘာစာ စကြာ ရတု ပိုဒ်စုံ သုံးပိုဒ်။

၁။ မှောင်စွန်း ဖျက်ခွါ—မင်္ဂ သစ္စာကို၊ မှန်စွာ သိမြင်၊
မြတ်ဥာဏ်ရှင်တည့် ....သဗ္ဗညုတာ၊ တို့ဆရာသည်၊

ကမ္ဘာတွင်းနေ၊ များ ဝေဏောကို၊ လေးထွေ သစ္စာ၊
ဖေါ်ထုတ်ဟာဖြင့်၊ဓမ္မာ စည်ကြီး၊ရိုက်ဆော် တီးလျှက်။
မြည်ဟီး စေဘိ၊သာဝတ္တိဝယ်၊ သေဋ္ဌိ လှူရာ၊
ကျောင်း ဝိဟာတွင်၊ လေးဖြာ ပထ၊ နေပျော် မျှစဉ်၊
ဘဒ္ဒဝဂ္ဂီ၊ များ မထေရ်၏၊ ထိုဤ ဒုက္ခ၊
တွေ့မြင် ရ၍၊ ငါးဝ အကျိုး၊ သန်ဖွင့် ဖြိုးလျှက်၊
တိုးတက် စေလို၊ သနား ပို၍၊ ထိုထို ဗုဒ္ဓ၊
အရိယာတို့၊ သံသာနှုတ်မြွက်၊ ချီးမွမ်း ချက်ပြင်၊
ခဲခက် နက်နဲ၊ လှူနိုင် ခဲသည့်၊ ခိုင်မြဲ ဒါန၊
ကထိနဟု၊ သံဃာ့ ရည်မှန်း၊ မြတ်သက်န်းကို၊
လှူဒါန်း ပါက၊ လှူခံ ရကာ၊ ကမ္ဗဝါ ဥတ်၊
မှန်စွာ ဖယ်လျှက်၊ ပညတ် ဖေါ်ထုတ်၊ သိက္ခာ ပုဒ်ကို၊
ရွှေနှုတ် မြွက်ခါ၊ ခွင့်ပြုရှာသည်....
လကျာ တောင်ကျွန်း မြေမှာသော်....။

၂။ တောင်ကျွန်း လကျာ....မြတ်ဒီပါတွင်၊ မြန်မာ တွင်ပြု၊
ပြည်ထောင်စု၌၊ ထုဘိ များမြောင်၊ ကန့်, ညီ့နောင်တို့၊
ကပ်မြောင် ယှက်ဘိ၊ မြတ် ဂူစေတီနှင့်၊ သိဒ္ဓိ ဖြာဖြာ၊
မိတ္တီလာ၏၊ ပစ္ဆိမာ ရောက်၊နှစ်မိုင်လောက်ဝယ်၊
မုန်သောက် မာတင်၊ ပညာ ရှင်တို့၊ ထူးပင် ထွန်းစုံ၊
ရွာ ဂဠုန်တွင်၊ မွေးတုံ သီသ၊ အာစာရနှင့်၊
ကြီးလှ သမ္ဘာ၊ မြတ်ပညာရှိ၊ သမာဓိရောင်၊
မြင့်မိုရ်တောင်သို့၊ ထမ်းဆောင် သိက္ခာ၊ မြင့်မြတ်စွာနှင့်၊
ကျွင့်ရှာ အထူး၊ဂိုဏ်းအုပ် မှူးတည်း....ကျေးဇူး တော်ရှင်၊
နတ်နန်း ဝင်ကို၊ ထူးပင် သတိ၊ တမ်းတ မိ၍၊

ဓာပည့်များစွာ၊ ပညာဝါနှင့်၊ တကာ ထိုထို၊
များ လူပိုလ်တို့၊ ပိုမို သဒ္ဒါ၊ တိုးပွား လာလျက်၊
ရွှင်စွာ စိတ်ဇော၊ မြတ်သဘောဖြင့်၊ အဟောဝတ၊
ကထိန်၏၊ ဒါန ထိပ်သီး၊ မြတ်လှူကြီးကို၊
ပြုမြဲ ဘို့ရာ၊ စေတနာသည်—
လက်စွာ ပြောင်ထွန်း ဝေဆာသော်....။

၃။ ပြောင်ထွန်း လက်စွာ....ခက်ခဲ ပါသား၊ ဒါနာ ထူးစွ၊
ဆဲ့နှစ်လတွင်၊ ခင်းရ တကြိမ်၊ တလ ကြိမ်သည့်၊
ကထိန်တော်ဥတ်၊ သက်နိုး မြတ်ကို၊ မပြတ် စိတ်တွင်၊
လွန် ကြည်လင်လျက်၊ မြတ်ရှင် သံဃာ၊ရည်စူး ကာဖြင့်၊
ဤခါ ယခု၊ လှူဒါန်း ပြု၏....တွင်မှု တောဇာ၊
ထောင့်သုံးရာနှင့်၊ စွန်းကာ နှစ်ဆယ်၊ငါးခု ကြွယ်သား၊
မိုးနှယ် ဆုံးလု၊ ချိန် ယခုဝယ်၊ ဥတု ဝသန်၊
လေ ပြန်ပြန်နှင့်၊ ဟေမန် ဝင်ကာ၊ ငွေနှင်း ဖြာလျက်၊
အာကာ တခွင်၊ မြူခိုး စင်၍၊ အရှင် နေမင်း၊
ရောင်စုံ ကျွင်းကာ၊ စန်းမင်း ကြတ္တိ၊ မိုးလယ် ကြည်၍၊
လ·မည် ဗြိစ္ဆာ၊ လန်း ဝေဆာသည်၊ ပန်းမှာ ခဝဲ၊
ဝတ်မှုန် ကြဲလျက်၊ ကြိုင်မြဲ ဆန်းတက်၊၁၄·ရက်တည့်—
အောင်ဘက်သို့ နှင်း၊ အောင်ပွဲ သွင်းသည့်၊ဆင်မင်း ဆုံတွေ့၊
ဤသည့် နေ့တွင်၊ ခေလ့ ရှင်ပျ၊ လှူဆက်, သ·ကာ၊
မဂ္ဂ သစ္စာ၊ သိဉာဏ်ရှာသည်....
ဖျက်ခွါ မှောင်စွန်း ပြေရာသော်....။

မိတ္ထိလာမြို့ဂဠုန်ရွာ၊ အရှင်အရိယ ပိဋကတ် တိုက်ကျောင်း ရေစကြ ကထိန်ပွဲတွင် မောင်က တလှည့်၊ မယ်က တဖန်ပြန်လှန် ဖွဲ့ဆိုကြသော မယ်ဘွဲ့ မောင်ဘွဲ့ ရတု ပိုဒ်စုံများ။

• မောင်က မယ့်ထံ ဖွဲ့ဆိုသော မယ်ဖွဲ့ ရတု ပိုဒ်စုံ။

၁။ ခင်လို့ ခေါ်သည်...လိုက်တော် မူခဲ့၊ မပျောင်း နွဲ့နှင့်၊
အံ့ဘွယ် အတိ၊ တိုင်း မသိသား၊ ကိတ္တိ ဖြာသည့်၊
မိတ္ထိလာ၏၊ မျက်နှာ အနောက်၊ နှစ်မိုင် လောက်တွင်၊
မုန်သောက် မာတင်၊ ပညာ ရှင်တို့၊ ထူးပင် ထွန်းရာ၊
ရွာ သာယာဟု၊ ရှေးခါ ကာလ၊ ခေါ်ဝေါ်ကြ၏၊
နောက်မှ တဖန်၊ မည်ပြောင်း ပြန်သား၊ နာမံ သင်းထုံ၊
ရွာ ဂဠုန်တွင်၊ နတ်ဘုံ နတ်နန်း၊ ပမာ မှန်းလော့၊
ဆန်းဆန်း ကြယ်ကြယ်၊ လွန် တင့်တယ်ကာ၊ ထယ်ထယ် ဝါဝါ၊
ခမ်းနားစွာဖြင့်၊ အာကာ ဘွေဝယ်၊ ရောက်လု ဘွယ်တည်း၊
ကြီးကျယ် လှငြား၊ ဘုရား တန်ဆောင်း၊ ကျောင်းကြီး တဖုံ၊
ဓမ္မာရုံပြင်၊ ဖုံဖုံ စာပေ၊ ကိန်းအောင်း နေလတ်၊
ပိဋကတ်တိုက်၊ သိမ်တိုက် စံကျောင်း၊ ဆွမ်းစား ကျောင်းပြင်၊
စာသင် ကျောင်းပါ၊ သံသာ ဆွဲလဲ၊ ညံ့ မစဲသည့်၊
တနဲ စေတီ၊ တလည် တည်ဘိ၊ ကိုးတောင်ပြည့် ပြင်၊
ကျောင်း၏ ကြက်သရေ၊ ကြည်လင် ရေနှင့်၊ နှစ်ထွေ ကန်ကြီး၊
အသီးသီးတည့်....၊ မငြိုးရှုဘွယ်၊ အသွယ်သွယ်ဖြင့်၊
ဖွယ်ဖွယ် ရာရာ၊ တင့်တယ် စွာပင်၊ ဖန်တီး ထွင်လျှက်၊
ဆင်ယင် မှုစုံ၊ ဝိသုကြုံဟု၊ ထက်ဘုံမှ နတ်၊

ဖန်ဆင်း လတ်သို၊ မားမတ် ကျယ်ဝန်း၊ မြေပေါ် ထွန်းလျက်၊
တောင်ကျွန်း ထက်တွင်၊ ထက်မြက် သိဉာဏ်၊ တိုးတက် လျှံရှိ၊
အမှန် တရား၊ လွန် တိုးပွားကာ၊ ဘုရား သာသနာ၊
မြိုက် ဩဇာသည်၊ နေဝါ, လ-ရောင်၊ ထွန်းလင်း ပြောင်လျက်၊
အမှောင် မသန်း၊ မျက်နှာ ပန်းလှ၊ ထက်တန်း ကျော်၊
များစွာ ရည်ရွယ်၊ အမြင် ကျယ်စွာ၊ တည်ထောင် ရှာသည်၊
ခိုင်မာ ကောင်းလတ်၊ကျောင်းတော် မြဟ်ကား၊ သကာတ်
ဂုဏ်ထွား၊
မြန် တလွှားတွင်၊ ခမ်းနား တင့်တယ်၊ ထူး ဆန်းကြွယ်ကာ၊
ကြီးကျယ် လှပါ၊ ဘုံ ခန်းဝါသည်...
လာခါ မြင်တော် မူလိမ့် မည်။ ■

၂။ ရှင်ပျို့ ပျော်သည်....ခမှော် စည်ကြီး၊ရိုက်ဆော်တီးလျက်၊
မငြီး ဘွယ်ရာ၊ သာယာစွာနှင့်၊ သာသနာရေး,၊
ပညာရေးကို၊ အားပေးလှလို၊ စေ့စိတ် ပိုသည့်၊
မြင့်မိုရ် တောင်ဦး၊ မက ကြူးသား၊ ကျေးဇူး ဂုဏ်ဆိုင်၊
မကုန်နိုင်သော၊ ကြံ့ခိုင် ဝီရိ၊ ကြီးမား ဘိငြား၊
ဘ,မိ နှစ်ဖြာ၊ ဆရာ သခင်၊ ကျေးဇူးရှင်ကို၊
တွေးထင် ရမ်းဆ၊ လွမ်းဆွေး တ,လျက်၊ မှန်းကြ ပြီးကာ၊
ကုသလာ ဟု၊ နောင်ခါ မျှော်မြင်၊ ကမ္ဘာ တွင်အောင်၊
တင်ဘို့ မှော်ကွန်း၊ ရည်ရွယ် မှန်းလျက်၊ ကျယ်ဝန်း ခန့်ခိုင်၊
သိဉာဏ် ပိုင်ဘို့၊ မဏ္ဍိုင် သဘွယ်၊ ပညာ ကျယ်ရန်၊
ထယ်ဝါ ခမ်းနား၊ လွန် ဆန်းပြားသည့်၊ ထူးခြား လှတောင်း၊
စာပေ ပေါင်းတို့၊ကိန်းအောင်း နေလတ်၊ပိဋကတ် တိုက်၊
လွန် ဘိုးထိုက်ကို၊ သိုက်မြိုက် ထူးစွာ၊ ဆောက်လုပ် ကာဖြင့်၊

သဒ္ဓါ ဖြူစင်၊ စေတနာ ဝင်လျက်၊ သဘင် ပွဲကောင်း၊
လှူဘွယ် ပေါင်းဖြင့်၊နှစ်ထောင်း အားရ၊ရေစက်ချ ဟု၊
ထာဝရ မြဲ၊ ကထိန် ပွဲကို၊ တနဲ ကျင်းပ၊
ပြုလုပ် ကြရာ၊ ဤ အခါတွင်၊ လေးဖြာ ပရိသတ်၊
စည်ကား လတ်၍၊သကတ် ဂုဏ်လွှမ်း၊အောင်ပွဲ ခမ်းကို၊
စူးစိမ်း အထူး၊ ရှုလှည့် ဦးလော့....၊ မြင်ဘူး မည်ဝေး၊
မကြား့ သေးတည့်...၊ ကင်းဝေး မစွေ၊မဲ့ ဣသောနှင့်၊
လျှံဝေ သဒ္ဓါ၊ စေတနာ မူ၊ လွန်စွာ ထက်သန်၊
စစ် အမှန်ဖြင့်၊ သိဥာဏ် ကြီးမား၊ သမီး, သားနှင့်၊
နှံ့ထွား မြေး,မြစ်၊ မျိုးနွယ် စစ်တို့၊ထွန်းလစ် သာသနာ၊
ပွင့်လင်း ဖြာအောင်၊ သပြာ ခနေ၊ စိုက်ထုတ် ကြကာ၊
ဒါန မျိုးစေ့၊ စိုက်ပျိုး၍ ပင်၊ ရက်နေ့ ကြိမ်ရာ၊
ကျောင်း မဟာတွင်၊ ခါခါ လှည့်သော်၊ တွေးဆ ပေါ်လျက်၊
ကြည့်မျှော် လိုက်ခါ၊ မယ်စိတ်မှာသည်....
ယာမာ ထင်တော် မူလိမ့်မည်။ ။

၃။ ဘွင်ဆို့ အော်သည်၊ပျော်ရွှင် မြူးတူး၊ စိတ်ကြည် နူးလျက်၊
နေ့ထူး နေ့မြတ်၊ တွေ့ကြုံ လတ်၍၊ သကတ် ဂုဏ်မှာ၊
ကြီးထွား ရှာသည့်၊ ဒါယကာနှင့်၊ ဒါယိကာမ၊
မြောက်မြားစွာပြင်၊ မဝ ရှုမြင်၊ ရပ်ကြီး သွင်သို့၊
ဆင်ယင် ဝတ်စား၊ မူရာ ထွားကာ၊ အသား နုပျို၊
အယဉ် ပိုသည့်၊ ပင်ကိုယ် လှရည်၊ ယုဝတီနှင့်၊
ချစ်ကြည် စရာ၊ ချော ကညာပါ၊ နှောကာ ဂေါရီ၊
အလီလီပြင်၊ အကြည် ဆိုက်လို၊ အာသာ ပိုသည့်၊
လူပျို, လူငယ်,၊ လူလတ် ရွယ်ဟု၊ ထုထယ် ကြီးလတ်၊

ပရိသတ်တို့၊ မပြတ် မစဲ၊ စာသဲသဲတည်း....၊
အမြဲ နေ့ည၊ သွား,လာ ကြကာ၊ အားရ ရှုမျှော်၊
စိတ် ရွှင်ပျော်လျှက်၊ ထင်ပေါ် ဇမ္ဗူ၊ အောင်လံ ထူ၍၊
တမူ ဆန်းသစ်၊ နှမူ သစ်ဖြင့်၊ အားသစ် ကြိုးစား၊
အကျိုး များဘို့၊ စိတ်,အား သန်လတ်၊ ထေရ်သျှင် မြတ်တို့၊
ခေတ် ကရုဏာ၊ မြင့်မြတ်စွာဖြင့်၊ သာသနာ့ ရောင်၊
နေ· အထောင်နှင့်၊ လ-ရောင် အထောင်၊ မက ပြောင်အောင်၊
ကျိုးဆောင် ဖန်တီး၊ရှု မငြီးသည့်၊တိုက်ကြီး, တိုက်ငယ်၊
အသွယ်သွယ်ဖြင့်၊ခြယ်လှယ် ထားဘိ၊ အောင် သိဒ္ဓိနှင့်၊
ဘူမိ နက်သန်၊ မွှန်ကန် လှပေ၊ မြေပြင် မျက်နှာ၊
ညီညာ ပေါ်ထွန်း၊ကျယ်ဝန်းလှတောင်း၊ မြင်ကွင်းကောင်းသည့်၊
ကျောင်းဝိုင်း တွင်းတွင်၊သီး, သစ်ပင်နှင့်၊ပန်းပင် မျိုးစုံ၊
ဖူး,ပွင့်,ငုံကာ၊ အာရုံ စိတ်ပြေ၊ ရွှင်လန်း စေဘိ၊
ဝေဝေ ဆာဆာ၊ ထူး, ဒေသာ၏၊ သာယာ တင့်လှ၊
ကြည်နူး စရာ့တည့်....၊ သိကြား နေရန်၊ ဝေဇယန်နှင့်၊
ဟန်ပန် မယှဉ်း၊ သာဘိ ခြင်းကို၊ စိုးမင်း မနော်၊
တခါ မျှော်က၊ အိမ်တော် မကျန်၊ ဇောသွတ် သန်ကာ၊
မပြန် ခမ်းဝါ၊ ကျောင်းတော် သာသည်....
အာသာ ရွှင်တော် မူလိမ့်မည်။ ။

**မယ်က တဖန် မောင့် အထံသို့ ပြန်လှန် ဖွဲ့ဆိုသော**

**မောင်ဘွဲ့ ရတု ပိုဒ်စုံ။**

၁။ ခင်လို့ ခေါ်ရာ....လိုက်ချင် ပါလည်း၊ နော်ဇာ ရွှေကိုး၊
တခိုင် ရုံးဘို့၊ လုံးလုံး မယ်ထွေး၊ မပိုင် သေးခဲ့....၊

မဝေး လှဘိ၊ များ ဣစ္ဆိတို့၊ သိဒ္ဓိ ဖြာသည့်၊
မိတ္ထိလာ၏၊ ပစ္ဆိမာ ရောက်၊ နှစ်မိုင် လောက်တွင်၊
ထွန်းတောက် သာသနာ၊ ပွင့်လင်း ဖြာသား၊ ပညာ ဂုဏ်မောက်၊
စွယ်စုံ မြောက်သည့်၊ မုန်သောက် မာတင်၊ ဥာဏ်ကြီး ရှင်တို့၊
ထူးပင် ထွန်းပေါ်၊ ရွာ အမော်တည်း....၊ အဟော် ဝေ၊
ကျော်စော ရသည့်၊ ဌာန မဟာ၊ ရွာ သာယာဟု၊
ဝေါဟာ•တွင်ပြီး၊ ရှေး အံ့တီးက၊ အနီး အနား၊
ရပ်ရွာ များတွင်၊ စည်ကား လှပင်၊ ပွဲ သဘင်တွင်၊
နွဲဆင် ဂဠုန်၊ ငှက်ရုပ် ပုံကို၊ အာရုံ စွဲညီ၊
လူများ ကြည့်၍၊ ထုတိ သြဘာ၊ ပေးကြ ရှာသည်၊
နောင်ခါ ဤဘက်၊ ဂဠုန် ငှက်၏၊ ထက်မြက် သတ္တိ၊
ပညတ် ရှိ၍၊ မှတ်ဘိ လေကုန်၊ ရွှေ ဂဠုန်ဟု၊
မွှေးထုံ ကြည်မြ၊ အမည် ရသည့်၊ သာစွ ပျော်မွေ့၊
ရွာ အရှေ့တွင်၊ ကြီးပေ ခံ့ငြား၊ ဒြပ် ထွားလှ၊
မားမား မတ်မတ်၊ ခေါင် အထွဋ်နှင့်၊ သကတ် ဂုဏ်မှီး၊
ရှု မညီးတည်း.... ကြီးကြီး ကျယ်ကျယ်၊ ကွင်းကြီး လယ်တွင်၊
တင့်တယ် လှပါ၊ မြင့်မားစွာနှင့်၊ ခိုင်မာ ဘိတောင်း၊
ထုထယ် ကောင်းသည့်၊ အုဋ္ဌကျောင်း မဟာ၊ ကျယ်ဝန်း မှာမူ၊
ပမာဏ•ပေ၊ ပတ်လည် ဖွေသော်၊ တွက်ရေ တိုင်းတာ၊
ဖေါ်ပြ ပါလျှင်၊ နှစ်ရာ ရှစ်ဆယ်၊ လွန် ကြီးကျယ်၏၊
နှစ်သွယ် အဆောင်၊ အလည် ခေါင်မူ၊ အဆောင် စမုတ်။
လှေကား ထုတ်၍၊ နောက်ထုတ် အဖိ၊ ဆွယ်ကာ တည်၏....၊
အလည် ခန်းမ၊ ကျယ်ဝန်း လှလျက်၊ ဗုဒ္ဓ ခန်းဆောင်၊
ညှော်ခန်း ဆောင်ပြင်၊ အဆောင် ကြက်သရေ၊ အခန်း တွေပါ၊

ဝေဝေ ဆာတည်း—၊တဖြာ ဖြည့်ပေ၊စာပေ စံနန်း၊
စာကြည့် ခန်းနှင့်၊ အခန်း ချိုးရေ၊ အထွေထွေပြင်၊
စာပေ လိုက်စား၊ စာသင် သားတို့၊ ခန်းကား များစွ၊
နောက်ပိုင်း ကမူ၊ဝစ္စ ကုဋ္ဌိ၊ကပ်မြှောင် မှီကာ၊
ထွေလီ ဆန်းပြား၊ လွန် ထူးခြားလျက်၊ ခမ်းနား ဘိတောင်း၊
ရှု မညောင်းပေ၊ ထူး ဆောင်း မွန်ပါ၊လွှမ်းဘွယ် ရာသည်—၊
ဆောခါ မြင်ရ ပေလိမ့်မည်။ ။

၂။ ရွှင်ပျို့ ပျော်ရာ....ဟော်ဝတာတည်း....ပညာ ပါရမီ့၊
လျှမ်းစုံ ပြည့်သည့်၊ နေ၏ နွယ်ဝင်၊ ဉာဏ်ကြီး ရှင်တို့၊
လျှင် တမုဟုတ်၊ ကြိုး အားထုတ်သည့်၊ လောကုတ်္တ လောကီ၊
စုပေါင်း ထည်ရှ၊ လီလီ သဘင်၊ အောင်ပွဲ တွင်မူ၊
ထေရ်သျှင် သံဃာ၊ မြောက်မြားစွာနှင့်၊ ရှစ်ဖြာ နှံ့စပ်၊
အရပ်ရုပ်မှ၊ ထပ်ထပ် တိုးပွား၊ လွန် စည်ကားလျှက်၊
လာ့သွား့ထွက့်ဝင်၊ ပြည့်ကြပ် ပင်တည်း—၊ အမြင် ကြည်နူး၊
လွန် ရွှင်မြူးကာ၊ အထူး ပျော်ပါး၊ ပီတိ ပွားဘို့၊
တရား ရေအေး၊ အမြိုက် ဆေးကို၊ တိုက်ကျွေး ချီးဝှဲ၊
ကထိန် ပွဲမှာ၊ ကြုံခဲ လှစွာ၊ နွဲချင် ပါ၏....၊
ပညာ စွယ်စုံ၊ ကိ့ကုတ် ခြုံလျက်၊ လုံးစုံ တတ်မြောက်၊
ထက်တန်း ရောက်ဘို့၊ တည်ဆောက် ထားလတ်၊ ပိဋကတ်တိုက်၊
လွန် ဘိုးထိုက်တွင်၊ သိုက်မြိုက် ဝေဆာ၊ ကျမ်းပေစာနှင့်၊
ခေတ်စာ အထု၊ လုံးစုံ စုကာ၊ အနု ပညာ၊
စာပေ စုံညီ၊ အလီလီတည့်....၊ ပတ်လည် ပေမှာ၊
တိုင်းတာ ပါသော်၊ နှစ်ရာ့ နှစ်ဆယ်၊ ရှစ်ပေ ဆွယ်လျက်၊
ထယ်ထယ် ဝါဝါ၊ခမ်းနားစွာပင်.... တဖြာသိမ်ကျောင်း၊

ဆွှမ်းစား ကျောင်းပြင်၊ တန်ဆောင်း ထပ်သော်၊ စံကျောင်း
တော်ဝယ်၊
ရှင်တော် ဘုရား၊ ကိုယ်တော်စားဟု၊ ရုပ်ပွား ဆင်းထု၊
တု မရှိပေ၊ ရေတွက် မဆုံး၊ သီတင်း သုံး၏....၊
စုရုံး ကလေး၊ စာသင် ပေးတို့၊ ကျောင်းလေး တဖြာ၊
သူတော်စွာတို့၊ သွား,လာ ဖုံဖုံ၊ ဓမ္မာရုံနှင့်၊
အာရုံ စိတ်ကြည်၊ မြတ် စေတီမှ၊ မြည်သံ မစဲ၊
ရွှေ ဆွဲလဲတို့၊ အသဲ စွဲထင်၊ ထက်, ကောင်းကင်ဝယ်၊
နားဝင် ဖေါက်လျှိုး၊ကန်ဘောင်ရိုးတွင်၊တန်ခိုး ကြီးဘိ၊
ကိုးတောင်ပြည့်ဟု၊ စေတီ တံခွန်၊ မြတ် အမွန်တွင်၊
ဆုပန်ဘိုပင်၊ လိုက်ပါ ချင်လည်း၊ မိခင်, ဘ·ဝတ်၊
ခွင့် မလွှတ်ခဲ့....မပြတ် သာယာ၊ ပျော်ရှင် ရာပင်၊
သညာ မွေးထုံ၊ ရွာ ဂဠုန်ကို၊ အာရုံ စွဲကာ၊
တမ်းတ ပါ၏....၊ နေ့မှာ စည်ပင်၊ အမြဲ ပင်တည်း ....၊
ညဉ့်တွင် မဆိတ်၊ ရောင်လျှမ်း ဖိတ်ကာ၊နန်းရိပ် တူလတ်၊
ပမာ မှတ်မူ၊ မိုဃ်းနတ် ပျော်ရာ၊ ရပ် ဌာနသည်....၊
ယာမာ ထင်ရ ပေလိမ့်မည်။

၃။ ဘွင်ဆို့ အော်ကာ....ပျော် သံသာနှင့်၊ ဟသံာ,ဆက်ရက်၊
ချိုး, ရေကြက်နှင့်၊ ဇီးကွက်, ဥဩ၊ ဗျိုင်းအောက်, နှောကာ၊
မြိုင်တော ကျီးအာ၊အိမ်ကျီး,သာလျက်၊ ဝေသာလီ,စွက်၊
ဝမ်းဘဲ ငှက်တို့၊ ရှင်တက် သည်းအူ၊ တွန်မြည်, ကူရှာ၊
သင်းကြူစွာတည့်....ညို, ပြာ,နီ,ဖြူ၊လှိုင်ကြူသင်းကျော်၊
ကော်ကန့်ဒ၊ ပဒုမာ့ဟု၊ ငါးဝ ကြာစု၊
အရုဏ နေ၊ တက် သရေသို့၊ ပွင့်ဝေ ငုံ,ဖူး၊

ရှင်ကြည် နူးလှ၊ ရစ်မူး ပန်းရက်၊ ဆောင် မပျက်သား၊
တောင်ယက် ရှုန်းရှုန်း၊ပျား ပိတုန်းလည်း၊ညုန်းညုန်းမြည်ကာ၊
ဘယ်ခါ မလပ်၊ အထပ်ထပ်ပင်၊ တုံ့ခတ် ဝဲပျံ၊

ဒုံမင်း အံသို၊ မညံ မဆိတ်၊ ညောင်းညောင်း ညိတ်တိ၊
လျှံဖိတ် ကျဘွယ်၊လွန်စင်ကြွယ်လျက်၊ ရေဝယ်မြှားရာင်၊
ကန် ညို့နှောင်၏၊တန်ဘောင်ရိုးပေါ်၊ များသူတော်တို၊
မွေ့လျော် ဘွယ်ရာ၊ ဘာဝနာနှင့်၊ သေ့လာ စီးဖြန်း၊
ကမ္မဋ္ဌာန်း ကျောင်း၊ စိတ်ထိန်းကျောင်း၍၊ ကိန်းအောင်းနေရန်၊
ဖန်တီး ပြန်၏၊.... ပန်းမာလ် ဟူသည်၊ မဥ္ဇူ ပုန်းညက်၊
ကရမက် နှင်းဆီ၊ သရဖီ ရင်ခတ်၊ ဖက်ဆွတ် ဆတ်သွား၊
ချရား စွယ်တော်၊ ကံ့ကော် သစ္စာ၊ ဇာဗဇဝါ စံပယ်၊

နွယ်သာကီ လဲ၊ ခဝဲ နှင်းမျှား၊ စကား ဖြူဝါ၊
ဇလတ္တာနှင့်၊ ရင်းမာ သော်က၊ ဒေါနှ အနန်း၊
နတ်ပန်း သဇင်၊ ဂမုန်း အင်တို၊ ကုန်စင် ယှဉ်ရွှေ့၊

စုံစေ့ ရေငှာ၊ မတတ် သာခဲ့....သန္တာ မြရိုး၊
ညွတ်ညွတ် ဖြိုးမျှ၊ သီးမျိုး ပွင့်စုံ၊ ကြိုင်သင်း ထုံလျက်၊
ကင်း ငုံ ကိုက်သစ်၊ ဖူးပရစ်နှင့်၊ ပျိုမြစ် နုနယ်၊
လူပျို ရှယ်ပြင်၊ ကြီး ငယ် လူဗိုလ်၊ ကညာ ပျိုချော၊
ဂေါရီ နှောကာ၊ သောသော ဆူညံ၊သာမုံ သံနှင့်၊

နာခံ တရား၊ ပီတိ ပွားလျက်၊ ပျော်ပါး သည်ကို၊
မောင် မဆိုလည်း၊ မယ့်ပျို လိုထူး၊ကြင် ချစ်ဦးပင်၊
ကျေးဇူးရှင် က၊ ခွင့် မရခဲ့....နတ်ရွာ မှန်ကူ၊
ဝတိန် ဟူလည်း၊ မတူ ပလေ၊ ရှိ သံဝေနှင့်၊

ဥာဏ်ခြေ ထင်ထင်၊ တခါ မြင်က၊ မိခင့်ဘ-ထံ၊
ပြန်ဘို့ ရန်ကို၊ မေ့ကျန် အိမ်ယာ၊ကြည်မွေ့ရှာသည်...၊
အာသာ ရှင်ပျု ပေလိမ့်မည်။ ။

# တေးထပ်များ။

ရွှေဂဠုန် (တေးထပ်ရိုး)။

ရွှေဂဠုန်- ရွှာဋ္ဌာန၊
သာယာစွ- အမော်။
သာသနာ့- မဟော်တွေ၊
အတော်လေ- ထင်ရှား။ ။
ကန့်, စေတီ့- ကျောင်းတော်မှာ၊
ခေါင်းမော်ကာ- ကြည့်ရ- တအား။ ။
ဓမ္မာရုံ့- စံကျောင်းမှာ၊
တန်ဆောင်းဟာ- ဏပ်ငြား။
သိမ့်ကျောင်းပေါ-မလပ်- ထားပါလို့၊
ထပ်ကာပွား- ကျောင်းစာသင်။ ။
ဘာဝနာ- ပွားများ, ကျောင်း၊
ဆွမ်းစား ကျောင်း- ထပ်လို့-တည်ထွင်။ ။
ပညာသည်ပေါင်း- စုံလင်သည်၊
ဂုဏ်ထင်စွာ- ထွန်းပေါ်- တတ်သမို့။
ညွှန်းကျော်ဖြုပ်- ထွားလှ ဖုံဖုံ၊
များစွ- စုံစုံ။ ။
မဟော်သို့- ပညာ- ထုံသည်၊
သညာဂုဏ်- ကြီးပါလှလေး။ ။

ဘူမိ နက်သန်· လှန် မှန်ကန်၊(တေးထပ်ရိုး)။

ပညာစုံ· မုံသောက်ထ၊
ဂုဏ်မောက်ကြွ· ဇာနည်။
ဘုံမြောက်လှ· ဋ္ဌာနီပင်၊
ကမ္ဘာတည်· တွင်ဘို့။ ။
သာသနာ· ကြီးဆောက်ဦး၊
မျိုးလောက်မူ· လူကြသည်မို့။ ။
ရွှေဂင်္ဂုန်· ဘူမိသန်
ပြုကြည့်ရန်· မှန်လို့။
ပူရိ မြန်· ဟန်ဘို့ပ၊
ကံ့ မချို့· ဂုဏ်ကြွယ်။ ။
စိတ်ရွှင်ဘွယ်· အရှိန်ပွား၊
ဝတိန်လား· မှား ထင်စေဘွယ်။ ။
စည်းစိမ်ထု· မခင်တွယ်၊
စင်· အကြွယ်· ဝေဖြိုးလို့။
ရွှေအိုးကြီး· ကုသိုလ်· တည်ရန်၊
ပြုဘို့· ရည်သန်။ ။
သံသရာ· စက် ခလုတ်· ရန်ကို၊
ဖျက်ဖြုတ်ရန်· ကြိုးရှာကြလေး။ ။

ကဝိများ တောရွာ(ဂဝ·ပေါ်တေးထပ်)။

အသရေစုံ· မြေဝသုန်· သာယာစွ၊
ရွှေဂင်္ဂုန်· ရွာဋ္ဌာန· ရပ် မဟာမြေ။

အခြေ- ထုံပါလှ- သကတ်, ရှာဖွေလျှင်၊
ဒြပ်, ဖြာဝေ- ကုသလေ, ပွား။ ။
ဘိုး, ဘွား, မြေး, မြစ်- မလစ်- မပျက်ရှာတယ်၊
ခေတ်, အဆက်ဆက်မှာ- ပြုကြ- တအား။ ။
ပညာရှိ- မှန်သောက် မာတင်တွေ၊
မြုံပေါက်ကာပင်လေ- ပေါ်ထင်ရှား။
ဂုဏ်မောက်ပါ- အစဉ်ပေ- အတော်ပင်- ကျော်ကြားလို့၊
မဟော်သွင်-, မဟော်သွင့်, အလား- ကီ, ကုတ်ခြုံ။ ။
ဇာတိ- ပညာ- တဂုဏ်, မာန၊
အဟုန်- ဖြာစွ- ဇာနည်- ဇာနည့်-ဘွား, တဂုဏ်။ ။
အာရုံ- ပါလှ- ပါရမီ, ပါရမီ့- ပွား, အထုံမှာ၊
စာစီပါ၏- များ- အကုန့်, အကုန်- ဖွင့်ဖြာ- မရေးနိုင်သမို့။ ။
ချင့်ကာတွေး- ကြည့်ကြတော့ပါ၊
ထာဝိမျှော့, တောရွာ။ ။
သိသိ သမျှ- သဘော သကာ, ပါအောင်၊
အဟောဝတာ- ဩဘာ- ပေးရှာမိလေး။ ။

## ကာမဂုဏ် တံခါးပိတ် (တေးထပ်ရိုး)။

မြတ်ကထိန်- လှူဒါန၊
ဖြူစွာပ- ကုသိုလ်။
သူ ငါက- ပြုလိုသည်၊
ဥဒဟို- ကျော်ကြား။ ။
ထူး, စိတ်ခတ်- စေတနာငယ်၊
ဆွေ့, သဟာ- ပေါင်းပြု- အများ။ ။

တနှစ်မှ· တခါကြုံတယ်၊
သဒ္ဒါဟု· ကြည်ပွား။
ကာမဂုဏ်· သည် တံခါးကို၊
ပိတ်ထားဘို့· ကြံရွယ်။ ။
ပြည်ခေမာ· အမြိုက် ရပ်သို့၊
ဆိုက်ကပ်ဘို့· တောင်းဆု· ပန်တယ်။ ။
ကောင်းမြတ်တဲ့· သောင်းရပ်· နယ်မှာ၊
ကြောင်း, စပ်သွယ်· ကြေညာ· တင့်လို့။
တေဇာမြင့်· ဘုံ ကထိန်၊
ထူးတဲ့· ခါ ချိန်။ ။
ထက်နန်းရပ်· တာဝတိန်မှာ၊
သဘာရှိန်· လင်း, တောက်ကွဲလေး။ ။
မိုဃ်း ကျ ဒါန (တေးထပ်ရိုး)။
တတ်မျိုး စုံ· ကောင်း, ထိပ်က၊
ကျောင်း, သိပ္ပံ· မဍ္ဍူ။
ပေါင်း, သိဿာ· သင် လှူသည်။
စင်, ဖြူသည့်· စိတ်ထား။ ။
ဘုန်းတော်မြတ်· ထေ(ရ်),ဆရာမှာ၊
စေတနာ· တိုးတက်· လွန်ပွား။ ။
ဖြည့်, စိုက်မှု· ပါရမီ၊
တနာရီ· မအား။
ကမ္ဘာ· တည်· ကျော်ကြားဘို့၊
မဟော်လား· ပညာ။ ။
ဘာသာစုံ· မကျန်, ကြွင်းအောင်၊

အမြန်ခြင်း- ပေးပို့- သင်ကာ။ ။
ပါဠိ တက္ကသိုလ်- ဖွင့်လစ်ပါ၊
သင့်တင့်စွာ- တူမျှလို့။
(တနည်း)....အို.... ကောင်းမြိုက်တဲ့- ကျောင်းတိုက်- မဟာမှာ၊
ပေါင်းသိုက်ကာ- တူမျှလို့။
လှူကြသည့်- ကထိန်တော်၊
ထူးတဲ့- ခါနှော်။ ။
ဖြိုးကြွတို့- ကျိုးဆ- မြှော်သည်၊
မိုဃ်းကျ, ခေါ်- ဒါနတဲ့ လေး။ ။

ဝင့်ခင်း တဏှာ- လွတ်ကင်းစရာ၊ ( ၈၁ ) ပေါ် ( တေးတပ်ရိုး )

ပေါးစု- ညီညာ- ဤခါ- သမယ၊
ကြည်, သဒ္ဓါ- ဗလဝ- တက်လျှမ်း- ဝေ။
သီဝါ- အမတ- ထက်နန်း- မြေကို၊
မပျက်, မှန်းခြေ- စိတ်မှာ- စွဲ။ ။
ထူးမြတ်စွာပ- ကာလ- အချိန်မှာ၊
ဒါန, ကထိန်- သက်န်း- လှူသည့်, ပွဲ။ ။
ကျိုးရင့်- ဖြိုးတင့်- တိုးဆင့်- ဖြာအောင်၊
မိုဃ်းနှင့်- ပထဗျာ- သိမ့်သိမ့်- သဲ။
ကိုးခွင့်- အဇဋ္ဌာ- ခြိမ့်ခြိမ့်- ကဲလို့၊
ငြိမ့်ငြိမ့်- မစဲ- ဆူပွက်- လျှံ။ ။
မြန့်တိုင်း- ပြည်ဘောင်- ကြေငြာ သင်းအောင်
စေတနာ, ရင်း- ဖြူတဲ့- ဒါန, ကံ။ ။
ပေါင်းစု- ကောင်းမှု- ကြောင်းပြု- ဖန်သည်။

တောင်းဆု- အမွန်- ရည်စိတ်, ထားလို့။
ကြည်မိတ်, အများ- ဝင္စ္ခင်း- တကျာ- ဘေ့၊
လွှတ်ကောင်း- စရာပေ။ ။
မချွတ်- မယွင်း- အမတာ, ပြေကို၊
မကြာသလေ- ဝင်မြန်း- ရန်ဘို့လေး။ ။
(အို)...ညီညာ, ပေါင်းစု- ကောင်းမှု- ကထိန်မှာ၊
သောင်းထု- မဟိန် ရိုက်ဟီး- ပြောလို့လေး။ ။
(အော်)...(မင်းမနိုင် ကွက်သစ်)မိတ်ပေါင်း, သဟာမှာ၊
စိတ်စောင်း- သဒ္ဒါ- တက်လျှမ်း- ဝေလို့လေး။ ။

ဝင္စ္ဘောင်- လွှတ်အောင်-ဇွတ်ရှောင်ဖဲ- အထွဋ္ဌ- အောင်ပွဲ
( (၇၀)ပေါ် ထပ်တွန့် တေးထပ်။ )

တိုးကာ- ကိုးရာ- ကျိုးရှာသပ၊
မျိုး- သဟာယ- မိတ် အပေါင်းတွေ။
မညိုး, စရာပ- ဟိတ်ကြောင်း- ဖွေသည်၊
အတိတ်- လောင်း- ဝေ- ပုံသို့ဘဲ။ ။
တွေးယူ, မှတ်အပ်- ရှေးမူ, ထပ်ထပ်- ပေးလှူ,ကြပ်ကြပ်-ပါရမီ, ထုံသည်၊
အမတာ,ပြည့်ဘုံ- ရောက်ကြောင်း၊ ဒါနပွဲ။ ။
ညီညာ,ပေါင်းစု- ကြည်သာ,ပျောင်းနု- တည်ရာ,တောင်းမှု- သာသနေ ဝယ်၊
မကွာသလေ- ခွင့်,ကြုံဆဲ။
ဝဋ္ဋဘောင်- လွှတ်အောင်- ဇွတ်,ရှောင်- ဖဲလို့။
အထွဋ္ဌ အောင်ပွဲ- ဝင်ဘို့ရာ။ ။

ပဒေသာ- ထွေရာ- ဝေဆာ- မောက်၊
စေတနာ့,မြောက်- လှူတဲ့,ဒါန- မဟာ။ ။
ပုဏ္ဏမိန်- တနဲသို- ဂုဏ်အရှိန်- မစဲသမို့- ဘုံကထိန်,ပွဲမို့-
ရွှင်ပျ ပါတယ်၊
ဘဝင့်, ကြွစရာ- အာရုံ- ထူးလို့။
သဒ္ဓါယှဉ်,မျိုး- ဖူးကြွ- ထောက်ကာ, ပြောင်၊
ကြူးစွဲ- သောကြာ, ရောင်။ ။
သူငါ, ပေါင်းစု- လှူရာ, ကောင်းမှု- ဖြူစွာ, တောင်းဆု,
ပတ္ထနာ, ဆောင်သည်၊
အမတာ, ဘောင်- ဝင်နဲ့, ရန်ဘို့လေး။ ။
(အော်).... ရှိန်ဝါ, တက်ကြွ- ဝတိန်သာ, ထက်မှ- ဣန္ဒာ
သက္က- ပြန်ရွှ, စရာငယ်၊
ပဏ္ဍု, ကမ္ဗလာ-တောင့်တင်း-မာဘို့လေး။ ။
(အင်း) .... ဒီပါ, ထပ်ထပ်- ပြည်ရွာ, နတ်နတ်- ကြည်
သာ, လျှပ်လျှပ်- ပတ္ထနာမှု, ဖြာအောင်၊
သာဓု, ခါခါ-ခေါ်လောက်, ပါရဲ့လေး။ ။

တသိရ် ကဲ သည့် - ကထိန်ပွဲဘွဲ့

(၁၀ ပေါ် ထပ်တွန့် တေးထပ် ဆန်းကြီး။)

(ဟိတ်ပြ, ဘွင်ကြူ- နိတ်စွဲ, ရှင်လူ- ဒိဋ္ဌ, သင်သူ-
စိတ်ချ, အစဉ်မှု- )
သိပ္ပ, မဥ္ဇူ- နာမည်, ပေးလို့၊
(ဇာနည်, ရွှေသွေး- ပါရမီ, မပေး- ဉာဏ်ဘို့, ရဝေး၊)
မဟာ့ဆေရ်, ပဂေး- တည်ထောင်-ကာ။

(တကယ်, အတည့်, မမွေး· စံပယ်, သရဖီ, အသွေး·
အနွယ်, အရည့်, သကာတ်မွေး·)
နယ်ပြည့်, ရပ်ဝေး· မည့်ပြောင်, သာသည်၊
(ကဝိ, ရှောင်ဝါ· ရဝိ, မှောင်ခွါ·ကမ္ဘာ,ဆောင်ကာ·
အလီလီ, အောင်စွာ·)
အတည့်, နေဘ်ခါ· တွင်မည့်, အကြောင်း။ ။
(အခင်းပိုင်, တွက်စစ်· အရင်းခိုင်, မယှက် စနစ်·
သတင်းလှိုင်, ထွက်လစ်·)
မင်းမနိုင်, ကွက်သစ်· ဝေရိကွယာမှာ၊
(ကဝေထိပ်, မဟာသည်· ဝေနေစိတ်, အာသာကို·
ကြေပြေ, ဖိတ်လာအောင်·)
ထွေထွေ, သိပ်ပါ· ဖြန့်ဖြူး, နေတဲ့ကျောင်း။ ။
(အကြောင့်, လုံးကြွ· အမှောင့်, ဆုံးဖျာ· အနှောင့်,
မတုံး· ဗျာပါ)
တထောင့်, သုံးရာ· နှစ်ဒသာတွင်၊
(တခေတ်, သဒ္ဓမ္မာ· အစစ်, မပြတ်, သဒ္ဓါ· မလစ်,
သာကာတ်မှာ·)
အသစ်, ဒြပ်ဖြာ· ခိုင်ဘို့, အပေါင်း။
(မစဲ, နှင့်မှာ· အကဲ, ရင့်စွာ· အမြဲ, ဝင့်ကာ· မလွဲ,
အပင့်မှာ·)
ခဝဲ, ပွင့်ညွှာ· တင့်ဖြာ, လောင်းတဲ့၊
(ရှင့်စရာ, အကြောင်း·ပင့် ဝနာ, အပေါင်း· မလင့်သာယာ,
ညောင်း· ချင့်စာနာ, မစောင်း)
ခွင့်· အခါ,ကောင်း· လ,မာသာ။ ။

(တဖုံ၊ အာကာမှာ- အစုံ၊ ဖြာကာ- ဝသုန္ဒြာ-၊အဟုံ၊ မကြာ)

ဂဠုန်၊ ရာဇာ- မြန်းခုံ၊ ဆင်းသက်၊

(ကမ်း ရဂုံ၊ ရှင်းလျှက်- တဝှမ်း- အကုံ၊ ခပင်းထက်- ဆွန်းပုံ၊ လင်းထွက်-)

စိန်းယုံ၊ ဝင်းလက်- ရက်၊ စုဒ္ဒသာ။ ။

(လျှမ်းဂုဏ်၊ သင်းထွက်- နန်းဘုံ၊ ရင်း အတွက်- မွန်း၊ အားရုံ၊ ပြင်းတက်-)

စွမ်းကုန်၊ တင်းယှက်-အဟုတ်၊ သဒ္ဓါကခင့်ယ်၊

(မဆုတ်၊ မခွါ- မယုတ်၊ အာသာ- တမဟုတ်၊ မကြာ-)

မဟုသဟာ- ရှိန်ဝါ၊ ကြွလို့။

(တသိရ်၊ ဖြာစွာ- မမှိန်ပါ၊ သဖျာ-ကထိန်၊ ကာလ)

သံဃိန်၊ ဒါန်- လှူပြု၊ မြတ်ပွဲ၊ သဘင်၊

(မတူ၊ သမူ- ဖြူဖြူ၊ ယူဆု- မဆူ၊ မပူ)

လူထု၊ မပြတ်၊ နွဲဆင်။ ။

(ဝေဖြာ၊ လက်လက်- စေတနာ ထက်မြက်-ဒေသနာ၊ သက်လျှက်)

သွေ့၊ မကွာ- အထက်၊ မင်္ဂ- စိတ်သန့်၊ ရှင်တယ်၊

(စိတ်ကြံ၊ အမြင်- ဓိဋ္ဌာန်၊ တမင်- ဗိမာန်၊ အစဉ်)

နိဗ္ဗာန်၊ တခွင်- ရောက်ကြောင်းပါဘုရားလေး။ ။

(တ)၊ (အို....သံသရာ၊ စက် ခလုပ်- မာန် တဏှာ၊ ရမက် အယုတ်- မြန် မကြာ၊ဖျက် ဖြုတ်)

အမှန်၊ မမွှာ-မပျက်၊ မယုတ်သည့်- အံမတ၊ ဗဟိုရ်ကို၊

(အာသာ၊ အလိုအစကို၊ ဖြိုကာမ၊ မလိုကာလ၊မပို)

ဘဝ, တိုတို- ရောက်ကြောင်းမသိဘုရားလေး။ ။

(ခ)၊ (အလို....ဝတိန်, တနဲ့သို့-တသိရ်, ကဲလို့-ကထိန်, ပွဲမို့-အရှိန်, မစဲ မချို့)
ကြိမ်ကြိမ်, နှဲလို့-
(တဘောင်, အတိတ်-အရောင်, တဖိတ်ဖိတ်-အခေါင်, ဘိသိက်)
အောင်နိမိတ်, ယူကာငယ်။
(အောင်စိတ်, တဖြူဖြူ-မှောင်ရိပ်, မပြူ- အခေါင်, နိဗ္ဗူ)
အောင်ဟိတ်, တကြူကြူ-မည်ဟီး, ညံလို့လေး။ ။

အချုပ် နိဗ္ဗူသို့လားရန်

ကထိန်ပွဲဘွဲ့ စာထောင့် ကဗျာ လေချိုးကြီး။

၁။ ခေတ်ကာလ, ရောက်ချိန်- အကျိုး, မဟာ- အမှုကိုလေး
အနှစ်, သဒ္ဓါ, ဗလဝ- တောက်ထိန်- အမျိုး, သဟာ-
တစုတို့ရယ်က၊
အသစ်, တခါပ- နောက်တကြိမ်- တမျိုး, တခါ- ပြုကြ
ပြန်ပေါ့၊
မည်သူးစရာ, အမှုပေမို့- အပေါင်း, သူ, ငါ အစဥ်....
အော်....အမျိုးမျိုး, မဟာ ကုသလ၏- အကျိုး, ဖလာ
ကို- ရှုပါလို့- အကြောင်း, ယူကာ ထွင်....
အင်း....အဆိုးမှာ, အကုသလတို့၏- ထိုးလာ, မှုတ်ကိုလ-
ချိုးကာ- ယခု, ထပ်လောင်း, ဖြူမနာ, ဆင်....
အိုကွယ်....အမျိုး, ဗမာ- တစုရယ်တို့- တမျိုး, သဒ္ဓါ,

ရှုပါလို့- ရွှေအိုး, ရတနာ, အစုဆိုတဲ့- အကောင်း, ပူဇော သဘင်။ ။

၂။ အော်... တိုးပွားဘို့, အခင်းပေမို့၊
ကြိုးစားလို့, မငြင်းကြပါဘူး၊
အမျိုးသားတို့, အချင်းချင်းတွေပ၊
ဘိုးဘွားမှ, ဆင်းကာ- ဘကယ်, အထုံ, ပါပေသမို့၊
နယ်ဘုံ, အမတာပြေ- မနေ့း, အမှန်- ဆိုက်ကြစေဘို့၊
ကြွယ်ထုံ, ပါသလေ- ပဂေးဥာဏ်, စရိုက်တွေနှင့်၊
အခိုက်နှော်- အခါကြုံလို့၊
သဒ္ဒါ, အဟုန်- အာရုံ, ပွားလို့ရယ်၊
အယုတ်, ဓမ္မာ- အထွေထွေဟာ- ဆုတ်ခွါလို့, ရှားရအောင်၊
များလှ, ဖြူခင်ဝါတယ်- နော်ကွယ်....
အော်....မခြား, တခဏ- တအား, ကြွပါလို့- ပွားဆ, ယှူငင်။ ။

၃။ အကြောင်းရင်း, အတိ, ဗလဝ- သဒ္ဒါ- အထူး, အရောင်သစ်လှတာမှာတော့။
ပေါင်းသင်း, ညှိ,ဆ,ကာ- တဦး, မရှောင်ရစ်ကြပါဘူး၊
ကောင်းခြင်း, ပြည့်ဝ, စရာ-အမှူးဆောင်,အဖြစ်တွေနှင့်၊
အကြူး, အခေါင်, ဖြစ်ကြစေဘို့-တမျိုး, ကြံကာ,ဆင်....
အမျိုး, မြန်မာ, တခွင်မှာဖြင့်- အမှန်, ကြည်စရာ, သဘော....
အော်.... အဆိုး, ကံကြမ္မာ, မဝင်ဇေဘို့- ကြံပည်, ပတ္တနာသော....

အိုကွယ်.... အကျိုး, သန့်စရာ-အမြင် ပေမို့- လျှံကြည်,
သဒ္ဓါ, မနော။ ။

၄။ အော်...အခိုက်နော်, ကြုံပါတယ်.... အမြိုက်မှာ, လူ့လို
သူတို့၊
အဟုတ်, စိတ်ဖြူလျှင်- အချုပ်, နိဗ္ဗူသို့- လားရပါလိမ့်၊
တွေးထောက်ပါလျှင်- သွေးမြောက်စရာ- တအားပါဘဲ၊
အရေး, ရောက်စွာ- ဘေးပျောက်, ကွာလို့- ရှားကြ,
မည်မို့၊
အကြောင်းရင်း, ဖြူလျှင်- အကောင်းခြင်း, မတူသို့-
ခြားကြပေမှာပေါ့၊
အများနော်- ဆွေသဘာတို့၊
"ဝေဝေ, ဖြာကာ- စေတနာ," အကုန်, တည်တဲ့- သဘော
တွေနှင့်၊
ကြည်မောစွာ- ကထိန်, မဟာ, အလှူမို့၊
ချိန်ခါ, တမူ- ကိုးစရာ- အမှုကိုဖြင့်၊
လိမ်မာသူ- မျိုး, မြန်မာ- တစုရယ်တို့၊
မမှိန်, မှန်စွာ, အယူ- ကြိုးစားကာ- ပြုကြရဘာကြောင့်၊
တိုးပွား, သဒ္ဓါ, အထု- အစဉ်, တောက်တဲ့, သဘော
တွေကြောင့်၊
အဆိုး, မသမာမှု- အလျှင်, ပျောက်ခဲ့သို့- လျော့ရ
အောင်၊
အိုကွယ်.... အကျိုး, အဖြာဖြာ, ရှုသမို့- ဘဝင်,
မြောက်တဲ့ သဘော။ ။

၁၃၁၆- ခုနှစ်၊ ကထိန် ပွဲတော်အတွက်
ကျောင်းသူများ ယိမ်းသီချင်း။

ဝန္တနာ××ချွေ ×× ကြွလာပါတဲ့ ××မိတ် အများ ××× ကျန်းမာ×ချမ်းသာ×ပါရဲ့လား? စိတ်ထား ကြည်ရွှင်××ခင်မင် စေကြောင်း×××အောင်××ဆု တောင်းလို့ ×× အောင်×× ကြောင်း××မေတ္တာ××ဝေ။××

(ဂါရဝနဲ့- လာသမျှ သဟာဆွေ×× အောင်စေကြောင်းနဲ့ သွန်းလောင်းပါသလေ×တောင်းဆု မေတ္တာချွေ××)၂

(အောင်စေရာ×××ပန်းသဇြ ×× ညောင်ရေ သောင်းလို့ ××တောင်းဆု မေတ္တာချွေ××)၂

(အများ ဝေနေ××ကျန်းမာ××ချမ်းသာ×× ဘေးဘယာ ××ကင်းကြစေ)၂ (အောင်××× စေ×)၂ ကျမတို့အဖွဲ့က-တောင်းဆု မေတ္တာဝေ။ ။

(ဗုဒ္ဓ သာသနာ×××ရောင်ခြည် လျှမ်းလို့×××ရှက်သန်း စေဘို့ရာ ××× ကထိန စီဝရံ××× မဥ္စူ သိပ် ××× စိတ်ကရည်သန်××)၂

ဆရာတော်×အသျှင်××ဦးထိပ်ထားလို့××ရှိခိုးဦးညွှတ်တင်× ××အဥ္စလီ... ဆင်ယင်×× လက်စုံ မိုးရှဲ×××ဂါရဝ စုံလင်×× ကြံရွယ်×အမှန်တကယ်×××(ကောင်း×စေဘို့×× စေဘို့ပင်)၂

ကောင်း စေတနာ××ရွှေကြာ ပန်း×× သေချာလန်းလို့× မြေ ပါစေသား××× ဘေး မခ ပါစေသား ×× (စိတ်ထားရွှင်)၂××ပွဲတော် သဘင်×နွဲပျော်× ကြပါရှင် ×××(ကျမတို့ အဖွဲ့××ကပင်××ဘာဂဝါ ဘုရားကို××ဦး ထိပ်တင်××× ဆရာ သမားနှင့်×မိဘကိုပင်××အမြဲတန်း+ပန်သ, ပါသတဲ့ရှင်)၂

ကြွ လာ ပေါင်း x+x ခ· ကာ ညောင်း x+x အောင်ကြောင်း ဆင်သ x ရှင်ပျ x ကြည်လင်စွာ x+x သဘင် အဆာ x+ ပူဇော် ပွဲပမို့ x+x တူ ပျော်ပျော် နွဲပါလို့ x+x စိတ်ထား ညီမျှ x ဂီတ ဝန္ဒနာ x x x (လူငယ် ပေါင်းစု x x ကောင်းမှု ပြုကာ x x x စိတ်ထား ကြည်ရွှင်စွာ x x နောင် အရှေ့ကို x ရှယ်ကိုး လို့သာ x x x မျှော်မှန်း စိတ်ကြုံကာ)၂

(လုံးခမ များမှာ)၂ တောင်းဆု x ကောင်းမှု x တောင်းဆုချွေ x တော့မှာ x x x (ဟာသ အမှုကို++ပြုကြတယ် ++ အနုပညာ x x x မတိမ်ကော စေဘို့ရာ x x x သုခမ ဆိုတာ x x x သဘင် အရာ x x x မလွယ်လှပါ x x x x ယခု ပြုတာ x x x စဉ်အလာ x x နဲ့ဘို့ရာ)၂

နောင် အချိန် အခါ x x x စည်းလုံး ညီညာ x x x နည်းထုံးစဉ် အလာ x x x ပြုကျင့် လေရာ x x x အောင်ကြောင်းကို ရည်ရွယ် x x ပြုကြ လေတော့ တယ် x x x

## ၁၃၂၀-ခုနှစ် သိပ္ပမဥ္ဇူ ကျောင်းသား, ကျောင်းသူဟောင်းများ အသင်း၏ ကျောင်းသီချင်း။

(ပညာ့ တခွန် x ကြယ်စွန် မိုးမြင့် x x ကြွားကြွား ဝင့်ဝင့် တအား တင့်စရာ x x အမြစ် အခြေခံရှာ x x သနစ် ဖွေလှန်ကာ x x ဓာရိတ္တ ပြုပြင်ဘို့ရာ x x အသိ ဥာဏ်ရှင် x စံဘင်နိုင်မှာ x x ပြုပြင်ကာ ဂုဏ်ယူနိုင်စရာ x x အပေါင်းဖေါ် x x ကျောင်းတော် x x သားတွေ x စုံလို့ပါ x x)၂

ဆရာတော် x x အသျှင်ဥာဏာဒိစ္စ x x တည်ထောင် ဖွင့်လာခဲ့တာ x x ထောင့်ကိုးရာ x လေးဆဲ့ခုနှစ်ခုမှာ x x နှစ်ကို အခြေ

ပြုလာ××လေ့လာ ဆည်းဘူးလို့××နည်းသစ် နည်းထူးမို့××
သွန်သင် ညွှန်ကာလာ×× အားတက်ရှင်စရာ×× ( နေ့လ
ရောင်သို့- ပမာ× ဆောင်ကာ×× တို့ကျောင်းတော်ကြီး ဂုဏ်
တင် စရာ××အကြံသစ်,ဉာဏ်သစ်တွေစုံလင်စွာ××နည်းကောင်း
လမ်းပြမှာ××) ၂
သိပ္ပမဉ္ဇူ ကျောင်းတော်သား×× အပေါင်း သူငါ××
အကျိုး မျှော်ကာ×× ပညာရိပ်သာ× ခိုလှုံ စေဘို့ရာ××

## ပညာ သင်ယူ စံနမူ သီချင်း။

နေ့စဉ် အမြဲကွယ် လာကာရယ်...ပညာ သင်ကြား တို့များ ကရယ်....အသဲမှာ စွဲကာ နေချင်တယ် ... ( ဟယ်....ဟယ်... ) တိုးပွားစေဘို့ကွယ် .... ကျောင်းသား, ကျောင်းသူ- ငယ်ရွယ် သူများ အကုံလုံးရယ် .... ညီညွတ်ကာ သွေးစည်းစေဘို့- နှိုး ဆော်ပါတယ်...ရိုးသားစွာ သတ္တိ သဘောနဲ့ အစဉ် တကယ်... ယှဉ်...ကွယ်....ကျောင်းတော်မင်္ဂလာ ခေတ်သေတ် ထဲမှာကွယ်.... (စံနမူနာ ပြမယ်...စိတ်မှာ မှန်းရွယ်....ဟယ်....ဟယ်....) ၂

(မောင်မယ်- တို့များရယ်....ကောင်းစားဘို့ကွယ်....) ၂ ခေတ် ပေါ် ပညာ- တတ်သိစေရာ... တို့မှာ လာခဲ့တယ် .... ကျောင်း တော် ဖေါ်ရွှေ အမျိုးရယ်....ထင်ရှားဘို့ စိတ်မှာ တကယ်... ကျောင်းတော် သာအောင် ကြံဆောင်ခါရယ် ... တို့မှာ စံပြ ဖြစ်ပေါ်စေရမယ်....ပညာ သင်ကာ ဇွဲဆောင်ရင်- ရမယ် .... ရမယ်... ငယ်စဉ် အခါ တို့များမှာ အဟုတ်ပင့်တကယ်.... အဲဒီ ခါကွယ်- သင်ပါ တကယ်....ရှေးဦး လိုတယ်.... (ပျော်ရွှင်စွာ- ကျောင်းတော်ကြီးမှာ ... ပညာ သင်ကာ စုရုံးမယ်) ၂ နောင်

တခေတ်ဝယ်- စံပြမယ်... တို့ကျောင်းတော်ကြီးဝယ် .... သာယာကြတို့ တေးသံ ကြူးပါကြွယ် ... (စံနမူနာ ပြမယ်-စိတ်မှာမှန်းရွယ်... ဟယ်.... ဟယ်.... ) ၂ (မောင်မယ်- တို့များရယ်.... ကောင်းစားဘို့ကြွယ်...) ၂

# ဆုပန်ဆို(တေးထပ်)

ဤကုသိုလ်- ပြုသမျှ၊ တု့မရ- ဘက့်မမြင်။
အတုလ- မဂ့်သခင်လို၊ စက့် အသွင် ဉာဏ်သွား။ ။
ရစေဘို့- ပန်ရွယ်သည်၊ မြန့်တကယ်- ဖြစ်မြောက်စေသား။ ။
ဘဝတိုင်း- ပါရမီ၊ တနာရီ- မအား။
မြတ့် စာဂီ- ကျင့်တရားကို၊ လင့်မမှား- ဖြည့်ဗိုလ်။ ။
မှားအယူ- ယုတ် ဝါဒ၊ ဖြုတ် ကာပ-ကင်းပျောက် စေလို။ ။
နုတ်စွာ့မမွ- ရှင်းဖျောက် ဆို၊လင်းတောက့် ထို-ဉာဏ်မြတ်နှင့်၊
မှန် ပရမတ်- သစ္စာ့ အရှင်၊ ဖြစ်ရ- အစဉ်။ ။
ညစ်ညမ်းလှ-ကမ္ဘာ တခွင်ကို၊မကြာခင့်ကယ်ချွတ် နိုင်စေ့လေး။

Peace to all beings.

By Virtue of this merit accrued in The ComPilation of This book, May I become a Supremely Enlightened One.

14. 9. 67.

# ပြင်ဆင်ချက်

| အမှား | အမှန် | စာမျက်နှာ | ကြောင်းရေ |
|---|---|---|---|
| အိမ်ဝန်ကြိး | အိမ်ဝန်းကြီး | ၄၇ | ၇ |
| ထိမ်းသိမ်း | ထိန်းသိမ်း | ၅၄ | ၁၅ |
| ဘယ်လက် | ဘယ်လက်နား | ၆၈ | ၅ |
| အစရှိ | အစရှိ | ၈၁ | ၂၁ |
| ကထိနလျှာ | ကထိန်လျှာ | ၈၅ | ၃ |
| ဝ၂က်စေ၍ | ပျက်စေ၍ | ၈၅ | ၂၂ |
| ဥတ္တာရာ | ဥတ္တရာ | ၈၆ | ၂၂ |
| ငါပါး | ငါးပါး | ၁၀၈ | ၁၆ |
| ကြမ်းထမ်း | ကြမ်းထန်း | ၁၁၅- ၁၃- ၁၄၂- | ၁၉ |
| အနားပတ်ရှောင်- | အနားပတ်ယောင် | ၁၁၅ | ၂၃ |
| တရားတို | တရားကို | ၁၃၄ | ၂၃ |
| ချုပ်ထဲကာ | ချုပ်တဲကာ | ၁၃၈ | ၆ |
| မွေးပြေး | မွေ့ပြေး | ၁၃၈ | ၂၀ |
| အညစ်အကျေး- | အညစ်အကြေး | ၁၃၈ | ၁၈ |
| ဘယ်အခါမှပြတ်- | ဘယ်အခါမှမပြတ် | ၁၄၃ | ၁၉ |
| အသ | အသက် | ၁၆၁ | ၂၀ |
| မသိသူများ | မသိသူများ | ၂၀၈ | ၁၄ |
| သတ္တဝါ | သတ္တဝါ | ၂၂၅ | ၆-၁၀ |
| ချီးမြောက် | ချီးမြှောက် | ၂၃၁ | ၅ |
| ဘောစဉ် | ဘောဇဉ် | ၂၄၄ | ၄ |
| ပြထောင်စတင် | ပြည့်ထောင်စုတွင် | ၂၄၆ | ၁၄ |
| ဟူသည | ဟူသည် | ၂၄၆ | ၁၅ |

ဤကျမ်းစာကို ရေးသား စီရင်တော်မူသော ဆရာတော် အသျှင်မြတ်သည် ရန်ကုန်မြို့ မင်းမနိုင်ကွက်သစ်မှ အောက်ပါ ဌာနတွင် ပြောင်းရွှေ့ နေထိုင်ကြောင်း။

ဆရာတော် အသျှင် ဥာဏာဒိစ္စ

သိပ္ပမဍ္ဍူ ပါဠိ တက္ကသိုလ်
အမှတ်(၅) ကန်ဦး ကျောင်းတိုက်
တောင် ဥက္ကလာပ
ရန်ကုန်မြို့။

# ဤကျမ်းပြု ဆရာတော် အသျှင်မြတ်

ရေးသား စီစဉ်၍ ပုံနှိပ်ပြီး စာအုပ်များ
ကဗျာ ကထိန်ကျမ်း- ၄၀
အဘိုးတန် မန်လည် ကဗျာများ ကျမ်း- ၄၀

ဗုဒ္ဓဘာသာ၏ အခြေ-အမြစ် တရားစစ်, တရားမှန်များကို ငိုင်ရှကတ် သုံးဖြာတို့မှ အဆီ အနှစ် ထုတ်နှုတ်ကာ အင်္ဂလိပ်ဘာသာဖြင့် ရေးသား စီရင်သော " သုံးဆဲ့ ရှစ်ဖြာ- ကမ္ဘာ့ ငြိမ်းချမ်းရေး မင်္ဂလာ " ခေါ် The thirty - eight Blessings for World Peace.

ကျမ်းစာ- အဘို ၃၀- ၅၀ပြား

အထက်ပါ စာအုပ်များကို တမျိုးလျှင် ဆယ်အုပ်ဆက် မနည်းယူလျှင် ၂၅ ၀၀% ရာခိုင်နှုန်း လျှော့ပါမည်။

ရရှိနိုင်သော ဌာနများ,....

မဟာဝေဇယန္တာကျောင်း၊ အမှတ် (၅)၊ ကန်းဦးကျောင်းတိုက်၊ တောင်- ဥက္ကလာပ၊ ရန်ကုန်မြို့။
မှန်ကင်းကျောင်း၊ သရက်တောတိုက်၊ ရန်ကုန်မြို့။

ဟံသာဝတီစာအုပ်ဆိုင်၊ အမှတ်- ၃၅၇၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

၇-၈-၆-၆၈ (ပ ရ)၊ ၉-၆-၆၈ (က ရ)၊ ၁၁-၆-၆၈ (ဝ အ)၊